www.burmeseclassic.com

# ရင်မိုး

ဆေးတက္ကသိုလ်

## နှလုံးသားဖြင့်ခံစားနားလည်သည်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## နှလုံးသားဖြင့် ခံစားနားလည်သည်


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၄၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၄၇၀၁၀၈

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com






# ရှင်မိုး
## (ဆေးတက္ကသိုလ်)

# နှလုံးသားဖြင့်
# ခံစားနားလည်သည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com





**စံညွန့်ညီ** သည် လေးထပ်မှာရှိသော သူ့အခန်းဆီ အမောတကော ပြန်ပြေးတက်လာကာ အခန်းတံခါးဘဲလ်ကို နှိပ်လိုက်ပါသည်။ တင်းတောင်တို့၊ တူ ... တူတို့၊ ဒင် ... ဒင် တို့ စသော အသံသာသာလေးတွေ ထွက်မလာတတ်ဘဲ တံခါးဘဲလ် နှိပ်လိုက်တာနဲ့ ဒိ ... ဟု အသံရူးရူးကျယ်ကျယ်ကြီး တစ်ချက် မြည်တတ်သည့် သူ့အခန်းကိုလာဖွင့်သူမှာ ဟန်စော( ဟဲ ... ဟဲ... ကိုရီးယားမင်းသား နာမည်လိုလို ဘာလိုလိုနဲ့ပေါ့ဗျာ)။

"ဘာဖြစ်ရတာလဲကွာ၊ ငါက မင်း၊ ကားစက်နှိုးပြီး သွားပြီတောင် ထင်တာ"

ဟန်စောသည် သူ့အမူအကျင့်အတိုင်း ပါးစပ်မှ တစ်စုံတစ်ခုကို ဝါးစားနေလက်စ၊ ဗလုံးဗထွေး ပလုတ်ပလောင်း အသံဖြင့် ညည်းညည်းညူညူ ပြောပါသည်။

"ငါ လက်မဆေးရသေးဘဲ ထွက်သွားမိတယ်ထင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"[illegible] _ မင်း လုပ်လိုက်ပြန်ပြီ၊ လက်သေသေချာချာ Dettol (ဒက်တောလ်) ဆပ်ပြာရည်နဲ့ဆေးပြီး ဆင်းသွားတာ၊ ငါ တွေ့လိုက်ပါတယ်ကွာ။ ဘာကြောင့်ရပြန်တာလဲ"

"သေချာလို့လား၊ ငါ့ဟာငါတောင် မသေချာတာမို့ လေးထပ်ကြီးကို ပြန်တက်လာတာကွာ"

"မင်း အဲဒီလို ခဏ ခဏ အူကြောင်ကြောင် လုပ်လွန်းလို့ ငါ စောင့်ကြည့်ထားတယ်"

"ဟော့ကောင် ... မင်း ငါ့ကို သော့ဖွင့်ပေးရမှာစိုးလို့ ညာပြောတာ မဟုတ်လား"

"အံမယ်ကွာ ... မင်း ကားသော့မှာလည်း ဒီအိမ်သော့ကို ပုံတူပွားထားတဲ့ သော့အပို တွဲရက်ထားတာပဲ။ မင်း သော့ဖွင့် ဝင်ချင်ရင်လည်း ရတာပဲ။ ငါက သော့မဖွင့်ချင်လို့ ညာတာ မဟုတ်ဘူး။ မင်းရဲ့ အဲဒီအူကြောင်ကြောင်ကြီးကို စိတ်ကုန်လွန်းလို့ အသေအချာ ရှင်းပြနေတာ"

"ရောဂါသည်ပါကွ၊ ညာတာသင့်ပါတယ်"

"ဟား ဟား ဟား"

ဟန်စော အကျယ်ကြီး အော်ရယ်လိုက်ချိန်နဲ့အကိုက် အပေါ်ထပ်က ဟန်စော ကျိတ်ပိုးနေတဲ့ ကောင်မလေးကလည်း ဆင်းအလာ၊ တစ်ပြိုင်တည်း ကြုံသွားသည်ဖြစ်ရာ ကောင်မလေးက





နှုတ်ခမ်းစူ။ ဒေါက်မြင့်ဖိနပ်ကို အသံမြည်အောင် ဆောင့်နင်းပြီး လှေကားထစ်တွေကို ခပ်ပြင်းပြင်းနင်းကာ အောက်ဆက်ဆင်းသွားပါသည်။

"ကောင်းတယ်၊ မင်း အသည်းလေး သူ့ကို လှောင်တယ်ထင်ပြီး စိတ်ဆိုးသွားပြီ"

"အဲဒါ မင်းကြောင့် စံညွန့်ညီ"

"မင်း ငါ့လိုရောဂါသည်ကို မညှာမတာစိတ် မွေးတာလေ"

"သွားပါကွာ၊ သွားမှာသွားစမ်းပါ၊ အလုပ်အင်တာဗျူး နောက်ကျနေတော့မယ်၊ သွားပါ။ စိတ်ချ ... မင်း,လက် မင်း ခုပဲ ပြန်နမ်းကြည့်၊ Dettol ဆပ်ပြာနံ့ မရဘဲ မင်းရဲ့ နံပါတ်တူးနံ့ ထွက်နေရင် ငါ့ဖက် လာဖြတ်လှည့်"

ဟန်စော ပြောလည်းပြော သူ့လက်ထဲမှာ စားလက်စ ဝက်သားပေါက်စီကိုလည်း ပါးစပ်ထဲ အကုန်ထိုးတည့်ပစ်လိုက်ပါသည်။

စံညွန့်ညီသည် ဟန်စောကို အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ဆဲရေးပြီး အောက်ပြန်ပြေးဆင်းလာခဲ့ပါသည်။ အဲဒီ ဟန်စောဆိုတဲ့ သကောင့်သားဟာ သူ့လောက် ပါးစပ်နဲ့အစား မပြတ်တာလည်း မရှိ၊ ဒါပေမဲ့ သူ့လောက် မနာလိုချင်စရာ ကောင်းလောက်အောင်၊ အမြင်ကတ်စရာ ကောင်းလောက်အောင်

www.burmeseclassic.com



[illegible]ည်းမရှိ။ အရပ်ငါးပေရှစ်လက်မလောက်မှာ ပေါင် [illegible] ဘယ်တော့မှ မပြစ်သော ဟန်စောရဲ့ပုံကို မြင် [illegible]ကြည့်ကြပါ။ ပိန်ပိန်ရှည်ရှည် ကလန်ကလားနဲ့ ရုပ်ရည် [illegible]လည်း အင်္ဂလန်ဘောလုံးသမား Peter Crouth (ပီတာ ခရောက်(ရှ်))လိုလိုနဲ့ သွားခေါ်ခေါ် ရုပ်ရည်ခပ်ဆင်ဆင် တူပြန်သည်။ နာမည်ကသာ ကိုရီးယားမင်းသားလိုလို ဟန်စောဆိုတဲ့ နာမည်ဖြစ်နေတာ။ ရုပ်ကာကတော့ ချူချာတဲ့အဆင့်မှာ ရှိပါသည် ဟူ၍ စံညွှန်းညီသည် ဟန်စောကို စိတ်ထဲမှာပျစ်ပျစ်နှစ်နှစ် ကဲ့ရဲ့လာခဲ့သည်။

"ကိုရီးယားတွေ ခုမှ မြန်မာပြည်မှာ ခေတ်စားလာလို့ပါကွာ၊ ငါ့နာမည်က လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ့်သုံးနှစ်လောက်ကတည်းက ငါ့အမေ ဒေါ်ပိုးဖြူ မင်းကြီးတော် ပေးခဲ့တဲ့နာမည်ပါ"

ဟူ၍ ဟန်စောက သူ့နာမည်ကိုပဲ ကြွားဝါပြီးပြောတတ်သေးလေသည်။

စံညွှန်းညီနဲ့ ဟန်စောမှာ အမေညီအစ်မမွေးဖြစ်သော ညီအစ်ကိုဝမ်းကွဲ တော်စပ်ပါသည်။ အသက်အရွယ်ချင်းကလည်း ခြောက်လလောက်သာ ကွာခဲ့သဖြင့် အတန်းတူ၊ ကျောင်းတူ၊ ဘွဲ့ရအတူတူ ဖြစ်ခဲ့သလို စံညွှန်းညီ၏ အခင်ဆုံးသူငယ်ချင်းမှာ





ဟန်စော ဖြစ်သလို ဟန်စော၏ အခင်ဆုံးသူငယ်ချင်းမှာလည်း စံညွှန်းညီပဲ ဖြစ်ပါသည်။

အခုလည်း ပြင်ဦးလွင်မှာဆယ်တန်းအောင်၊ မန္တလေး တက္ကသိုလ်မှာ ကွန်ပျူတာဘွဲ့ရခဲ့ကြပြီး ရန်ကုန်မှာ လာအခြေချကာ အလုပ်လုပ်ချင်လှပါသည်ဟူဆာသော သူတို့နှစ်ဦး၏ အလိုကို လိုက်ကာ အမေတွေက တိုင်ပင်ပြီး တိုက်ခန်းတစ်ခန်းဝယ်ပေး၊ ညီအစ်ကိုနှစ်ယောက် အတူတူ တွဲထားကာ ...

"ရန်ကုန်လာတာ အလုပ်လုပ်ဖို့ လာတာယ်ပဲ မှတ်တယ်နော်။ ဟိုအသံ ဒီအသံ မကြားချင်ဘူး၊ ကြားတာနဲ့ အိမ်ပြန်လာရပြီပဲမှတ်၊ တစ်နှစ် နှစ်နှစ်လောက် နေကြည့်လို့မှ ဘဝ အခြေအနေ ဘာမှတိုးတက်မလာဘူး ဆိုရင်တော့ ပြင်ဦးလွင် ပြန်လာပြီး မိဘလုပ်ငန်းပဲ ဝင်လုပ်ဖို့စဉ်းစား"

ထိုသို့ လေသံတူစွာ ရာဇသံတွေလည်း ပေးခဲ့တာမို့ သူတို့နှစ်ယောက် တက်ညီလက်ညီ အလုပ်ရှာနေကြပါသည်။

စံညွှန်းညီကတော့ ကိုယ်သင်ထားသော ပညာကို အသုံးချရသည့် ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်ကိုသာ ဦးစားပေးပြီး ရှာပါသည်။ ဟန်စောကတော့ အလုပ်ရရင်ပြီးရောဆိုပြီး မြင်မြင်သမျှ အကုန်လျှောက်ပါသည်။ ဒါကြောင့် ထင်သည်။ ဟန်စောက ဆေးကုမ္ပဏီတစ်ခုမှာ ချက်ချင်းအလုပ်ရသွားပါသည်။

www.burmeseclassic.com




စံညွှန်းညီကသာ ခေါင်းမာစွာနဲ့ ကွန်ပျူတာမှ ကွန်ပျူတာ ဖြစ်နေလေရာ အခုထိ အလုပ်မရနိုင်သေး။ အခုထိ အခံတာရှူးတွေ ပြေးဖြေရဆဲ ဖြစ်နေသေးလေသည်။

စံညွှန်းညီသည် သူနဲ့ ဟန်စော နှစ်ဦးပိုင်ဖြစ်သော ဆော်မှုန့်ထုတ်ဂျစ်ကားကို မောင်းရင်း သူ အလုပ်လျှောက်ထား သော ကုမ္ပဏီဆီ ထွက်လာခဲ့ပါသည်။








www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဒါက အန်ကယ့်လ်သမီးပဲ၊ ပင်ပျို့တဲ့"

ကုမ္ပဏီပိုင်ရှင်ကြီး၏သမီးနှင့် အတူတွဲပြီး တာဝန်ယူရမည်ဟု သိလိုက်ရတုန်းက ကုမ္ပဏီပိုင်ရှင် ဦးရဲဇင်၏အသက်အရွယ်ကိုကြည့်ပြီး သူ့သမီးဆိုတာဟာ အသက်သုံးဆယ့်ငါးလေးဆယ်လောက် ရှိမည့်သူဟု မှန်းမိခဲ့သော စံညွန့်ညီသည် ယခု ဆုံလိုက်ရသော ပင်ပျို့ကိုမြင်လျှင် တော်တော်လေး အံ့သြသွားပါသည်။

အသက်ခြောက်ဆယ့်ငါးနှစ်ဟု စံညွန့်ညီ ကြိုသိထားပြီးသော ဦးရဲဇင်တွင် အသက်နှစ်ဆယ်ကျော်လောက်အရွယ်သမီးရှိနေသည်မှာ အမှန်တော့ အံ့သြသင့်သလား၊ မအံ့သြသင့်သလားတော့ မသိ။ အဖေက သိပ်အသက်ကြီးပြီး သမီးက သိပ်





ငယ်နေတာ ဆန်းသလားလို့ စံညွန့်ညီရဲ့ အတွေးကို ဒီသားအဖ သိရင် အပြစ်တင်ခံရမည် ထင်သည်။

စင်ကာပူမှာ IT နှင့်ပတ်သက်ပြီး ဒီပလိုမာယူလာတယ်ဆိုသော ကောင်မလေး၏ အရည်အချင်းကိုတော့ လျှော့တွက်၍ မရပါ။ ကုမ္ပဏီပိုင်ရှင်သမီးမို့ ရာထူးကြီးကြီး အလိုအလျောက်ရထားတာလည်း ပါသလို ကောင်မလေး ကိုယ်တိုင်ကလည်း အရည်အချင်း ရှိသည့်ပုံပင်။

လည်ကုပ်အပေါ်မှာ တိုကပ်တက်နေသော ဆံပင်တို့က ရှေ့မျက်နှာဘက်အခြမ်းမှာကျတော့ ဖောင်းဖောင်းပွပွလေးဖြစ်နေသည့် ဆံပင်ပုံအဆန်းနှင့် ကောင်မလေးသည် အသားသိပ်အဖြူကြီး မဟုတ်သော်လည်း ဖြူစင်ဝင်းအသားအရေနှင့်မို့ ကြည့်ကောင်းလှသည်။ မျက်နှာမှာ တစ်ခုခုတော့လိမ်းထားပေမဲ့ လိမ်းထားမှန်းမသိသာအောင် ပြောင်ဝင်းဝင်းလေးဖြစ်နေပြီး ထူးဆန်းတာကတော့ နှုတ်ခမ်းကို နီနီရဲရဲဆိုးထားတာပင်။ အရင်ခေတ်ကနာမည်ကျော်မင်းသမီး မာရီလင်မွန်ရိုး နှုတ်ခမ်းဆိုးဆေးအရောင်လို အနီရောင်ဖြစ်နေပြီး ကောင်မလေးရဲ့နှုတ်ခမ်းကလည်း ဆင်တူနေသည်။

"သမီးငယ် … ဒါက ဒီနေ့အလုပ်စဝင်မဲ့ မောင်စံညွန့်ညီပဲ။ သူလည်း IT ဘွဲ့ရတစ်ယောက်ပဲ သမီး။ သမီးနဲ့အတူတွဲလုပ်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပြော် … ဟုတ်တဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ အဲဒါပဲ နေ့နေ့တုန်းက ပင်ပျို့ ခေါင်းစားနေတဲ့ Data အဲဒါတွေကို ကူစားပေးမဲ့သူ ရောက်လာပြီ။ ကိုစည်သွန်းညီ တစ်ခါတည်း စ,ဝင်လိုက်တော့မလား"

"ဟာ … ဟုတ်တာပေါ့၊ ဒီနေ့ အလုပ်စ,လုပ်ရပြီပဲ၊ ကျွန်တော့်တာဝန် ကျွန်တော် ယူရတော့မှာပေါ့။ ပြောပါ ဘာလုပ်ပေးရမှာလဲ"

စံညွှန်းညီက ပင်ပျို့နှင့် မျက်နှာချင်းဆိုင် ဖြစ်နေသော စားပွဲတွင် သူ့နာမည်ကတ်ပြားကို ထောင်ပေးထားတာ တွေ့သဖြင့် ဝင်ထိုင်လိုက်ပါသည်။

ကွန်ပျူတာစားပွဲနှစ်လုံးကို ကျောချင်းကပ် ထားထားပြီး ကွန်ပျူတာနှစ်လုံးကလည်း ကျောချင်းကပ်ပုံစံဖြစ်သည်။ သို့သော် ထိုကျောချင်းကပ် ကွန်ပျူတာတွေကို ကိုင်တွယ်ဖြေရှင်းရသော စံညွှန်းညီနှင့် ပင်ပျို့တို့ကျတော့ မျက်နှာချင်းဆိုင်လို ဖြစ်နေသည်။ စားပွဲလေးတွေပေါ်မှာတော့ ထိုစားပွဲမှာ အလုပ်လုပ်ရသူ၏ အမည်ကို ထွင်းထားသော စားပွဲတင်ဖိုင်ဘာကတ်ပြားလေးတွေ ထားပေးပါသည်။

ဦးရဲဇင်ကတော့ သူ အသစ်ခန့်လိုက်သော ကွန်ပျူတာပညာရှင်လေးကို သမီးဖြစ်သူနှင့် စိတ်ချစွာ ထားခဲ့ကာ သူ့





ရုံးခန်းထဲ ပြန်ဝင်သွားပါသည်။ ဦးရဲဇင်၏ ရုံးခန်းမှာ ရုံးခန်းကျယ်ကြီးအတွင်းမှာပင် အခန်းကန့်ပြီး ဖွဲ့ထားသော မကျဉ်းမကျယ် ရုံးခန်းဖြစ်ပြီး တံခါးမရှိပါ။ တံခါးမရှိပေမဲ့ ဦးရဲဇင်၏ ရုံးခန်းအဝမှာတော့ သူ၏အတွင်းရေးမှူး အမျိုးသမီး၏ စားပွဲကရှိသဖြင့် ဝင်သွားချင်တိုင်း ဝင်သွားလို့မရ။ ထိုအမျိုးသမီး ခွင့်ပြုမှ ဝင်ခွင့်ရပါသည်။

စံညွှန်းညီသည် ပင်ပျို့နှင့် အပြန်အလှန် ဆွေးနွေးတိုင်ပင်ရင်း ကွန်ပျူတာထဲက အချက်အလက်တွေ ကူညီဖြေရှင်းပေးနေရသည်ဖြစ်ရာ အချိန်ကုန်လို့ပင် ကုန်မှန်းမသိလိုက်။ သူက ကွန်ပျူတာဘာသာရပ်ကို အမှတ်မိလို့ သင်ယူခဲ့ရုံတင်မက ဘာကယ်လည်း ဝါသနာပါလှသည်ဖြစ်ရာ ကွန်ပျူတာရှေ့ ထိုင်မိရင် တမေ့တမော ဖြစ်နေကျ။ ကန်တော့ပါရဲ့ ဆီးတွေ ဝမ်းတွေ သွားချင်ရင်တောင် အောင့်ထားပြီး တမေ့တမော လုပ်တတ်တဲ့ အကျင့်ရှိတာမျိုးပါ။

"ကိုစံညွှန်းညီ ဗိုက်မဆာသေးဘူးလား"

ပင်ပျို့ထံမှ အသံကြားရတော့မှ အိပ်မက်ထဲက ပြန်ထွက်လာသလိုလိုဟန်ဖြင့် ပင်ပျို့ကို လှမ်းကြည့်ဖော်ရသည့် ကိုလေးလုံး(ဟီဟိ)၏ မျက်မှန်အောက်မှ မျက်လုံးတွေကို ရင်ဆိုင်ရသည်။ အိပ်မထူပေမဲ့ ပုံနည်းနည်းတုံးသော လေးထောင့်မျက်မှန်

www.burmeseclassic.com

www.burmeseclassic.com

မှာ ဆောင်တွေ ကိုင်းတွေကတော့ အနက်ရောင် ခပ်ထူထူကြီး ဖြစ်နေလေသည်။ မျက်မှန်ပုံတုံး တပ်ထားသော သူ့ရုပ်ရည်သည် ရှင်းဆိုတယ်လည်း ပြောလို့မရသလို၊ ရုပ်လည်းမချောပါ။ ဘယ်လို ဒေါ်မလဲ တကယ့်ကို သာမန်ရုပ်မျိုး။ သာမန်တွေ့ရိုးတွေ့စဉ် လူ တွေထဲက ပုံစံမျိုးဖြစ်သလို အရပ်ကလည်း ထူးထူးခြားခြားကြီး မြင့်တဲ့သူ မဟုတ်ပြန်ပါ။ ငါးပေခြောက်လက်မမြင့်သော ပင်ပို့အရပ်ထက် နည်းနည်းလေးသာ ပိုမြင့်သဖြင့် အခု ပင်ပို့က နစ်လက်မ ဒေါက်မြင့်လေးစီးထားတဲ့အခါ သူနဲ့ပင်ပို့ဟာ အရပ် တူလို ဖြစ်နေသည်။

အံမယ် ... ကိုလေးလုံးက သူကသာ ရုပ်မချောတာ။ ပင်ပို့လို ချောမောလှပပြီး မြင့်တဲ့သူတိုင်း နည်းနည်းတော့ သဘောကျသွားတာ ခံရသည့် မိန်းကလေးကို ဂရုတစိုက်တောင် ထပ်မကြည့်ပါတဲ့။

အံ့ရော။ သူ့မှာ ရည်းစားများ ရှိသလား။ သူ့ ရည်းစားလေးက ပင်ပို့ထက်များ ပိုချောနေသလား။ ပင်ပို့က ပျော်ပျော်နေပြီး နောက်တတ် ပြောင်တတ်တဲ့စိတ်လည်း ရှိရာ ဘာရယ်မဟုတ် ကိုလေးလုံး(အဲဒါ ပင်ပို့ တိတ်တိတ်လေး ပေး ထားတဲ့ nick name (န(ခ်)နိမ်း(မ)နော်) အကြောင်း ပေါက်ကရ တွေ လျှောက်တွေးမိနေသည်။





"အခု Lunch break (လန့်ရှ်ဘရိတ်(ခ))ယူရင် ရပြီလေ။ ဆယ့်နှစ်နာရီ ထိုးနေပြီ"

"ဩော် ... ဟုတ်လား၊ အားလုံး ညီထားတယ်ဆိုလည်း ဒီအချိန် ထမင်းစားကြတာပေါ့"

"အားလုံး ညီထားတယ်ရယ်တော့ မဟုတ်ပါဘူး၊ ဆယ့် နှစ်နာရီမှာ ထမင်းစားချင်ရင်လည်း စားလို့ရတယ်၊ ဒါမှ မဟုတ် ဆယ့်နှစ်နာရီခွဲမှ စားချင်ရင်လည်း စားလို့ရတယ် ပေါ့၊ ကိုယ့်အုပ်စုနဲ့ကိုယ် စုပြီးစားကြတာတွေ ရှိတယ်"

"မပင်ပို့က ဘယ်သူတွေနဲ့ စားလဲ"

"ပင်ပို့က ဒေါ်စိုးမိုးတို့ မကျော်ကျော်မေတို့နဲ့ စားတာ၊ ဩော် ... အဲဒီထဲမှာ မကျော်ကျော်မေရဲ့ရည်းစား ကိုလှိုင်ဦး တို့ ကိုလှိုင်ဦး သူငယ်ချင်း ကိုမျိုးတွေးတို့လည်း ပါပါတယ်၊ ကိုစံညွန့်ညီ ဒီအုပ်စုထဲ ဝင်ချင်ရင်လည်း ရပါတယ်၊ ယောကျ်ားအဖော်တွေ ရှိပါတယ်"

စံညွန့်ညီ ရှက်ရယ် ရယ်လိုက်ရင်း နှာခေါင်းပေါ် သို့ လျှော၍ကျလာသော ပုံတုံးမျက်မှန်ကို လက်ဖြင့် အသာပင့် ဘင်လိုက်ပြီးမှ ...

"အဟဲ ... ကျွန်တော် ဒီအုပ်စုထဲ အမြဲဝင်ချင်မှ ဝင်ဖြစ် မယ်ထင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော် နေ့တိုင်း ထမင်းဘူး မပါဖြစ်ဖို့က များတယ်လေ။ အပြင်ပဲ ထွက်စားဖို့ရှိတယ်"

"ဘာဖြစ်လို့လဲ"

ပင်ပျို့ မေးခွန်းမှာ ဘာဖြစ်လို့လဲချည်း နှစ်ခါထပ် နေတော့သည်။

"ကျွန်တော်တို့ကို ရုံးချိန်အမီ ထမင်းဘူးမိဖို့ ထချက်ပြင်ဆင်ပေးမဲ့သူ မရှိဘူး ခင်ဗျ။ ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲ တစ်ယောက်နဲ့ပဲ အိမ်မှာရှိတာပါ၊ ကျွန်တော်တို့က ရန်ကုန်မှာ အလုပ်လုပ်ချင်လို့ ဆင်းလာတာပါ၊ မိဘတွေကတော့ ပြင်ဦးလွင်မှာ"

"အို ... ဟုတ်လား၊ ပြင်ဦးလွင် ဆိုတာ သိပ်လှတယ်နော်။ ပင်ပျို တစ်ခါပဲ ရောက်ဖူးပါတယ်။ သိပ်တောင်မမှတ်မိတော့ဘူး၊ ဒါပေမဲ့ ရာသီဥတုအေးပြီး နေလို့ကောင်းတယ်၊ ရှုခင်းတွေ လှတယ်ဆိုတာတော့ မှတ်မိနေတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကတော့ လှုငယ်ပီပီ မိဘအလုပ်ကို စိတ်မဝင်စားဘဲ ရန်ကုန်ဆင်းလာပြီး ကိုယ်တတ်ထားတဲ့ ပညာတွေကို အသုံးချချင်ကြတာမို့ ရန်ကုန် ရောက်လာကြတာလေ"





"စပ်စုကြည့်တာပေါ့နော်၊ မိဘက ဘာအလုပ် လုပ်လို့လဲ"

"ခြံလုပ်ငန်းပါ၊ အဲဒါ မျိုးနဲ့ရိုးနဲ့ကို လုပ်လာကြတဲ့ လုပ်ငန်းတွေပါပဲ။ ခြံထဲမှာ သီးပင်စားပင် ပန်းပင် အကုန်စိုက်ကြတာပေါ့"

"အရမ်းပျော်စရာ ကောင်းမှာပဲနော်"

စံညွှန်းညီသည် ပင်ပျို့ မေးခွန်းကို ပြုံး၍သာ င်းညိတ်ပြပါသည်။ မြို့မှာမွေး မြို့မှာကြီးတဲ့ သူတစ်ယောက် နဲ့ကတော့ ဒါတွေကြားရတာနဲ့တင် ရုပ်ရှင်မြင်ကွင်းတွေက လို့ ထင်ယောင်မြင်ယောင်ပြီး ပျော်ကြမှာပေါ့။ အမြဲနေနေကျ တော့ ဒါတွေဟာ ရိုးအီပြီး တစ်နေ့လာလည်းဒါပဲ၊ တစ်နေ့ လည်း ဒါပဲမို့ ပျင်းပြီး အရည်ပျော်လို့တောင်ရတယ်။

"မြင်းတွေ မွေးထားမှာပေါ့နော်"

"ဘယ်လိုလုပ်သိလဲ"

"ရုပ်ရှင်ထဲမှာ မြင်ဖူးတာလေ"

"မြင်းက နှစ်ကောင်ပဲ ရှိပါတယ်"

"ကိုစံညွှန်းညီ စီးတတ်လား"

"ကျွန်တော်က သိပ်ကျွမ်းကျွမ်းကျင်ကျင်ကြီး မစီးတတ်ဘူး။ ကျွန်တော့်ညီလေးကတော့ စီးတတ်တယ်။ အဟဲ ... သူက ရုပ်ရှင်မင်းသား ဖြစ်ချင်နေတော့ အကုန်တတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



သင်ထားတဲ့ကောင်ပေါ့။ မြင်းစီးလည်းသင်၊ သိုင်းလည်းသင်
ဓါးတာတီးလည်းသင်နဲ့။ ရုပ်ရှင်အဖွဲ့တွေလာရင် ဒီကောင်
အိမ်မကပ်တော့ဘူး။ သူ့များ ဖြတ်လျှော့ကော်အခန်းက
ခေါ်ရိုက်မလားဆိုပြီး တစ်နေကုန် သွားငေးနေတာလေ"

ပင်ပျိုသည် စကားအပြောအဆို ရိုးသားလှသလို
လှပုံလည်း ရိုးလှသော စံညွှန်းညီကို စိတ်ထဲမှာ အလိုလိုနေရင်း
တရင်းတနှီး ခင်မင်လာမိပါသည်။ ဘယ်လောက် ထူးဆန်းတဲ့
လူလဲဆိုတာလေ။ ခပ်ချောချောလှလှ မိန်းကလေးတစ်ယောက်နဲ့
စကားလက်ဆုံ ကျတဲ့အခါမှာ မျက်လုံးတွေဟာ တည်ငြိမ် အေး
ဆေးလှပြီး ပင်ပျို့အပေါ် အနည်းငယ်မျှတောင် စိတ်ဝင်စားဖြ
ခြင်း အလျဉ်းမရှိ။

ပင်ပျို ပြောတဲ့ သဘောက ဒီလိုပါ။ ဘယ်လူမို
အပျိုမဆို ကိုယ်နဲ့ကြုံတွေ့ စကားပြောခွင့်ရတဲ့ ဆန့်ကျင်ဘက်လူ
ဟာ ရုပ်ရည်ချောမောလှပနေခဲ့ရင် စိတ်ထဲမှာ တစ်မျိုးလေးတော
ဖြစ်လျက်'နှစ်ခြိုက်သဘောကျမှုလေးတွေတော့ ခံစားတတ်ကြစမြ
ဖြစ်တာမို့ပါ။ ချစ်တာ မချစ်တာထက် လှပသော ပစ္စည်းတစ်ခုကို
နှစ်ခြိုက်သဘောကျတတ်ကြတဲ့စိတ်လေး ဖြစ်သလို ခံစားချက်လေး
ရှိတတ်တာမို့ပါ။

ဒါပေမဲ့ ...။





စံညွှန်းညီကျတော့ အဲဒီလို ခံစားချက်တွေ ဖြစ်ပေါ်
တတ်တဲ့ အရိပ်အယောင်တောင် မတွေ့ရဘဲ သိပ်ကို ရိုးသားနေ
လွန်းတာကြောင့် အံ့ဩယူရပါသည်။ ဟန်ဆောင်ကောင်းတာလား။
ဒါမှမဟုတ် သူ့မှာ သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်များ ရှိထား
သလားလို့ ပင်ပျို စပ်စုချင်သလိုလေး တွေးကြည့်မိပြန်သည်။

ထမင်းစားဖို့ ခေါ်စိုးမိုးတို့လူသိုက် စားပွဲတစ်လုံးကို
ရှင်းပြီး ထမင်းဘူးတွေ၊ ထမင်းချိုင့်တွေ ချနေပြီဖြစ်ရာ ပင်ပျို
သည်း ခြင်းတောင်းလေး ဆွဲယူပြီး စံညွှန်းညီကို နှုတ်ဆက်ကာ
ထ,လာလိုက်သည်။ ပင်ပျိုက သူဌေးသမီး၊ ကုမ္ပဏီပိုင်ရှင်သမီး
ဆမဲ့ သီးသန့်ကြီး ခွဲခွဲခြားခြားကြီး မနေတတ်ပါ။ အလုပ်ထဲက
လူတွေနဲ့ ရောရောနှောနှော နောက်နောက်ပြောင်ပြောင် နေတတ်
ပြီး ထမင်းလည်း အတူစုပြီးစားတတ်သဖြင့် ပင်ပျို့ကို လူချစ်
လူခင်လည်း များပါသည်။

"ချမ်းသာတဲ့လူလည်း ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်
တာပဲ၊ မချမ်းသာတဲ့သူလည်း ပခုံးနှစ်ဖက်ကြားမှာ ခေါင်း
ပေါက်နေတာပဲ သမီးရဲ့။ ဘာမှထူးပြီး ခွဲခြားဆက်ဆံနေ
စရာ မလိုဘူး။ ဘာမှ နေရာမပေးစရာ မရှိဘူး"

ဟု ဖေဖေက ပင်ပျိုတို့ မောင်နှမတွေကို အမြဲဆုံးမ
ထားတတ်သဖြင့် ပင်ပျိုတို့ ထိုစကားကို နားဝင်နေတာလည်း
ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပင်ပို့တို့ဟာ မိဘမျိုးရိုးစဉ်ဆက် ချမ်းသာလာကြသူတွေထဲက မဟုတ်။ ပင်ပို့တို့ ငယ်ငယ်ကဆို ဖေဖေနဲ့ မေမေဟာ အတော့်ကို ရုန်းကန်ရတာဖြစ်သည်။ ဖေဖေ က ဘွဲ့ရပညာတတ်ပေမဲ့ ဝန်ထမ်းအလုပ်ကို စိတ်မပါသဖြင့် စီးပွားရေးလုပ်ငန်းတွေပဲ လုပ်လေရာ မြတ်လျှင် မြတ်သလောက် ခံစားရသလို ရှုံးရင်လည်း ရှုံးသလောက် မေမေ့လက်ဝတ်လက် စားဆို နားကပ်ကအစ ပါသွားဖူးတာတွေလည်း ကြုံခဲ့ရဖူးသည်။ မောင်နှမသုံးယောက်ရှိသော ပင်ပို့တွင် ပင်ပို့သည် အငယ်ဆုံး သမီး။ ကိုကိုကြီး၊ မမကြီးတို့နှင့်ဆိုလျှင် ပင်ပို့သည် အသက် ဆယ်နှစ်ကျော်ပင် ကွာပါသည်။

"နှစ်ယောက်မွေးပြီး ရပ်ထားတာပါပဲ၊ သမီးလေးက ဒီ မိသားစုမှာ လူဖြစ်ရမဲ့ကံ ပါလာတယ် ထင်ပါရဲ့။ မေမေ့ ဗိုက်ထဲကို မမကြီး ဆယ့်နှစ်နှစ်၊ ကိုကိုကြီး ဆယ့်သုံးနှစ်ကျ မှ ရောက်လာတော့လည်း မွေးလိုက်ရတာပေါ့လေ"

ဟူ၍ ဖေဖေနဲ့ မေမေက တစ်ခါတစ်ရံ ချစ်စနိုး ပြောပြတတ်ပါသည်။ ပင်ပို့ မွေးပြီး ပင်ပို့ ဆယ်နှစ်သမီးအရွယ် ရောက်သည်အထိ ဖေဖေနဲ့ မေမေမှာ စီးပွားရေး အဆင်ပြေလှ သည်ရယ် မရှိခဲ့ဘဲ လုံးလည်ချာလည် ဖြစ်နေတုန်း ဖြစ်ချင်တော့ လည်း ဖြုန်းဆို ထ,ဖြစ်တာမျိုးပါ။





ဖေဖေ တစ်ခါဝယ်လှောင်လိုက်တဲ့ စက်ပစ္စည်းတွေ မယုံနိုင်စရာ ကောင်းလောက်အောင် ဈေးတွေမြောက်တက်သွား တာမျိုး သုံးလေးငါးခါ ဆက်တိုက်ကြုံလာသောအခါ ပင်ပို့ဆယ် တန်းဖြေရမည့် အချိန်တွင် ဖေဖေ့မှာ တိုက်တစ်လုံး ကားတစ်စီး ပင် စု,မိသွားတဲ့အထိ ဖြစ်လာခဲ့သည်။

ပင်ပို့ ဆယ့်ရှစ်နှစ်အရွယ်မှာ ဒီကုမ္ပဏီကို စ,ပြီးစွန့် စားတည်ထောင်နိုင်ခဲ့တာ ဖြစ်သလို ကွန်ပျူတာနဲ့ ပတ်သက်သော လုပ်ငန်းတွေကလည်း သူ့ခေတ် သူ့အခါအရ နေရာမရွေး မသုံး မဖြစ် သုံးလာရသောအခါ ဖေဖေ့ကုမ္ပဏီသည် ဝင်ငွေအခြေအနေ မဆိုးသော ကုမ္ပဏီတစ်ခု ဖြစ်လာပါသည်။ ကွန်ပျူတာနှင့် ပတ် သက်သော Soft ware (ဆော့(ဖ)ဝဲ) အမျိုးမျိုး ထုတ်ပေးရာ၊ programme (ပရိုဂရမ်)တွေ ထုတ်ပေးရာ ကုမ္ပဏီအသေးလေးပေ မဲ့ သူ့ဟာနဲ့သူ လည်ပတ်နေနိုင်ပါသည်။

"ကွန်ပျူတာ ဒီ့ထက်တိုးတက်ပြီး ပိုလည်းခေတ်မီတဲ့ နိုင်ငံခြားတိုင်းပြည်တွေက ပုံစံမျိုးလောက် မြန်မာပြည်မှာ ဖြစ်လာရင် ဖေဖေတို့ကုမ္ပဏီက ရောမကြီး ဖြစ်လာမှာပေါ့"

လို့ ဖေဖေကတော့ ဖြစ်လာမဲ့ တစ်နေ့ကို စောင့် မျှော်ရင်း သူ့ကုမ္ပဏီကြီးကို ဒီထက်တိုးတက်ဖို့ မျှော်မှန်းနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူပိုင်နာမည် ထွက်ပေမဲ့ ရှယ်ယာဝင်တွေလည်း ရှိပါသေးသည်။ ဒီကုမ္ပဏီအလုပ်အပြင် အခြားသော အထည်ချုပ်လုပ်ငန်းအသေးတစ်ခု၊ ရှယ်ယာဝင်ထားသော ကွန်စထရက်ရှင်းလုပ်ငန်းနှစ်ခုတို့လည်း ရှိသဖြင့် ပင်ပျိုတို့ အခြေအနေက သိပ်ပြီးလျှမ်းလျှမ်းတောက် ချမ်းသာနေတာမျိုးလည်း မဟုတ်ပေမဲ့ မောင်နှမသုံးယောက် ကိုယ့်ကားကိုယ်မောင်းပြီး သွားလာနိုင်ခွင့်ရှိသော အခြေအနေလေးကိုတော့ ရောက်နေခဲ့ပါသည်။

အောက်ခြေဘဝက လာခဲ့တာမို့ ဖေဖေနဲ့ မေမေဟာ အောက်သက်ကျေလှပြီး သားသမီးတွေကိုလည်း မာနမထောင်လွှားကြဖို့ အမြဲဆုံးမတတ်ပါသည်။

"လူအသစ် ဝင်လာတာ ပင်ပျိုနဲ့ တွဲပေးထားတယ်နော်၊ သူက ဘာနဲ့ဘွဲ့ရတာတဲ့လဲ"

မကျော်ကျော်မေက သူမ၏ စုတီးလေးဆင့်ချိုင့်လေးကို ခလုတ်တွေဖြုတ်ရင်း စပ်စုပါသည်။ ဒီကုမ္ပဏီမှာ လုပ်ကြတဲ့သူတွေဟာ ကွန်ပျူတာဘာသာရပ်နဲ့ ကျောင်းပြီးတဲ့သူရှိသလို တချို့လည်း အပြင်မှာ သင်တန်းတွေ တက်ထားပြီး ကျွမ်းကျွမ်းကျင်ကျင် သိထားသဖြင့် အလုပ်ဝင်လုပ်နေသူများလည်း ရှိပါသည်။





"သူက ကွန်ပျူတာဘွဲ့ ရထားတယ်လို့ ဖေဖေ ပြောတာပဲ၊ ဂုဏ်ထူးတန်းတောင် ပြီးထားတယ်တဲ့"

"ဒါဆို ဆရာကြီးပေါ့"

"ဆရာကြီးလား ဘာလားတော့ မသိဘူး၊ ကွန်ပျူတာရှေ့ထိုင်လိုက်ရင်တော့ လောကကြီးကို မေ့သွားတဲ့ပုံစံမျိုးလို့တော့ ပင်ပျို ထင်တာပဲ"

ဒေါ်စိုးမိုးက ရှောက်သီးသုပ်တွေကို မသုပ်လာဘဲ ဒီအတိုင်း ပုံထည့်လာရာ အခုမှ နှန်းဖြင့်မွှေသုပ်ရင်း ...

"မျက်မှန်လေးနဲ့ဆိုတော့ စာဂျပိုးရုပ်လေး ထွက်နေတာ"

ဟု ဝေဖန်ပါသည်။

"အပြင်ထွက်သွားတယ်၊ ဒီမှာ ထမင်းလာစားဖို့ ညည်း မခေါ်လိုက်ဘူးလား"

ကိုလှိုင်ဦးက စံညွန်းညီ၏ ကျောပြင်ကို လှမ်းကြည့်ရင်း မေးပါသည်။

"သူ့မှာ ထမင်းဘူး မပါဘူးလို့ ပြောတယ်"

"အံမယ်လေး ... ဒီကောင် ဘာကောင်မို့လို့ နေ့တိုင်း အပြင်ထွက်စားနိုင်မှာလဲ။ ရတဲ့လခနဲ့ အပြင်ထွက်စားတဲ့ စရိတ်နဲ့ တွက်ပဲတွက်ကြည့်ပါဦး၊ တစ်ခါတည်း လူပေါင်ထားရလိမ့်မယ် ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးထွေးက သူ့ရဲ့ကွမ်းချေးတက်နေသော သွားသွားသော်အောင် ရယ်မောရင်း ပြောပါသည်။ ကိုမျိုးထွေးဟာ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ကွမ်းတွေ တစ်ယာပြီးတစ်ယာ ဝါးစားနေတတ်ကာ ထမင်းစားချိန်၊ အစာတစ်ခုခု စားချိန်ကျမှ ဝလုတ်ကျင်းပြီးစားသူဖြစ်သည်။ ဒါကြောင့် ပါးစောင်တွေ၊ လျှာတွေ၊ သွားတွေဟာ ကွမ်းချေးတက်လျက် အမြဲနီရဲနေတာဖြစ်သည်။

"မင်း ကွမ်းစားပုံက အန္တရာယ်ဖြစ်လောက်အောင် စားတာပဲ၊ ကျန်းမာရေး ထိခိုက်နေဦးမယ်၊ ကွမ်းစားတာ လျှော့ကွာ"

ဟူ၍ ကိုမျိုးထွေးနဲ့ အတွဲများသော ကိုလှိုင်ဦးက သတိပေးပေမဲ့လည်း မရ။ ခဏသာ လျှော့သွားပြီး နောက်တော့လည်း ဒီပုံက ဒီပုံအတိုင်းပဲ ဖြစ်နေတတ်သည်။

"သိပါတယ်ကွာ၊ ကွမ်းသိပ်စားတာဟာ ကင်ဆာဖြစ်ဖို့ chance (ချန့်(စ))များမှန်း သိပါတယ်။ လျှာကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာရေမြိုကင်ဆာကအစ အစာအိမ်ကင်ဆာအထိ ဖြစ်နိုင်မှန်း သိပေမဲ့ ဘယ်ဘဝကဝဋ်ကြွေးပါလာလဲ မသိပါဘူးကွာ၊ ဘယ်လိုမှကို ဖြတ်လို့မရဘူး"





ဟုလည်း သူ့ဘာသာ ညည်းညူပြီး ဝန်ခံတတ်သည်။

"ကွမ်းယာရောင်းတဲ့ မအရှာဘီကို ယူထားမှ ဖြစ်မယ်ထင်တယ်၊ တစ်နေ့ တစ်နေ့ ကွမ်းဖိုးကလည်း မနည်းဘူး"

သူ့ဘာသာ ကွမ်းတစ်ထုပ် ကုန်သွားလို့ ဆင်းဝယ်ရတိုင်း စိတ်ပျက်လက်ပျက် ဘယ်လောက်ပဲ ညည်းညည်း။ ဘယ်တော့မှ ကွမ်းစားမပျက်တဲ့ ကိုမျိုးထွေးကို မကျော်ကျော်မေက ...

"ကိုမျိုးထွေး။ ဒီမှာ အာပြဲခြောက်ကြော်လေးတွေ ယူထည့်စားနော်၊ အားမနာနဲ့"

ဟု လှမ်းပြောလျှင် ...

"ထမင်းကလည်း အချိန်ကျလို့သာ စားရတာပါ၊ ဘယ်တော့မှ ခံတွင်းမတွေ့ဘူး၊ နေ ... နေ ... ငါ့ထဲ ဘာမှ မထည့်ကြနဲ့၊ ငါ ဒီတစ်လုတ် နှစ်လုတ်ဆို ပြီးပါပြီ"

"မင်းက ကွမ်းတွေသိပ်စားတာကိုး။ ဘယ်လိုလုပ် ခံတွင်းကောင်းတော့မလဲ"

ဒေါ်စိုးမိုးက ရှောက်သီးသုပ်ကို ပင်ပျို့ဘက် ထည့်ပေးရင်း ပြောလိုက်သည်။ ပင်ပျိုကလည်း ကြက်သားဟင်း အာလူး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆိကျန်ရေကျန်လေး ချက်ပေးလိုက်သော မေမေ့လက်ရာဟင်းကို အားလုံးပန်းကန်ထဲ မျှတအောင် လိုက်ထည့်ပေးရသည်။ ဒီအုပ်စုထဲမှာ အားလုံး လခစားဝန်ထမ်းတွေ ဖြစ်သလို ကိုယ့်လောက် ဘယ်သူမှ ပိုက်ဆံမချောင်လည်ကြပါ။ ဒေါ်စိုးမိုး ဆိုလျှင် မိသားစုခြောက်ယောက်ရှိပြီး လင်ရောမယားရော သားအကြီးလေးရော အလုပ်ကိုယ်စီဖြစ်ပြီး ကျန်တဲ့ကလေးအငယ်တွေကတော့ ကျောင်းတက်ရဆဲ ဖြစ်တာမို့ ရတဲ့လခနဲ့ အသုံးစရိတ် ညီမျှအောင် အမြဲတွက်ချက်နေရသူဆိုတာ ပင်ပျို့ သိထားပါသည်။ ဒါကြောင့် ဒေါ်စိုးမိုးရဲ့ ထမင်းချိုင့်ဆိုလျှင် အသားဟင်းဆိုတာ အတွေ့ရနည်းပါသည်။

မကျော့ကျော့မေတို့ကလည်း ညီအစ်မလေးယောက်လား၊ ငါးယောက်လား ရှိသော မိသားစုဖြစ်ပြီး အမေကလွဲရင် မိသားစုအားလုံး တက်ညီလက်ညီ အပြင်ထွက် အလုပ်လုပ်ကြရသူတွေ ဖြစ်ပါသည်။ တစ်ပတ်မှာ တစ်ရက်တော့ ဟင်းကောင်းလေး ထည့်လာနိုင်ပေမဲ့ မကျော့ကျော့မေမှာ အတော့်ကို ခြိုးခြံချွေတာနေရတာဖြစ်သည်။

"ရတဲ့လခ(...)သောင်းထဲက အမေ့ကို အိမ်စရိတ် တစ်ဝက်ပေးရတာပေါ့ ပင်ပျို့ရယ်။ ကိုယ် ဒီလိုမှမပေးရင် ဘယ်





လိုမှ စား၀တ်နေရေး မချောင်လည်နိုင်ဘူးဆိုတာ သိတော့ပြန်ပေးရတာပေါ့။ ကျန်တဲ့တစ်ဝက်ထဲကပဲ ကိုလှိုင်ဦးနဲ့ လက်ထပ်ဖို့ ခွဲခွဲစုနေရတာ သိလား။ စုလာတာ သုံးနှစ်ရှိပြီ၊ သူလည်းစု ကိုယ်လည်းစုပေါ့။ စုတော့ စုနေတာပဲ ဘယ်တော့ကျမှ တကယ့်ဘဝထဲ ခုန်ဆင်းဖို့ အဆင်သင့်ဖြစ်မလဲ မသိသေးဘူး"

ထိုသို့ သူမတို့ လက်ထပ်ဖို့ ငွေစုရသည့်အကြောင်းကို ပင်ပျို့အား ပြောပြောပြနေ၍ မကျော့ကျော့မေ ဘာကြောင့် ခြိုးခြံချွေတာသလဲ ဆိုတာကို ပင်ပျို့သိပြီး စာနာပါသည်။

"သူများတွေလို မင်္ဂလာဆောင်ဖို့ ဘာဖို့ စုတာမဟုတ်ပါဘူးဟာ။ အတူတူနေတဲ့အခါ အိမ်ငှားနေဖို့တို့၊ အိမ်ထောင်ပစ္စည်းလေးတွေ ဝယ်ဖို့တို့ ရည်ရွယ်ပြီး စုရတာပေါ့။ အမေကတော့ မင်္ဂလာဆွမ်းလေး ကျွေးစေချင်တယ် ပြောပါတယ်။ ငါတို့က ညီအစ်မတွေချည်းရှိပြီး ငါကအကြီးဆုံးလေ၊ ဒီတော့ အစ်မအကြီးက သပ်သပ်ရပ်ရပ်လေး မင်္ဂလာဆောင်ပြရင် ဂုဏ်လည်းရှိပြီး အငယ်တွေလည်း အားကျရတာပေါ့လို့ အမေက ပြောရှာတာ၊ ဒါကြောင့် အမေစိတ်ချမ်းသာအောင်လည်း နည်းနည်းတော့ လုပ်ပေးချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှိုင်ဦးကလည်း လူကောင်းဖြစ်ပြီး ရိုးသားသဖြင့် သူလည်း လခရတာနဲ့ သူ့မိဘသူ သင့်သလောက် ပြန်ပေးပြီး ကျန်တာအကုန် သူ့ချစ်သူလက်ထဲ လာထည့်သည်ဟု ပင်ပျို သိ ပေသည်၊ ယောက်ျားတန်မဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့လေးတောင် ပိုက်ဆံအပို ချန်မထားတတ်ဘဲ သူ့သိပ်လိုအပ်မှသာ မကျော်ကျော် မေ ထံမှာ အားနာသလိုဖြင့် နည်းနည်းပြန်လာတောင်းတတ်ပါ သည်။ ကိုလှိုင်ဦးတို့ကလည်း မိသားစု သိပ်အများကြီးတော့ မဟုတ်ပေမဲ့ အားလုံး ဝန်ထမ်းတွေချည်းဖြစ်ကာ ရန်ကုန်နေလူ တို့၏ ထုံးစံအတိုင်း ရရစားစား ဖြစ်နေသော မိသားစုပင်။

ကိုမျိုးထွေးကတော့ အမေမုဆိုးမကြီးကို လုပ်ကျွေး နေသူဖြစ်ပြီး ညီမတွေကတော့ သူတို့အိမ်ထောင်နဲ့သူတို့ဟု သိ ထားပါသည်။ သို့သော် ကိုမျိုးထွေး အမေက ကျောက်ကပ်ရောဂါ သည်မို့ ဆေးကုစရိတ်က အတော်ကြီး ထောင်းလှကြောင်း သိရ ပါသည်။ ဒါကြောင့် ကိုမျိုးထွေးဟာ အမေနဲ့သား နှစ်ယောက် တည်း လူပျိုကြီးပေမဲ့ ဘယ်တော့မှ ဟင်းကောင်းကောင်းမထည့် နိုင်သူတစ်ဦး ဖြစ်နေပြန်သည်။

ပင်ပျို ကိုယ်တိုင်ကလည်း အလုပ်ထဲက မိတ်ဆွေ တွေကို ကျွေးချင်လှသလို မေမေကလည်း ...





"ဟင်းတွေ များများသာထည့်သွား သမီးငယ်၊ မေမေ တမင်ပိုချက်ထားတယ်။ သမီးငယ် ပြောပြောပြနေလို့ သမီးနဲ့ ထမင်းအတူတူစုပြီးစားတဲ့ အုပ်စုကို မေမေလည်း ဟင်းကောင်းလေးတွေ အမြဲကျွေးချင်နေလို့"

ပင်ပျိုသည် ထမင်းစုပြီးစားရင်း အားလုံးအကြောင်း တွေးကြည့်သလို စံသွန်းညီ အကြောင်းလည်း ထည့်ပြီးတွေးကြည့် မိသည်။

သူကရော ဘယ်လိုစီးပွားရေး အခြေအနေမျိုးမှာရှိ တဲ့ မိသားစုထဲကလူလဲ။ သူ့မိဘတွေက ခြံလုပ်ငန်းလုပ်တယ် ပြောတယ်။ အဆင်ပြေကြလား။ ခြံက ကြီးကြီးကျယ်ကျယ်လုပ် သလား။ ဒါမှမဟုတ် သေးသေးလေး တစ်ပိုင်တစ်နိုင် စားဝတ် နေရေး ပြေလည်ရုံ လုပ်တာမျိုးလား။ ရန်ကုန်ဆင်းလာ အလုပ် လာလုပ်ပြီး ရတဲ့လခကို မိဘကိုရော ပြန်ပို့ထောက်ပံ့ရသေးလား။ သူ့ကြည့်လိုက်တော့လည်း ရိုးရိုးကုပ်ကုပ်နဲ့ သာမန်လိုပဲ ဝတ်စား နေထိုင်တာမို့ သူ့အခြေအနေကို အခုတော့ မှန်းလို့မရသေးဘူး ပေါ့။

ဒါပေမဲ့ ကိုမျိုးထွေး ဝေဖန်သလိုပဲ ရတဲ့လခနဲ့ နေ့တိုင်း နေ့လယ်စာ အပြင်ထွက်စားနေရင်တော့ သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို လုပ် တွက်ခဲ့ခြဲကိုက်ပါ့မလဲ ဆိုတာတော့ မသိမသာလေး [illegible] ဝင်ပိုျသည် ဒီနေ့မှ စတွေ့စသိရသည့် [illegible] အကြောင်း အလုပ်ရှုပ်ခံပြီး တွေးနေမိလေသည်။





## ၂

ပထမတစ်ခါတော့ ပင်ပိုျသည် သူ အောက်ပြန်ဆင်းသွားတာကို သိပ်ဂရုတစိုက် မဖြစ်မိဘဲ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေခဲ့သည်။

ဒုတိယတစ်ခါမှာတော့ ပင်ပိုျ နည်းနည်းသတိထား[illegible]ပြုလာသည်။ အောက်ထပ်ကားပါကင်မှ ပြန်တက်လာတာ[illegible]ကြာသေး။ ဆယ့်ငါးမိနစ်တောင် ပြည့်အောင် မထိုင်ရသေး[illegible]င်မှာ စံညွှန်းညီ ရုတ်တရက် ထရပ်လိုက်ပြန့်တာကို တွေ့ရသည်။

အလုပ်လာလျှင် သူ့လက်က ဆွဲလာတတ်သော [illegible]င်းပါသည့် လေးထောင့်ခပ်မာမာအိတ်ထဲ တစ်စုံတစ်ခုကို နှိုက်[illegible] သူ့ဘာသာ ခေါင်းတခါခါ ဖြစ်နေတာကိုလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပို့ မေးလိုက်ချင်ပေမဲ့ ကိုယ်က သိပ်ပြီးစပ်စုရာ များ ကျသွားမလားဆိုပြီး မမေးဘဲ စောင့်ကြည့်နေလိုက်သောအခါမျှော်လင့်မထားလေရာ လန့်ပြီးထူးသံဖြင့် ပြန်ထူးမိပါသည်။

စံညွန်းညီ တစ်ယောက် သော့တွဲလိုလို အရာကိုကိုင်လျက် ရုံးခန်းထဲမှ ပြန်ထွက်၊ အောက်ပြန်ဆင်းသွားတာကို တွေ့ရပြန်သည်၊ ပထမတစ်ခါကလည်း ဒီအတိုင်းပဲ ပြန်ဆင်းသွားတာ ဖြစ်သဖြင့် ပင်ပို့ရင်ထဲ ကလိ ကလိ ဖြစ်လာသည်။ ဘာဖြစ်နေတာလဲဟု စပ်စုချင်လာသည်။

ဒုတိယတစ်ခါ ပြန်တက်လာပြီး စားပွဲမှာပြန်ထိုင် အလုပ်လုပ်နေတုန်း ဆယ့်ငါးမိနစ်လောက် ကြာပြန်တော့ သူ့ ပါးစပ်မှ ကျစ်ခနဲ အသံပြုပြန်ကာ ထ,ရပ်ပြန်သည်။ သူ့လက် အိတ်ကြီးကိုကြည့်လိုက်၊ ခါးထောက်ရင်း စဉ်းစားလိုက်၊ အော ဆင်းသည့် လှေကားဆီ လှမ်းမျှော်ကြည့်လိုက်၊ ခေါင်းခါလို မျက်မှောင်ကြုတ်လိုက် လုပ်ပြီးလျှင် နောက်ဆုံးတော့ သူ့လက် အိတ်ကြီးကို ဖွင့်ပြန်၊ အထဲက သော့တွဲကို မွှေနှောက်နှိုက်ယူပြ

ကဲ ... ဒီအခါမှာတော့ မစပ်စုဖြစ်သော ပင် မသိချင်ယောင်ဆောင်မနေနိုင်တော့ပြီတည်း။

"ကိုစံညွန်းညီ"

ဟု၍ လှမ်းခေါ်လိုက်မိတော့သည်။

"ခင်ဗျာ"





စံညွန်းညီဟာ သူ့ကို ပင်ပို့ ခေါ်လိုက်မယ်မှန်း

"ဘာဖြစ်နေတာလဲဟင်"

"ခင်ဗျာ"

"ဘာဖြစ်နေမှန်းကို မသိဘူး၊ ရုံးပေါ်တက်လာပြီး တစ်ခါ အောက်ပြန်ဆင်းသွားတယ်၊ နောက်တစ်ခါ အပေါ်ပြန် တက်လာပြီး ထိုင်တာမကြာသေးဘူး၊ တစ်ခေါက်ပြန်ဆင်း သွားတယ်၊ အခုလည်း ၃ါ သုံးခေါက်မြောက် သော့ကိုင် ပြီး အောက်ပြန်ဆင်းမဲ့ပုံ ပေါ်နေတာမို့ မေးမိတာပါ၊ ဘာ ဖြစ်နေမှန်း မသိလို့"

"ဪ ... အင်း"

စံညွန်းညီသည် ပင်ပို့ ရိပ်မိသွားသဖြင့် ရှက်ပြီး ကမှန်ကို ပင့်တင်လိုက်၊ ခေါင်းကဆံပင်တိုတို့ကို သပ်လိုက် ပြီး ရယ်ကျဲကျဲ လုပ်နေမိသည်။ ဒုက္ခပါပဲ ... ငါ့ရဲ့အားနည်း ကို ရိပ်မိသွားတော့မယ်။ ဘယ်လိုဖြေရမှန်းလဲ မသိဘူး။ သနာပဲ ... စံညွန်းညီ။ ကောင်းတယ် ... သူများရိပ်မိလောက် င် ပျာယာခတ်ဦးလေ။

"ဘာလဲဟင်၊ အောက်မှာ ဘာဖြစ်လာခဲ့လို့လဲ"

ပင်ပို့ကလည်း မဖြေရင် မနေရပုံစံနဲ့ မရမကကို မေးနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲ ... ကျွန်တော် ကားသော့ကို မပိတ်ခဲ့မိဘူး ထင်လို့"

"ခုန အောက်ဆင်းပြီး သွားစစ်ပြီးပြီပဲ၊ ပိတ်ခဲ့ပြီးရောပေါ့"

"စိတ်ထဲမှာ မရေမရာ ဖြစ်နေလို့ပါ။ တကယ်မှ ပိတ်ခဲ့ရဲ့ လားလို့ စိတ်ပူတတ်လို့ပါ"

မဖြစ်နိုင်ဘူး၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဆင်ခြေ ပဲ။ လူတစ်ယောက်ဟာ ကိုယ်လုပ်ပြီးခဲ့တဲ့ အလုပ်ကို နှစ်ခါပြ တောင် သွားစစ်ပြီးနေမှ မရေမရာတာ ရှိဦးမလား။ သူ ဘာမျာ လျှို့ဝှက်ထားတာပါလိမ့်။ ပင်ပို့သည် သူများမဖြေချင်သောကိ ဖြစ်နေ၍ အတင်းဆက်မမေးတော့ဘဲ စောင့်ကြည့်နေသောအခ စံညွှန်းညီက ပင်ပို့ကို မလှုံမလဲကြည့်ပြီး ...

"မပင်ပို့ မယုံရင် လိုက်ကြည့်ပေးပါလား"

ဟု အဖော်ညှိလာလေသည်။

"ရှင် ... ဘာကိုလဲ"

"ကျွန်တော် ကားသော့ပိတ်ခဲ့ပြီးကြောင်း ဘေးလူတ ယောက်ကပါ မြင်ပြီးသိထားမှ ကျွန်တော် စိတ်ချလက် အလုပ်လုပ်နိုင်မှာမို့ပါ"

ပင်ပို့သည် ဘာမှန်းတော့မသိပေမဲ့ စံညွှန်းညီ သူ့ကိစ္စသူ သက်သေလိုသလိုလို အကူအညီ တောင်းလာသဖြ လိုက်ကြည့်ပေးဖို့ သဘောတူလိုက်ပါသည်။





ရုံးခန်းထဲမှာ ကျန်ခဲ့သော လူများကတော့ ဘာတွေ ိုင်ပင်မှန်းမသိ တီးတိုးပြောဆို တိုင်ပင်ကြပြီး အောက်ထပ် ားပါကင်ဆီ အတူတူ ပြန်ဆင်းသွားကြသော စံညွှန်းညီနဲ့ င်ပို့တို့ကို အကဲခတ်ကြည့်ရှုရင်း တစ်ယောက်ကစ,၍ အသံ ွက်လာသည်။

"ဘာတွေတိုင်ပင်နေကြသလဲ မသိဘူးနော်"

"စံညွှန်းညီကလည်း ဘာဖြစ်လာမှန်း မသိဘူး။ ကြည့်လေ ရုံးပေါ်ရောက်တာဖြင့် မကြာသေးဘူး။ အောက်ပြန်ဆင်း သွားလိုက် ပြန်တက်လာလိုက်နဲ့ သုံးခါလောက် ရှာနေ တာ"

"အခုတော့ ပင်ပို့ပါ သူနဲ့အတူတူ ပါသွားပြီဗျို့"

"ရွှယ်တူလေးဆိုတော့ မဆိုးဘူးဟဲ သူတို့လိုက်သားမဲ့"

မကျော်ကျော်မေက ပင်ပို့ကို ညီမလေးလိုပဲ အတော် င်ချစ်နေတာမို့ ...

"ဟာ ... မလိုက်ပါဘူး၊ စံညွှန်းညီပုံက အူတူတူနဲ့ ဘာ ပုံမှန်းမသိဘူး။ ချောလည်း မချောဘူး၊ သာမန်ရုပ်ရည် နဲ့၊ ပင်ပို့က ဒီလောက် ချစ်စရာကောင်းတာ မလိုက်ပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထကန့်ကွက်ပါသည်။

"ကျော်တို့ မိန်းမတွေက ဒါပဲ၊ ရုပ်ရည်ပဲ အပေါ်ယံကြည့်ပြီး အရင် ဆုံးဖြတ်ကြတာပဲကိုး၊ ရုပ်ချောတိုင်းလည်း စိတ်သဘောမကောင်းကြဘူးကွ။ အဓိက,က အတွင်းစိတ်လှဖို့ အရေးကြီးတယ်။ စံညွှန်းညီက ရိုးသားပြီး စိတ်သဘောကောင်းပါတယ်ကွယ်"

"ပုံပြင်ထဲမှာဆို ရုပ်ချောတဲ့ မင်းသမီးလေးဟာ ရုပ်ချောတဲ့ မင်းသားလေးပေါ့ Prince Charming (ပရင့်(စ)ချမ်းမင်းန်) နဲ့ပဲလက်တွဲရတာ။ မင်းသားက ရုပ်မချောရင် မလိုက်ဘူး"

"ဒါဆို ကိုယ်ကရော"

ကိုလှိုင်ဦးက သူ့ကိုယ်သူ ကော်လံနှစ်စကို လက်ဖြင့်ထောင်ရင်း ပြုံးဖြီးဖြီးကြီးမေးတော့ ဘေးစားပွဲမှာ အလုပ်လုပ်နေသောလူတွေဖြစ်သည့် ဒေါ်စိုးမိုးတို့ ကိုမျိုးထွေးတို့ "Boooo...!" "ဗူး ... ဟူး ... ဟူး ..."ဟူသော အသံကြီး ဝိုင်းအော်ပြီး စ,နောက်ကြပါသည်။

"ကောင်းတယ် ... Boo ! လုပ်ခံရပြီ"

မကျော်ကျော်မေ ရက်ပြီး ကိုလှိုင်ဦးကိုသာ မဲပြီးဆူတော့သည်။





"အံမာဗျာ ... ဘာ Boo! လုပ်တာလဲ၊ ကျော်က ရုပ်ချောမှ ရုပ်ချောမှန့် အော်နေတော့ ကျွန်တော်ရော ရုပ်ချောလို့လားလို့ မေးကြည့်တာပါ"

ဒေါ်စိုးမိုးက ရယ်မောရင်း ...

"ဟယ် ... ဒါတော့ ကိုယ့်ဘာသာ မှန်ထဲ ပြန်ကြည့်ပေါ့ဟဲ့"

"ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ်တော့ အချစ်ဆုံး၊ ကိုယ်သာလျှင် အကောင်းဆုံး ထင်ကြတာလေ ဒေါ်ဒေါ်စိုးမိုးရဲ့။ ဒါကြောင့် မှန်ထဲမှာ ကြည့်မိရင် ကိုယ့်ကိုယ်ကိုယ် ချစ်ပြီး မြင်တဲ့ အမြင်ပဲဖြစ်မှာပေါ့"

ကိုမျိုးထွေးက ...

"ဘယ်က ဒိုင်ကြောင်လဲကွာ၊ မင်းပြောပြတာတွေ ရှုပ်နေတာပဲ၊ ငါတော့ တစ်ခါမှ ကိုယ့်ကိုယ်ကိုယ် ချစ်တယ်လို့ မတွေးမိဖူးပါဘူး"

"ဟိုစုံတွဲ ပြန်တက်လာနေပြီ၊ ကျော်ကျော်မေရေ သမီးက ပင်ပိုနဲ့ ပိုရင်းနှီးတော့ သူ့ကို မသိမသာ အစ်အောက်မေးကြည့်ပါလား။ ဘာတွေဖြစ်နေကြတာလဲလို့"

"ဟာ ... စိတ်ချ အန်တီ၊ မေးမှာ မပူနဲ့ ဒီနေ့ပဲ မေးကို မေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးမိုးကို့ ကိုလှိုင်ဦးနဲ့ ကိုမျိုးထွေးကတော့ ဒေါ်ဒေါ်ခိုးမိုးဟု ခေါ်ကြပြီး ကျော်ကျော်မေနဲ့ ပင်ပျို အခု ထပ်ရောက်လာသော စံညွှန်းညီတို့က အန်တီဟု ခေါ်ကြသည်။

ဒီကုမ္ပဏီက သိပ်အကြီးကြီး မဟုတ်သဖြင့် ဆက်ရှင်တစ်ခုလျှင် ဝန်ထမ်းလေးငါးယောက်မျှသာ ထားလေရာ အခုဒီအုပ်စုကတော့ ဆက်ရှင်အတူတူ ဖြစ်သဖြင့် အခန်းအကန့်နှင့် သီးသန့်ထဲ တစ်နေ့ တစ်နေ့ ဒီမျက်နှာပဲ တွေ့နေကြရသဖြင့် အတော်ရင်းနှီးကြပါသည်။

အဲဒီလိုပဲ တခြား ဆက်ရှင်တွေမှာဆိုလည်း ကိုယ့်အုပ်စုနဲ့ ကိုယ့်အခန်း အကန့်လေးတွေနဲ့မို့ ထိုဆက်ရှင်တွေရှိလူတွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် အတော်ပင် ရင်းနှီးကြသည်။

ထမင်းစားချိန်ကျ ထုံးစံအတိုင်း စံညွှန်းညီ တစ်ယောက် ခပ်သွက်သွက် အောက်ဆင်းသွားပြီး နေ့လယ်စာ,စားဖို့ထွက်သွားပါသည်။ ကျန်တဲ့အုပ်စုကတော့ ထမင်းစု,စားကြဖို့ပြင်ဆင်လျက် နေ့လယ်စာစားဖို့ အောက်ဆင်းသွား[illegible]သော စံညွှန်းညီကို အကဲခတ်ရင်း ပင်ပျို့ကိုသာ တိုက်ရိုက်စပ်စုကြသည်။ ဘာကြောင့်လဲ ဆိုတော့ ပင်ပျိုနဲ့ စံညွှန်းညီမှာ ပိုပြီးခင်မင်ရင်းနှီးကြသည့် သဘောမှာ ရှိနေသည်မို့ပင်။





"အလုပ်ဆင်းတာဖြင့် တစ်လလောက်ရှိပြီ၊ ခုထိ ထမင်းဘူးမပါသေးပါလား၊ တော်တော် ပိုက်ဆံဖြုန်းနိုင်တာပဲနော် ပင်ပျို"

"သူပြောတော့ သူတို့ညီအစ်ကိုဝမ်းကွဲနှစ်ယောက်တည်းနေတာတဲ့။ မနက်အစောကြီး ထမင်းထချက်ဖို့ကို ဘယ်သူမှ ဝီရိယမရှိကြဘူးတဲ့၊ ဟိုတစ်ယောက်ကလည်း အလုပ်မှာဒီလိုပဲ အပြင်ထွက်စားတာပဲတဲ့"

"လခကို ဂရုမစိုက်ဘဲ အလုပ်ကို ဂုဏ်ရှိရုံလေး ဝင်လုပ်နေကြလို့ ဖြစ်မှာပေါ့"

"ပင်ပျိုကတော့ ပြောလိုက်ပါတယ်၊ ဘယ်လောက်ပိုက်ဆံသုံးနိုင်ပါစေ၊ နေ့တိုင်းကြီး အပြင်ထွက်စားတာတော့မလုပ်ချင်ဘူးလို့။ အပြင်စာတွေက အဆင့်မသင့်ရင် ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်တယ်၊ သန့်ရှင်းမှု ရှိ,မရှိ ဘယ်လိုမှအာမ,မခံနိုင်ဘူးလို့ ပင်ပျို ပြောတော့မှ ပေါ်လာတယ်၊ ဟိုအပတ်က နေ့လယ်အပြင်ထွက်စားပြီး ဗိုက်ထဲမှာ မအီမလည်ကြီး ဖြစ်တာတဲ့၊ အန်ချင်သလိုလို ဝမ်းသွားချင်သလိုလို တစ်နေ့ခင်းလုံး တစ်ညနေလုံး ဖြစ်နေပြီး ညကျဝမ်းသွားတာ အခါနှစ်ဆယ်တောင်ရှိတယ်ဆိုပဲ၊ တစ်ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



ဘွာစ်ရက် ရုံးသွားစရာမလိုဘဲ နားလိုက်တော့မှ ကောင်းသွားတယ်ဆိုပဲ"

"ဒါနဲ့ မနက်က ဘာတွေပျာယာခတ်နေတာလဲ၊ တွေ့လိုက်ပါတယ်နော်။ စံညွှန်းညီ ဆင်းလိုက် တက်လိုက် သုံးခါလောက်လုပ်ပြီး ပင်ပိျုကိုခေါ်ပြီး တစ်ခါပြန်ဆင်းသွားတယ်လေ"

ပင်ပိျုရယ်မောလိုက်ရင်း မေမေ ကြော်ထည့်ပေးလိုက်သော ပုစွန်ကွက်ကြော်တွေ တစ်ခုပြီးတစ်ခု လှူစေ့တက်စေ့လိုက်ထည့်ပေးနေပါသည်။ ပုစွန်က ပုစွန်တုပ်အမျိုးအစား အနေတော်လေးတွေဖြစ်ပြီး အခွံမခွာဘဲ ခေါင်းခွံသာခွဲကာ ပဲပင်ပေါက်ဖြင့်အုံပြီးကြော်ထားတာမျိုးဖြစ်သည်။ ဒါမျိုးကဒီတိုင်းစားလည်း ကောင်းသလို ကတ်ကြေးနဲ့ညှပ်ပြီး သုပ်စားလျှင်လည်း ကောင်းပါသည်။

ဒေါ်စိုးမိုးကတော့ ...

"ပုစွန်ဆို ဝယ်ချက်ရင် တွက်ခြေမကိုက်လို့ ဝယ်ကိုမစားတာ ကြာပါပြီကွယ်၊ ပင်ပိျု ကျွေးမှပဲ စားရတော့တယ်၊ သမီးမေမေကို ပြောလိုက်ပါ ကျေးဇူးတင်ပါတယ်လို့"

ဟု အားလည်းနာဟန်၊ ကျေးဇူးလည်းတင်ဟန်ဖြင့် ထုတ်ပြောပါသည်။





"ကျော်တို့က ရတဲ့လခနဲ့ လောက်အောင် စားရလို့ အိမ်ချက်ထမင်းဟင်းတောင် အသားဟင်းနဲ့ စားနိုင်အောင် လုံးပန်းနေရတာ။ စံညွှန်းညီကတော့ ပိုက်ဆံတတ်နိုင်ရက်သားနဲ့ အိမ်ထမင်းဟင်း ကောင်းကောင်းချက်မစားနိုင်ရှာဘူးနော်"

"ချိုင့်ဆွဲစားဖို့ ဒီကောင့်ကို အကြံပေးရင် ကောင်းမယ်၊ ငါတို့ရပ်ကွက်ထဲမှာ ထမင်းချိုင့်အော်ဒါချက်ပေးတဲ့ အိမ်တစ်အိမ်ရှိတယ်ကွ၊ အိမ်တိုင်ရာရောက် ပို့ပေးတာပေါ့"

ကိုမျိုးဆွေက ဝင်ပြောလျှင် ...

"ပင်ပိျုကို ပြောခိုင်း၊ ပင်ပိျု ပြောရင် ရမယ်ထင်တယ်"

ဟု ကိုလှိုင်ဦးက စ,နောက်သလို ဆက်ပြောလျှင် ပင်ပိျု မျက်လုံးလေးပြူးပြပြီး ...

"အံမယ် ... ပင်ပိျုနဲ့ ဘာဆိုင်လို့လဲနော်"

ဟူ၍ ခပ်မြန်မြန်ငြင်းပါသည်။

"မနက်က ဘာဖြစ်တာလဲဟဲ့၊ ပြောပါဦး"

"အူကြောင်ကြောင်လေ ... အူကြောင်ကြောင်၊ အူတူတူနဲ့ ဘာဖြစ်မှန်း မသိလို့ ပင်ပိျုလည်း မေးပစ်လိုက်တယ်။ အဲဒီကျမှ ပင်ပိျုကို ချောဆွဲသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး စိတ်ဝင်တစား နားထောင်နေသောအခါ ပင်ပျိုသည် စံညွှန်းညီ အကြောင်း ပြောပြရမှာ စိတ်ထဲတွင် သနားသလိုလို ဖြစ်သွားမိပါသည်။ သူ့ဘက်က မေးမေးမမ၊ ဖုံးဖုံးဖိဖိ ပြောပေးချင်စိတ်တွေလည်း ဘယ်ကဘယ်လို ပေါ်လာမှန်း မသိပါ။

ကိုယ်တိုင် သံသယ ဖြစ်တုန်းကတော့ ဖြစ်ပေမဲ့ ပင်ပျို ပြောပြလိုက်သောစကားကြောင့် တခြားလူတွေပါ ဝိုင်းပြီး သံသယဖြစ်ကုန်ကြမှာ၊ စောင့်ကြည့် လှောင်ပြောင်ကြမှာကိုကျတော့ သနားမိနေပြန်သည်။

"ကားထဲမှာ ကားသော့ကျန်ခဲ့လို့တဲ့"

ပင်ပျို တမင်ပဲ လွှဲပြောလိုက်ပါသည်။ အမှန်တော့ အဲဒီလိုဖြစ်တာမှ မဟုတ်တာ။ ပင်ပျိုလည်း အောက်ဆင်းပြီးလိုက်ကြည့်ရော သူ့ကားဟာ သေသေချာချာ သော့ပိတ်ပြီးသား တံခါးတွေလည်း လုံအောင်ပိတ်ထားပြီးသား ဖြစ်တာတွေ့တော့ ...

"မပင်ပျို တွေ့ပြီနော်၊ ကျွန်တော့်တံခါးတွေ အကုန်သော့ပိတ်ပြီးသား ဖြစ်နေပြီဆိုတာ"

ဟု စံညွှန်းညီက ဝမ်းသာအားရ ပြောပါသည်။ ပြီးမှ ...





"တကယ်လို့ ကျွန်တော် ရုံးပေါ်ပြန်ရောက်လို့ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်နေပြီး ကားသော့မပိတ်ခဲ့ဘူးထင်ပြီး အောက်ပြန်ဆင်းကြည့်ဦးမယ်ဆိုရင် မပင်ပျိုကပဲ ဝင်ပြောပြီး တားပေးပါနော်၊ မပင်ပျို ကိုယ်တိုင် လိုက်ကြည့်ပေးပြီးသား ကားသော့အသေအချာ ပိတ်ထားတယ်လို့ ပြောပေးနော်"

ဟု၍ သက်သေရသလို ဆက်အကူအညီတောင်းတာကိုလည်း ကြုံရသည်။

"ဘာဖြစ်လို့ လုပ်ပြီးသား အလုပ်တစ်ခုကို မသေမချာဖြစ်ပြီး ခဏ ခဏ ပြန်လုပ်ချင်သလိုလို၊ ပြန်သွားစစ်ဆေးချင်သလိုလို ဖြစ်နေရတာလဲ"

ပင်ပျို မနေနိုင်ဘဲ မေးမိတော့ စံညွှန်းညီ ရှက်ကိုးရှက်ကန်းရယ်ရင်း ...

"အမြဲတမ်းတော့ မဟုတ်ပါဘူး၊ တချို့ရက်တွေကျ အဲဒီလို အကြောင်းကြောင်း ပေါ်လာတတ်တဲ့ စိတ်ရောဂါတစ်မျိုးပေါ့ဗျာ၊ အဲဒီလိုပဲ မှတ်ထားလိုက်ပါ"

တဲ့ ...။ သူက ထိုသို့သာ အသိပေးလေရာ ပင်ပျိုလည်း ဆက်မေးရင် မကောင်းတတ်တာမို့ မမေးခဲ့တော့ပါ။ သူ



www.burmeseclassic.com

www.burmeseclassic.com

မှာခဲ့တဲ့အတိုင်းပဲ။ တကယ်ပါပဲ။ ရုံးပေါ်ပြန်ရောက်ပြီး တအောင့် နေတော့ သူ ခေါင်းတခါခါလုပ်ရင်း အိတ်ဖွင့်ကားသော့နိုက် တော့တာပဲ။

"ကိုစံညွန့်ညီ ကားသော့ပိတ်ခဲ့ပြီးပါပြီ၊ ပင်ပျို ကိုယ်တိုင် ခုနက အောက်ဆင်းပြီး လိုက်ကြည့်ပေးတယ်လေ"

ဟု၍ ပင်ပျို အလိုက်တသိ ခပ်တိုးတိုး သတိပေး သလို ပြောတော့မှ "အဟဲ ... ဟုတ်လား"တွေ ဘာတွေဖြစ်ပြီး ပြန်ထိုင်ပါသည်။ ပင်ပျိုသည် သူဟာ တစ်မျိုးတော့ တစ်မျိုးပဲလို့ စိတ်ထဲမှာ သံသယဖြစ်မိပေမဲ့ တခြားလူတွေရှေ့မှာ ထုတ်ပြောပြီး သူ့သိက္ခာကို မချချင်ပြန်ပါ။

"သုံးလေးခေါက် အောက်ဆင်းနေတာ"

"ဟုတ်တယ်၊ သူ့ညီအစ်ကိုဝမ်းကွဲဆီ ဖုန်းဆက်ခေါ်ထား တော့ ဟိုလူများ ရောက်နေမလားလို့ ဆင်းဆင်းကြည့် တာတဲ့"

"ပင်ပျို လိုက်သွားပေးတော့ရော"

"ဩော် ... ပင်ပျိုက ကားသော့ကိစ္စကြောင့် လိုက်သွားပေး တာ မဟုတ်ပါဘူး။ ပင်ပျိုလည်း ဂျစ်ကားတစ်စီးလောက် ဝယ်မောင်းချင်လို့ စိတ်ဝင်စားနေတော့ သူ ခဏဆင်းတုန်း





သူ့ကားကို လိုက်စပ်စုတာပါ။ ပင်ပျို သူ့ကားကို တစ်ခါမှ မမြင်ဖူးသေးဘူးလေ"

ပင်ပျိုက ရုံးဆင်းလျှင် ချက်ချင်းမပြန်ရဘဲ အဖေ နဲ့အတူ ပြန်ဖို့စောင့်ရသဖြင့် အားလုံး ပြန်ပြီးမှ ရုံးအောက်ရောက် ရသည်။ ဒါကြောင့် ဘယ်သူနဲ့ ဘာနဲ့ပြန်သလဲ မသိပေမဲ့ မကျော် ကျော်မေတို့က ဘတ်စ်ကားစီးပြန်ကြသော လူတွေမှန်း အရင် တည်းက သိထားပါသည်။

ဝန်ထမ်းအများစုကတော့ ကုမ္ပဏီမှ ဖယ်ရီရှိလျှင် ဖယ်ရီစီးသူစီး၊ ဘတ်စ်ကားစီးသူစီး ဖြစ်ကြောင်း ပင်ပျို သိထား သည်။

ပင်ပျိုတို့ ကုမ္ပဏီမှာတော့ ကုမ္ပဏီပိုင် တောင်းအော့စ် တစ်စီး၊ လိုက်(ထ်)အေ့(စ)တစ်စီးရှိရာ လိုက်(ထ်)အေ့(စ)ကတော့ ဖယ်ရီဆွဲပေးပါသည်။ ဒေါ်စိုးမိုးက ဖယ်ရီစီးပါသည်။ ကိုမျိုးထွေး ကတော့ ဖယ်ရီစီးချင်တဲ့အခါစီး၊ မစီးချင်တဲ့အခါ မစီးဘဲ ပြန်ချင် သလို ပြန်ပါသည်။

"အိမ်မှာမျှော်ပြီး ဆူပူမဲ့မိန်းမမှ မရှိတာ အေးအေးဆေးဆေး ပြန်တာပေါ့"

ဟုလည်း ပြောတတ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီကတော့ သူ ဘာနဲ့ပြန်သလဲဆိုတာ ပင်ပို့ မမြင်ရပေမဲ့ သူ ရုံးတက်ပြီး နှစ်ရက်ကြာတော့ အားလုံးကသတင်းပေးကြသည်။

"ဟဲ့ ... လူသစ်လေးက ကိုယ်ပိုင်ကားနဲ့ဟ၊ ရုံးလာတာများ ကိုယ်ပိုင်ဂျစ်ကားလေးမောင်းပြီး အေးအေးဆေးဆေး ကြော့ကြော့လေး လာနိုင်တာနော် မခေဘူး။ ပြင်ဦးလွင်မှာ မိဘတွေ ခြံလုပ်ငန်းလုပ်တယ် ပြောထားပုံ ဆိုတော့ ကြည့်ရတာ သာမန်ခြံကလေးတော့ ဟုတ်မယ် မထင်ဘူး"

ဒါကြောင့် စံညွှန်းညီမှာ စက်မှုဇုန်ထုတ်ဂျစ်ကား တစ်စီးရှိကြောင်း ပင်ပို့ သိရပေမဲ့ ပင်ပို့နဲ့တော့ တစ်ခါမှ မဆုံခဲ့ပါပေ။

ဝိုင်းစပ်စုနေသော လူစုလည်း ပင်ပို့ ဖြေရှင်းပြတာ အကွက်စေ့နေသဖြင့် စံညွှန်းညီကို သံသယ မရှိတော့ဘဲ သူ့အကြောင်းတွေတော့ ဆက်ပြောနေကြပြန်သည်။

"သူ့မှာရည်းစား ရှိလား' မသိဘူး"

"ညီအစ်ကိုမောင်နှမ ဘယ်နှယောက်တဲ့လဲ"

"သူ့ညီအစ်ကိုဝမ်းကွဲနဲ့ အတူနေတဲ့တိုက်ခန်းက ငှားနေတာလား၊ အပိုင်ဝယ်ထားတာလား"





"သူ့မျက်မှန်က ဒီဂရီလည်း သိပ်မများဘဲနဲ့ ပုံတုံးနေတယ်နော်"

"ပိုက်ဆံတတ်နိုင်ရက်သားနဲ့ လှလှပပလေး ဝယ်တပ်ရောပေါ့"

စသဖြင့် စံညွှန်းညီ ဆိုသော လူသစ်တစ်ယောက်အကြောင်းသာ ရှာကြံစိတ်ဝင်တစား ပြောဆိုနေကြတော့သည်။

ပင်ပို့ကတော့ စံညွှန်းညီ၏ ထူးဆန်းသော တစ်ခါခံစ်ရဲ ဖြစ်တတ်သည့် စိတ်ရောဂါဆိုသည့် ရောဂါအကြောင်း ပြေရှာကြည့်ဖို့သာ ကျိတ်တွေးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ငါ့ကောင်ရာ မင်းကလည်း ဖြစ်လိုက်ရင် အသည်းအသ
ချည်းပဲ၊ တော်သေးတာပေါ့ ကောင်မလေး တစ်ယောက်
မင်းကို သတိထားမိပေလို့။ ရုံးထဲက တခြားလူတွေ
သတိထားမိရင် မင်းတော့ ကောင်းကောင်း အရှက်ကွဲမှာ"

ဟန်စောက စံညွှန်းညို ပြောပြသလည်းဆုံး

ထိုသို့ ရေရွတ်ညည်းညူ ပြောပါသည်။

"မပင်ပို့ကိုတော့ စိတ်ရောဂါလို့ ပြောလိုက်မိတယ်ကွ
သူ စဉ်းတော့ စဉ်းစားသွားပုံပဲ၊ ဒီလို ရောဂါတစ်မျိုး
တယ်ဆိုတာ သူ ကြားဖူးပုံမပေါ်ဘူး"

"ဒါ ရောဂါရယ်တော့ မဟုတ်ပါဘူးကွာ၊ Disorder (ဒစ်(
အော်ဒါ)ဖြစ်တာပါ၊ တချို့လည်း ရှိတယ်လေ Sleepin





Disorder (စလီပင်းဒစ်(စ)အော်ဒါ)တို့၊ Eating Disorder (အီတင်းဒစ်(စ)အော်ဒါ)တို့ ရှိသလိုပေါ့၊ မင်းမှာလည်း OCD (အိုစီဒီ) ရှိနေတာပဲ"

"OCD (အိုစီဒီ)လို့ အတိုကောက်ခေါ်တဲ့ Obsessive Compulsive Disorder (အော့(ဗ)ဆက်စစ်(ဗ)ကွန်ပါးလ်ဆစ်(ဗ)ဒစ်(စ)အော်ဒါ)အကြောင်း သိတဲ့လူ နည်းတယ်ကွ။ မင်းပြောတဲ့ sleeping တို့ Eating တို့က လူသိများတယ်၊ အထူးသဖြင့် Eating Disorder ဆို လူပိုသိတယ်၊ နိုင်ငံခြားက မင်းသမီးတွေ မော်ဒယ်လ်တွေ စီလီဘရီတီတွေ ပိန်ချင်လွန်းလို့ အစားလျှော့ရင်း ဖြစ်တဲ့ရောဂါဆိုတော့ လူသိများတာပေါ့"

"မင်းလည်း အမြဲဖြစ်တာမှ မဟုတ်တာ၊ တစ်ခါတစ်ခါမှ ထကြောင်တာလေ"

"တွေးစရာတွေ များနေတဲ့ အချိန်ဆို ခေါင်းထဲမှာ တွေးနေတာကတစ်ခု၊ လုပ်နေတာကတစ်ခု ဖြစ်နေရင် လုပ်ပြီးသားအလုပ်ကို လုပ်ပြီးပြီလား၊ မလုပ်ရသေးဘူးလား၊ မသေမချာ ဖြစ်တာပေါ့ကွာ"

"ဒီနေ့လည်း မင်း ခေါင်းထဲမှာ တွေးစရာရှိနေမှာပေါ့၊ ငါ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟန်စောကတော့ သူ့အကျင့်အတိုင်း ညနေစာခုလေးတင် တစ်ဝကြီး စားပြီးတာတောင် ပါးစပ်ကို အနားမပေးဘဲ City Mart ကဝင်ဝယ်လာသော မြေပဲလှော်ထုပ်၊ အာလူးကြော်၊ ငါးမုန့်ကြော်ထုပ်၊ ဆိတ်သားခြောက် အချောင်းလေးတွေပါသော အထုပ်တွေ တစ်ပုံကြီးချပြီး အဆက်မပြတ် စားနေသည်။

ဟန်စော ကြည့်လိုက်ရင် ဘယ်တော့မှ စားမကောင်းတာမရှိ၊ အစားအသောက်ပျက်တာမရှိ။ နေမကောင်းဘဲ ဖျားနေတာတောင် စားဝင်သေးလေသည်။

ဟန်စော အမေဖြစ်သူ စံညွန့်ညီရဲ့ ကြီးတော်ကတော့ ...

"ဟန်စောဟာလေ သူ့လောက်စားတာလည်း မရှိဘူး၊ အစားအသောက်နေရာမှာ ပြိုင်စံရှားပဲ၊ ဒါပေမဲ့ သူ့လောက် အသားမဖြစ်တာလည်း မရှိဘူး။ မသိရင် ဖုတ်ဝင်နေတယ် ထင်ရမယ်"

ဟုပင် ဟန်စော စားလွန်းပြီး ပိန်လွန်း၍ ပြောယူရတဲ့အထိပင်။

ဟန်စောနဲ့ စံညွန့်ညီတို့ ဝယ်နေသော တိုက်ခန်းမှာ စမ်းချောင်းမြို့နယ်ထဲမှာမို့ စည်ကားလှပြီး စားစရာမုန့်လည်း ပေါလှလေရာ ဟန်စော အတွက် အကြိုက်တွေ့နေသည်။ မနက်





ထရင် မနက်အလျောက်၊ ညအိပ်ခါနီးလည်း အိပ်ခါနီးအလျောက် ဘာထွက်စားရင် ကောင်းမလဲ စဉ်းစားနေသော ဟန်စော ဖြစ်လေသည်။

ဟန်စောနဲ့ စံညွန့်ညီတို့ မနက်ရှစ်နာရီကျော်လောက်ဆို အိမ်တံခါးပိတ် အတူထွက်ကြပြီး ဟန်စော အလုပ်က အရင်ရောက်တာမို့ စံညွန့်ညီက ဟန်စောကို သူ့အလုပ်မှာ ချပေးခဲ့သည်။

ညနေကျ ပြန်ဝင်ခေါ်ပြီး အတူတူပြန်သည်။ ဟန်စောက ကားတော့မောင်းတတ်ပေမယ့် ကားကို သူ့မယူထားပါ။ စံညွန့်ညီကိုသာ ပေးလိုက်စမြဲ။

"ငါ့ရုံးမှာက ပါကင်သီးသန့်နေရာ ထားပေမဲ့ လုံခြုံရေး စိတ်မချရဘူးကွ၊ ကားတွေ ခဏခဏ အခိုးခံရတယ်လို့ သတင်းကြားတယ်၊ ကားမခိုးခံရရင်လည်း ကားပစ္စည်းတွေ ပျောက်တယ် ပြောကြတယ်၊ ဒီတော့ မင်းပဲယူသွား၊ မင်းရုံးမှာက စိတ်ချရတယ်"

အဲဒီသဘောတူညီချက်နဲ့ အဆင်ပြေနေသည်။ မနက်ရုံးတက်အခါ ထမင်းစောစောထချက်ပြီး အိမ်ကချက်ယူသွားဖို့ကိုလည်း ဘယ်သူမှ စိတ်မပါလေရာ မင်းချက်၊ ငါချက်နှင့် လွှဲချ ပြီး မပြေမလည် ဖြစ်တာမျိုးလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ရှစ်နာရီကျော်ကျော် ရုံးတက်ခါနီးမှ အပြေးအလွှားထ ရေချိုးခန်းလုပြီး ရုံးတက်ဖို့သာ သူတို့ခေါင်းထဲမှာ ရှိလေသည်။ မနက်စာကိုတော့ ရုံးမှာပင် အပြင်ထွက်စားကြခြင်းဖြင့် ဖြေရှင်းလိုက်ကြပြီး ညနေစာကျမှ အိမ်ပြန်ရောက်တာနဲ့ ရိုက်(စ)ကွက်ကာနဲ့ ထမင်းတစ်အိုးတည်ကြ။ လမ်းထိပ်ထွက်ပြီး ဟင်းဝယ်ရင်ဝယ် တစ်ခါတလေလည်း မဝယ်ချင်ရင်တော့ အဆင်သင့်ဝယ်ထားတတ်တဲ့ ငါးသေတ္တာဘူးဖောက်ပြီး ခဏလောက်ချက်လိုက်တာမျိုး၊ တစ်ခါတလေလည်း ဝက်အူချောင်းနဲ့ ကြက်ဥမွှေကြော်တာမျိုးကို ဟင်းလုပ်စားကာ ရှောပင်းစင်တာတွေမှာရောင်းသော ဘာလချောင်ကြော်တွေ၊ သရက်သီးသနပ်တွေနဲ့ အတူစားလိုက်ကြပါသည်။

"အလုပ်မှာ ငါ အပြင်ထွက်ထွက်ပြီး နေ့လယ်စာ စားတာကို အတော်ထူးဆန်းနေပုံပဲကွာ၊ ဒီနေ့ ကိုမျိုးထူး ဆိုတဲ့လူက ပြောလာတယ်။ မင်းတို့ယောကျ်ားလေးတွေချည်းပဲနေတာဆိုတဲ့ ချက်စားဖို့ အဆင်မပြေရင် ထမင်းချိုင့်ဆွဲစားပါလားတဲ့။ သူတို့ရပ်ကွက်ထဲမှာ ရှိတယ်တဲ့။ လိုက်ပို့ပေးရမလားတဲ့၊ ဘယ်လိုသဘောရလဲ ဟန်စော"

"မသိဘူးလေ၊ မင်း သဘောပဲ"

"မင်း အလုပ်ထဲမှာရော မင်း အပြင်ထွက်,ထွက်စားတော့ မပြောကြဘူးလား"





"ပြောတော့ ပြောတာပေါ့ကွာ၊ ဒီလိုအမြဲထွက်စားနေရင် ဘယ်ကိုက်မလဲတဲ့။ ရတဲ့လခနဲ့ အပြင်ထွက်စားစရိတ်နဲ့ ဘယ်လောက်မလဲတဲ့၊ ငါကလည်း သူတို့ပြောရင် ဟုတ်တာပေါ့၊ ဘာဖြစ်ပါတယ်နဲ့ ပြန်ထောက်ခံပြီး နားထောင်ပြရတာပေါ့ကွာ၊ ဒါပေမဲ့ မင်းရုံးက လူတွေလောက်တော့ သူများအကြောင်း သိပ်ပါဝင်ဖြေရှင်းပေးကြမဲ့လူ မရှိတော့ ငါ့ကို ဘယ်သူမှ အဲဒီလို အကြံပေးတဲ့သူ ရှိမလာဘူး"

"နေ့လယ်စာအတွက်ပဲ ရုံးချိန်အမီ လာပို့နိုင်းမယ်ကွာ၊ ညနေစာကတော့ ငါတို့အခုလို အခြောက်အခြမ်းတွေချက်စားလိုက်ရင် အဆင်ပြေနေသားပဲ၊ နေ့လယ်စာအတွက်ပဲ တစ်ပတ်မှာ တနင်္လာကနေ စနေထိ ခြောက်ရက်မှာမယ်၊ အဲဒီလိုမှာရင် ရမလားတော့ လိုက်မေးကြည့်ရမှာပေါ့"

"ရုံးချိန်အမီဆိုတော့ မနက်ရှစ်နာရီတော့ သူတို့အရောက်လာပို့မှ ဖြစ်မှာပေါ့၊ ငါတို့က ရှစ်နာရီဆယ့်ငါးဆိုရင် အိမ်က ထွက်ကြပြီ"

"ဒါတော့ အချိန်မီအောင် အသေအချာ ပြောခဲ့ပါ့မယ်"

ဟန်စောက စည်သွန်းညီ ပြောသမျှ မကန့်ကွက်ဘဲ
က်ခဲ့သဖြင့် ထမင်းချိုင့် ယူစားရေးကိစ္စမှာ အဆင်ပြေသွားပါ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဘူးထည့်တော့မယ်ဆိုတော့ ငါတို့ ထမင်းဘူးဝယ် ရဦးမှာပေါ့"

"ထမင်းဘူးကြီးက မကောင်းပါဘူး၊ စတီးချိုင့်ပဲ ဝယ်မယ် ကွာ"

သူတို့စိတ်တူကိုယ်တူ တိုင်ပင်လိုက်ကြပြီး ထမင်း ချိုင့် သွားဝယ်ဖို့ကို စံညွှန်းညီကပဲ တာဝန်ယူလိုက်သည်။ ဘယ် မှာဝယ်ရင် ကောင်းမလဲ။ ရှုပါဝမ်းမှာ ဝယ်ရမလား၊ ဂမုန်းပွင့် မှာ ဝယ်ရမလား။ ဒါမှမဟုတ် ရုံးမှာ ဒေါ်စိုးမိုးတို့၊ မကျော်ကျော် မေတို့ ပြောသလိုပဲ မင်္ဂလာဈေးမှာ သွားဝယ်ရမလား။

အဲဒီ အန်တီဒေါ်စိုးမိုးနဲ့ မကျော်ကျော်မေတို့ကတော့ အချိန်မရွေး ခေါင်းစဉ်တပ် ပြောကြစရာဆိုလို့ ကုန်ဈေးနှုန်း အကြောင်း၊ ရတဲ့လခနဲ့လောက်အောင် ဘယ်လိုသုံးရကြောင်းချည်း ပဲ ဖြစ်နေတတ်သဖြင့် စံညွှန်းညီပင် သူတို့ပြောတာတွေ အလိုလို မှတ်သားမိနေသည်။

"ရှုပါမားကပ်တွေမှာ တစ်နှစ်နေလို့ တစ်ခါတောင် ထဲ မဝယ်ပါဘူး၊ ဝင်ဝယ်ခဲ့တယ်။ ဈေးတွေက အပြင်မှာထက် မတရားတင်ထားတာလေ။ ဝယ်ချင်ရင် လူတိုးလည်း ညည်းမနေနိုင်ဘူး။ ဈေးသက်သာပြီး ဈေးဆစ်လို့လည်း ရတဲ့ မင်္ဂလာဈေးတို့၊ ယုဇနပလာဇာတို့မှာပဲ အပင်ပန်းခံ သွားဝယ်ရတယ်"





"ဟုတ်ပါ့ အန်တီရယ်။ ရှုပါမားကပ်ကြီးတွေမှာကျတော့ နိုင်ငံခြားရုပ်ရှင်ကားတွေထဲကလို ခြင်းလေးဆွဲရင်ဆွဲ၊ လှည်း လေးတွန်းရင်တွန်းပြီး လိုချင်တဲ့ပစ္စည်း ကောက်ထည့်ရုံ ဝယ်ရတော့ စတိုင်လ်လေးကျပြီး ရှိုးပေးလို့ရတာပဲရှိတယ်။ ပစ္စည်းတစ်ခုပေါ်မှာ ရှိရင်းစွဲဈေးထက် တစ်ရာ နှစ်ရာပို တင်ထားတာမျိုးတွေလေ။ တစ်ရာပဲထား ဆယ်မျိုးဝယ်ရင် ကိုယ့်အိတ်ထဲက ဘာမှမဝယ်ရဘဲ ဟစ်ထောင် အလကား ထွက်သွားသလို ခံစားရတယ်၊ ဒါကြောင့် မဝယ်ပါဘူး။ သိပ်ဝယ်ကြည့်ချင်မှပဲ ပေါင်မုန့်လေး ဘာလေး ဝင်ဝယ် တော့တယ်"

စသဖြင့် ဈေးဘယ်မှာသက်သာမလဲဘဲ တစ်ယောက် နဲ့တစ်ယောက် သတင်းပေးပြီး ဆွေးနွေးတိုင်ပင်နေတာမျိုး ကြား ဖူးနေသဖြင့် သူတို့လိုပဲ မင်္ဂလာဈေးမှာ စတီးချိုင့်ဝယ်ရရင်ကောင်း မလား။ မပင်ပျိုကရော ဘယ်မှာဈေးဝယ်သလဲ။ မနက်ဖြန်ကျမှ မေးကြည့်ဦးမှ။ ဒီအလုပ်ထဲဝင်တာဖြင့် တစ်လရှိပြီ။ စံညွှန်းညီ မှာ ဒီလူစုလေးကို သိပ်တရင်းတနှီး မဖြစ်သလို ခံစားနေရသည်။ အလုပ်အတူတွဲလုပ်ဖို့ စီစဉ်ပေးထားသော ပင်ပျိုနဲ့ကလွဲရင် ကျန် တဲ့သူတွေနဲ့ဆို သူက အပြင်လူတစ်ယောက် ဖြစ်နေသလိုပဲ ခံစား ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူ အဲဒီလူတွေကို ရင်းနှီးချင်ပါသည်။ သူတို့ တစ်အုပ်စုကြီး ပျော်ပျော်ပါးပါး ထမင်းအတူစုပြီးစားလျှင် သူလည်း ဝင်ပါချင်ပါသည်။ သူ နေ့လယ်စာ ထွက်စားဖို့ အောက်မဆင်းခင်မှာ သူတို့ရဲ့ထမင်းဘူး၊ ထမင်းချိုင့် အသီးသီး ကိုဖွင့်ကြလျှင် အိမ်ချက်လက်ရာ ထမင်းဟင်းအနံ့တို့၏ မွှေးပျံ့ သင်းကြိုင်မှုကြောင့် တံတွေးမျိုချရပေါင်းလည်း မနည်းတော့။ ဘယ်သူမဆို ဆိုင်ထမင်းဟင်းတို့ အပြင်စာတို့ စားရတာများလာ လျှင် ငြီးငွေ့ပြီး အိမ်ချက်လက်ရာ ထမင်းဟင်းတို့ကိုပဲ ပြန်ပြီး သတိရတမ်းတကြတာများသဖြင့် စံညွှန်းညီလည်း ထိုသို့တမ်းတ မိလာတာကြာပြီ။

ကိုယ်က ထမင်းချိုင့် ယူမလာနိုင်တော့ သူတို့နဲ့ သွားရောစားလို့ကလည်းမဖြစ်။ လာကပ်စားသည်ဟု အထင်ခံရ မှာကြောက်သေးသည်။

ဒါကြောင့် ဒီကိစ္စကို ဘယ်လိုဖြေရှင်းရရင် ကောင်း မလဲ စဉ်းစားနေတုန်း ကယ်တင်ရှင် ကိုမျိုးထွေး ဆိုသူ၏ အကြံ ပေးချက်ကို ဝမ်းသာအားရ လက်ခံချင်သွားပါသည်။

ဟန်စောကို တိုင်ပင်စရာမလိုဘဲ စံညွှန်းညီ သဘော နဲ့ လက်ခံလာခဲ့ရင်လည်း ရမှာပေမယ့် ချက်ချင်းကြီး မဆုံးဖြတ် ချင်တာမို့ ဒီသတင်းစကားကို အိမ်ပြန်သယ်လာရတာ ဖြစ်ပါသည်။





မနက်ဖြန်မနက် ရုံးရောက်တော့ အရင်ရောက်နှင့် နေသည့် ပင်ပို့က သူ့ကိုအကဲခတ်နေတာ တွေ့ရသည်။ မနေ့ ကလိုပဲ ပျာယာခတ် မသေမချာပြဿနာမျိုး ထပ်လုပ်ဦးမလား လို့ စောင့်ကြည့်နေဟန် ဖြစ်တာကြောင့် စံညွှန်းညီ သူ့ဘာသာ ပြုံးမိရင်း ...

"ကျွန်တော် အောက်ပြန်ဆင်းပြီး ကားသော့ပြန်စစ်ဦးမယ် ထင်လို့လား"

လို့ စပြီးမေးလိုက်သည်။

ပင်ပို့ တစ်ယောက် သူမအကြံကို ရိပ်မိသွားကြောင်း သိသွားပြီး ရှက်ကိုးရှက်ကန်းလိုလို၊ စံညွှန်းညီကို အားနာသလိုလို ရယ်ပါသည်။

"ကျွန်တော် ဒီနေ့ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ သတိပေးလာခဲ့ပြီးပါပြီ၊ အောက်ဆင်းပြီး ကားသော့ပြန် စစ်စရာ မလိုတော့ပါဘူး"

"အဟင်း ... ဆောရီးနော်၊ ပင်ပို့က ကိုစံညွှန်းညီကို ကူညီပြီး သက်သေလုပ်ပေးချင်လို့ပါ"

"ကျွန်တော် အဲဒီလိုဖြစ်တာမျိုးက နေ့တိုင်းတော့ မဟုတ် ပါဘူး။ သုံး,လေးရက် တစ်ခါ၊ တစ်ပတ်တစ်ခါလောက် ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာကြောင့်ဖြစ်ရတာလဲဟင်"

"ခေါင်းထဲမှာ တွေးစရာ သိပ်များနေရင် ဖြစ်တယ်၊ ခေါင်းထဲမှာ တွေးနေတာကတစ်ခု၊ ကိုယ်လုပ်ရိုးလုပ်စဉ်ကို လုပ်နေတာကတစ်ခုဖြစ်နေရင် ပြန်သတိရပြီး စဉ်းစားတဲ့အခါ အဲဒီလုပ်ပြီးခဲ့တဲ့ အလုပ်ကို ပြီး,မပြီး ကိုယ့်ဘာသာ မသေမချာ ဖြစ်တာမျိုးကို ခံစားရတော့တာပေါ့။ တစ်ခါဖြစ်ပြီးရင် ဆက်တိုက် ဆက်တိုက်ပဲ ဖြစ်နေတာ။ တစ်စုံတစ်ယောက်က ဝင်မပါမချင်း ကျွန်တော် အဲဒါကိုပဲ အကြိမ်ကြိမ် အခါခါ ပြန်လုပ်မိတာပေါ့။ ဥပမာ အခန်းမီး ပိတ်ပြီး အပြင်ထွက်လာပြီးမှ မပိတ်ရသေးဘူးထင်ပြီး ခဏခဏဝင်ကြည့်တာမျိုး၊ ရေချိုးနေရင်း ဆပ်ပြာတိုက်ပြီးရဲ့လား မတိုက်ရသေးဘူးလား မသေမချာဖြစ်လို့ ခဏခဏ ရေပြန်ဝင်ချိုး ဆပ်ပြာတိုက် လုပ်မိတာမျိုး၊ တစ်ခါတလေကျ ပိုဆိုးတာက ညနေစာအတွက် ကြက်ဥတွေ ဘာတွေကြော်မယ်ဆိုပြီး ပြင်ဆင်ရင်း ဆားမထည့်ရသေးဘူးထင်ပြီး ခဏခဏ ထည့်မိတာကျတော့ ကြက်ဥက တဂွယ်လည်းကြော်ပြီး ကျက်လည်းကျက်ရော စားမရအောင် ငန်တူးနေတာလည်း ဖြစ်ဖူးတယ်"

ပင်ပျိုက နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ရင်း ...





"ပင်ပျို သိပါတယ်၊ အဲဒါ OCD လို့ခေါ်တဲ့ စိတ်ရောဂါ တစ်မျိုးပါ။ ဘာမှဖြစ်တာ မဟုတ်ပါဘူး။ 'ကိုယ်လုပ်ပြီးသားကို မလုပ်ရသေးဘူးထင်ပြီး အကြိမ်ကြိမ် ပြန်လုပ်မိတဲ့ စိတ်တစ်မျိုးပေါ့'။ ပင်ပျိုတို့လို လူတွေတောင် တစ်ခါ တလေကျ အဲဒီလို ဇဝေဇဝါ ဖြစ်ဖူးပါတယ်။ ဒါက သိပ်ဆိုးဆိုးရွားရွားကြီး မဟုတ်ပါဘူး"

ဟု၍ ဆက်ပြောလျှင် စံညွန်းညီမှာ ဗဟုသုတ ကြွယ်ဝလှသော ပင်ပျိုကို တအံ့တသြ ချီးကျူးမိတော့သည်။

"မပင်ပျို နားလည်တာသိရလို့ ဝမ်းသာပါတယ်"

ပင်ပျိုက ပြုံး၍သာ ခေါင်းညိတ်ပြပါသည်။

"ကျွန်တော် ကိုမျိုးထွေးကို ထမင်းချိုင့်ယူမဲ့အကြောင်း ပြောလိုက်ဦးမယ်၊ မနက်စာတစ်နပ်အတွက်ပဲ၊ မနက်ရှစ်နာရီအမီ ပို့ပေးနိုင်ရင်တော့ ယူမယ်လို့ ဟန်စောနဲ့ တိုင်ပင်ထားကြတယ်"

"ဟန်စော ဆိုတာ ကိုစံညွန်းညီရဲ့ ညီအစ်ကို ဝမ်းကွဲလား"

"ဟုတ်တယ်၊ ဟဲ ဟဲ ... သူ့နာမည်က အပျံစားပဲနော်၊ အံ့သြသွားပြီလား"

"ကိုရီးယားမင်းသားနာမည်လိုလိုနဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်သား ပြိုင်တူပင် ရယ်မိလိုက်ကြသည်။ ရုံးထဲမှာရှိသော ကျန်တဲ့အုပ်စုကတော့ တစ်ယောက်ကို တစ်ယောက် မျက်စပစ်ကြ၊ အသံတိတ် အမူအရာပြကြနှင့် မင်းသား၊ မင်းသမီး အကြည်ဆိုက်နေတယ် ဆိုသော ပုံစံတွေ လုပ်ပြနေကြတော့သည်။

"ကျွန်တော်တို့မှာ ထမင်းချိုင့်လည်း မရှိတော့ ဘယ်မှာ ဝယ်ရင် ကောင်းမလဲ မပင်ပို့၊ ရုပ်ပါမားကပ်တွေမှာဝယ်ရင် ကောင်းလား၊ ဈေးတွေထဲမှာ လိုက်ရှာဝယ်ရင် ကောင်းလား"

"ဈေးတင်ထားတာကို ဂရုမစိုက်ဘူးဆိုရင်တော့ ရုပ်ပါမားကပ်မှာပဲဝယ်ပေါ့၊ ဈေးနှုန်းမှန်မှန်ရအောင် ဆစ်ပြီးဝယ်ချင်ရင်တော့ မင်္ဂလာဈေးလို၊ ယုဇနပလာဇာလိုမျိုးမှာ သွားဝယ်ပေါ့"

"စတီးချိုင့်ဝယ်ရင် ဘယ်အမျိုးအစားက ကောင်းလဲ"

"ဈေးပိုကြီးရင် ပိုကောင်းတာပဲပေါ့ ကိုစံညွှန်းညီရယ်၊ ဂျက်ဂွါဆိုတဲ့တံဆိပ်ကတော့ ကောင်းတယ်လို့ အပြောများတယ်၊ ပင်ပို့တော့ စတီးလ်ပစ္စည်းတွေ မဝယ်ဘူးလို့ မသိဘူး၊ မေမေပဲ ဝယ်တာ"

ပင်ပို့ထမင်းချိုင့်လေးကို မသိမသာ စံညွှန်းညီ ကြည့်မိတော့ ဖိုင်ဘာလေးဆင့်ချိုင့်လေး ဖြစ်နေပါသည်။





အစိမ်းရင့်ရောင် ဖိုင်ဘာလေးဆင့်ချိုင့်လေးထဲမှာ ပင်ပို့ ဒီနေ့ ဘာဟင်းတွေများ ထည့်လာသလဲ။ ပင်ပို့ ကိုယ်တိုင်ရော ဟင်းချက်သလား။ အမေချက်ပေးလိုက်တာတွေပဲ ထည့်ယူလာတတ်သလား။ စံညွှန်းညီက စကားလည်းနည်းပြီး အေးလည်းဇ်အေးတာမို့ စပ်လည်းမစပ်စုတာမို့ ပင်ပို့အကြောင်းတွေ သိပ်မသိထားပါ။ ပင်ပို့ကသာ မိန်းကလေးပီပီ စပ်စပ်စုစုလေးတွေ မေးမေးနေတတ်သဖြင့် ပင်ပို့ကတော့ စံညွှန်းညီ အကြောင်း တော်တော်ကြီး သိထားပြီးနေလေပြီ။

ကိုမျိုးထွေးကို ထမင်းချိုင့်ယူဖို့ စုံစမ်းချင်တဲ့ အကြောင်းပြော၊ ကိုမျိုးထွေးက ညနေရုံးကအပြန် အဲဒီကိုခေါ် သွားပေးမည်ဟု ချိန်းနှင့် အချိန်းအချက် ပြုလုပ်လိုက်ကြသည်။ ညနေကျမှ စံညွှန်းညီကားနှင့် ကိုမျိုးထွေးကို တင်ခေါ်လာပြီး ကိုမျိုးထွေးနေသောလမ်းကို မောင်းလာခဲ့ပါသည်။

ရန်ကုန်ရောက်တာ သိပ်တော့ မကြာသေးသဖြင့် စံညွှန်းညီမှာ ရပ်ကွက်တွေ၊ လမ်းတွေ သိပ်ကြီးမသိသေး၍ ကိုမျိုးထွေးပဲ လမ်းညွှန်ပြပြီး ဘယ်လိုသွား ဘယ်လိုမောင်းနှင့် ပြောပေးရပါသည်။

လမ်းသွားရင်း ကိုမျိုးထွေးကလည်း ရအောင်တော့ စပ်စုလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"နယ်မှာ မိဘတွေက အဖိုခြကျနေပြီပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် မမွေးခင်ကတည်းက အဘိုးအဘွား တွေ လက်ထက်တည်းက နေလာတဲ့ ဇာတိပါပဲ။ အဘိုး အဘွားတွေလည်း ခြံလုပ်ငန်းနဲ့ပဲ အသက်မွေးလာတာ"

"မင်းအလှည့်ကျမှ ဝန်ထမ်းလုပ်ကြည့်တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်ပဲ ပြောရမှာပေါ့၊ တတ်ထားတဲ့ ပညာကို အသုံးချကြည့်ချင်တာလည်း ပါတာပေါ့"

"ဝင်ငွေကတော့ ဘယ်တူမလဲကွာ၊ ခြံလုပ်ငန်းကြီးကြီး ကျယ်ကျယ် လုပ်ထားတော့ ဝင်ငွေကောင်းနေတာပေါ့။ ဝန်ထမ်းကတော့ လကုန်မှ လခရတာ"

ဟူ၍လည်း စံညွှန်းညီတို့ အခြေအနေ ဘယ်လိုရှိ ကြောင်းကိုလည်း အစ်အောက်မေးတတ်ပါသေးသည်။ စံညွှန်းညီ က ကြွားလည်းမကြွားချင်၊ ကိုယ့်အကြောင်းလည်း ဂုဏ်မဖော် ချင်၍ ပြုံး၍သာ ခေါင်းညိတ်လိုက်သည်။

"ဘာတွေစိုက်လဲ"

"အစုံပါပဲ၊ သီးပင် စားပင် ပန်းပင် အစုံစိုက်တာပါပဲ"

"အေးကွာ ... ပြင်ဦးလွင်က သိပ်လှတယ် ပြောကြတာ ကြားဖူးတယ်။ ရောက်ဖူးချင်လိုက်တာကွာ"

"ရုံးပိတ်ရက်ရှည် ကြုံရင် ကျွန်တော် ပြန်ဖို့စဉ်းစားထား တယ်၊ အစ်ကိုမျိုးထွေး လိုက်ရင် လိုက်ခဲ့လေ"





"ဒီကားနဲ့ပဲ သွားမှာလား"

"ဟုတ်တယ်"

"ရရဲ့လားကွာ"

"ရပါတယ်၊ အဆင်ပြေမှာပါ"

"အမေ့တစ်ယောက်တည်း ထားခဲ့ရမှာ၊ ကြည့်ပေးမဲ့လူ ရှိရင်တော့ လိုက်မယ်"

ထွေရာလေးပါးပြောပြီး ကိုမျိုးထွေး နေသော ရပ် ကွက်ကို ရောက်လာခဲ့သည်။ ထမင်းချိုင့်ပို့သောအိမ်မှာ ဝင်မေး မြန်း၊ ညှိနှိုင်း၊ ဈေးညှိပြီးသောအခါ မနက်ဖြန်မနက်ကစပြီး ထမင်းချိုင့်စ,ပို့တော့မည်ဖြစ်ကြောင်း အတည်ပြုလိုက်သည်။

အဲဒါပြီးမှ စံညွှန်းညီလည်း ကိုမျိုးထွေးကို ကျေးဇူး တင်ကြောင်းပြောပြီး နှုတ်ဆက်ကာ အိမ်ပြန်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၄

အရွယ်အလတ်စား စတီးလ်လေးဆင့်ချိုင့်နဲ့ အတူ နေ့လယ်စာ ထမင်းဝိုင်းကို ဒီနေ့ ပထမဆုံး စ,ဝင်လာသည့် စံညွှန်းညီကို အားလုံးက ...

"ဟော ... လာ ... လာ ... ဝင်ထိုင်။ ဟဲ့ ... ခုံဆွဲပေး ကြပါဦး"

ဆိုသောအသံမျိုး တစ်ယောက်တစ်ပေါက် ပြောကြပြီး လိုက်လိုက်လှဲလှဲ ကြိုဆိုကြလေသည်။

ရက်ကိုးရက်ကန်းလိုလို ဖြစ်နေသော စံညွှန်းညီသည် သူ့ကို ဝိုင်းခေါ်ကြတဲ့ အသံတွေကြားမှာ နေသားကျသွားပါသည်။

"လေးဆင့်ချိုင့်နဲ့ပါလား မောင်စံညွှန်းရဲ့"

ဒေါ်စိုးမိုးက ပြုံးပြုံးရယ်ရယ် ပြောသည်။





"ဟုတ်တယ် အန်တီ။ ထမင်းရယ် ဟင်းသုံးမျိုးရယ် အမြဲယူမယ်လို့ မှာထားတော့ ဟင်းက အမြဲသုံးမျိုး ဖြစ်နေမှာပဲဆိုတော့ ထမင်းချိုင့်ကိုလည်း လေးဆင့်ချိုင့်ပဲ ဝယ်လိုက်တယ်"

"ကိုမျိုးထွေး ပွဲခမရဘူးလား၊ အဲဒီဆိုင်ကို အလကား ကြော်ငြာပေးတာလေ"

မကျော်ကျော်မေက စသလို နောက်သလိုဖြင့် မေးပါသည်။

"ဟာ ... ဘယ်ကရ,ရမှာလဲ၊ ပွဲခပေးမယ် လုပ်ပေးပါလား ပြောထားရင်တော့ တစ်မျိုးပေါ့၊ အခုဟာက ငါက ငါတို့ ကောင်ကို ကူညီချင်လို့ အဲဒီဆိုင်ကို ခေါ်သွားတာပဲ"

"ယုံပါတယ်၊ ယုံပါတယ်၊ အဲဒီလောက်ရှင်းပြစရာမလိုပါဘူးရှင့်"

စံညွှန်းညီက ထမင်းချိုင့်ကိုဖွင့်ရင်း ဟင်းခွက်တွေကို သူများတွေလုပ်တဲ့အတိုင်း အလယ်မှာထိုးပေးလိုက်သည်။

"ထည့်စားကြနော်၊ အိမ်မှာချက်လာတဲ့ဟင်းတော့ မဟုတ်ပေမဲ့ ကောင်းမယ် ထင်ပါတယ်"

"အံမယ် ... ကြက်ကာလသားချက်လေးနဲ့ပါလား၊ ဒီဘက်က ဘာလဲ၊ သြော် ... ကန်စွန်းရွက်နဲ့ မှိုကြော်ပဲ။ ဒါက အာလူးကတ်တလိပ်ပဲ၊ အထဲမှာ ဘာသားတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်သားပါ အန်တီ၊ ကျွန်တော်တို့လည်း အမဲသားမစားတော့ အမဲသားမစားတဲ့အကြောင်း ပြောထားလို့ သူတို့ အမဲသားမထည့်ဘူး၊ ဆိတ်သားပဲ ထည့်တယ်လို့ ပြောသွားတယ်"

"မနက်စာပဲ မှာတာဆို"

"ဟုတ်ကဲ့"

စံညွှန်းညီက အာလူးကတ်တလိပ် လေးခုလောက်ကို သူ့ဇွန်းဖြင့် အလယ်ကနေ ထက်ခြမ်းစီဖြစ်အောင်ခြမ်းပြီ အားလုံးကို မျှပေးပါသည်။ ဒီနေ့တော့ ပင်ပျိုက ငါးဖယ်ငါးဆုပ်တွေ ကြော်ထည့်လာသဖြင့် (အိမ်ကယူလာတာလည်း ဖြစ်သဖြင့်) တစ်ယောက်တစ်ခုစီလောက် ပေးနိုင်လေသည်။

"ညနေစာကျတော့ရော"

"ညနေကျ အိမ်မှာထမင်းတစ်အိုးချက်ပြီး အသင့်ဝယ်ထားတဲ့ အခြောက်အခြမ်းထဲက တစ်မျိုး နှစ်မျိုးလောက်ကို ချက်စားလိုက်ကြတယ် အန်တီ။ တစ်ခါတလေလည်း ခေါက်ဆွဲပြုတ်ပဲ သောက်ကြတယ်"

"အဝတ်လျှော် မီးပူတိုက်ကျတော့ရော"

"ကိုယ့်ဘာသာပဲ လုပ်ရတာပေါ့"

"အိမ်သန့်ရှင်းတော့ရော"





ထိုသို့ဆက်မေးသောအခါ စံညွှန်းညီ မဖြေတော့ဘဲ ရယ်နေသည်။ ဟိုကြည့်ဒီကြည့် လုပ်ပြီးမှ ...

"အိမ်လည်ခေါ်ရမှာတောင် အားနာတယ်၊ အိမ်မှာ ရှုပ်ပွနေတာပဲလေ။ ဘယ်သူမှ ရှင်းကြဖို့ကို စိတ်မပါဘူး။ သူလုပ် ငါလုပ်လည်း လွှဲမချဘူး"

ဟူ၍ ဖြေပါသည်။

ဒီအုပ်စုထဲ လာရောရင် စပ်စုခံရမယ်မှန်း သိပေမဲ့ အားလုံးထဲမှာ သီးသန့်ကြီး မဲ့ထွက်နေတာမျိုး မဖြစ်ချင်၍ လာရောရတာ ဖြစ်ပါသည်။

လူ့သဘာဝအရ လူသစ်တစ်ယောက် ရောက်လာရင် သူ့အကြောင်း ဝိုင်းစပ်စုကြည့်ကြသလို သဘောကို သူနားလည်ပေးနိုင်ပါသည်။ အထူးသဖြင့် စံညွှန်းညီရဲ့ ပုံစံဟာ သူတို့လို သို့သော် ဝန်ထမ်းတွေလို မဟုတ်ဘဲ ကိုယ်ပိုင်ကားနဲ့လာနိုင်၊ သုံးနိုင်စွဲနိုင်နေသဖြင့် ပို၍စပ်စုချင်စရာ ကောင်းနေပါလိမ့်မည်။

ထမင်းစားပြီးကြသောအခါ ပင်ပျိုနဲ့ အတူတွဲလုပ်သော စံညွှန်းညီတို့က တစ်စားပွဲ သီးသန့်လိုမို့ အဲဒီကျမှ သူတို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောဖြစ်ကြတော့သည်။

"ဝိုင်းစပ်စုကြလို့ ထမင်းတောင် ဘယ်လိုဝင်သွားမှန်းမသိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပင်ပို့က စံညွှန်းညီကို ခပ်တိုးတိုး မေးပါသည်။

"ဩော် စပ်စုပါစေလေ၊ ကျွန်တော် နေတတ်ပါတယ်။ ကျွန်တော်က အသစ်လည်းဖြစ်သေး သူတို့နဲ့လည်း မရင်းနှီးသေးဆိုတော့ စပ်စုချင်ကြတာ မဆန်းပါဘူး။ နောက် သုံးရက်လောက်ကြာရင် ကျွန်တော့်အကြောင်းက မေးစရာကုန်သွားမှာပါ"

စံညွှန်းညီသည် စကားပြောရင်း ကွန်ပျူတာကို ကျွမ်းကျင်စွာနှိပ်ကာ အလုပ်ကိုလည်း ဆက်လုပ်နေပါသည်။ ပင်ပို့သည် သူနဲ့အတူ အလုပ်တွဲလုပ်ရတာ ရက်ကြာလာတော့ သူ့ရဲ့အရည်အချင်းကို သိလာသည်။ သူဟာ အင်မတန်မှ ဉာဏ်ကောင်းပြီး တော်လည်းတော်လှသော ကွန်ပျူတာပညာရှင်တစ်ယောက်ပင်။ တကယ်လည်း ဝါသနာပါပုံရသည်။ ကွန်ပျူတာနဲ့ အလုပ်လုပ်ရမယ်ဆိုရင် တမေ့တမော ဖြစ်နေတတ်သည်။ လူဆိုတာ ကိုယ်ဝါသနာပါတဲ့ပညာနဲ့ အလုပ်လုပ်ရမှ ပိုတိုးတက်အောင်မြင်တာမို့ စံညွှန်းညီဟာ တစ်နေ့ကျရင် ဒီ့ထက်ပိုတော်လာနိုင်တယ်လို့ ခန့်မှန်းမိပါသည်။

ပင်ပို့ကျတော့ တစ်မျိုး။ မိဘက ပိုက်ဆံတတ်နိုင်ချိန်ဖြစ်နေ၍ ခေတ်စားနေသော နိုင်ငံခြားမှာ ကျောင်းသွားနေခြင်းအမှုကို ရှောယောင်ပြီးတော့သာ လုပ်လိုက်ရတာ။ သူများ





ဆွဲက ကွန်ပျူတာပညာရပ်ယူရင် ကောင်းတယ်။ သင်ရင်ကောင်းတယ်။ အသုံးချစရာတွေ အများကြီးရှိတယ်။ ဒီပညာက အသုံးဝင်တယ်ဆို၍သာ ရှောယောင်ပြီး ကွန်ပျူတာလိုက်ရတာ။ တကယ့်တကယ်ကျ ဝါသနာက မပါလှ။ ဖေဖေ့အလုပ်မို့လို့သာ ကူလုပ်ဘဲ့သဘောနဲ့ ဝင်လုပ်ရတာ။

ပင်ပို့ အခုလောလောဆယ် လုပ်ချင်နေတာက ပိတ်စပြောင်တွေပေါ် ဒီဇိုင်းဆန်းလေးတွေ ရေးချင်တာ။ ပိတ်စဒီဇိုင်နာ ဖြစ်ချင်တာ။ အဲဒီပညာကို ထပ်သင်နေရင် ဖေဖေ့ပိုက်ဆံတွေ ထပ်ဖြုန်းသလို ဖြစ်မှာစိုး၍ မျိုသိပ်ထားရတာဖြစ်သည်။

ပင်ပို့ဖေဖေနဲ့ မေမေဆိုတာက အောက်ခြေဘဝကနေ ကြိုးစားရုန်းကန်ပြီး ဒီအထိရောက်အောင် တက်လာရတာမို့ ပိုက်ဆံကို တော်တော်နှမြောတတ်ပါသည်။ ပင်ပို့ကိုတောင် တတ်စေချင်လွန်းလို့ ပိုက်ဆံတွေအများကြီးအကုန်ခံ ပညာသင်ပေးခဲ့ရတာဖြစ်သည်။ ဒါကြောင့် ပင်ပို့လည်း ကိုယ့်ဘာသာပိုက်ဆံကျိတ်စုလျက် (ဖေဖေက ပင်ပို့လည်း ဝန်ထမ်းမို့ လခပေးပါသည်) ပင်ပို့ တက်ချင်သော ဒီဇိုင်းရေးဆွဲသည့် သင်တန်းကို တက်မည်ဟု အားခဲထားပါသည်။ နိုင်ငံခြားထိတော့ သွားမတက်နိုင်ပေမဲ့ ရန်ကုန်မှာ နိုင်ငံခြားသား လာဖွင့်ထားသော သင်တန်းမျိုးကိုတော့ တက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသင်တန်းတွေက ကျောင်းလခလည်း နင့်နေအောင် ပေးရသဖြင့် ပင်ပို့ ပိုက်ဆံကျိတ်စုလိုက်၊ မိန်းကလေးဆိုတော့ အလှကုန်ပစ္စည်းဝယ်ရ၊ အဝတ်အစား၊ လက်ကိုင်အိတ်၊ ဖိနပ်ဝယ်ရနဲ့ ပြန်လျော့သွားလိုက်မို့ စု,ထားတာ ပြည့်မလာသေး။

"ကိုစံညွန့်ညီက ဒီပညာနဲ့ပတ်သက်ပြီး တော်တော်ကို သိထားတာပဲနော်၊ ပင်ပို့လို စင်ကာပူမှာ သွားသင်ထားတဲ့လူတောင် တချို့ဟာတွေ မသိဘူး ဖြစ်နေတယ်"

"ကျွန်တော် ဒီထက်ပိုသိချင်တော့ စာအုပ်တွေ ဝယ်ဖတ်ပါတယ်၊ ဘွဲ့ရပြီးခါစက သိပ်မသိသေးဘူး။ စာအုပ်တွေ ဆက်ဖတ်ရင်း လေ့လာရင်းမှ ပိုသိလာတာပေါ့"

"ပင်ပို့ကလေ ဒီပညာကို သူများတွေက ကောင်းတယ်၊ သင်သင့်တယ် ပြောလို့သာ သွားသင်လိုက်ရတာ။ အခုတော့ ကိုယ့်ဘာသာ သိလာပြီ။ ပင်ပို့ ကွန်ပျူတာလုံးဝ ဝါသနာမပါဘူး သိလား"

"ဒါဖြင့် ဝါသနာပါတာ လုပ်ပါလား"

"လုပ်ချင်တယ်၊ ဒါပေမဲ့ အဲဒီပညာက ဆက်သင်ရဦးမှာမို့ ပင်ပို့ ပိုက်ဆံစုနေရတယ်"

ပင်ပို့သည် စံညွန့်ညီကိုတော့ အလိုလိုနေရင်းပင် သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို ရင်းနှီးခင်မင်နေသဖြင့် ပြောပြလိုက်လေသည်။





"ဘာသင်ချင်တာလဲ"

"ပိတ်စပြောင်လေးတွေပေါ်မှာ ဒီဇိုင်းလေးတွေ ဆွဲတာလေ၊ တချို့ပန်းချီပညာပါတတ်တဲ့လူကျတော့ လက်နဲ့ဆွဲတာပေါ့၊ ပင်ပို့ကတော့ ကွန်ပျူတာတတ်ပြီးသားဆိုတော့ ကွန်ပျူတာနဲ့ဆွဲတဲ့ ဒီဇိုင်းလေးတွေ လုပ်ချင်တာ၊ အဲဒါက သင်ထားမှ ကျွမ်းကျင်တယ်လေ။ လွယ်မလိုလိုနဲ့ ခက်တယ်လို့ ပြောကြတယ်"

"ဘယ်မှာ သွားတက်ရမှာလဲ"

"ဟာ ... နိုင်ငံခြားလောက်တော့ မမှန်းနိုင်တော့ပါဘူး၊ ရန်ကုန်မှာ လာဖွင့်ကြတဲ့ သင်တန်းတွေပဲ တက်မှာပါ။ ပင်ပို့ စင်ကာပူမှာ သုံးနှစ်ခွဲလောက် သွားတက်လိုက်တာ ဖေဖေနဲ့ မေမေ ပိုက်ဆံတော်တော်ကုန်သွားလို့ အားနာနေတယ်လေ။ အသက်နှစ်ဆယ့်သုံးနှစ်လည်း ရှိပြီ။ ဘွဲ့တစ်ခုလည်း ရပြီးပြီဆိုတော့ မိဘကို ပြန်လုပ်ကျွေးသင့်ပြီ၊ မိဘပိုက်ဆံကို ထိုင်မသုံးသင့်တော့ဘူးလို့ ထင်တယ်လေ။ ဒါကြောင့် ပင်ပို့ ဖေဖေတို့ဆီက ထပ်ပြီး ပိုက်ဆံမယူချင်တော့ဘူး၊ ပင်ပို့ဘာသာပဲ ရတဲ့လခနဲ့စုပြီး တက်မလို့ စိတ်ကူးနေတာမို့ ဒီက ကျောင်းကိုပဲ မိနိုင်မယ်၊ ဒါတောင် သိန်းချီကုန်ဦးမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ပင်ပို့အဖေကုမ္ပဏီက တစ်ဦးတည်းပိုင်တော့ မလုပ်နိုင်သဖြင့် ရှယ်ယာတွေလည်း ခေါ်ထားရသေးကြောင်း စံညွန့်ညီလည်း ဝန်ထမ်းတစ်ယောက် အနေနဲ့ သိသင့်သလောက် သိထားပါသည်။

ဒီကုမ္ပဏီမှာ ဝင်လုပ်တော့မှ ဒီကုမ္ပဏီဟာ သိပ်ပြီးကြီးမားကျယ်ပြန့်လှတဲ့ ကုမ္ပဏီလုပ်ငန်းတစ်ခုတော့ မဟုတ်သေးဘဲ တိုးတက်ဆဲ ကုမ္ပဏီလေးတစ်ခုသာဖြစ်ကြောင်း သိရသလို ဝန်ထမ်းအင်အားလည်း အများကြီးမထားနိုင်သေးတာ တွေ့ရသည်။ ဒါကြောင့် စံညွန့်ညီ အလုပ်စ,ရပြီး လခဘယ်လောက်ရသည်ဆိုတာ ဟန်စောကို ပြန်ပြောသောအခါ ...

"မင်း လခကလည်းကွာ ပေးတယ်ဆိုရုံလေး ပေးတာမျိုးဖြစ်နေပြီ၊ အလကားသာ ခေါ်လုပ်ခိုင်းလိုက်ပါတော့လို့ ပြောရင်ကောင်းမယ်"

ဟုပင် ဟန်စောက သူရသောလခနဲ့ယှဉ်ပြီး အတော်နည်းလှကြောင်း ဝေဖန်ဖူးသည်။

"လခကို ကြည့်မနေတော့ပါဘူးကွာ၊ အလုပ် လုပ်ချင်လို့ အလုပ်ဝင်တယ်ပဲ သဘောထားလိုက်ပါတယ်။ ငါကအလုပ်လည်း ရှေးနေမိတော့ အချိန်တွေ အလကားဖြုန်းမိသလိုဖြစ်မှာစိုးလို့ ရတုန်းဝင်လုပ်လိုက်တဲ့ သဘောပါပဲကွာ"





ဟန်စောနဲ့ စံညွန့်ညီတို့ ဆိုတာက ငွေလိုရင် အဖေအမေဆီ လှမ်းမှာလိုက်ရုံပဲမို့ ရန်ကုန်လာပြီး အလုပ်ဝင်လုပ်သည် ဆိုခြင်းမှာ အတွေ့အကြုံ ရချင်လို့၊ အပေါင်းအသင်းဆုံချင်လို့၊ ပညာကို အသုံးချကြည့်ချင်လို့ ဆိုသော သဘောလောက်သာ ရှိသည်။

ရုံးထဲက လူအုပ်စုနဲ့ နေ့စဉ် ထမင်းအတူစားဖြစ်လာတာ ကြာသောအခါ တစ်ယောက်အကြောင်း တစ်ယောက်လည်း တော်တော်ကို သိလာခဲ့ကြသည်။ အားလုံးကတော့ ရိုးသားပြီး နည်းနည်းလည်း လျှို့ဝှက်သလိုလို၊ တစ်ခါတလေ အူကြောင်ကြောင်နဲ့ လုပ်ပြီးသားအလုပ်ကိုပဲ ခဏ ခဏ ပြန်လုပ်တတ်သလိုလို တွေ့တွေ့နေရတဲ့ စံညွန့်ညီကိုတော့ အရင်ကလောက် ခပ်စိမ်းစိမ်း မဖြစ်တော့ဘဲ ခင်မင်လာကြသည်။

အထူးသဖြင့် ကိုလှိုင်ဦး၊ ကိုမျိုးထွေးတို့ဟာ ရုံးပိတ်ရက်တွေမှာ ဘီယာလေး ဘာလေး ဝိုင်းဖွဲ့တတ်လေရာ စံညွန့်ညီကိုလည်း ...

"မင်းတို့ ယောက်ျားလေးနှစ်ယောက်တည်းပဲကွာ၊ အားတဲ့ရက် ငါတို့နဲ့လာဆုံပြီး Beer Pub (ဘီယာပါ့တ်(ဘ်)) [illegible] ထိုင်ပါလား"

ဟု ခေါ်တတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စံညွန့်ညီက ရှက်ကိုးရှက်ကန်းဖြစ်နေသဖြင့် မသက်ာဘဲ သူတို့ ငိုင်းမေးကြရာ ...

"ကျွန်တော် တစ်ခါသောက်ပြီးကတည်းက ကြောက်ပြီး မသောက်တော့တာ ခုထိပဲ"

ဟူ၍ ပြောပြသည်။

"ဘာဖြစ်သွားလို့လဲ"

"ကျွန်တော် ဆယ်တန်းအောင်ပြီးမှ သောက်ကြည့်တာပါ။ ဘာဖြစ်လဲဆိုတော့ သောက်တုန်းကလည်း အဝင်ဆိုးသေးတယ်၊ ခါးတူးနေတာကြီးကို ယောကျာ်းလေးတွေ ဘာကြောင့် နှစ်နှစ်ခြိုက်ခြိုက် သောက်ကြပါလိမ့်လို့ တွေးမိတယ်။ နှစ်ဘူးလောက် အတင်းတိုက်တာနဲ့ ဝင်သွားပြီးတဲ့အခါ ဘာဖြစ်လဲဆိုတော့ ကျွန်တော်က သူများတွေလို မူးပြီး ပျော်ရွှင်မလာဘဲ မူးရတာကို စိတ်ညစ်ပြီး အိပ်ပဲ အိပ်ချင်လာတယ်၊ ဒါနဲ့ အိပ်လိုက်ရော၊ မနက်ကျ ခေါင်းတောင်ထူလို့မရအောင် ခေါင်းတွေလည်း ကိုက်တယ်၊ လူက ဘာဖြစ်မှန်းမသိဘူး၊ နေမကောင်းသလိုလိုကြီးလည်း ခံစားရတယ်၊ အဲဒါကို ခံလိုက်ရပြီးကတည်းက ကြောက်သွားတာ၊ ခုထိ တစ်ခါမှ ပြန်မစမ်းကြည့်တော့ဘူး"

ထိုအခါ ကိုလှိုင်ဦးတို့တစ်တွေ အူတက်မတတ် ရယ်မောမဆုံး ဖြစ်တော့သည်။





"မင်းကလည်းကွာ ယောကျာ်းသိက္ခာ ကျလိုက်တာ၊ နှစ်ဘူးတည်းနဲ့ အဲဒီလောက် ဖြစ်ရလား"

"ကျွန်တော်လည်း သိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ပျော့မှန်း သိပါတယ်၊ ယောကျာ်းမပီသဘူးလို့လည်း ခံစားရပါတယ်၊ ဒါပေမဲ့ ... ကျွန်တော် ထပ်ပြီး မကြိုးစားချင်တော့ဘူး"

"သောက်ကြည့်ပါများရင် အိုကေသွားမှာပါကွာ"

ထိုသို့ ဝိုင်းမြှောက်ပင့် ဆွဲခေါ်ကြလျှင် မကျော်ကျော်မေပင် ဘေးကနားထောင်ပြီး စံညွန့်ညီဘက်ကနေ ဝင်ပြောပေးရတဲ့အထိ ဖြစ်လာသည်။

"ရှင်တို့ကလည်းလေ၊ လူကောင်းတစ်ယောက်ကို ဖျက်ဆီးဖို့များ စိတ်အားထက်သန်နေလိုက်ကြတာ။ အလကား ... သူတို့စကား နားမယောင်နဲ့ သိလား စံညွန့်ညီ။ သူတို့ ခိုင်းတိုင်း မလုပ်နဲ့။ အဲဒါ မကောင်းမှုတွေ ကိုယ့်ဘာသာ ငါးပါးသီလ လုံထားတာ လုံအောင် ဆက်ထိန်းထား"

ဒေါ်စိုးမိုးကလည်း ...

"အေးလေ ... ဟုတ်ပါရဲ့ဟယ်၊ ဟိုက မသောက်တော့ပါဘူး ပြောတာကို ဝိုင်းတိုက်တွန်းနေလိုက်ကြတာ"

ဟု ဝင်ဆူပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စံညွှန်းညီမှာ သူဟာ ယောကျ်ားတွေကြားထဲ သိပ်ပြီး လူကောင်းဆန်ပြနေသော ယောကျ်ားတစ်ယောက်ဟု အထင်ခံရမှာစိုးသဖြင့် ...

"ငါးပါးသီလတော့ မလုံပါဘူး အစ်မရာ၊ ခြင်တွေပိုးဟပ်တွေ တွေ့လည်း သတ်တာပဲ။ ငယ်ငယ်က လေးခွတစ်ချောင်းနဲ့ ငှက်လျှောက်ပစ်တာ အမြဲပဲ။ ငါးလည်းမျှားတယ်၊ ငါးမျှားချိတ်မှာ ပါလာတဲ့ငါး မသေမှာစိုးလို့ ခံနဲ့လည်း ထုသတ်ဖူးတယ်။ ခဏခဏလည်း လိမ်ပြောတတ်တယ်။ ဒီတော့ ကျွန်တော် ငါးပါးသီလ မလုံတော့ပါဘူး"

လို ရယ်မောပြီး ဖြေပြောပါသည်။

သူတို့ခေါ်ရာမလိုက်၍ ကိုလှိုင်ဦး၊ ကိုမျိုးထွေးတို့က စိတ်မဆိုးပါ။ စံညွှန်းညီ အသေအလဲ ရှင်းလင်းနေ၍ ဝိုင်းရယ်မောမိကြပြီး ...

"အေးပါကွာ မရှင်းနေပါနဲ့၊ မင်းလည်း လူကောင်းမဟုတ်သေးပါဘူးဆိုတာ ငါတို့ ယုံပါတယ်၊ မသောက်တတ်တော့လည်း ကောင်းတာပေါ့၊ ဘယ်ဘက်ကကြည့်ကြည့်ကောင်းတယ်၊ ကျန်းမာရေး မထိခိုက်တော့ဘူး၊ အထူးသဖြင့် ပိုက်ဆံကုန် ပိုသက်သာတာပေါ့၊ မင်းသိတဲ့အတိုင်းပဲ ဆေးလိပ်တွေ အရက်တွေက လူကိုဒုက္ခပေးတဲ့နေရာမှာ





ကျန်းမာရေးတင်မကဘူး စီးပွားရေးလည်း ထိခိုက်စေတယ်ကွ။ အဲဒါတွေက သိပ်ဈေးကြီးတာလေ"

စံညွှန်းညီဟာ သဘောကောင်း အေးဆေးပြီး တော်ရုံတန်ရုံပဲ စိတ်ဆိုးခဲ့တာမို့ ကြာတော့ အားလုံးက ချစ်ခင်လာခြင်းကို လက်ခံရသည်။

စံညွှန်းညီနဲ့ဆို တတွဲတွဲရှိလှပြီး အမြဲ ခေါင်းချင်းဆိုင်မတတ် ဆွေးနွေးနေတတ်သော ပင်ပျို့ကိုဆို မကျော်ကျော်မတို့တစ်တွေက မသိမသာလေးတွေ တွဲတွဲစ,တတ်လာတာကိုလည်း သတိထားမိပါသည်။

ပင်ပျို့လို မိန်းကလေးဟာ ချစ်စရာကောင်းလှပြီး ချစ်သူတော်ရရင် ဘာမှလဲ ငြင်းစရာမရှိ။ စံညွှန်းညီလို သာမန်ရုပ်ရည် အဆင့်လောက်သာရှိသော ကောင်လေးဟာ ပင်ပျို့ကို ချစ်သူဖြစ်ရလျှင် အင်မတန်မှ ကံကောင်းတာပဲဟု လူတိုင်းက အားကျခံရမှာလည်း သေချာပါသည်။

ပင်ပျို့ဟာ အသားအရေလည်း ဖြူစင်ဝင်းပပြီး ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ကြော့ရှင်းလှပနေသော မိန်းကလေး။ လှပသောရုပ်ရည်လေးနဲ့လိုက်အောင် မျက်နှာလေးကလည်း အမြဲပင် ပြုံးနေတတ်သည်မှာ ပင်ပျို့ရဲ့ ထူးခြားသော အရည်အချင်းတစ်မျိုးလို့ပဲ အမွှန်းတင်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

စံညွှန်းညီသည် သူ့စိတ်ထဲမှာ ရှိတာကို သူများတွေသာသိလျှင် ဝိုင်းမှန်းခံရမှာ သေချာသလောက်ပင် သူဟာ ပင်ပို့ကို ချစ်လား၊ မချစ်လား ဆိုတာ အခုထိပင် သူ့ကိုယ်သူ မသေချာသေး။ လှပသောမိန်းကလေးတစ်ယောက်အနား အနီးကပ်နေ့စဉ် နေခွင့်ရပြီး ထိုမိန်းကလေးအပေါ် အနည်းငယ်မျှပင် စိတ်မယိမ်းယိုင်သည်မှာ အဘယ်ကြောင့်ပါနည်း။





# ၂

ရှောပင်းမောလ်ထဲ တဝဲလည်လည်ဖြင့် ဘာဝယ်ရမှန်းမသိ ဖြစ်နေသော စံညွှန်းညီကို အဖော်လိုက်ပေးသည့် ဟန်စော မကျေမနပ် ဖြစ်လာသည်။ ဟန်စောဟာ လူကသာ အရိုးဂေါက်ဂက်နဲ့ မစားရ မသောက်ရ အာဟာရချို့တဲ့သလိုပုံစံ ပေါက်ပြီး ပိန်နေတာပေမဲ့ တကယ့် တကယ်မှာတော့ ပါးစပ်နဲ့ အစား မပြတ်တတ်သူဖြစ်ရာ ရှောပင်းမောလ်ထဲ လေးဆယ့်ငါးမိနစ်လောက် ဘာမှမစားရ၊ မသောက်ရဘဲ လျှောက်နေရလျှင် ဗိုက်ဆာလာပြီး အလိုလို စိတ်တိုချင်လာသည်။

"ဗိုက်ဆာလာပြီကွ"

"ဆာရင် မေ့(ခ်)ရှိတ်ဖြစ်ဖြစ် တစ်ခုခု ဝယ်သောက်လာရင်း လိုက်ခဲ့ပေးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စံညွှန်းညီက ပြန်ပြီးအကြံပေးတော့လည်း လက်မခံပါ။

"ငါက လမ်းလျှောက်ရင်း အစားမစားတတ်ဘူး ဆိုတာ မင်း သိသားနဲ့"

"ဒီရှော့ပင်းကိုလာတာ ငါ ဝယ်စရာရှိလို့ လာတာကွာ၊ မင်းရဲ့ စားမဲ့သောက်မဲ့ကိစ္စကို ရှေ့တန်းမတင်ပါနဲ့ဦး။ ငါ ခုထိ ဘာဝယ်ရမှန်းကို စဉ်းစားမရသေးလို့ပါ"

"မင်းကိုက လွန်လွန်းပါတယ်၊ အကြံပေးသမျှလည်းတစ်ခုမှ လက်မခံဘူး။ မွေးနေ့လက်ဆောင်ပေးတာပဲ အမှတ်တရ တစ်ခုခု ပေးလိုက်နိုင်ရင် ပြီးရောပေါ့၊ အခုတော့ ဒါဆိုရင်တော့ ပင်ပို့က ကြိုက်မှာမဟုတ်ဘူး။ ဒါမျိုးတော့ သူ့မှာ ရှိတယ်ထင်တယ်။ ဟိုဟာကတော့ ဈေးသိပ်နည်းနေတယ်နဲ့ ကြံဖန်ချေးများနေတာကိုး။ မေးလိုက်ရင်တော့သာ ပါးစပ်က ငါရိုးရိုးခင်မိတာပါ၊ ဘာညာနဲ့ ပင်ပို့အတွက်ဆို သိပ်ဂရုတစိုက် ရှိလွန်းနေတာကျ မသင်္ကာစရာကောင်းတယ်၊ မင်းစိတ်ထဲမှာ မင်းပေးတဲ့ လက်ဆောင်ဟာ သူ့ကို ထူးထူးခြားခြားလေး အမှတ်ရသွားစေချင်နေတယ် မဟုတ်လား ... ဟား ဟား"

ဟန်စောမှာ လမ်းလျှောက်ရင်း စကားတွေလည်း တောက်လျှောက် အနိုင်မခံ၊ အရှုံးမပေး ပြန်ပြောလိုက်ရသဖြင့်





...ာ်မောသွားပြီး ဗိုက်ထဲမှာ ပိုဆာလာသည်ဟုပင် ထင်လာ...

"ခဏ တစ်ခုခု စားမယ်ကွာ၊ ဒါမှမဟုတ်လည်း မင်းဘာသာ လျှောက်ရှာဝယ်၊ ငါ ဆိုင်ကထိုင်စောင့်နေမယ်"

"မင်းပါ အကြံပေးစေချင်လို့ ခေါ်လာတာလေကွာ"

"မိန်းကလေးပစ္စည်းတွေ ငါက ဘယ်ကြည့်တတ်မှာလဲ"

"ဒါပေမဲ့ နှစ်ယောက်တိုင်ပင်ပြီးရွေးရင် ပိုများကောင်းမလားလို့ကွာ"

"ငါ ပါစေချင်ရင် ငါ့ကိုမုန့်ကျွေးပြီးမှ ဆက်ခေါ်၊ ဒါပဲ"

ဟန်စောသည် food court (ဖုဒ်ကုတ်)ရှိရာ ...ပ်ဆီတက်သော စက်လှေကားကိုလည်းတွေ့ရော ချက်ချင်း ...ြေးတက်သွားပါသည်။ စံညွှန်းညီလည်း ဟန်စော မရှိရင်ဘဲ ...ာ မရှိတော့တဲ့ တပည့်တစ်ယောက်လိုဖြစ်လျက် နောက်မှ ...ြန်လိုက်တက်လာရသည်။

မနေ့က ရုံးအဆင်းမှာ ပင်ပို့ထံမှ ...

"တနင်္လာနေ့ ရုံးပြန်တက်ရင် နေ့လယ်စာ ထမင်းဘူး ဘယ်သူမှ ယူမလာကြနဲ့နော်၊ ပင်ပို့မွေးနေ့မို့ အားလုံးကို ဒံပေါက်ကျွေးမယ်၊ ရွှေပုဇွန်ကိတ်ကို အချိုပွဲအတွက် ဝယ်လာမယ်၊ ဒံပေါက်ကလည်း အဝစားရမှာ သိလား။ လိုက်ပွဲတွေပါ မှာထားတယ်၊ အများကြီး ဝယ်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အားလုံးကို ကြေညာခဲ့လေသည်။

"အသက်မေးရင် ရိုင်းတယ်တဲ့၊ ငါတို့ကတော့ ချစ်လို့ခင် လို့ မေးမယ်ဟော့၊ ကဲ ... ပြောပါဦး၊ ဘယ်နှနှစ်ပြည့်တာ လဲ"

"နှစ်ဆယ့်သုံးလေ အန်တီရဲ့"

"ဟယ် ... နှစ်ဆယ့်သုံးနှစ်ပြည့်ကြရင် များသောအားဖြင့် နေ့နဲ့ရက် တစ်ခါတည်းကျတာများတယ်၊ ပင်ပျိုက နေ့နဲ့ ရက် အတူတူကျတာလား။ 'ပ'စောက်နဲ့ နာမည်ပေးထား တော့ ကြာသပတေးသမီး ထင်နေတာ"

"ပင်ပျို့နာမည်က နှစ်လုံးတည်း မဟုတ်ဘူး ပင်ပျိုခင်လေ 'ခ'ခွေးက တနင်္လာနံလေ"

"သြော် ... တနင်္လာသမီးကို"

စံညွှန်းညီလို လူမပြောနဲ့ အလုပ်အတူတွဲလုပ်လာ တာ ကြာပြီဖြစ်တဲ့ ဒေါ်စိုးမိုးတို့တစ်တွေတောင် ပင်ပျို့ နာမည် အပြည့်အစုံကို အခေါ်နည်းသဖြင့် မေ့တော့တော့ ဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်က ပင်ပျိုပဲ ထင်နေတာ။ ပင်ပျို့နာမည်က ပင်ပျိုခင်နော်"

"ဟုတ်တယ်၊ ဒါပေမဲ့ ပင်ပျိုပဲ လူသိများနေတာလေ"





ပင်ပျို မွေးနေ့အတွက် ကျွေးမည်ဆိုတော့ ဒေါ်စိုးမိုး က စ,ပြီး ...

"အတော်ပဲ၊ အိမ်မှာအပျင်းပြေဆိုပြီး ခြံပဝါလေး တစ် ချောင်းထိုး ထိုးနေတာ များနေပြီ၊ ပင်ပျိုကြိုက်တဲ့အရောင် အနီရဲလေး သိလား။ အဲဒါ လက်ဆောင်ပေးမယ်။ တို့တွေ က လူကြီးဆိုတော့ လက်ဆောင်ကို လျှို့ဝှက်ပြီး သယ် မလာဘူး၊ ဘာပေးမယ်ဆိုတာ ကြိုပြောသွားခဲ့မယ်ဟော့"

ဟူ၍ ကြေညာသွားလျှင် ဒီတော့မှ စံညွှန်းညီလည်း လက်ဆောင်ပေးရေး ဆိုသော အကြောင်းအရာ ခေါင်းထဲဝင်လာ သည်။

ပင်ပျိုကတော့ ...

"ဟာ ... လက်ဆောင်တွေ ဘာတွေ တကူးတကကြီး လုပ်မနေနဲ့နော်၊ ပင်ပျိုက အားလုံးကို ကျွေးချင်လို့ တမင် လုပ်တဲ့ပွဲပါ။ မွေးနေ့ပွဲတွေလည်း လုပ်လေ့မရှိပါဘူး၊ လက်ဆောင် ယူမလာပါနဲ့"

လို့ ပြောပေမယ့် စံညွှန်းညီကတော့ လက်ဆောင် ...ို့ ဆုံးဖြတ်ပြီးနေလေပြီ။

ဒါနဲ့ပဲ အိမ်ရောက်တော့ ဟန်စောကို အဖော်ခေါ် ...ည်။ ရှော့ပင်းမောလ်ကို အဖော်လိုက်ပေးပြီး အကြံပေးဖို့ ...တပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကောင်မလေးကို ဝယ်ပေးမှာ မင်းစိတ်ကူးနဲ့မင်းပေ

ငါက အရှောင်ဘာဝင်ပါရမှာလဲ"

"ငါ့ကောင်မလေး မဟုတ်ပါဘူး၊ မိတ်ဆွေပါကွ"

"မေးလိုက်ရင် မဟုတ်ပါဘူး မဟုတ်ပါဘူးနဲ့"

"မဟုတ်လို့ပေါ့ကွ"

"နောက်တော့ ဟုတ်ရင် ဟုတ်လာမယ်လို့ ဝန်ခံမလား"

"အေးကွာ ... ဝန်ခံတယ်ကွာ"

ဒီလိုနဲ့ပဲ ဟန်စောကို ရုံးပိတ်ရက် တနင်္ဂနွေ အ
မှာမနားနိုင်းဘဲ သူတို့အိမ်နဲ့နီးသော ရှော့ပင်းမောလ်ကြီးတစ်ခု
ခေါ်လာခဲ့ရသည်။ ဟန်စော ပြောလည်း ပြောစရာ။ စံညွှန်း
ဟာ ပင်ပျို့နဲ့ ပတ်သက်ရင် နည်းနည်းတော့ အဖြစ်သည်းနေ
ကြောင်း သူ့ဘာသာ ရိပ်မိပါသည်။ သို့သော် "အချစ်"ဆိုတာ
အလွယ်တကူ မဆုံးဖြတ်ချင်သေးပါ။

သူတို့ဝင်ထိုင်လိုက်သောဆိုင်က မုန့်ကို ကိုယ်တိုင်
ကောင်တာမှာ သွားမှာကာ ဇွန်းနဲ့တစ်ခါတည်း ထည့်ယူလာရသော
ဆိုင်မျိုးဖြစ်သည်။ ဟန်စောကပဲ ဗိုက်ဆာသူမို့ သူသွားမှာပေး
ဟု ပြောပါသည်။

"ငါတော့ ဘာမှမစားချင်ဘူး၊ နို့အေးတစ်ခွက်ပဲ ဝယ်
ကွာ"





ဟန်စော ပြန်လာတော့ ဇွန်းထဲမှာ စားစရာမုန့်
အပြည့်ပါလာသည်။ စံညွှန်းညီအတွက် နို့အေးထည့်ထားသော
ကန်တော့ပုံ ရှည်လမျောဖန်ခွက်လေးကို အသာချပေးရင်း ...

"စိတ်ချ ငါ ကတိပေးတယ်၊ ဗိုက်ဝသွားရင် မင်းကိုအချိန်
ပေးပြီး လိုက်ကူညီပေးနိုင်ပါပြီ"

ဟု ပြောလိုက်သည်။

"ဟန်စောရာ... မင်းကလည်း လွန်ကိုလွန်ပါတယ်၊ ထွက်
မလာခင်မှာ ပဲပြုတ်နဲ့ ထမင်းကြော်တွေ စားလာတာပဲ၊
လေးဆယ့်ငါးမိနစ်အတွင်း ဗိုက်က ပြန်ဆာတာ လွန်တာ
ပေါ့"

"ပါးစပ်အကျင့် ဝမ်းအချင့်ဆိုတဲ့ စကားပုံကို မင်းမကြား
ဖူးဘူးလား"

"ကြားဖူးတယ်လေ"

"ငါ့ပါးစပ်က အမြဲစားနေရမှဆိုတဲ့ အကျင့်ပါနေပြီ၊ ငါ့
ဝမ်းဗိုက်ကလည်း ချင့်ချိန်ပြီး မစားတတ်တာကြာပြီ၊ ငါ့
မှာလည်း မင်းလို disorder တစ်မျိုး ရှိတယ်၊ eating
disorder လေ၊ အစားမမှန်တာ မဟုတ်ဘဲ စားသင့်တာထက်
ပိုစားနေတဲ့ရောဂါမျိုး ဖြစ်နေတာ။ မင်းကတော့ OCD
ရောဂါမျိုး ဖြစ်နေတယ်၊ ဒီတော့ နှစ်ယောက် အံကိုက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟန်စောက သူဝယ်လာသော ပူတင်းမုန့်လို မုန့်တွေရော အီကာလဲယားလို ကိုက်လိုက်ရင် ကရင်(မ)တွေ ထွက်လာတတ်သော မုန့်မျိုးရော၊ ချောကလက်နဲ့ လုပ်ထားသော ကိတ်မုန့်ရော (စံညွန်းညီက မုန့်လည်းသိပ်မစားဖြစ်၍ မုန့်အမည် ဘယ်လိုခေါ်သလဲ မသိပါ) အကုန်လုံး စားပစ်နိုင်ကာ စံညွန်းညီလိုပဲ နို့အေးကိုပါ ဝယ်လာသေးသဖြင့် မုန့်တွေစားလိုက် နို့အေးကို ပိုက်ဖြင့်သောက်လိုက် လုပ်နေသည်။

ဒီနေရာမှာ ခပ်ဝဝ လူတစ်ယောက်သာ ဆိုရင်တော့ ပိုပြီးကြည့်ရတာ အဆင်ပြေမလားမသိ။ အခုတော့ ပိန်ကပ်ကပ် လူတစ်ယောက်က မုန့်တွေ မတရားနင်းကန်စားပြနေသည်မှာ သိပ်တော့ မလိုက်ဖက်ဘူးဟု ထင်စရာ။

မုန့်စားပြီးတော့မှ စံညွန်းညီ အလိုကျ ရှောပင်းမောလ်ထဲ ဆက်လျှောက်ပြီး ပင်ပျို့ကို လက်ဆောင်ပေးဖို့ ရှာဖွေကြပါသည်။

"ရှုပ်တယ်ကွာ၊ လက်ကိုင်အိတ်ပဲ ဝယ်ပေးလိုက်"

"သူ မကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

"လက်ဆောင်ပေးရင် ပြီးတာပဲ မဟုတ်လား"

"ငါက သူကြိုက်တဲ့လက်ဆောင်ပဲ ဖြစ်ချင်တာ"

"အကျီပိတ်စရော"





"ဟာ ... ငါ မဝယ်ချင်ဘူး"

"ဒါဖြင့် မွေးပွအရုပ်ဝယ်"

"ရုံးကို အရုပ်ကြီးကိုင်ပြီး ဝင်သွားရမှာလား"

"ခပ်သေးသေး အရုပ်ဆို လက်ဆောင်ထည့်တဲ့အိတ် အလှလေးထဲထည့်ပြီး ယူသွားရင် ရပါတယ်ကွာ"

"တချို့မိန်းကလေးတွေက အရုပ်မကြိုက်ဘူးကွ"

"ရေမွှေးဝယ်ကွာ"

"ရေမွှေးဆိုလည်း Dior လောက် Chanel လောက်မှ ကောင်းမှာကွ၊ အဲဒါတွေက ဈေးသိပ်ကြီးတယ် မဝယ်နိုင်ဘူး"

"အံမာကွာ ... မင်းအမေ ငါ့ဒေါ်လေးဆီက ပိုက်ဆံမှာရင် ရသားနဲ့။ သို့ ... အမေခင်ဗျာ၊ ကျွန်တော် မိန်းမပိုးရန်အတွက် တန်ဖိုးသိန်းချီပေးရသော ရေမွှေးအကောင်းစား ဝယ်၍ လက်ဆောင်ပေးမှာမို့ ငွေထပ်ပို့ပေးလိုက်ပါဦးခင်ဗျာ ... ပေါ့၊ ဘာဖြစ်လဲ ... ဟား ဟား ဟား"

ဟန်စောက စံညွန်းညီကို အားကတက်ကြွပြောပြီး လက်ဆောင်ပစ္စည်းတစ်ခု အမြန်ဝယ်လိုက်ရေးကို စိတ်ပါလာ[illegible] ဘိုက်တွန်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ ဆိုတော့ ကြည့်ဦးလေ။ ရှော့ပင်းမော်လ်ထဲမှာ မုန့်ထိုင်မစားခင် ပတ်ရှာတာ လေးဆယ့်ငါးမိနစ်ကျော်မယ်။ အခု မုန့်စားပြီး ပြန်ပတ်ရှာတော့လည်း နာရီဝက်မကတော့ပြန်ဘူး ဆိုတော့ စဉ်းစားသာကြည့်။ အချိန်တွေ ဘယ်လောက်ကုန်ပြီးပြီလဲဆိုတာ။

"ဟော့ကောင် ... မင်း ဒီနေရာကိုပတ်ပြီးရင်း ပတ်နေတာကွာ၊ မဟုတ်မှလွဲရော OCD များ ဖြစ်နေတာလား။ ဒီနေရာမလာရသေးဘူးထင်ပြီး ခဏခဏ ပြန်လာနေတာလား"

"ဟာ ... မဟုတ်ပါဘူး။ လက်ဆောင်ပစ္စည်းဝယ်ဖို့ ရှာနေတာပါဆိုကွာ"

"ဘာဖြစ်လို့ ဒီနားခဏခဏ လာနေလဲ"

"ဒီဆိုင်က ပစ္စည်းကို ဝယ်ရင်ကောင်းမလား တွေးမိလို့ ဆိုင်ထဲမဝင်သေးဘဲ သုံးလေးခေါက် ဖြတ်ကြည့်တာကွာ"

"ဆိုင်ထဲ ဝင်ကြည့်တော့ရော"

"မဝယ်ဘဲနဲ့ ဝင်ကြည့်တဲ့အခါ ရောင်းတဲ့သူတွေက ဝယ်လည်းမဝယ်နိုင်ဘဲနဲ့ ဝင်တာလို့ထင်ပြီး ကြည့်တဲ့မျက်လုံးတွေကို မကြိုက်လို့ကွ"

"ဘာဖြစ်လဲကွာ၊ မျက်လုံးနဲ့ ကြည့်တာများ ပုံပါတာမှတ်လို့"





"ဟန်စော ... မင်း ဘယ်လိုဖြစ်နေတာလဲကွာ၊ ငါ့ကိုကူညီမယ်ဆို၊ ဆောကာ တကျိကျိမပြောနဲ့ကွာ၊ ငါ ဘာမှစဉ်းစားမရတော့ရင် ဒီ့ထက်အချိန်ပိုကြာသွားနိုင်တယ်"

နောက်ဆုံးတော့လည်း စံညွှန်းညီ တစ်ယောက်ဟာ သူ စိတ်တိုင်းကျသွားသော ဆိုင်တစ်ဆိုင်ထဲကို ဝင်လိုက်ပါသည်။ ထိုဆိုင်မှာ မီးအိမ်အလှလေးတွေ၊ ဖန်မီးချောင်းလှလှလေးတွေ၊ မီးဆိုင်းလေးတွေ၊ မီးလုံးအလှလေးတွေရောင်းသောဆိုင် ဖြစ်နေသည်။

"ဘာဝယ်ပေးမလို့လဲကွာ"

"ဟိုမှာတွေ့လား၊ ပန်းပွင့်ပုံ မီးအုပ်ဆောင်းလေးပါတဲ့ စားပွဲတင်မီးအိမ်လေးလေ။ အဲဒါလေးက ခလုတ်နှိပ်စရာမလိုဘူးတဲ့၊ မီးအုပ်ဆောင်းကို လက်နဲ့ထိလိုက်ရင် ပွင့်တယ်၊ ပိတ်ချင်ရင်လည်း လက်နဲ့ မီးအုပ်ဆောင်းကို ထိရုံပဲတဲ့။ Touch Lamp (တပ်(ရှ်)လန့်(ပ))လို့ ခေါ်တယ်၊ အဲဒါလေး မဆိုးဘူး"

"ဒီလောက် မီးအိမ်လေးကိုပဲ သုံးသောင်းတဲ့"

"အခုခေတ်မှာ အဲဒီလောက် ဖြန်းနိုင်မှ ပစ္စည်းကောင်းကောင်းလေး ရမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ အပြာဖျော့ဖျော့မီးရောင်လေး ထွက်သော အိပ်ရာဘေး စားပွဲတင်မီးအိမ်လေးကို ဝယ်ဖြစ်သွားပါသည်။ စံညွန့်ညီ ဝယ်ဖြစ်သွားမှပဲ ဟန်စော တစ်ယောက်လည်း အခုမှ သက်ပြင်းချနိုင်တော့လေသည်။

"မင်း ဗိုက်ဆာတယ်ဆို မုန့်ဝင်စားမယ်လေ"

"ဟာ ... ဟော့ကောင်၊ ငါတို့ဝင်စားပြီးပြီလေ။ ငါ မုန့်သုံးခုနဲ့ နို့အေးတစ်ခွက် သောက်ထားတယ်"

"ဟုတ်ရဲ့လားကွာ"

"ဘာလဲ ... ငါ့လို အစားသမားကောင်က ညာပြောပါ့မလား၊ တကယ် စားပြီးတာ"

"အေးကွာ ... အာရုံရှုပ်နေတုန်း မင်းက ဆိုင်ထဲ အတင်း ဝင်သွားပြီးစားတော့ ငါ့စိတ်ထဲမှာ မင်း စားပြီးပြီလား၊ မစားရသေးဘူးလား မသေချာဘူး၊ OCD လေ OCD"

"တော်ကြာ ပင်ပျို့ကို ခုလေးတင် ရည်းစားစကားပြော ပြီးမှ မပြောရသေးဘူးထင်ပြီး ခဏခဏထပ်သွားပြောမိ တာမျိုး ဖြစ်မှာကို မြင်ယောင်သေးတယ်"

"ရည်းစားစကား ပြောဖြစ်ဖို့၊ မဖြစ်ဖို့က မသေချာသေးပါ ဘူးကွာ၊ အချိန်ယူပြီး စဉ်းစားရဦးမယ်၊ လွယ်လွယ်နဲ့





မဆုံးဖြတ်ချင်ဘူး၊ ငါက ခဲလုံးတစ်ခါမှန်ဖူးတဲ့ စာကလေး တစ်ကောင်လေ၊ မင်း သိသားပဲ၊ အိစိမ့်နေအောင် ခံရဖူး ပြီးပြီ"

လို့ စံညွန့်ညီက တွေးတွေးဆဆ ပြောသောအခါ မှာ ဟန်စောလည်း အလိုက်တသိ ပါးစပ်ပိတ်သွားတော့သည်။

ဟန်စောနဲ့ စံညွန့်ညီတို့ကြားမှာ ဘာမှမသိထားစရာ မရှိအောင် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း ကြီးသိထားကြလေရာ စံညွန့်ညီ ဘာကိုရည်ရွယ်ပြောသလဲဆိုတာ လဲ ဟန်စော သိပါသည်။ စံညွန့်ညီရဲ့ အဖြစ်အပျက် တချို့ကို လည်း ဟန်စော ပါဝင်ပတ်သက်ဖူး၍ မသိတာ ဘာမှမရှိသလောက် နီးပါး ဖြစ်သည်။

အိမ်ပြန်ရောက်ပြီးနောက် သူတို့ ညစာစားပြီးသော အခါ စံညွန့်ညီသည် သူ့စိတ်တိုင်းကျ ဝယ်ယူလာခဲ့သော မွေး နေ့ဆုတောင်းကတ်လေးမှာ စာရေးထည့်ဖို့ ပြင်ဆင်ရင်း ပြောပါ သည်။

"မိတ်ဆွေသူငယ်ချင်း,ချင်း ခင်မင်လို့ပေးတဲ့ လက်ဆောင် သဘောမျိုး၊ မွေးနေ့ဆုတောင်းမျိုးပဲဖြစ်အောင် ရိုးရိုးလေးပဲ ရေးလိုက်တော့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



စံညွန့်ညီသည် သူရေးထားပြီးသော စာသားလေးဟာ မဆန်းပါဘဲ သဘောတကျ ပြန်လည်းဖတ်ကြည့်လိုက်သေးသည်။


"ပျော်စရာ မွေးနေ့ပါ ပင်မှို"

ခင်တဲ့

"စံညွန့်ညီ"








www.burmeseclassic.com

www.burmeseclassic.com



## ၆

အဲဒီနောက်ပိုင်းမှာတော့ ပင်ပျိုနဲ့ စံညွှန်းညီတို့ရဲ့ ခင်မင်ရင်းနှီးမှုဟာ တော်တော့်ကို ပိုလာခဲ့သည်မှာ အံ့သြစရာပင် ကောင်းနေသည်။ တကယ့်ကို နှစ်ပေါင်းများစွာကတည်းက ရင်းနှီး ခင်မင်လာကြဖူးသူတွေလိုပဲ တစ်ယောက်နဲ့ တစ်ယောက် ပြောမနာ၊ ဆိုမနာ၊ တစ်ယောက် ဘာလိုအပ်သလဲဆိုရင် တစ်ယောက်က ပြောပြစရာ မလိုဘဲနဲ့တောင် စိတ်ထဲမှာ အလိုလိုသိလျက် ဖြည့်ဆည်းပေးပြီးသား ဖြစ်နေတ ိုးလည်း ခဏခဏ။ တစ်ယောက်နဲ့တစ်ယောက် မှန်လိုကြည့်နေသလား ထင်ရအောင် သူ့မျက်နှာအမူအရာတွေကို ချက်ချင်း အကဲခတ်တတ်တဲ့အထိ ပင် ရင်းနှီးမှုတွေ ရှိလာခဲ့သည်။

ရုံးခန်းထဲမှာ အတူအလုပ်လုပ်ကြသော လူတွေဆိုတာ ပြောမနေနဲ့တော့။ အစကတော့ မှုသိမသာလေးတွေ တစ်





ယောက်ကွယ်ရာမှာ နောက်တစ်ယောက်နဲ့ တွဲပြီးစ,တာမျိုးတွေသာ ရှိခဲ့တာ။ အခုတော့ တကယ်ပဲ နှစ်ယောက်ရှေ့မှာ ပေါ်တင်ကြီး ဖွင့်ပြောယှဉ်တွဲ စကြတဲ့အထိပင် ဖြစ်လာသည်။

ဥပမာ ...

"ဟယ် ... စံညွှန်းညီရယ်၊ ဘယ်လိုရှပ်အင်္ကျီများ ရွေးဝတ်လာသလဲ"

ဟု တစ်ရက်မှာ စံညွှန်းညီ ဝတ်လာသော ရှပ်အင်္ကျီပြောင်၏အရောင်ကိုကြည့်ပြီး မကျော့်ကျော့်မေက ပြောလျှင် ...

"ခင်ဗျာ ... အစ်မ၊ ဘာဖြစ်လို့လဲ"

"ပန်းရောင်လွင်လွင်ကြီးဟဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဟယ် ... နင် မသိဘူးလား။ အရောင်လွင်လွင်ဖျော့ဖျော့မှာ ပန်းရောင်တို့ ခရမ်းရောင်တို့ဆို ခြောက်နေတဲ့သူမှ ဝတ်တာဟဲ့၊ နင့်ကို အခြောက်ထင်နေပါဦးမယ်"

"မသိပါဘူးဗျာ၊ အမေ ဝယ်ထားတာတည်းက ဝတ်တာပါပဲ"

"နောက်ဆို ပင်ပျို ဝယ်ပေးတာပဲ ဝတ်တော့ပေါ့၊ ပင်ပျိုကလည်း ကိုယ့်လူကိုယ် ကြည့်ပြောဦးလေဟယ်၊ ဘာလေး ဝတ်၊ ဘယ်လိုနေပေါ့၊ ဒါမှ ကိုယ်နဲ့လိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး မဆီမဆိုင် ပင်ပို့ကိုပါ ဆွဲထည့်ပြီး စနောက်တတ်သေးတာ။ အရင်ကတော့ မကျော်ကျော်မေ,လောက် ပင်ပို့နဲ့စည်သွန်းညီဟာ မလိုက်ဖက်ပါဘူးလေး ဘာလေး ပြောပြီး ကန့်ကွက်ထားတာ သူ အခု မဟုတ်တော့တဲ့အတိုင်း သူမ,ကပဲ ရှေ့ဆုံးက စ,နောက်နေတာပါ။

ပင်ပို့သည် အဲဒီလိုကျရင်တော့ မျက်နှာလေးနီနီဖြင့် ရယ်မောရင်း ...

“အံ့မယ် ... ဘာမှမဆိုင်ပါဘူးနော်”

ဟူ၍လောက်သာ အော်ငြင်းတတ်သလို စည်သွန်းညီကလည်းပဲ ...

“ဟာ ... အစ်မကလည်းဗျာ”

တွေ ဘာတွေ အားနာသလိုလို၊ ရှက်သလိုလို ညည်းတွားပေမဲ့ ဘယ်သူမှ ဒီ့အတွက်ထူးပြီး တစ်ယောက်နဲ့တစ်ယောက် မျက်နှာပူမနေကြတော့ချေ။

“ဒီခေတ်ကြီးထဲမှာ စည်သွန်းညီလို လူမျိုးက အတော်ရှားတာနော်၊ အရက်လည်း သောက်လေ့မရှိဘူး၊ ဆေးလိပ်လည်း မသောက်တတ်ဘူး၊ ငါလိုလည်း ကွမ်းတဗျစ်ဗျစ်သမား မဟုတ်ဘူး၊ ပင်ပို့ရ၊ ညည်း စိတ်ကူးမလွဲနဲ့”





ကိုမျိုးထွေးကဆို အခုတော့ စည်သွန်းညီဘက်သားလုံးလုံးဖြစ်ကာ ပင်ပို့ကို သူကပဲ တရားချချင်သလိုလို စ,နောက်တတ်ပါသေးသည်။

ပင်ပို့ကလည်း အားကျမခံ ...

“စိတ်ကူးထဲမှာ ဘာမှကို မရှိတာနော်၊ လာအောင်သွယ်မနေနဲ့။ ပြောပါဦး အောင်သွယ်ခ ဘယ်လောက်ရလဲ”

ဆိုပြီး ရယ်မောကာ ပြန်နောက်ပြောင်တတ်သည်။

ပင်ပို့နဲ့ စည်သွန်းညီမှာ ပင်ပို့ကတော့ သိပ်ပြီးအကြီးအကျယ် ရှက်ပြတာမျိုး မရှိပေမဲ့ စည်သွန်းညီကတော့ အစ,အနောက်ခံရလျှင် ပင်ပို့ကို အင်မတန်မှ အားနာနေတတ်သည်။

နှစ်ယောက်တည်း ဆုံရင်တော့ တခြားလူတွေစသည့် နောက်သည့် အကြောင်းကို အထူးတလည် အရေးလုပ်ပြီးမပြောကြဘဲ အစအနောက်ခံရသည်မှာ သူတို့နှစ်ယောက် မဟုတ်တဲ့အတိုင်း စကားပြော ဆက်ဆံနိုင်ကြပြန်သည်။

ပင်ပို့ကတော့ တဖြည်းဖြည်းနဲ့ စည်သွန်းညီ အပေါ် သံယောဇဉ်ရှိသလိုလိုလေး ခံစားလာရတတ်သည့် သူမကိုယ်သူမလည်း အံ့ဩမဆုံး ဖြစ်နေမိပါသည်။

ပုံတုံးမျက်မှန်နှင့် အူတူတူ ကြောင်တောင်တောင်ပုံစံ ပေါက်လှသော သာမန်ရုပ်ရည်နှင့် ယောကျာ်းတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com



ကို ဘာကြောင့်များ နေရာပေး လက်ခံလာချင်သလဲရယ်လို့ သူမ ဘာသာပင် စဉ်းစားမရ ဖြစ်နေသည်။

စံညွှန်းညီမှာ ဖြစ်နေကျ (OCD ရောဂါ)လုပ်ပြီးသား ကိုပဲ မလုပ်ရသေးဘူးထင်ပြီး ထပ်ကာ ထပ်ကာ လုပ်တတ်တဲ့ အကျင့်ရှိသည့် ရောဂါတစ်မျိုးအကြောင်းလည်း စိတ်ဝင်တစား ပင် ရှာဖွေဖတ်ရှုကာ ဘယ်လိုပျောက်ကင်းအောင် လုပ်ပေးရရင် ကောင်းမလဲလို့ အရေးတယူ စဉ်းစားပေးတတ်လာပါသည်။

ဒီလို ဖြစ်တတ်တာဟာ ဘာမှတော့ စိုးရိမ်လောက် စရာ မဟုတ်ပေမဲ့ အကြောင်းမသိတဲ့ လူတွေရှေ့မှာဆိုရင် သတိ ထားမိစရာ၊ အရှက်ရစရာလည်း ဖြစ်တာကြောင့် စံညွှန်းညီ အဲဒီ လို အူတူတူဖြစ်နေသည့်နေ့ဆိုလျှင် ပင်ပျိုဟာ စိုးရိမ်တကြီး အားကနေ စောင့်ကြည့် သတိပေးမိတတ်ပါသည်။

အဖြစ်အများဆုံးကတော့ ရုံးပေါ်ရောက်လာပြီးမှ ကားသော့မပိတ်ခဲ့ဘူးထင်ကာ ခဏခဏ ဆင်းကြည့်တတ်တဲ့ အဖြစ်ကတော့ တစ်လမှာ နှစ်ခါလောက် ဖြစ်တတ်ပြီး ရုံးရောက် လျှင်ရောက်ခြင်း ကိုယ့်ရောက်သည့်အချိန်ကို ဇယားမှာ ဖြည့်ရမှာ ဖြည့်ပြီးရက်နဲ့ မဖြည့်ရသေးဘူးထင်ပြီး အဲဒီဇယားဖြည့်သော စာအုပ်တင်ရာ စားပွဲကို ခဏခဏ ပြေးကြည့်တာမျိုးကတော့ တစ်လမှာ ဆယ်ခါလောက် ဖြစ်တတ်သည်။





သူများတွေက သတိထားမိပေမဲ့ ဒါဟာ OCD ဖြစ် နေတာပဲရယ်လို့ ဘယ်သူကမှ မတွေးမိကြ။

"စံညွှန်းညီက အစိုးရိမ်ကြီးပြီး ပူပန်တတ်တယ် ထင်တယ်၊ လုပ်ပြီးသား အလုပ်တစ်ခုကို မလုပ်ရသေးဘူးထင်ပြီး ခဏခဏပြန်ပြန်စစ်တတ်တယ်နော်"

ဟူ၍လောက်သာ ဝေဖန်တတ်ကြသည်။

တစ်ပတ်မှာ သုံးရက်လောက်ကတော့ စံညွှန်းညီ က ပင်ပျိုအတွက်ဆိုပြီး ...

"မပင်ပျိုက ထမင်းစားပြီးရင် သရက်ပြားတို့ ဆီးထုပ်တို့ စားတတ်မှန်းသိလို့ ကျွန်တော် စီးတီးမာ့တ်ထဲ ရောက် တုန်း သတိရလို့ ဝယ်လာတယ်"

ဝယ်ဝယ်လာပေးတတ်တာတွေ။

"မပင်ပျိုပြောတဲ့ DVD ကား ကျွန်တော် မနေ့ကရလာတယ်၊ အဲဒါ ကြည့်များကြည့်ချင်မလားဆိုပြီး ယူလာခဲ့တယ်"

ပင်ပျို အမှတ်တမဲ့ ပြောလိုက်ဖူးသော ပင်ပျို သိပ် ကြည့်ချင်ပြီး ရှာလို့မရသေးသည့် ရုပ်ရှင်ကားလေးတွေ တကူးတက ပဲ သွားရှာဝယ်သလား မသိ။ ပင်ပျို ဒီနေ့ ဒီလိုပြောလိုက်မိလျှင် နောက်တစ်ရက် နှစ်ရက်အတွင်း စံညွှန်းညီ ထံတွင် ထိုရုပ်ရှင် ကားက ရှိလာကာ တမင်ပဲ ရုံးကို ယူလာပေးတတ်တာတွေ။



www.burmeseclassic.com

www.burmeseclassic.com



မတည့်တဲ့ အနံ့တစ်ခုဖြစ်ဖြစ်၊ ဖုန်မှုန့်တစ်ခုခုကိုဖြစ်ဖြစ် ရှူမိလျှင် Allergy (အလာဂျီ)ဖြစ်ပြီး နှာချေတတ်သော ပင်ပျို့အတွက်ဆိုကာ …

"မနေ့က ကျွန်တော် ခေါင်းနည်းနည်းကိုက်လို့ ဆေးဆိုင်မှာ ဆေးသွားဝယ်တော့ ဒီဆေးပါ တွေ့လာတယ်။ မတည့်လို့ နှာချေတာ၊ နှာခေါင်းပိတ်တာ၊ အကြာကြီးဖြစ်တဲ့ ရောဂါကို Hay Fever (ဟေးဖီဗာ)လို့ခေါ်တယ်တဲ့၊ အဲဒီလိုမဖြစ်ချင်ရင် ဒီဆေးပေါ့ spray (စပရေး)ပုံစံဆေးလေးကို တစ်နေ့တစ်ခါလောက် နှာခေါင်းထဲ ထည့်ထားရင် ဘယ်တော့မှ မဖြစ်တော့ဘူး။ ကာကွယ်ပြီးသား ဖြစ်သွားတယ်တဲ့"

သူ တကယ်ပဲ ခေါင်းကိုက်လို့ ဆေးသွားဝယ်တာရော ဟုတ်ရဲ့လားမသိ။ ဆေးတွေ တကူးတကဝ လိုက်ရှာလာသလားမသိ။ နှာခေါင်းထဲထည့်သောဆေး ဆိုတာမျိုးကိုလည်း ရှာရှာဖွေဖွေ ဝယ်လာပေးတတ်တာတွေ။

ကွန်ပျူတာအကြည့်များ၍ မျက်စိကိုက်ပြီး မျက်ခုံးနှစ်ခုကြား နှာခေါင်းရိုးထိပ်လေးကို အသာဖိပြီး နှိပ်နယ်နေမိတာ မြင်လျှင် …





"မပင်ပျို့ မျက်ရိုးကိုက်လို့လားဟင်၊ ဒါဆို ခဏနားလိုက်လေ၊ ထားလိုက် … ထားလိုက် မပင်ပျို့လုပ်ရမဲ့အလုပ်တွေ ကျွန်တော် ကူပေးထားလိုက်မယ် နားလိုက်ပါ"

ဆိုကာ အလိုက်တသိ အရေးတယူမေးဖော်၊ ကူညီဖော်ရတာတွေ။

တစ်ခါကတော့ ပင်ပျို့ထံ ကျောင်းတုန်းက ခင်မင်ခဲ့သော စင်ကာပူမှာ ကျောင်းတက်ရင်း ခင်ခဲ့ဖူးသော ယောက်ျားလေး သူငယ်ချင်းတစ်ယောက်က လာလည်သောနေ့ကတော့ ခံသွန်းညီ တစ်ယောက် မျက်နှာအပျက်ကြီး ပျက်ကျန်ခဲ့ကြောင်း ထိုသူငယ်ချင်းကို ကော်ဖီတိုက်ဧည့်ခံရန် အောက်အတူတွဲဆင်းသွားစဉ် ပင်ပျို့ ဖျတ်ခနဲ လှမ်းမြင်သိရှိလိုက်ဖူးတာတွေ။

ထိုနေ့တစ်နေ့လုံး ပင်ပျို့ကို သူ ဟက်ဟက်ပက်ပက်လည်း စကားမပြောသလို မျက်နှာလည်း သိပ်မကောင်းလှ၍ ပင်ပျို့က တမင်ပဲ …

"ကိုခံသွန်းညီ နေမကောင်းဘူးလား၊ မျက်နှာမကောင်းဘူးနော်၊ ဘာဖြစ်လို့လဲ"

ဟု မေးသောအခါ သူဟာ ကကယ်ပင် …

"ဟုတ်တယ်၊ ကျွန်တော် နေလို့မကောင်းတော့သလိုပဲ၊ အိမ်စောစောပြန်ဖို့တောင် စဉ်းစားနေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ အိမ်ကို အစောကြီးခွင့်တောင်းကာ ပြန်သွား ဖူးခဲ့တာတွေ။

သူ ပြန်သွားတော့မှ ရုံးထဲမှာကျန်ခဲ့သော လူတစ်သိုက်မှာတော့ သူ့အကြောင်း ကောင်းကောင်းဝေဖန်လို့ ကောင်းနေပြန်တဲ့အခါမှာ အဓိက ဦးတည်ပြောကြသော အကြောင်းအရာမှာ ...

"မင်းသားတော့ အသည်းကွဲပြီး အိမ်တောင် အစောကြီး ပြန်သွားပြီ ပင်ပျိုရေ့"

"ဟုတ်ပါရဲ့ဟယ်၊ အဲဒါ ဘယ်သူလဲ၊ သေသေချာချာ ရှင်းပြလိုက်ပါလား၊ အခုတော့ သူ့ခမျာ အလုပ်တောင် ဖြောင့်အောင်မလုပ်နိုင်တော့ဘူး။ ချက်ချင်း မျက်နှာတွေ ပျက်ပြီး ထ,ပြန်တော့တာပဲ"

ကိုလှိုင်ဦးတို့ ကိုမျိုးထွေးတို့တွေကလည်း ...

"ညည်း အဲဒီလိုမရက်စက်နဲ့ဟာ၊ ငါ့ကိုကောင်က တကယ် ခံစားနေရပြီ"

"ရုပ်မချောပေမဲ့ နှလုံးသားကတော့ လှပါတယ်"

တွေ ဘာတွေပြောပြီး ပင်ပျိုကို စနောက်နေသေးတာ။ အားလုံးဟာ ခုတော့ ပင်ပျို့ဘက်ကလူနည်းနည်း စည္စွန်းညီဘက်ကလူများများ ပုံစံပင်ဖြစ်နေသဖြင့် ပင်ပျိုသည် စိတ်ဆိုးချင်ယောင်ဆောင်ရင်း ...





"အံမယ်လေးနော်၊ အခုကျတော့လည်း ပင်ပျို့ဘက်မှာ ဘယ်သူမှ မရှိကြတော့ပါလား။ သူက ဘာဆေးတွေများ ကျွေးပြီး ဒီရုံးထဲကလူတွေကို စည်းရုံးထားပါလိမ့်နော်"

ဟု ပြန်ရန်တွေ့ခဲ့ဖူးတာတွေ။

စသဖြင့် . သူတို့နှစ်ယောက်ကြားမှာ ဘေးလူတွေ ဟိုကဝိုင်းပြော၊ ဒီကဝိုင်းပြောနဲ့ပဲ ဘာလိုလို ညာလိုလို ရည်းစားလည်းမဟုတ်သေး၊ သူငယ်ချင်းမိတ်ဆွေ အဆင့်ထက်လည်း ပိုသလိုလို အခြေအနေမျိုးထဲကို ရောက်မှန်းမသိ ရောက်လာခဲ့ပါတော့သည်။

ပင်ပျို့ဘက်ကတော့ အမှန်အတိုင်း တိတ်တခိုး ဝန်ခံရသော် စည္စွန်းညီသာ ဖွင့်ပြောလာခဲ့မယ်ဆိုရင် အဖြေတစ်ခုကိုတော့ စိတ်ချလက်ချ ပေးရဲလာသော အနေအထားမှာ ရှိနေပါပြီ။ ပင်ပျို သူ့ကို ချစ်လို့ရပါသည်။ သူ့ကို ချစ်လည်းချစ်မိလာပါသည်။ ယောက်ျားတစ်ယောက်အပေါ် အချိန်ကာလတိုတိုလေးအတွင်းမှာ အလွယ်တကူ လက်ခံချစ်ကြည့်လိုက်ဖို့ ဘယ်က ဘယ်လို သတ္တိတွေ ရှိလာသည်လည်း မသိတော့။

သာမန်ရုပ်ရည်ရှိသော အုတုတု ကြောင့်တောင် တောင် ပုံမလာသည့် ယောက်ျားလေးတစ်ယောက်ကို ပင်ပျို့ဘက် က သူ ဖွင့်မပြောလာခင် ကြိုပြီးမျှော်လင့်ချစ်နဲ့ ချစ်နေခဲ့မိသော



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကိုလည်း စိတ်ပျက်စွာ ခေါင်းခါငြင်းဆန်ရင်းကပဲ မချစ်ဘဲလည်း မနေနိုင်ခဲ့ပြန်။ သူ့ ပင်ပို့အပေါ် ဂရုတစိုက် ရှိတတ်တာလေးတွေ။ သတိတရ ဖြစ်တတ်တာလေးတွေကိုပဲ အကြိမ်ကြိမ်အခါခါ ပြန်မြင်ယောင် တွေးတောပြီး ကြည်နူးမှုတွေ အခါခါလည်း ဖြစ်လို့မဆုံး။

ပင်ပို့ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စံညွှန်းညီထံမှ ဖွင့်ပြောလာမဲ့စကား ကြားကိုကြားရလိမ့်မယ်လို့ အသေအချာပင် ယုံကြည်စွာ မျှော်လင့်လျက် တိတ်တခိုး စောင့်ဆိုင်းနေမိပြီတည်း။





## ၇

"မပင်ပို့ ဒီ တနင်္ဂနွေ အားရက်မှာ ဘယ်သွားဖို့ရှိလဲ"

စနေနေ့ ရုံးစတက်တက်ချင်း စံညွှန်းညီသည် ကွန်ပျူတာကို စ,ဖွင့်ရင်း မလုံမလဲ အမူအရာဖြင့် မေးလာပါသည်။ သူ့အမူအရာ မလုံမလဲကြောင့် ပင်ပို့ ရင်နည်းနည်း ထိတ်သွားသည်။ ဘုရားရေ ... ငါ မျှော်လင့်ထားတဲ့ နေ့တစ်နေ့ကို ရောက်တော့မှာလား။ သူ ငါ့ကို အပြင်မှာတွေ့ပြီး ဖွင့်ပြောခွင့်ရဖို့ ကြိုးစားချင်သလား။ ပင်ပို့သည် မဖြစ်သေးတာတွေ ကြိုတွေးပြီး ရင်တောင်ခုန်လာသည်။

"ရှော့ပင်းတော့ အမြဲသွားဖြစ်ပါတယ်၊ မိန်းကလေးတွေရဲ့ ဝါသနာအတိုင်းပေါ့၊ ဝယ်စရာရှိရှိ မရှိရှိ သွားတာပဲ။ တစ်ခါတလေကျ ဆံပင်ညှပ်ဆိုင်သွားတယ်၊ ဆံပင်ညှပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သွားတဲ့အပတ်ဆို တစ်နေကုန်တယ် သိလား။ ဆံပင်လုပ်တာရော လက်သည်း ခြေသည်း အလှပြင်တာရော မျက်နှာဆေးတာရော၊ မျက်ခုံးရိတ်တာရော အစုံပဲ တစ်ပြိုင်တည်း လုပ်တတ်တော့ အဲဒီလိုအပတ်မျိုးဆို တစ်နေ့ကုန်ရော"

"ဒီတနင်္ဂနွေမှာရော ရှော့ပင်းလား၊ ဆံပင်ညှပ်ဆိုင်လား"

ပင်ပျို ခပ်ပြုံးပြုံးလေးလုပ်ရင်း ...

"ကိုစံညွန့်ညီ မေ့ပြန်ပြီလား၊ ပြီးခဲ့တဲ့အပတ် ပိတ်ရက်မှာ ပင်ပျို ဆံပင်သွားညှပ်လာတယ်လေ။ ကိုစံညွန့်ညီတောင် မပင်ပျိုက ဒီခပ်တိုတို ပုံစံလေးကိုပဲ ပြန်ပြန်ညှပ်ထားတတ်တယ်နော်တဲ့။ ပင်ပျို ဆံပင်တိုသွားမှန်းသိလို့ မေးတယ်လေ"

"ဩော် ... ဟုတ်သားပဲ၊ ဒါဆို ဆံပင်ညှပ်ဆိုင်က သွားပြီးနေပြီပေါ့၊ ဒါဖြင့် ဒီတစ်ပတ် ရှော့ပင်းသွားမှာလား"

"သွားဖြစ်ဖို့ များတယ်"

"သွားလိုက်ပါ မပင်ပျိုရယ်"

"အံမယ် ... ဘာဖြစ်လို့ တိုက်တွန်းနေတာလဲ၊ ဖေဖေနဲ့တိုင်မယ်နော်၊ ပင်ပျို့ကို ပိုက်ဆံမဖြုန်း၊ ဖြုန်းအောင်တိုက်တွန်းနေတယ်လို့"





စံညွန့်ညီ ရှက်ကိုးရှက်ကန်း ရယ်နေသည်။ သူ့မှာ အကြံအစည် တစ်ခုတော့ ရှိနေပြီထင်တယ်။ ဒါ ရှော့ပင်း သွားရင် သူ ဘာလိုက်လုပ်မလို့လဲ။

"ကျွန်တော်လည်း လာခဲ့မယ်လေ၊ ဘယ်ရှော့ပင်းမောလ်ကို လာမှာလဲ"

"ကိုစံညွန့်ညီ ဘာဝယ်စရာရှိလို့လဲ"

"ရှပ်အင်္ကျီဝယ်ချင်လို့ပါ၊ ကျွန်တော့်မှာ အမေဝယ်ပေးထားတဲ့ ရှပ်အင်္ကျီတွေပဲ ရှိဖူးတယ်၊ ကိုယ့်ဘာသာတစ်ခါမှ မဝယ်ဖူးဘူး။ ကျွန်တော် ဈေးဝယ်ရတာလည်း ဝါသနာမပါဘူးလေ။ အခုကျတော့ အမေဝယ်ပေးထားတဲ့ ရှပ်အင်္ကျီတွေကို ဝတ်တဲ့အခါတိုင်း အန်တီတို့ အစ်မကျော့ကျော့မေတို့က ဝေဖန်တော့ သူတို့ဝေဖန်တာတွေ ဖယ်ရင်း ဝတ်ရတော့ ဝတ်စရာက သိပ်မရှိတော့သလိုပဲ။ ဒါကြောင့် ထပ်ဝယ်မှ ဖြစ်တော့မယ်၊ ကိုယ့်ဘာသာလည်း မရွေးတတ်ဘူး။ မပင်ပျိုပါဝင်ရွေးပေးရင် ကောင်းမယ်လို့ စဉ်းစားမိလို့ပါ"

ပင်ပျို့ ရင်ထဲမှာ အရည်တွေ အထပ်ထပ်အခါခါ ကျော်ကျသလိုပဲ ခံစားရလေသည်။ သူ့ကို ဒေါ်စိုးမိုးတို့၊ မကျော့ကျော့မေတို့ ပြောထား၊ စ,နောက်ထားဖူးတာကို မှတ်ထားပြီး ရွေးပေးတဲ့ အင်္ကျီကိုပဲ ဝယ်မယ်၊ ဝတ်မယ်လို့ ပြောချင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပင်ပျို့ ကူညီပါ့မယ်"

"အဟဲ ... ဝမ်းသာလိုက်တာ"

"ဘယ်အချိန် သွားချင်လဲ"

"မပင်ပျို့ သွားတဲ့အချိန်ပြောပါ။ ကျွန်တော် ရောက်အောင် လာခဲ့မယ်လေ"

"ပင်ပျို့ ထမင်းစားပြီးမှ ထွက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထမင်းစားပြီး အိမ်မှာနေ့လယ်ဘက် ဒီတိုင်းနေရင် လူက ပျင်းပြီး အိပ်ချင်လာရော၊ အဲဒီကျ အိပ်မိသွားရင် မကောင်းဘူး။ နေ့ခင်းဘက် အိပ်ထားတော့ ညကျ အိပ်မပျော်တော့ဘူး၊ မနက်ကျ အလုပ်သွားဖို့ ထရရင် ခေါင်းမကြည်တော့ဘူး။ ဒါကြောင့် နေ့ခင်းမအိပ်မိအောင် အပြင်ထွက်တာ"

"ဒါဆို ကျွန်တော်လည်း ထမင်းစားပြီးမှ ထွက်ခဲ့မယ်"

"နေ့လယ် တစ်နာရီနော်၊ ဂျန်ရှင်းအိတ်(ထ်) သိလား၊ အဲဒီကို လာခဲ့မလား"

"လာခဲ့မယ်၊ ဘယ်နားစောင့်ရမလဲ"

"စီတီးမာ့ထ်ဆိုင်ရှေ့နားလောက်မှာ စောင့်ပေါ့၊ ပင်ပျို့ အရင်ရောက်ရင်လည်း ပင်ပျို့ စောင့်နေမယ်လေ"

"ဟာ ... ကျွန်တော် ဘာလို့ နောက်ကျရမှာလဲ၊ ကျွန်တော် အရင်ရောက်ရမှာပေါ့၊ မိန်းကလေးက ကြိုရောက်ပြီး စောင့်





နေလို့ မကောင်းပါဘူး၊ မပင်ပျို့ အေးအေးဆေးဆေးမှ ထွက်ခဲ့ပါ၊ ကျွန်တော်ကတော့ တမင်ပဲ စောစောလေး ကြိုရောက်အောင် လာခဲ့မယ်"

ထိုသို့ အချိန်းအချက်တွေကို ရုံးထဲက တခြားလူတွေ ြားရင် စ,ကြနောက်ကြမှာ စိုးရိမ်ကြ၍ ခပ်တိုးတိုး ချိန်းကြ ဘာ ဆုံမည့်အချိန်တွေ နေရာတွေကို အတည်ပြုလိုက်ကြပါသည်။ င်ပျို့စိတ်ထဲမှာလည်း စံညွန့်ညီ ဘာကြောင့်ချိန်းသလဲ ဆိုတာကို မိသလို စံညွန့်ညီ စိတ်ထဲမှာလည်း ပင်ပျို့ဟာ သူနဲ့အတူသွား ကို အလွယ်တကူပဲ လက်ခံသည်ဟု ပီတိဖြစ်ချက် မနက်ဖြန် သူလည်းပဲ ကြိုပြီးရင်ခုန်လို့ ကောင်းနေတုန်း ...။ ...။

နေ့လယ်စာ စားခါနီးအချိန် ရောက်သောအခါ ပြင်ဘက် ရီဆက်ရှင်းမှ အစ်မကြီးက စံညွန့်ညီနဲ့ ပင်ပျို့စားပွဲ ရှိသည့် တစ်ဆင့်လိုင်းခွဲထားသောဖုန်းကို ဖုန်းခေါ်လာပါသည်။ ဆက်ရှင်းမှာတော့ မညိုညို ဆိုသော အစ်မကြီးတစ်ယောက်သာ ပြီး ထိုရီဆက်ရှင်းမှာ ရုံးခန်းများ၏ အပြင်ခန်းလေးမှာ သန့်ဖွဲ့ထားသော ကောင်တာလေးတစ်ခုသာ ဖြစ်သည်။ ရုံးထဲ ဘယ်သူမဆို တိုက်ရိုက်ဝင်သွားလို့မရအောင် ထားထားတဲ့ ာဖြစ်ပြီး ရုံးအတွင်းရှိ သက်ဆိုင်သူတစ်ဦးဦးထံ အလည် ပါသည် ဆိုလျှင် အပြင်ဘက် ရီဆက်ရှင်းကို ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိဆက်ရှင်းမှ ဖုန်းဖြင့် ရုံးအတွင်းလိုင်းခွဲဖုန်းကို ခေါ်ပေးပါသည်။ တစ်ဆက်ရှင်မှာ တစ်လုံးတော့ ထားပေးပြီး စံညွန့်ညီတို့ ဆက်ရှင်အတွက် လိုင်းခွဲဖုန်းကတော့ ပင်ပျို့နဲ့ စံညွန့်ညီ မျှဝေသုံးစွဲရသော အလုပ်စားပွဲမှာ ထားထားပါသည်။

စားပွဲမှာ ဖုန်းသံဝင်လာတော့ ပင်ပျို့ ကောက်ကိုင်လိုက်တာ အရင်ဆုံးမို့

"ပင်ပျို့လား ကိုစံညွန့်ညီ ညွှေ့သည်တဲ့၊ အပြင်မှာရောက်နေလို့ ပြောပေးပါ"

"ဩော် ... ခဏ ... ခဏ ... ဒီမှာ ကိုစံညွန့်ညီ ရှိပါတယ်၊ သူနဲ့ပြောပါ။ ကိုစံညွန့်ညီ ဖုန်း"

ပင်ပျို့ လက်လွှဲပေးလိုက်ပါသည်။ စံညွန့်ညီယူပြီး နားထောင်လျှင် ...

"ဘယ်သူများလဲခင်ဗျာ၊ ကျွန်တော့်ညွှေ့သည် ဘယ်သူလဲ အစ်မ"

"မိန်းကလေးတစ်ယောက်ပဲ"

"ဟုတ်လား"

"ဩော် ... သူက ပြောခိုင်းနေတယ်၊ သူ့နာမည် မသံလွင်တဲ့"

"ခင်ဗျာ"





စံညွန့်ညီ ထိုသို့ အာမေဋိတ်သံ ပြုလိုက်ခြင်းမှာ တော်တော်ကျယ်သွားသဖြင့် ရုံးခန်းတစ်ခုလုံးကလူတွေ သူ့ကို ကြည့်မိကြတော့သည်။ စံညွန့်ညီမှာ မျက်မှောင်ကြီး ကြုတ်သွားပြီးလျှင် ...

"စောင့်နေနိုင်းလိုက်ပါ၊ ကျွန်တော် အခုပဲ ထွက်လာမယ်"

ဟု ပြန်ဖြေလိုက်ရသည်။

ရုံးခန်းထဲရှိ ဘယ်သူ့ကိုမှလဲ မကြည့်အားတော့ဘဲ သူ့ကို ဘယ်သူတွေ စောင့်ကြည့်နေကြသလဲ ဆိုတာကိုပင် သတိမပြုမိနိုင်တော့ဘဲ ရုံးခန်းအပြင်ဘက်ကိုသာ ထွက်လာခဲ့သည်။ ရုံးခန်းများမှာ တံခါးတော့ မရှိဘဲ ထောင့်ချိုးအကွေ့လေး လုပ်ထားသော အပေါက်မှ ဝင်ထွက်သွားလာရပါသည်။ ရှိဆက်ရှင်းဆောင်တာကတော့ ရုံးခန်းများအတွင်းဝင်ရာ ထိပ်ဆုံးအပေါက်ဝကြီးမှာ ပိတ်ပြီးထားထားတာမျိုး ဖြစ်သည်။

ရေးကြီးသုတ်ပျာ ထွက်သွားသော စံညွန့်ညီကို အားလုံး အကဲခတ်ကြည့် ကျန်ရစ်ကြရင်း ...

"စံညွန့်ညီ ဘာများဖြစ်သလဲ မသိဘူး။ 'ခင်ဗျာ' လို့ အော်လိုက်သံက အကျယ်ကြီးပဲ လန့်တောင်လန့်တယ်"

ဟု ဒေါ်စိုးမိုးက စ,ပြောပါသည်။

"ပင်ပျို့ ကြားတော့ သူ့ညွှေ့သည်ရောက်နေလို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညှော့်သည့်တစ်ယောက်ရောက်တာ ဒီလောက် တုန်လှုပ်ပြီး အံ့အားသင့်ရမယ်ဆိုရင် ဒီဧည့်သည်ဟာ သူ လုံးဝမမျှော် လင့်၊ မထင်မှတ်ထားတဲ့ ဧည့်သည်ပဲ ဖြစ်မယ်"

ထိုသို့ ဝေဖန်နေကြတုန်း အပြင်မှာတော့ စံညွှန်းည် သည် ရိဆက်ရှင်း ကောင်တာနားမှာ အသင့်ချထားသော ဆက် ခုံ၏ ခုံတစ်ခုံမှာ ထိုင်စောင့်နေသည့် မိန်းကလေးကို တ ဖြီးပြီ ငေးကြည့်လို့ ကောင်းနေဆဲ။ ထိုမိန်းကလေးက စံညွှန်းည် ကို မြင်တာနဲ့ အပြေးထ,လာကာ ...

"မောင် ... မောင့်ကိုတွေ့ချင်လွန်းလို့ လာသာလာရတယ် အလုပ်မှာ ရှိပါ့မလားလို့လေ၊ ဒီအချိန်က ထမင်းစားချိန် နီးနေပြီဆိုတော့ အပြင်မှာ ထမင်းများထွက်စားနေမလားလို့"

ရိဆက်ရှင်းကောင်တာမှ မညိုညိုကတော့ "မောင်" ဟူသော ခေါ်သံဖြင့် စကားပြောခြင်းကို နားစွန်နားဖျားကြား လိုက်သဖြင့် မသိမသာလေး နားစွင့်မိသည်။ ဘာကြောင့်လဲဆို တော့ ဒီအသစ်ဝင်လာတာ မကြာသေးတဲ့ ကောင်လေးနဲ့ ကုမ္ပဏီ ပိုင်ရှင်သမီးလေးက ဘာလိုလို မဟုတ်လား။ သူတို့ချင်း သိပ်ကို ရင်းနှီးပြီး အခုနောက်ပိုင်း ဟိုလူပြော ဒီလူပြောနဲ့မို့ သူတို့ကြိုက် နေကြပြီတောင် ထင်တာမို့ လူတစ်ဖက်သား၏ ကိုယ်ရေးကိုယ်တာ ကို စပ်စုလိုစိတ် မရှိပါဘဲ နားစွင့်မိသွားပါသည်။





"ထမင်း ထွက်မစားပါဘူး၊ အိမ်ကနေ ချိုင့်ယူလာတယ် လေ၊ အလုပ်ထဲမှာပဲ မိတ်ဆွေတွေနဲ့ အတူစုပြီး စား တယ်"

"ဟယ် ... ဟုတ်လား၊ ပျော်စရာကြီးပေါ့၊ သံလွင် အထဲ ဝင်ကြည့်လို့ ရမလားဟင်"

"ဟာ... ဘာလုပ်ဖို့လဲ သူတို့အလုပ်လုပ်နေကြတာ အနှောင့် အယှက် ဖြစ်မှာပေါ့"

"ထမင်းစားချိန်ပဲ ကပ်နေပြီ အခုလောက်ဆို ထမင်းစားဖို့ အလုပ်တွေ ခဏလက်စသတ်ကြရောပေါ့"

"ခဏနေဦး သံလွင်။ မင်း ကိုယ့်ဆီဘာလာလုပ်တာလဲ၊ ကိုယ်တို့ထပ်တွေ့စရာ အကြောင်းမရှိတော့ဘူးလေ။ မင်း နဲ့ကိုယ်နဲ့ ..."

"မင်းနဲ့ ကိုယ်နဲ့တွေ လုပ်မနေနဲ့မောင်။ သံလွင် မောင့်ကို တစ်နေ့မှ မေ့မရဘူး၊ ဘယ်လိုမှ မမေ့နိုင်ဘူး၊ ဒါကြောင့် မောင် ဘယ်ရောက်သွားပြီလဲလို့ လိုက်စုံစမ်းပြီး ချက်ချင်း ရန်ကုန် ဆင်းချလာတာ။ သံလွင် အားလုံးကို ထားရစ်ခဲ့ ပြီး ရန်ကုန်ကို ထွက်လာတာပါ၊ မောင်ကတော့ ဝမ်းသာ အားရ ဆီးကြိုမှာပဲလို့ မျှော်လင့်ပြီး ရောက်လာရတာပါ၊ သံလွင့်ကို အဲဒီလို ရင်ဝဆီးကာန်တဲ့စကားမျိုး မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်။ သံလွင် မှားခဲ့တာတွေရှိရင် ခုပဲ ကန်တော့ပြီး တောင်းပန်ပါ့မယ်၊ မောင့်ကိုပဲ သံလွင် ချစ်လို့ရပါတယ်လို့လည်း ထပ်ပြောပါတယ် မောင်”

သံလွင်ဟာ ပြောပြောဆိုဆို၊ မျက်ရည်တွေလည်း ချက်ချင်းကျလာသည်။ ချက်ချင်းပဲ ဖိနပ်ကိုချွတ်၊ အောက်မှာခင်းထားသော ကြွေပြားပြောင်ပြောင်တွေပေါ် ကျုံ့ကျုံ့ထိုင်ချလိုက်သည်။ စံညွန့်းညီကို လက်အုပ်ချီ ကန်တော့ဖို့ ပြင်လျှင် စံညွန့်းညီမှာ ရှက်ကိုးရှက်ကန်း ပျာပျာသလဲဖြစ်လျက် (ရီဆက်ရှင်းနစ်(စ)မညိုညို ရှိနေတယ် မဟုတ်လား) သံလွင့်ကို လက်မှဆွဲ၍ မြန်မြန်ထူမနေစဉ် ထမင်းစားပြီးရင် ဆက်ဝါးဖို့ ကွမ်းယာကုန်သွားသဖြင့် ဝယ်ထားရန် အပြင်ခဏ ထွက်လာသော ကိုမျိုးထွေးနဲ့ တည့်တည့်ကြီး တိုးတော့လေသည်။

ဟာ ... ဘယ်လိုတွေ ဖြစ်နေကြတာလဲ။ စံညွန့်းညီက ကောင်မလေးတစ်ယောက်ကို လက်ဆွဲလို့ပါလား။ ကောင်မလေးက ချောလှချည်လား။ မှုန်ညက်နေတာပဲ။ စံညွန့်းညီ ဆိုတဲ့ကောင်ဟာ အတော်စွံတဲ့ ကောင်ပါလား။ တွေ့လိုက်ရင် မိန်းမချော မိန်းမလှချည်းပဲ။ ဟာ ... နေဦး။ ဒါ သူ့ရည်းစားများလား။ ဒါဆို ငါတို့ရဲ့ ပင်ပိုလေးတော့ သနားပါတယ်။ ဆွေးပြီပဲ။ ဒီကောင့်မှာ ရည်းစားမရှိဘူးထင်လို့ ဝိုင်းပြီး တွန်းပို့လော





လုပ်နေကြတာတွေ မှားပါပြီ။ တကဲယ် မှားပြီ။ ကိုမျိုးထွေးသည် တည့်တည့်ကြီးဆုံသော စံညွန့်းညီကို ရယ်ပြရအခက်၊ တည်ရအခက်ဖြစ်လျက် မျက်နှာကြီး တစ်ဖက်ကို သိသိသာသာ လွှဲပြီး အောက်ထပ်လှေကားတွေဆီ သုတ်သုတ်လျှောက်သွားလိုက်မိတော့သည်။

“သံလွင် ... ဘာတွေလျှောက်လုပ်နေတာလဲကွာ၊ ရှက်စရာကြီး”

“မောင်က သံလွင့်ကို အပြစ်တွေတင်တော့မဲ့ ပုံစံနဲ့ပြောတာကိုး။ သံလွင်ကတော့ မောင့်ကို အားကိုးပြီး ဦးလေးနဲ့ ဒေါ်ဒေါ် တားတာတောင် နားမထောင်ဘဲ ရန်ကုန်ကို ဆင်းချလာတာ”

“ကဲ ... ကဲ ... ဒီမှာရပ်ပြောမနေနဲ့၊ လာ ... တစ်နေရာရာ သွားရအောင်”

“မောင် ထမင်းစားပြီးပြီလား”

“မစားရသေးပါဘူး၊ ခဏစောင့်ဦး။ ကိုယ် အထဲဝင်ပြောလိုက်ဦးမယ်”

“သံလွင်လည်း လိုက်ခဲ့မှာပေါ့ မောင်ရဲ့”

“ဟာ ... မလိုက်နဲ့ ... မလိုက်နဲ့ ... မလိုက်ပါနဲ့၊ ဒီမှာ ထိုင်စောင့်နေပါ”



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီသည် အထဲကို သံလွင်ပါ ဝင်လိုက်လာ
လျှင် အားလုံးနဲ့ ဆုံရမည်။ အားလုံး သိကုန်ကြမည်။ အထူး
သဖြင့် ပင်ပျို သိသွားမည်ဟု စိုးရိမ်မိကာ လိုက်မလာဖို့ ကပျာ
ကယာ ငြင်းပေမဲ့ သံလွင်ကမရ။ နားမထောင်။ စံညွှန်းညီကိုဆို
လျှင် အမြဲအနိုင်ကျင့်နေကျအတိုင်း စံညွှန်းညီ၏ လက်မောင်းကို
အတင်းမရမကချိတ်ပြီး အထဲလိုက်လာသည်။

"သံလွင် လက်ကြီးတွဲမထားနဲ့လေကွာ၊ နေခဲ့ပါ။ ကိုယ်
ပြန်ထွက်လာမှာပဲ"

"အထဲမှာ သံလွင်နဲ့ ပေးမတွေ့စေချင်တဲ့ တစ်ယောက်
ယောက် ရှိနေပြီထင်တယ်"

"သံလွင် နေခဲ့ပါကွာ"

"မရဘူး၊ လိုက်ဝင်လာမှာပဲ ဘာဖြစ်လဲ၊ သံလွင်က မောင့်
ချစ်သူပဲ"

မင်းပဲ ငါ့ထက်သာတဲ့ကောင်နောက် ပါသွားတာ
လေ။ မင်းပဲ ငါ့ကို ဘာစကားမှ မပြောမဆိုနဲ့ ထားရစ်ခဲ့တာလေ။
ငါဟာ မင်းရဲ့ချစ်သူ ဟုတ်သေးလို့လား ဆိုသော တုံ့ပြန်စကား
တွေကို စံညွှန်းညီ ရင်ထဲမှာ ပြောဆိုငြင်းဆန်နေမိပေမဲ့ အခုတော့
ဘာကြောင့်ရယ်မသိ ပြောမထွက်သေးချေ။ ရုံးခန်းကြီးထဲမှာ
ပြဿနာတွေ ရှင်းကြ၊ ငိုယိုကြ၊ တောင်းပန်ကြနဲ့ ဖြစ်ပျက်ရမှာ





အင်မတန်မှ ရှက်သဖြင့် စံညွှန်းညီမှာ ပြန်ပြောချင်စိတ်တွေ
မျိုသိပ်ထားလိုက်ရပါသည်။

ရုံးခန်းထဲကို အတင်း လက်မောင်းကိုင် လိုက်လာ
သော သံလွင့်ကို ဘယ်လိုမှ ထားခဲ့လို့မရတော့သောအခါ စံညွှန်း
ညီ တစ်ယောက် ကြက်ကြီးလည်လိမ်ထားသလို ပုံစံကြီးဖြင့်
ခန်းထဲ ပြန်ဝင်ရတော့သည်။ ထောင့်ချိုးလေးကို ချိုးဝင်လိုက်
ပဲ ရောက်တော့မည့် ရုံးခန်းကို မရောက်ချင်တော့သလို ခံစား
ရသည်။

ရုံးခန်းထဲ နောက်ဆုံးတော့ ဝင်လိုက်ရတော့တာပဲ
သည်။ အဲဒီမှာ ထမင်းစားဖို့ စတင်ပြင်ဆင် လူစုနေကြပြီ
သောအုပ်စုရဲ့ မျက်လုံးတွေကို တည့်တည့်ကြီး ရင်ဆိုင်ရတော့
တည်း။ အံ့သြငေးကြောင်သွားကြမည်ဖြစ်သော မျက်လုံးအစုံ
ငါး များစွာထဲတွင် စံညွှန်းညီသည် ပင်ပျို့ မျက်လုံးတစ်စုံကို
တော့ ဘယ်လိုမှ မမေ့နိုင်တော့ပေ။ အံ့သြသော၊ ကြေကွဲသော၊
သွားသော၊ နာကျင်သွားသော စသဖြင့် ခံစားချက်ပေါင်း
များစွာ ရောပွမ်းနေမည့် ပင်ပျို့ အကြည့်ကို သူလည်းဘယ်လိုမှ
ဆိုင်နိုင်စွမ်း မရှိတော့ပေ။

"မောင် ရုံးကလူတွေနဲ့ မိတ်ဆက်ပေးဦးလေ၊ ဟိုမှာ
သူတို့အကဲခတ်နေကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ကား အစစအရာရာ ပါးနပ်လည်ပတ်လှသူ ဖြစ်ရာ ဒီထဲဝင်လာလိုက်တာနဲ့ အားလုံးရဲ့ အကြည့်တစ်မျိုးကြီး တွေကို ချက်ချင်းခံစားလို့ ရသွားသည်။ အံ့သြပြီး ကြည့်တာခြင်း အတူတူ သူတို့အံ့သြပုံက မတူဘူးဟု ထင်သည်။ လုပ်ဖော်ကိုင် ဖက် တစ်ယောက်ရဲ့ ကောင်မလေး ဒီရုံးခန်းထဲ ပါလာလို့ အံ့သြ ပြီးကြည့်သော အကြည့်ထက် မထင်မှတ်ထားတာကို သိလိုက်ရ သော အံ့သြမှုက ပိုနေမလားလို့။

အထူးသဖြင့် ဒီရုံးခန်း ခပ်ကျဉ်းကျဉ်းလေးမှာရှိသော အုပ်စုတွင် အန်တီအရွယ်ကြီးတစ်ယောက်။ အစ်မအရွယ်တစ် ယောက်တို့ကြားမှာ ငယ်ရွယ်နုပျိုပြီး ချောမောချစ်စရာကောင်းလှ သော ကောင်မလေးတစ်ယောက် ရှိနေခြင်းနှင့် ထိုကောင်မလေး ၏ အကြည့်ကလည်း ဘယ်လိုတစ်မျိုးထူးခြားမှန်းမသိ ဖြစ်နေ ခြင်းက သံလွင့်ကို သေသေချာချာ အကဲခတ်နိုင်စေပါသည်။

"ထမင်းစားကြတော့မှာလား၊ အစ်မတို့ ကျွန်တော်တော့ ဒီနေ့ အတူဝင်မစားဖြစ်တော့ဘူး၊ စောင့်မနေနဲ့တော့နော်"

စံညွန့်ညီက သူ့ ဘာစကားမှ မပြောရင် အားလုံးကို အသိအမှတ် မပြုရာရောက်မှာစိုး၍ သူ့ လက်ကိုင်အိတ်ကြီး ကောက်ကိုင်ရင်း နှုတ်ဆက်သလို ပြောလိုက်သည်။

"ရုံးပြန်လာဦးမှာလား မောင်စံညွန့်"

အားလုံး အသံတိတ်နေ၍ ဒေါ်စိုးမိုးကပဲ အားနာပြီး အဆင်ပြေတာ တစ်ခုခု လှမ်းပြောလိုက်ရသည်။

"ဟုတ်ကဲ့ ပြန်လာမှာပါ၊ ထမင်းစားချိန်အပြီး ဆယ့်နှစ် နာရီခွဲမှာ ကျွန်တော် ပြန်လာခဲ့မှာပါ"

"မိတ်ဆက်ပေးဦးလေဟယ်၊ နင်ကလည်း"

မကျော်ကျော်မေက ခပ်ရွဲ့ရွဲ့လိုလို လေသံဖြင့် စကားစ,ပါသည်။ ဒီတော့မှ စံညွန့်ညီလည်း အားလုံးကို အသေ အချာကြည့်ရင်း ...

"သူက သံလွင်တဲ့၊ ကျွန်တော်တို့ ပြင်ဦးလွင်ကပါပဲ၊ ကျောင်းနေဖက် သူငယ်ချင်းတွေပေါ့"

ဟူ၍သာ ခပ်ရိုးရိုး မိတ်ဆက်ပေးပေမဲ့ သံလွင်ကား မရ။ အသံသဲ့သဲ့လေး ရယ်လိုက်လျက် ...

"ပြင်ဦးလွင်က ထွက်သွားပြီး စာမလာသတင်းမကြားဖြစ် နေလို့ လူပျောက်ရှာဖို့ ဆင်းလိုက်လာရတာလေ၊ သူက အဲဒီလိုပဲ မေ့ချင်ရင်လည်း တအားမေ့နေရော၊ သတိရပြန် ရင်လည်း သူ့လောက် သတိရတာ မရှိဘူး"

စံညွန့်ညီရဲ့ လက်မောင်းကို ထပ်တွဲလိုက်ပြီး ပြော လိုက်ဟန်သည် အားလုံးရှေ့မှာ မဏ္ဍပ်တိုင် တက်ပြပြီးသလို ဖြစ်သွားခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"သွားလိုက်ဦးမယ်နော်၊ သံလွင့်ကိုလည်း သူ့ကို ခင်မင်သလို ခင်မင်နိုင်ပါတယ်"

အားလုံး ခေါင်းညိတ်ပြသလား၊ ဒီတိုင်းကြည့်နေမိသလား၊ သူတို့ကိုယ်သူတို့ပင် မသေချာဘဲ ထိုစုံတွဲကို ငေးကြည့်ပြီး တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ကြသည်။ ထမင်းဝိုင်းမှာ ဖွန်းသံခွက်သံကလွဲရင် ဘာသံမှ မကြားရသလောက်နီးပါး တိတ်ဆိတ်နေတုန်း ကွမ်းယာထုပ် သွားဝယ်သော ကိုမျိုးထွေး တစ်ယောက် အမောတကော ပြန်ဝင်လာတော့သည်။

"ဟာ ... ငါတို့ကောင်တော့ ခုမှ ပေါ်ပြီဟ။ သူ့ကောင်မလေး လိုက်လာတယ်လေ။ ဘာတွေဖြစ်ထားကြလဲမသိဘူးတဲ့၊ ကောင်မလေးကငိုလို့ ဟိုကောင်ကလည်း ချော့တော့ ချော့ပေမဲ့ စိတ်ရှုပ်သလိုလိုနဲ့ မျက်နှာကြီးမှုန်လို့ သိလား၊ မညိုညို ပြောတော့ ကောင်မလေးက 'မောင်'လို့တောင် ခေါ်တယ်ဆိုပဲ"

ကိုမျိုးထွေးဟာ သူသိလာသမျှကို တရဟောပြောလိုက်လျှင် အားလုံး (ပင်ပျိုကလွဲ၍) ကိုမျိုးထွေးကို ဆက်မပြောဖို့ မျက်စမျက်နတွေ ပစ်ကုန်ကြတော့လေသည်။ ကိုမျိုးထွေးလည်း ဒီတော့မှ ပင်ပျို့ကို အားနာသလိုလို ဖြစ်သွားပြီး အင်း ... အဲတွေ ဖြစ်ကုန်တော့သည်။





ပင်ပျိုသည် ရင်ထဲမှာ နာနေတာကို ဟန်ဆောင်ဖုံးဘွယ်ရင်း ဟင်းကိုမွှေခပ်နေမိသည်။ လက်ကိုမတုန်အောင် ကြိုးစားညိန်းလျက် ...

"ဒီမှာ အန်တီ စားကြည့်ပါဦး၊ မေမေ့လက်ရာ ဘဲပေါင်းကြံမဆိုင်ဟင်းလေ။ မြန်မာလို ဘဲသားဆီပြန် ချက်စားရတာ ရိုးလာပြီဆိုပြီး ချက်နည်းပြုတ်နည်း စာအုပ်ဖတ်ပြီး ချက်ကြည့်ထားတာတဲ့"

ဘဲသားအတုံးလေးတွေ ခပ်ထည့်ပေးပြီး ဘာမှမခံစားရဟန်ဆောင်ရသည်မှာ အတော့်ကို ခက်ခဲလှပါသည်။ ဒီတစ်ဆက်ရှင်လုံးမှာ တွဲစ,အခံရဆုံး လူနှစ်ဦးဟာ သူတို့ကိုယ်တိုင်လည်း ထိုသို့တွဲပြီး အစခံရလျှင် ငြင်းလည်းမငြင်း၊ ရှက်လည်းမရှက်ကြတော့ဘဲ ရယ်မောနေတတ်ကြတဲ့အထိ အခြေအနေတစ်ခုကို ရောက်အောင်တွန်းပို့ပေးခြင်းအား ကျေနပ်ခဲ့ကြသူများဖြစ်ခဲ့လေရာ သူတို့နှစ်ဦးရဲ့ အဆုံးသတ်ဟာ တစ်နေ့ကျ ဒီလိုဖြစ်လာလိမ့်မယ်ရယ်လို့ ဘယ်သူကမှ မမျှော်လင့်ခဲ့ကြပေ။

အခုတော့ ...။ အင်း ... အခုကျတော့ ...။ ပင်ပျို့မှာသာ ဘယ်လိုမျက်နှာထားနဲ့ ရင်ဆိုင်ရမှန်း မသိတော့အောင် အကျဉ်းအကျပ်ထဲရောက်လျက် အားလုံးက အလိုက်သိပြီး ဒီအကြောင်းမပြောလေလေ အနေရခက်လေလေ ဖြစ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီကား ထမင်းစားချိန်ပြီးလျှင် ပြန်လာခဲ့ပါမည်ဟု ပြောသွားပေမဲ့ ထမင်းစားချိန်အပြီးလောက်မှာ ရီဆက်ရှင်းမှ အစ်မကြီး မညိုညိုထံမှတစ်ဆင့် ...

"ကိုစံညွှန်းညီက နေ့တစ်ဝက်ခွင့်တင်ပေးဖို့ ကျွန်မကို ဖုန်းဆက်ပြောသွားပါတယ်"

ဟူသော သတင်းပို့မှုကို ကြားသိရပါသည်။

ပင်ပို့သည် "မနက်ဖြန်မှာ" ဟူသော ခေါင်းစဉ်တစ်ခုကို နာကျင်မှန်းတီးစွာ မေ့ပစ်လိုက်ပါတော့သည်။ ဘာကြောင့် သူရှိချင်မှ ရှိနေမဲ့ အဲဒီရှောပင်းမောလ်ကို သွားနေတော့မလဲ။ ဘာကြောင့် သူ့ကို အဖော်လိုက်ပေးပြီး သူဝတ်ဖို့ ရှပ်အင်္ကျီကို ရွေးပေးဖို့ လိုတော့မလဲ။ သူ့မှာ ရွေးပေးမဲ့ ချစ်သူက ရှိပြီးသားလေ။

❦ ✢ ❦





၈

ဟန်စောမှာ သံလွင် ဟူသော အမည်ကို ကြားကြားချင်း "တောက်" ခနဲ ဖြစ်သွားကာ ဒေါသတကြီးပင် ...

"ဟာကွာ ... မင်းကလည်း"

ဟု ရေရွတ်ပစ်လိုက်တော့လေသည်။

စံညွှန်းညီသည် စိတ်ရှုပ်ရလွန်းသဖြင့် ခေါင်းကို မကြာခဏ ဖွပစ်မိနေလေရာ နဂိုတည်းက ခပ်တိုတိုထောင်ထောင်ရှိလှသော ဆံပင်တွေလည်း ပုံမကျစွာ ပွယောင်းနေတော့သည်။ စံညွှန်းညီ ဆံပင်တွေက ယောက်ျားပီပီ ခပ်ကြမ်းကြမ်း၊ ဆံပင်လုံးထူထူရှိလျက် ဒီဆံပင်ပုံတစ်မျိုးကလွဲရင် တခြားဘယ်ပုံကိုမှ ပြောင်း၍မလွယ်သော ဆံပင်မျိုးလည်း ဖြစ်သေးသည်။ ဆံပင်မှာ ဂျယ်လ်သေသေချာချာထည့်ပြီး ဖြီးသင်မထားဘူးဆိုလျှင် ထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပွရှုပ်နေတတ်သေးသည်။ အခုတော့ စိတ်ရှုပ်ရတာနဲ့ရောပြီး ဆံပင်တွေက ပိုပင်ရှုပ်နေသလား မသိ။

"အပြတ်ပြောပစ်လိုက်ပေါ့ကွ၊ ဒီလို အလိုရှိမှ ပြန်လာပြေးကပ်တိုင်း ငြိမ်ခံစရာလား၊ လက်ခံစရာလား"

"မင်း ငါ့နေရာကနေကြည့်ကွ။ မိန်းကလေးတစ်ယောက်က ခြေသလုံးဖက်မတတ် တောင်းပန်နေတာ၊ ပြီးတော့ လူမြင်ကွင်းကြီးမှာ ပြောရဆိုရတာကွ။ ငါက ငါ့အနေအထားနဲ့ သူ့ကို အပြစ်တင်နိုင်ရုံ၊ ငြင်းနိုင်ရုံကလွဲရင် ဒီထက်ပိုပြီး ဘာလုပ်လို့ ရမှာလဲ"

"အေး ... အဲဒီတော့လည်း ခံပေါ့ကွာ၊ ငါပြောရရင်မကောင်းဘဲ ရှိတော့မယ်၊ နွားဖားကြီး အထိုးခံရတဲ့ အတိုင်းပဲ"

စံညွန့်ညီမှာ စိတ်ညစ်ပြီး တိုင်ပင်မိပါမှ ဟန်စောဆီက အပြစ်တင်စကားကို ရင်ဆိုင်ရလျှင် ပိုပြီးစိတ်ညစ်နေရတော့သည်။ အခုချိန်လောက်ဆို ပင်ပျို့ကော ဘယ်လောက်များ စံညွန့်ညီကို ဒေါသဖြစ်နေမလဲ။ ဘယ်လောက်များ ရှက်သွားလိုက်မလဲ။ ရုံးထဲကလူတွေ ဝိုင်းပြီးတွဲစ,နေကြတဲ့ ကာလတုန်းက ပင်ပျို့ဟာ အစခံရ၍ စိတ်လည်းမဆိုး။ စံညွန့်ညီ အပေါ်လည်း အခင်အမင်ပျက်သွားတာမရှိ။ အနေစိမ်းသွားတာမရှိ။ အဲဒီလို အမူအရာတွေနဲ့ စံညွန့်ညီကို လိုလားလက်ခံထားကြောင်း ပြသထားဖူးတဲ့





မိန်းကလေးဟာ စံညွန့်ညီဘက်က သက်ဆိုင်သူ မိန်းကလေးတစ်ယောက် ဖြန်းခနဲပေါ်လာသောအခါ ဘယ်လောက်များ ရှက်သွားရှာမလဲ၊ စံညွန့်ညီဘက်ကလည်း ဖွင့်ပြောတော့မယ်ဆိုပြီး တစ်နေရာရာမှာ ဆုံကြဖို့တောင် တမင်ချိန်းသလို စကားစ,ထားမိဘဲ့နေ့မှ တိုက်တိုက်ဆိုင်ဆိုင် သံလွင်က ရောက်ချလာခဲ့သည်မှာ စံညွန့်ညီ ကံဆိုးတာဟုပင် ပြောရမလို ဖြစ်နေတော့သည်။

"မင်းရဲ့ပင်ပျို့တော့ မင်းကို တော်တော်စိတ်နာသွားမှာပဲထင်တယ်"

"စိတ်နာလား မနာလားတောင် မသိပါဘူးကွာ၊ ငါ သူ့မျက်နှာကိုတောင် သေသေချာချာ မကြည့်ခဲ့မိပါဘူး၊ ပိုဆိုးတာက မနက်ဖြန်ကျ သူ ရှောင်သွားရင် ငါလည်းလိုက်မယ်ဆိုပြီး သွားချိန်းထားခဲ့မိတာပဲကွာ၊ ငါ သူ့ကိုဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်တယ်လို့ မင်းကို ပြောထားတယ်မဟုတ်လား၊ အဲဒါ ငါ မနက်ဖြန်ကျ ပြောမလို့ပါပဲ၊ အခုတော့ ..."

"ဘာဖြစ်လဲကွ၊ ဖွင့်ပြောတော့ ဘာဖြစ်လဲ"

"ဟ ... ဘယ်ဖြစ်တော့မလဲကွာ၊ သံလွင့်ကို သူတွေ့သွားပြီလေ။ သံလွင်ရှိရက်သားနဲ့ ငါက သူ့ကိုဖွင့်ပြောတာဟာ တမင် မထီမဲ့မြင် လုပ်ပြရာ ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြလိုက်ပေါ့ကွ"

"သူက ယုံပါ့မလား၊ ယုံတာ မယုံတာထားတော့ ငါ့ဘက်က အရင်ဆုံး သံလွင့်ကို ရှင်းလင်းအောင် ပြောပြီးမှ ပင့်ပျို့ကို ဖွင့်ပြောဖို့ ဝိုသင့်တော်မယ်၊ အခုတော့ ငါ့မှာ ရည်းစားလက်ရှိကြီး ရှိနေသလို ဖြစ်နေတယ်"

"မင်းက ပျော့တာကိုး။ မင်းက လက်ခံတာကိုး။ တကယ်ဆို မင်းက ဘာမှအပြစ်မရှိတဲ့ကောင်၊ သူ ထားသွားတာကို ခံလိုက်ရတဲ့ကောင်"

စံညွန့်ညီသည် နဂိုတည်းက ခပ်အေးအေး ခပ်ပျော့ပျော့သမား၊ အားလည်းနာတတ်လှသူ ဖြစ်တာမို့ သံလွင်ဟာ ဒီအားနည်းချက်ကို ကောင်းကောင်း အသုံးချပြီး စံညွန့်ညီကို လှည့်ချင်တိုင်း လှည့်နေတော့တာဖြစ်သည်။

"အခု သူ ဘယ်မှာနေတာလဲ"

"ခုလောလောဆယ် သူငယ်ချင်းတစ်ယောက်အိမ်မှာ ခဏတည်းနေတယ်တဲ့။ မနက်ဖြန်ကျ သူ့ကိုလာခေါ်ပါတဲ့။ အဆောင်လိုက်စုံစမ်းပေးပါတဲ့၊ ဒီမှာအဆောင်နေပြီး ဒီမှာပဲ အလုပ်ရှာမယ်တဲ့၊ ငါ့ကိုလည်း ငါတို့အလုပ်မှာ ပြောပေးဖို့ပေါ့၊ ငါနဲ့အတူတူ အလုပ်လုပ်ချင်တယ်ပေါ့၊ အစုံပါပဲ မှာလိုက်တယ်"





"မင်းက ပင့်ပျို့ရှေ့မှာ နှစ်ယောက်အတူတွဲပြီး အလုပ်လုပ်ပြဦးမလို့လား"

"ဟာ ... မလုပ်ပါဘူး၊ အဲဒီလိုတော့ ငါမလုပ်ပါဘူး။ သူ့ဘာသာ တခြားမှာရှာရင် ရှာပစေပေါ့"

"အဓိပ္ပာယ်လုံးဝမရှိဘူးကွာ၊ မြို့မှာ သူ့ဦးလေး အဒေါ်တွေနဲ့ အတူတူနေလာပြီးမှ အခုမှ တစ်ယောက်တည်း ရန်ကုန်ဆင်းလာရသလား။ ဟိုမှာ အခြေကျနေတဲ့ သူ့လုပ်ငန်းရှိရက်နဲ့ ဒီကိုလာစရာ ဘာမှအကြောင်းမရှိဘူး"

"ငါ ပြင်ဦးလွင်ကို အပြီးပြန်မှ သူလည်း ပြန်မယ်တဲ့"

"အေးကွာ ... ငါ မင်းကို အပြစ်တင်မိတာသာ ရှိပါတယ်၊ တကယ်တော့ မင်းဘက်က မခံချင်လို့ ဟိုလိုလုပ်ပါလား ဒီလိုလုပ်ပါလား ဝင်ပါမိတာပါ။ မင်းနေရာမှာ ငါဆိုလည်း ဘယ်လိုဖြေရှင်းရမှန်း သိမှာမဟုတ်ဘူး။ မိန်းကလေးတစ်ယောက်က အတင်းပြန်ကပ်တာကို ခွာထုတ်ရတော်တော်ခက်တာ ငါ နားလည်ပါတယ်။ တကယ်တော့ စာတွေထဲမှာသာ ယောကျ်ားတွေက မိန်းမတွေဆို အနိုင်ကျင့်တယ်၊ အရှက်ခွဲတတ်တယ်တွေ ဘာတွေ ရေးရေးနေတာနော်၊ မိန်းမတွေက ဒီလို အတင်းလိုက်ကပ်ပြီး ခွာမရ ပြုမရဖြစ်တဲ့အခါ ယောကျ်ားတွေဘက်မှာ အခက်အခဲတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ကြုံရတယ်ဆိုတာ ပြောပြရတော်တော်ခက်တယ်"

စံညွှန်းညီမှာ မနက်ဖြန်တွင် ပင်ပျို့နဲ့ဆုံဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်တော့မှန်း ကြိုသိနေပြီး ပင်ပျို့ကို တနင်္လာနေ့မှာ ပြန်ဆုံရင် ဘာတွေပြောပြရမလဲ ဆိုတာလည်း စဉ်းစားမရဖြစ်နေသည်။ သံလွင် အကြောင်း ပြောပြသင့်သလား။ ဒါမှမဟုတ် စံညွှန်းညီနဲ့ သံလွင် ဆိုသော လူနှစ်ယောက်ရဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောရမလား။

ပင်ပျို့ဆီ လိုရမယ်ရတော့ ဖုန်းဆက်ပြီး နေ့လယ်ဆယ့်နှစ်နာရီခွဲမှာ သူ ရောက်မလာနိုင်တဲ့ အကြောင်းကိုတော့ ပြောထားသင့်သည်ဟု တွေးမိပြီး မနက်ကျမှ အောက်ထပ်က ဗီဒီယိုခွေအငှားဆိုင်မှာထားသော အခကြေးငွေပေးပြီး ဆက်ရသည့် ဖုန်းကို ဆက်မည်ဟူ၍ စဉ်းစား။ ပင်ပျို့နဲ့တော့ မသွားဖြစ်သော်ငြား သံလွင့်ကိုတော့ မနက်ဆယ်နာရီမှာ သူ့သူငယ်ချင်းအိမ်က သွားခေါ်ပြီး အဆောင်လိုက်ရှာပေးဖို့ ကူညီမည်ဟု ကတိပေးထားခဲ့ရသည်။

တကယ်တော့ သံလွင်နဲ့သူဟာ သံလွင့်ဘက်ကစပြီး သူ့အပေါ် အကြောင်းမဲ့ ရက်စက်ခဲ့လို့ အဆက်အသွယ် ပြတ်ခဲ့တာ တစ်နှစ်နီးပါးပင် ရှိခဲ့ပါသည်။





သံလွင့်မှာ မိဘမရှိတော့။ စံညွှန်းညီ သံလွင့်ကို သိကတည်းက သူမဟာ အမေဘက်က တော်စပ်သော အမေ့အောင် ဦးလေးဖြစ်သူ၏အိမ်မှာ နေနေရသူဖြစ်သည်။ သံလွင့်ကို စံညွှန်းညီ ဆယ်တန်းဖြေမည့်နှစ်မှာမှ ကျူရှင်အတူတူတက်ရင်းကြားထဲက သူငယ်ချင်းတစ်ယောက် မိတ်ဆက်ပေးမှုကြောင့် သိကျွမ်းခဲ့ရတာဖြစ်သည်။

အဲဒီတည်းက သံလွင်သည် ယောကျ်ားလေးတွေနဲ့ ဆို(အထူးသဖြင့် ပိုက်ဆံချမ်းသာသော၊ သုံးနိုင်စွဲနိုင်သောယောကျ်ားလေးတွေ)တော်တော်လေး အရောတဝင်ရှိလှတာကို သတိထားမိခဲ့သည်။

သံလွင်က တော်တော်လည်းလှသည်။ ရှမ်းတရုတ်သွေးစပ်၍ အသားဖြူဖြူစင်စင်ကလေးလည်းဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အထူးတလည် ကစားစရာမလိုပါဘဲ မယ်ရွေးပွဲဝင်နိုင်လောက်အောင် အချိုးအစားလည်း ပြေပြစ်သေးလေသည်။

"အံမယ် … စံညွှန်းညီ ဆိုတော့ ဘယ်လို စံချိန်၊ စံညွှန်းတွေနဲ့ ကိုက်ညီနေတာလဲ ပြောပါဦး၊ နာမည်က အစီဗွာယ်ရှိလိုက်တာရှင်"

စတွေ့ခါစကတော့ သံလွင်ဟာ စံညွှန်းညီရဲ့ သိပ်ပြီးစိတ်ဝင်စားစရာ မကောင်းလှသော ရုပ်ရည်၊ အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



အားဆေးမှု၊ ပိုက်ဆံချမ်းသာလှပေမဲ့ ခပ်ရိုးရိုးသာ နေတတ်ပြီး သိပ်ပြီးကြွားကြွားဝါဝါ မနေတတ်မှုတို့ကြောင့် သိပ်ပြီးအထင်ကြီးခဲ့ပုံမရ။

စံညွန့်ညီကို ရှိတယ်လို့တောင် မထင်ဘဲ စံညွန့်ညီကိုဆို ရယ်စရာလိုလို၊ စ,စရာလိုလို ထင်နေတတ်သည်။ OCD အကျင့်ဆိုးကြီး ရှိတတ်သော စံညွန့်ညီ အဖြစ်ကို ရိပ်မိသူလည်း ရှိသလို မရိပ်မိသူလည်း ရှိလေရာ ရိပ်မိသူတွေထဲမှာ သံလွင်တစ်ယောက်လည်း အပါအဝင် ဖြစ်သွားလေရာ သံလွင်ဟာ သူများရဲ့အားနည်းချက်ကို အသုံးချပြီး မကြာခဏ အစဖော်ကာ နောက်ပြောင်တတ်သူလည်း ဖြစ်သေးသည်။

"ဟဲ့ ... စံညွန့်ညီ၊ နင်က ကိုယ်လုပ်ခဲ့ပြီးသား အရာတစ်ခုကို မလုပ်ရသေးဘူးထင်ပြီး ခဏခဏပြန်သွားလုပ်မိတယ်ဆိုတော့ ဥပမာ ... ပြောမယ်ဟာ၊ နင်သဘောကျနေတဲ့ မိန်းကလေးကို 'ချစ်တယ်'လို့ တစ်ခါဖွင့်ပြောပြီးပေမဲ့ မပြောရသေးဘူးထင်ပြီး ခဏခဏသွားဖွင့်ပြောနေမိရင် ရယ်စရာကြီး ဖြစ်နေမှာပေါ့နော်၊ ပြီးတော့ ထမင်းခုလေး တင်စားပြီးရက်နဲ့ မစားရသေးဘူးထင်ပြီး ခဏခဏထပ်စားနေရင် နင့်အတွက် ထမင်းပိုကုန်မှာပေါ့နော်၊ ပြီးတော့ လူလည်း ပိုဝလာမဲ့ သဘောမှာရှိတယ်"





လူရှေ့မရှောင်၊ သူ့ရှေ့မရှောင် ထုတ်ပြောပြီး စတတ်သောက်တတ်သလို စံညွန့်ညီကိုလည်း သိပ်ပြီးအရေးတယူမရှိလှ။ စံညွန့်ညီကသာ ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးတစ်ဦးအဖို့ လူကြိုက်များ ရေပန်းစားပြီး ချောမောလှပသွက်လက်လှသော သံလွင့်ကို အများနည်းတူ စိတ်ဝင်စားမိခဲ့တာဖြစ်သည်။ ယောကျ်ားလေးအများစုက သံလွင့်ကို ချစ်သူဖြစ်ခွင့် ရချင်သလိုပဲ စံညွန့်ညီလည်းပဲ အဲဒီထဲမှာ ပါခဲ့ပါသည်။

ထိုအရွယ်တုန်းကတော့ အချစ်ဆိုတာကို ဘာမှန်းရေရေရာရာမသိပါဘဲ စိတ်ထဲမှာသဘောကျမိလျှင်ပင် ဒါဟာသူ့ကို ချစ်သွားတာပါပဲဟု ထင်ယောင်ထင်မှားနဲ့ ရှုံးသွပ်မိခဲ့ဖူးလေသည်။ သံလွင့်ကိုသာ ချစ်သူတော်ရလျှင် သူဟာ အားလုံးက အားကျအားမောခံရမည့် အဖြစ်ကိုလည်း အတော်ပင် မက်မောမိပါသည်။

ဟန်စောကတော့ အဲဒီတည်းက သံလွင့်ကို ကြည့်၍၊ ဟန်စောကလည်လည်းလည်သလို လူကဲခတ်လည်း တော်လေရာ သံလွင့်ကို အပေါ်ယံ အကဲခတ်ရုံနဲ့တင် ...

"သွားမစနဲ့ စံညွန့်၊ အဲဒီကောင်မလေး မလွယ်ဘူးနော်၊ အလည်မလေးကွ။ သူ့ကိုကြိုက်တဲ့ကောင်တွေထဲမှာ ပိုက်ဆံပိုသုံးနိုင်တဲ့ကောင်၊ မိဘချမ်းသာတဲ့ကောင်တွေကိုပဲ ရွေးပြီး ခေါ်ခေါ်ပြောပြောဆက်ဆံတာကွ။ ငမွဲကောင်တွေဆို အပြတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောထည့်ပြီး ငြင်းပစ်လိုက်တယ်တဲ့။ ကြိုးရှည်ရှည်
တောင် မထားထားဘူးတဲ့။ အေး... ပိုက်ဆံရှိလိုက တော့
သူက ပြန်လည်းမကြိုက်၊ အဖြေလည်း မပေးပေမဲ့ အရမ်း
အရောတဝင် ပြန်နေပြတာပေါ့။ စက်ဘီးနောက်က ရှတ်
ပါသွားလိုက်၊ ဆိုင်ကယ်နောက်က ရှတ်ခနဲ ပါသွားလိုက်
ပိုးကြေးပန်းကြေး ဘာဝယ်ပေးမလဲ လာခဲ့ပဲ၊ လုံးဝမငြင်း
လက်ခံတာပဲ။ အဖြေတောင်းရင်တော့ ဆယ်တန်းဖြေ
မယ်။ ခဏစောင့်ပါ၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်
ရမှ အချစ်ရေးကို စဉ်းစားမှာမို့ပါတဲ့၊ အဲဒီလို အပျော်
အချိုသတ်ပေါင်းထားပြီး ယောက်ျားလေးတွေကို အသုံး
နေတာကွ"

ဟူ၍ စံညွှန်းညီ တစ်ယောက် သံလွင့်အပေါ် ယ
ယိုင်နေမှန်း ရိပ်မိသောအခါ သတိပေးပါသည်။

သို့သော် စံညွှန်းညီ နားထဲမဝင်။ အဆိပ်တက်
တုန်းအချိန်၊ အချစ်စိတ် မွှန်နေတုန်းအချိန်မို့ ဟန်စောပြောလ
ပြောရတာပဲ မောရုပ်ရှိသည်။ ဒီကြားထဲမှာ သံလွင်ဟာ အ
တော့ စံညွှန်းညီကို ရယ်စရာ လှောင်စရာ သတ္တဝါလို
သဘောထား ဆက်ဆံခဲ့ပေမဲ့ အခုနောက်ပိုင်းကျ အချိုးပြောင်း
တော့သည်။





ဘယ်က ဘယ်လိုသိသွားသည်မသိ။ စံညွှန်းညီတို့က မိဘမျိုးရိုး တောက်လျှောက်ကြွယ်ဝချမ်းသာလာခဲ့သူများဖြစ်ပြီး ခြံလုပ်ငန်းဆိုပေမဲ့ သူများတွေလို သာမန်ကာလျှံကာ အသေးစားလုပ်ငန်း မဟုတ်ဘဲ တကယ့်ကို မြေကေများစွာ ပိုင်ဆိုင်ပြီး နိုင်ငံခြားတင်ပို့နိုင်သည်အထိ သစ်သီးတွေစိုက်ကြတဲ့ လုပ်ငန်းကြီးဆိုတာလည်း သံလွင် သိလာသည်။ မျိုးရိုးစဉ်ဆက်တစ်လျှောက် ငွေကြေးပြည့်စုံလာခဲ့သူများလည်းဖြစ်ရာ အိမ်တွေမြေတွေကလည်း ဘယ်မြို့ဘယ်ရွာမှာမဆို ပိုင်ဆိုင်ထားသေးကြောင်း သံလွင် သတင်းကြားလာပုံရသည်။ (စံညွှန်းညီ မိဘတွေက ရန်ကုန်မှာလည်း သုဓေ့ရပ်ကွက်တွင် အိမ်ကောင်းကောင်းတစ်လုံးရှိပေမဲ့ ထိုအိမ်ကိုတော့ သံရုံးဝန်ထမ်းမိသားစုတို့ကို ငှားထားပါသည်။ ဒါကြောင့် စံညွှန်းညီတို့ ရန်ကုန်ဆင်းလာတော့ သီးသန့်တိုက်ခန်းတစ်ခန်း ထပ်ဝယ်ပေးရတာဖြစ်သည်)သံလွင်သည် စံညွှန်းညီတို့၏ မက်မောလောက်စရာအခြေအနေကို အလွန်အမင်း လိုလားတပ်မက်သွားမည်ဖြစ်ကြောင်း အခုမှ တရေးရေး စဉ်းစားသိမြင်လာပါသည်။

သံလွင်ဟာ အဲဒီနောက်ပိုင်းတော့ ...

"စံညွှန်းညီရယ် ... နင်က တော်တော်လှိုတာပဲနော်၊ နင်တို့ ဒီလောက်ချမ်းသာတာကို ရိုးရိုးကုပ်ကုပ်လေး နေပြတယ်။ ကျူးရှင်လာတာတောင် စက်ဘီးပုံတုံးကြီးနဲ့၊ နင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေစီးခဲ့တဲ့ စက်ဘီးကြီးလိုပုံမျိုးနဲ့ လာတယ်နော်၊ ဘာ ဖြစ်လို့လဲ”

ဟု သူမ စံညွှန်းညီ အကြောင်း သိသွားဟန်ဖြင့် မေးတတ်ပါသည်။

စံညွှန်းညီကတော့ ပြောမနေနဲ့။ အရင်က ကိုယ့်ကို စ,စရာ၊ နောက်စရာ သတ္တဝါအဆင့်လောက်သာထားသော မိန်းကလေးက အရေးတယူ ကိုယ့်မိသားစုအကြောင်း၊ ကိုယ့်အကြောင်း မေးလာသောအခါ သွားကြီးတဖြဲဖြဲနဲ့ အိတ်သွန်ဖာမှောက်ပြော ပြမိတော့တာပဲပေါ့။

“ချမ်းသာပေမဲ့ မိဘချမ်းသာတာပဲ ဘာကြောင့် ကြွားနေ စရာလိုလဲ သံလွင်ရယ်။ ကိုယ်ပိုင်တဲ့ပစ္စည်း မဟုတ်ဘဲနဲ့ မာန်မတက်ချင်ပါဘူး”

စံညွှန်းညီရဲ့ အေးဆေးပြီး မာန်မာနကင်းသော စကားတို့ကို ကြားရလျှင် သံလွင်မှာ တအံ့တဩနဲ့ ဒီလူ့လောက် ရိုးတဲ့သူ ဘယ်မှာမှ မရှိနိုင်ဘူးဟု တွေးမိပုံရသည်။ နောက်တော့ သံလွင်ဟာ စံညွှန်းညီမှ စံညွှန်းညီ ဖြစ်လျက် အဖြစ်သည်းသည်း အကဲပိုပို အမူအရာတွေဖြင့် စံညွှန်းညီထံမှ ချစ်စကားကို ထွက်ကျလာဖို့ ရအောင်လုပ်ယူနိုင်ခဲ့လေသည်။ ဘာကြောင့်လဲဆိုတော့ စံညွှန်းညီဟာ လူကသာ သေမလောက် သဘောကျပြနေတာ ဖြစ်ပေမဲ့ ဖွင့်လည်းမပြောရဲ။ နှုတ်သွက် လျှာသွက်လည်းမရှိ





ဒီကြားထဲ ဟန်စောကလည်း အနားမှာ သတိတပေးပေးနဲ့ တားမြစ်နေတာကြောင့် တွေဝေမိတာတွေလည်းရှိနှင့် သံလွင့်ဘက်က တရင်းတနှီး ရှိပြတာတောင် ရှေ့တိုးမလာရဲခဲ့လို့ပါ။

သံလွင်ကပဲ စပြီး ရေလာမြောင်းပေးတွေ လုပ်ရတာဖြစ်သည်။ စံညွှန်းညီ ဖွင့်ပြောဖြစ်သွားတာထက် သံလွင်ဘက်ကစပြီး အလိုက်တသိလေး စကားလမ်းကြောင်း ပေးခဲ့တာမျိုး ဖြစ်ခဲ့သည်။

“စံညွှန်းညီမှာ သိပ်ချစ်ရတဲ့ချစ်သူ မရှိဘူးလား”

ဆိုတာမျိုး မေးလိုမေး။

“တက္ကသိုလ်တက်ရင် နင်နဲ့ငါ အတူတူတက်ချင်တယ် သိလား၊ ဒါမှ ငါ့နားကို ဘယ်ကောင်မှ မကပ်ရဲတော့မှာ”

ဆိုတာမျိုး ဟိုလိုလို ဒီလိုလို ပြောလိုပြော။

“သံလွင်က ငယ်ငယ်တည်းက အဖော်မဲ့ခဲ့တာလေ၊ အဖေနဲ့အမေက တစ်ယောက်တည်းလည်းမွေးထားသေး။ ပြီးတော့ သူတို့က ငါ ရှစ်နှစ်အရွယ်မှာ ကားမှောက်တဲ့အထဲပါပြီး အတူတူ ဆုံးသွားသေးဆိုတော့ ငါ့မှာ မိဘလည်းမရှိ။ ညီအစ်ကို မောင်နှမဆိုတဲ့ အဖော်လည်း မရှိခဲ့ဘူး။ ဦးလေးနဲ့ အဒေါ် မိသားစုဆီမှာ ခိုကပ်နေရတာ နင်ပဲ စဉ်းစားကြည့်။ ကိုယ့်မိဘအရင်းမှ မဟုတ်တာ။ ငါ့ကို စောင့်ရှောက်ထားရုံ



www.burmeseclassic.com

www.burmeseclassic.com



ကလွဲရင် သမီးရင်းလိုတော့ ဘယ်ချစ်မလဲဟယ်၊ သူတို့မှာလည်း သားသမီးတွေက ရှိသေးတာလေ။ ဒါကြောင့် ငါ စိတ်ကူးယဉ်မိတယ်၊ ငါ ကြီးလာလို့ အိမ်ထောင်ကျရင် ကလေးကို ငါ့လို အဖော်မမဲ့ရအောင် သုံးလေးယောက်လောက် မွေးထားပစ်မယ်လို့ စိတ်ကူးမိတယ်၊ နင်ရော မောင်နှမများတာ ကြိုက်လား စံညွန့်ညီ"

ဆိုတာမျိုး သူမဘဝဇာတ်ကြောင်းကို စိတ်မကောင်းဖြစ်စရာကောင်းအောင် ပြန်ပြောပြရင်းနဲ့ စံညွန့်ညီကိုပါ သူမရည်ရွယ်လက်တွဲလိုသော ချစ်သူလိုလို အမေးလေးတွေ မေးပြတတ်ပါသည်။

နောက်တော့လည်း ဆယ်တန်းဖြေပြီးကြသောအခါ ကျူရှင်မှာ တွေ့စရာမရှိတော့၍ စံညွန့်ညီ သူမကို မေ့သွားမှာကို အဖြစ်မခံလိုသော သံလွင်သည် စံညွန့်ညီရှိရာ နေရာကို နေ့ခင်းဘက်ဆို စက်ဘီးလေးနဲ့ ရောက်ရောက်လာတတ်သည်။ မိဘတွေ ဆွေမျိုးသားချင်းတွေနဲ့ အကုန်ရင်းနှီးအောင် လုပ်ယူသည်။ အိမ်အလုပ်တွေဆို အမြင်မတော်တာရှိရင် ချက်ချင်းဝင်ကူသည်။ ရေတိသီးထောင်းစရာရှိလည်း ဝင်ထောင်းသွားပေး၊ ကြက်သွန်နွှာစရာရှိလည်း ဝင်နွှာ၊ ပန်းကန်ဆေးစရာရှိလည်း ဝင်ဆေးနှင့် တကယ့်အိမ်သားလုံးလုံးဖြစ်အောင် လုပ်ယူသည်။

စံညွန့်ညီ အမေကဆို ...





"ငါ့သား အင်မတန်မှ တော်တယ်ဟေ့၊ ရည်းစားရှာလာတာ အလိမ္မာအိမ်ပါလေး ဖြစ်ရုံမကဘူး။ ရုပ်ကလေးကလည်း ချောလိုက်တာမှ အရုပ်ကလေး ကျနေတာပဲ"

ဟုမျှပင် ထုတ်ဖော်ချီးကျူးရတော့သည်။

သေသေချာချာ စဉ်းစားကြည့်ရင် သံလွင်နဲ့သူဟာ ဘယ်လိုက ဘယ်လို ချစ်သူစ,ဖြစ်သွားမှန်းပင် စံညွန့်ညီ မသိခဲ့ပါ။

သံလွင်က သူ့ကို ...

"တက္ကသိုလ် အတူတူတက်ကြရင် နင် င ကို စောင့်ရှောက်မှာလား စံညွန့်ညီ"

ဟူ၍ မေးသောနေ့ကလား ...။

"ငါ့ထက်လှတဲ့ ကောင်မလေးတွေတွေ့ရင် သဘောကျသွားမှာလား"

လို့ သဝန်တိုသလိုနဲ့ သူ့လက်မောင်းကိုလည်း နာအောင် တမင်လိမ်ဆွဲလိုက်သည့်နေ့ကလား။

"ဦးလေးရဲ့သမီးနဲ့ပေါ့၊ ငါ့ညီမဝမ်းကွဲနဲ့ ဒီနေ့ စကားများလာတယ်။ တကယ်တော့ ငါပြောတာအမှန်ပါ၊ အဲဒါကို သူက အနိုင်ကျင့်ပြီး ငါ့ကို ပြန်ရန်လုပ်တော့ တစ်ယောက်တစ်ခွန်း စကားများကြတယ်၊ အဲဒီအခါမှာ ဦးလေးက ငါ့ကို ဆူတယ်၊ ကိုယ်က အကြီးပဲ အငယ်တို့အလျှော့ပေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရမယ်တဲ့။ ဒေါ်လေးကတော့ သံလွင်ရယ် ဒေါ်လေးတို့ ကျွေးမွေးစောင့်ရှောက်ထားတဲ့ မျက်နှာကို ထောက်ပါဦးတဲ့။ ငါက မှန်တာကို အရှုံးပေးပြီး သူ့သမီးကို တောင်းပန်ရမတဲ့ ဘယ်လောက် မတရားလိုက်လဲ။ ငါ့ဘဝက အရမ်းစိတ် ဆင်းရဲစရာတွေနဲ့ ပြည့်နေတာ”

ဟု အိမ်ကပြဿနာကို ပြောပြကာ သူ့ပခုံးမှာ ခေါင်းတင်ပြီး ငိုကြွေးတုန်းကလား။

ဘယ်နေ့ကလဲ မသေချာပါ။ စံညွန့်းညီ နှုတ်ဖျားမှ သံလွင် ထိုသို့တွေ၊ သူမရဲ့လိုအပ်ချက်တွေ၊ အခက်အခဲတွေ ပြောပြလာတိုင်း ...

“ငါ နင့်အနားမှာ အမြဲရှိနေပါတယ်၊ အားမငယ်ပါနဲ့ သံလွင်ရယ်”

လို့ အမြဲပြန်ဖြေသိမ့်ခဲ့တာတော့ ရှိပါသည်။

တက္ကသိုလ် အတူတူ သွားတက်ကြသောအခါမှာတော့ သံလွင်က သူ့ကို “မောင်”ဟု ပြောင်းခေါ်လိုက်တာသည် သူတို့နှစ်ဦးကြားက ပတ်သက်မှုကို ပို၍ခိုင်မြဲသွားစေလိုက်တာပင် ဖြစ်တော့သည်။





၉

“ပင်ပျို မရှိပါဘူးကွယ်၊ သူ့အမေကို ဈေးလိုက်ပို့ပေးနေတယ်”

စံညွန့်းညီ မနက် ရှစ်နာရီလောက်မှာ ပင်ပျို့အိမ်ကို ဖုန်းဆက်သောအခါ ပင်ပျိုနဲ့တော့ မတွေ့ရဘဲ အမျိုးသမီးကြီး တစ်ယောက် ပြန်ဖြေသံကို ကြားရသည်။

“မပင်ပျိုကို ပြောပေးပါ ခင်ဗျာ။ ကျွန်တော် စံညွန့်းညီပါ။ ဒီနေ့ ကျွန်တော် မအားလို့ သူ ပြောထားတဲ့ ရှော့ပင်းကို မလာနိုင်တော့ဘူးဆိုတဲ့ အကြောင်းလေး ပြောပြပေးပါ”

“ဩော် ... ဟုတ်ပြီလေ၊ ပြောပေးမယ်”

ပင်ပျိုနဲ့ မဆုံရတာဘဲ ကံကောင်းသည်ဟု တွေးမိသည်။ အကယ်၍ ပင်ပျိုနဲ့သာဆုံလျှင် ဘယ်လိုမှ အဆင်ပြေအောင်ပြ ပြောနိုင်လိမ့်မည် မဟုတ်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မနက်ဆယ်နာရီမှာ သံလွင့်ကို သွားခေါ်ဖို့ ထွက်သွားရလျှင် ဟန်ဆော တစ်ယောက် ခေါင်းတခါခါဖြင့် သူလည်း ဘာလုပ်ပေးရမှန်း မသိဟန်ဖြင့် ရပ်ကြည့်ကျန်ခဲ့ပါသည်။

သံလွင် ခဏတည်းသောအိမ်ရှေ့ ကားရပ်လိုက်တာနဲ့ သံလွင်သည် အလှဆုံး ပြင်ဆင်ပြီး စောင့်နေရာမှ ကားပေါ် ချက်ချင်းပြေးတက်ပါသည်။

"သူငယ်ချင်း မိဆွေက စနေတယ်လေ။ ကိုစံညွန့်ညီနဲ့ အပြီးပဲ လက်ထပ်ပြီး သူ့အိမ်လိုက်နေရောပေါ့တဲ့။ ဘာဖြစ်လို့ အဆောင်ရှာနေတော့မလဲတဲ့"

သံလွင်က စ,သလို နောက်သလိုဖြင့် စံညွန့်ညီ၏ နားရွက်ဖျားလေးကို လက်မ၊ လက်ညှိုးတို့ဖြင့် အသာညှစ်လိုက်ရင်း စပြောပါသည်။

"လက်ထပ်ဖို့ မောင် မစဉ်းစားသေးဘူးလားဟင်"

"မင်းနဲ့"

"အမယ် ... ဘာ မင်းလဲ၊ သံလွင်ပါနော်၊ ဘာဖြစ်လို့ ဒီလို စိမ်းစိမ်းကားကားကြီးတွေ ပြောချင်နေရတာလဲ"

"သံလွင် ... ကိုယ်တို့ချစ်သူတွေ မဟုတ်ကြတော့ဘူးလေ။ ကိုယ့်ထက် ချစ်ရမဲ့သူတွေ့သွားလို့ မင်း သူ့ကိုရွေးခဲ့တယ်လေ။ အဲဒါကို ဘာဖြစ်လို့ မေ့ပစ်တာလဲ"





"သံလွင် မှားသွားပါတယ်၊ သံလွင်ဘက်က ဆိုးသွားပါတယ်လို့ မောင့်ကို မနေ့က တောင်းပန်ပြီးပြီလေ။ မောင် ဘာဖြစ်လို့ အငြိုးအတေး ထားနေတာလဲ"

"အငြိုးအတေး ထားတာမဟုတ်ဘူး။ မင်းက ထားခဲ့တဲ့သူပါ၊ ကိုယ်က ကျန်ရစ်ခဲ့ဖူးတဲ့သူပါ။ မင်း မချစ်နိုင်တော့လို့ ထားခဲ့တဲ့သူဆီ ဘာကြောင့် ပြန်လာရသလဲ"

"သံလွင် မောင့်ကိုပဲ ချစ်တယ်လို့ အခုမှ တကယ်သိလာတယ်။ မောင့်လောက် ဘယ်သူမှ မချစ်နိုင်ဘူးဆိုတာ ကြာလေလေ တရေးရေး သိလာလေလေပဲ။ သံလွင် တစ်ရက်မှလည်း မပျော်ပါဘူး။ မောင့်ကိုပဲ သတိရနေတာပါ။ ဦးလေး အတင်းအောင်သွယ်ပေးလို့သာ အဲဒီလူကို တွဲရပေမဲ့ သံလွင့်စိတ်တွေက မောင့်ဆီမှာပဲ ရှိခဲ့တာပါ"

သံလွင်သည် ဟုတ်သလား၊ မဟုတ်သလား မသိ။ ဒီအဖြစ်အပျက်တွေကို ဦးလေးဖြစ်သူအား ဗီလိန်နေရာထားပြီး ဆွဲချနေတော့လေသည်။ စံညွန့်ညီ သိထားသလောက်မှာ (မြို့မှာတုန်းက သိထား၊ ကြားထားတာတော့) သံလွင့်ဦးလေးရော ဦးလေး[illegible]နှင်းမ အဒေါ်ဖြစ်သူရော စိတ်သဘောမဆိုးလှ။ အေးအေးဆေးဆေး [illegible]တတ်ကြပြီး လောဘမောဟလည်း ကင်းကြသူများဖြစ်ကြောင်း သိထားပါသည်။ ဦးလေးရော အဒေါ်ပါ ဈေးကြီးထဲတွင် သိုးမွေး



www.burmeseclassic.com

www.burmeseclassic.com



ထည်ဆိုင်ဖွင့်ပြီး စီးပွားရှာကြသူများဖြစ်သည်။ သိပ်အဆင်ပြေကြီး မဟုတ်သော်လည်း မိသားစုတင့်တင့်တယ်တယ်လေး ရပ်တည်နိုင်ဖို့လောက် ဝင်ငွေတော့ရှိပါသည်။ ဦးလေးမိသားစုတွင် သံလွင်ထက်ငယ်သော သားသမီးနှစ်ယောက်လည်း ရှိပေမဲ့ သူတို့က သံလွင့်ကိုလည်း သမီးအရင်းကဲ့သို့ စောင့်ရှောက်ထားကြောင်း သိထားပါသည်။

သံလွင်ကသာ လုပ်ကြံဇာတ်လမ်းတွေ ဖန်တီးပြီး အဆင်မပြေတာတွေ ရှေးပြောတတ်တာဖြစ်ကြောင်း စံညွှန်းညီ ရိပ်မိထားပါသည်။

"မောင့်အလုပ်ကို ပြောပေးမယ် မဟုတ်လား၊ သံလွင်လည်း အလုပ်ဝင်မယ်လေ"

"သံလွင် ဆိုင်ဖွင့်ထားတယ် မဟုတ်လား၊ အဲဒီဆိုင် ဘာလုပ်ထားလဲ"

သံလွင် ကျောင်းပြီးသောအခါ ဦးလေးက သမာသမတ်ကျစွာပင် သံလွင့်အမေ ထားခဲ့သော အမွေနှင့် လက်ဝတ်လက်စားထုပ်ကို သံလွင့်ကို အပ်သည်ဟု သိရသည်။ သံလွင်လုပ်ချင်တာလုပ်ဟု ခွင့်ပြုသောအခါ သံလွင်ကလည်း ဈေးထဲတွင်ဆိုင်ခန်းတစ်ခန်းငှားကာ ဦးလေးတို့လိုပဲ သိုးမွှေးထည်ဆိုင် ဖွင့်သလို သူမ ကိုယ်တိုင်လည်း နှစ်ချောင်းထိုး၊ တစ်ချောင်းထိုးတွေ





...မ်းကျင်သဖြင့် သူမလက်ရာတွေပါ တင်ရောင်းကြောင်း သိရသည်။ သံလွင်တစ်ယောက်တည်းအတွက်ဆိုလျှင် ဝင်ငွေမဆိုးလှ...ဘာမို့ ရန်ကုန်ဆင်းလာပြီး ဘာမှအလုပ်လုပ်နေစရာပင်မရှိ။

"အဲဒီဆိုင် သံလွင့်ညီမဝမ်းကွဲ ဆက်ဖွင့်နေတယ်။ သံလွင်က မောင့်အနားမှာ ပြန်နေချင်လို့ ဒီမှာပဲ အလုပ်လုပ်မယ်လို့ စိတ်ကူးလာတယ်"

"ကိုယ့်အလုပ်ကိုတော့ မျှော်လင့်မနေပါနဲ့၊ သံလွင် ဘာသာရှာနိုင်ရင်ရှာပါ။ ကိုယ်တော့ မကြိုးစားပေးနိုင်ဘူး"

"အံမယ် ... ဘာဖြစ်လို့လဲ၊ အလုပ်ထဲမှာ ဇာတ်လမ်းရှိနေပြီထင်တယ်"

"အဲဒါ မင်းနဲ့မဆိုင်ပါဘူးလေ၊ ကိုယ် ကူညီနိုင်သလောက်တော့ ကူညီမယ်၊ ဒါကလည်း ငယ်သူငယ်ချင်းတွေလို သဘောထားပြီး ကူညီတဲ့သဘောပါပဲ။ ဒီ့ထက်အများကြီးတော့လည်း မကူညီနိုင်ဘူး"

သံလွင်သည် တော်တော်ကြီး ပြတ်ပြတ်သားသား၊ ...စိမ်းကားကား ရှိလှသော စံညွှန်းညီ၏ အမူအရာတွေကိုကြည့်...င်း အံ့ဩသလို ဖြစ်နေသည်။ စံညွှန်းညီ ဆိုတာက သံလွင်ထား...နေ၊ စေရာသွား သဘောမျိုးတောင်ဖြစ်ခဲ့တဲ့ သူမကို အရှုံးအမြဲ...ချစ်ခဲ့သူ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်တွေရှိရာ လှည်းတန်းတစ်လျှောက် လို… စုံစမ်းလိုက်သောအခါ နေ့တစ်ဝက်မကျိုးခင်မှာပင် သံလွင့်အတွ… တစ်နေရာ ရပါသည်။ ရရချင်းပင် သံလွင့်သူငယ်ချင်းအိမ် … သွား၊ ပစ္စည်းတွေသယ်ကာ ပြောင်းပေးရသည်။ မနက်စာလည်း… အပြင်မှာ အတူတူစားဖြစ်ကြသလို၊ ညနေစာလည်း မစားချင်ပါ… အဆောင်ပြောင်းပေးပြီးတာနဲ့ သံလွင်က …

"ညနေပဲ စောင်းနေပြီ သံလွင် တစ်ယောက်တည်း အပြ… ထွက်ပြီး ညနေစာ စားရမှာ အဆင်မပြေဘူး မော… မောင်ပါ ဆိုင်လိုက်ထိုင်ပြီး စားပေးပါနော်၊ ဒီတစ်… တည်းပါ၊ နောက်နေ့တွေ သံလွင့်ဘာသာ အဆင်ပြေအော… စီစဉ်ပါ့မယ်"

ဟု တောင်းတောင်းပန်ပန် ပြောသဖြင့် စံညွန့်ညီ… တစ်ယောက် ခေါင်းညိတ် လက်ခံပြီး အတူစားပေးလိုက်ရ… သည်။

သံလွင်ကတော့ စံညွန့်ညီဟာ သူမ မှားခဲ့တာ… စံညွန့်ညီ အပေါ် မကောင်းခဲ့တာတွေ ပြန်မပြောဖြစ်အောင် အ… လောလောဆယ် အဖြစ်အပျက်တွေပဲ ရှေ့ကကြိုပြီး တစာစာ… ကာ စံညွန့်ညီကို သူမအပေါ် ခွင့်လွှတ်ဖို့အရေး ပြန်ကြိုးစား… တော့သည်။





စံညွန့်ညီလည်း လူကသာ ခပ်ရိုးရိုး၊ ခပ်အအပုံစံ၊ …အေးအေးဆေးဆေးနေသော ပုံစံပေမဲ့ တကယ်တော့ သူလည်း …င်သလောက် အ,အကြီးလည်း မဟုတ်လေရာ သံလွင့်သဘော …ားကို ရိပ်မိပါသည်။ သံလွင် သူ့ကို ပြန်ကပ်နေသည်ကို သိပါ…သည်။ ခက်တာက ဘယ်လိုပဲ အပြစ်ပြောနေနေ၊ ဘယ်လိုပဲငြင်း…နေ၊ မိန်းမတစ်ယောက်ဟာ ကိုယ့်အနား အတင်းတွယ်ကပ်နေ…တဲ့အခါ ဘယ်လိုများ တွန်းထုတ်လို့ ရနိုင်ပါ့မလဲ။

"ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘအရင်း ဆုံးရှုံးရတဲ့ ကလေးတွေ ဟာ စိတ်ဓာတ်မပြည့်ဝကြဘူးတဲ့ကွ။ သံလွင်လည်း အဲဒီ လိုပဲ။ သူလိုချင်တာပဲ သိတယ်၊ သူပဲ အနိုင်ရချင်တယ်၊ သူ့ စိတ်ချမ်းသာဖို့ပဲ ဦးစားပေးချင်တယ် ဆိုတဲ့ စိတ်ဓာတ် ရှိနေတယ်"

ဟန်စောကတော့ သံလွင့်စိတ်ဓာတ်ကို ထိုသို့ပင် …ပန်ဖူးပါသည်။ တကယ်တော့ ဟန်စော ဝေဖန်တာ မလွန်ဘူး …ု အခုမှ စံညွန့်ညီလည်း မြင်တတ်လာတော့သည်။ အရင်က …တော့ အချစ်စိတ်တွေနဲ့ သံလွင့်ကို မကောင်းမြင်လို့ မရဘဲ …မ်သလ္လာဖုံးနေခဲ့ဖူးပါသည်။

သံလွင့်ကိစ္စပြီး၍ အိမ်ပြန်ရသောအခါ ညခုနစ်နာရီ …င် ရှိနေပြီ။ ဟန်စောကို တံခါးလာဖွင့်ခိုင်းစရာတော့ မလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အသီးသီး သော့တစ်ချောင်းစီ ခွဲယူထားသဖြင့် အိမ်တံ
သော့ဖွင့်ပြီး ဝင်လာသော စံညွှန်းညီကို တီပီရှေ့ထိုင်နေပြီဖြစ်သေ
ဟန်စောက ...

"တော်ပါသေးရဲ့ကွာ၊ ငါက မင်း အိမ်မှပြန်လာနိုင်ပါ့
မလားလို့ တွေးပူနေတာ"

ဟု ဆီးပြောပါသည်။

စံညွှန်းညီ အသံထွက်ရယ်ရင်း ...

"ပြန်လာရမှာပေါ့ကွ၊ ဘာမလာစရာ အကြောင်း ရှိလို့လ"

"သံလွင့်ကို လျှော့မတွက်ရဲဘူးကွ၊ မင်းကို တစ်ခါတည်
လက်မှတ်ထိုး လက်ထပ်ခိုင်းနေမလားလို့"

"မဆိုးဘူး၊ မင်းမှန်းတာ နည်းနည်းနီးစပ်ပါတယ်"

"ဟေ ... ဟုတ်လား၊ တကယ်ပဲ သူ တောင်းဆိုခေ
လား"

"အဲဒီသဘောပြောတာပေါ့ကွာ၊ သူ့သူငယ်ချင်းက ပြော
တယ်ပေါ့။ အဆောင်ဘာလို့ ရှာနေတော့မလဲတဲ့၊ လ
ထပ်ပြီး တစ်ခါတည်း အတူနေလိုက်ကြပါတော့လား"

"ဟာ ... အဲဒီလောက်ထိတော့ အဖြစ်မခံနဲ့ကွာ၊ သူ့ဦးေ
မိတ်ဆွေဆိုတဲ့လူနဲ့ သူနဲ့ ဘယ်လောက်ထိတောင် ရင်းနှီး
ကြမှန်းမှ မသိတာ။ အဲဒီလူနဲ့ မန္တလေးအတူတူဆင်းသွ





လိုသွား၊ ရှမ်းပြည်နယ်ဘက် လိုက်သွားလိုသွားနဲ့။ သုံ့ညီမ
ဝမ်းကွဲလေးပါပေမဲ့ အဲဒီကောင်မလေးက သူထားရာနေ
စေရာသွားပဲလေ။ သူကချည်း နိုင်နေတာ ကောင်မလေးက
ဘာပြောရဲမှာလဲ"

"ငါလည်း အဲဒီလောက် မ,အပါဘူး၊ ကဲ ... ငါရေချိုးလိုက်
ဦးမယ်ကွာ"

"အပြင်မှာပဲ စားခဲ့ပြီ မဟုတ်လား"

စံညွှန်းညီ ခေါင်းအသာညိတ်ပြပြီး ရေချိုးရန် ရေ
ချိုးခန်းထဲ ဝင်ခဲ့ပါသည်။ ရေအေးအေးတွေ ခေါင်းပေါ်ရေပန်းမှ
တစ်ဆင့် ကျလာပြီး ရေချိုးလိုက်ရသဖြင့် အပြင်ဘက် ခန္ဓာကိုယ်
မှာ ပူလောင်နေသမျှတွေကတော့ လျော့ပါးသွားပါသည်။ ဒါပေမဲ့
ရင်ထဲမှာ ပူနေတာကတော့ ဘယ်လိုမှ လျော့မသွား။ သံလွင် ဆို
တာ အေးမြတဲ့ မြစ်ရေများစီးဆင်းရာ မြန်မာပြည်ရဲ့အထင်ကရ
မြစ်ကြီးတစ်မြစ်ရဲ့ အမည်မို့ အေးမြကြည်လင်ခြင်း အဓိပ္ပာယ်ကို
ဆောင်ရမှာပေမဲ့ စံညွှန်းညီ ဆုံစည်းနေရသော သံလွင်ကတော့
အမည်အဓိပ္ပာယ်နဲ့ လူနဲ့ တခြားစီလို ဖြစ်နေသည်။ ထိုသံလွင်
ဟာ သူနဲ့ထိတွေ့ဆက်ဆံရတဲ့ လူတိုင်းကို ပူလောင်ခြင်းတွေပဲ
ပေးတတ်သလားတော့ မသိ။ သံလွင့်အကြောင်း တွေးမိတာနဲ့ပင်
ခေါင်းထဲမှာ ပူလောင်လာသလိုလို ဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ကျ ရုံးသွားရမည်။ ရုံးရောက်လျှင် ရုံးထဲကလူတွေနဲ့ ဆုံရမှာဖြစ်သလို အဓိက,ကတော့ ပင်ပျိုနဲ့ ဆုံရမှာ။ ဆုံလည်းဆုံချင်။ ဆုံလည်းမဆုံရဲသလို ခံစားနေရသည်။ ပင်ပျိုကတော့ သံလွင့် အကြောင်းမေးမှာမဟုတ်။ မမေးတာကို အသိပေးဖွင့်ပြောလို့ ကောင်းပါမလား။ ပင်ပျို နားထောင်ပေးချင်ပါမလား။

စံညွန့်ညီသည် တကယ်လို့သာ သံလွင်ရောက်မလာခဲ့ရင် ဒီနေ့ဆို သူ ပင်ပျို့ကို ဖွင့်ပြောပြီးလောက်နေပြီဟု အမှတ်မထင် သတိတရတွေးလိုက်မိသောအခါ မျှော်လင့်ထားသလို မဖြစ်လာဘဲ မမျှော်လင့်ထားတာတွေ ဖြစ်ခဲ့သည့် ကံကြမ္မာကို တော်တော်စိတ်ကုန်သွားပါသည်။

❦ ⊷ ❦





## ( ၁၀ )

ရုံးပြန်တက်ရသောအခါမှာ ပင်ပျိုနဲ့ စံညွန့်ညီ၏ [illegible]ဆက်ဆံရေးက ပုံမှန်လို့ ထင်ရပေမဲ့ တကယ်တော့ နှစ်ယောက်[illegible]လုံး ရင်ထဲတွင် ဟန်ဆောင်မှုကြီးတစ်ခု ရှိနေသလို ခံစားရ[illegible]ကြောင်း သူတို့အချင်းချင်း ဖွင့်မပြောဘဲနဲ့ အလိုလိုပင် တစ်ဦးနဲ့[illegible]စ်ဦး သိနေကြလေသည်။ ပင်ပျိုကလည်း နေမြဲ ပြောမြဲအတိုင်း[illegible]ပြောဆိုဆက်ဆံပေမဲ့ စိတ်ထဲမှာမပါဘဲ ဟန်ဆောင်နေရသည်။ [illegible]ထူးသဖြင့် ရုံးခန်းထဲမှာရှိသော အကြောင်းသိတွေကလည်း [illegible]ပျို့ဘက်က ဝိုင်းနာကြည်းကြပြီး အခြေအနေကို စောင့်ကြည့်[illegible]ကြတာမို့ စံညွန့်ညီကို ပစ်ပစ်ခါခါ လုပ်မပြချင်။ လုပ်လည်း [illegible]ပ်မပြရက်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပျိုကသာ စပြီးပစ်ပစ်ခါခါ ဆက်ဆံပြလျှင် အားလုံးကလည်း ပင်ပျို့ဘက်လိုက်ကာ ဒီအတိုင်း ဖြစ်ကုန်ကြ မယ်ဆိုတာ ပင်ပျို ကြိုသိနေလေသည်။ ဒါဟာ သူတို့ဟာ ပင်ပျို ကို ကမ္ဘာပိုင်ရှင် အကြီးအကဲရဲ့သမီးမို့လို့ ပင်ပျို့ဘက် တမင်ပါ ကြတာမျိုးမဟုတ်။ ပင်ပျို့ကို သူတို့ချစ်၍ ခင်၍ ပင်ပျို့အစား ဝိုင်းနာကြည်းချင်ကြတာဖြစ်ကြောင်း ပင်ပျို နားလည်ပါသည်။

သူတို့ကလည်း ဘာဖြစ်တော့မလဲ၊ ဘာတွေဖြစ်ကြ မလဲဆိုတဲ့ ပုံစံနဲ့ အခြေအနေကို စောင့်ကြည့်နေကြလေရာ ပင်ပျို မှာ စံညွှန်းညီအား ဟန်မပျက်အောင် ရယ်မောပြောဆို ဆက်ဆံ ပေးနေရသည်။ စနေနေ့က ရောက်လာခဲ့တဲ့ မိန်းကလေးတစ် ယောက်အကြောင်း မပြောမိအောင် ပင်ပျိုကလည်း ရှောင်သည်။ သူကတော့ ရှောင်ပြောသလား [illegible]ပြောသလား မသိ။

ပင်ပျိုသည် တွေးလိုက်ဝိုင်း ရင်ထဲမှာနာပြီး သူ့ကို မုန်းလှပေမဲ့ သူ ဘာကြောင့် ရည်းစားရှိရက်နဲ့ ပင်ပျို့ကိုထပ်ပြီး ရင်းနှီးဖို့ ကြိုးစားသလဲ ဆိုတာကိုလည်း သိချင်ပြန်သည်။

အခြေအနေက မနက်ပိုင်း တစ်ပိုင်းတော့ အေးအေး ဆေးဆေးလေး ဖြတ်သန်းဖြစ်ခဲ့ပေမဲ့ နေ့လယ်ထမင်းစားချိန်ကျ တော့ ...

"ကိုစံညွှန်းညီ ညှော်သည်၊ မသံလွင်တဲ့"





ဟူသော မညိုညို၏ ဖုန်းထဲမှ ခေါ်သံကို ပင်ပျိုပဲ အရင်ဆုံး ဖုန်းကိုင်၊ ပင်ပျိုပဲ အရင်ဆုံး ကြားသိရလျှင် ပင်ပျိုသည် စိတ်ထဲမှာ အစွဲ့တိုက်ကြည့်ချင်စိတ်လေး ဟုန်းခနဲ ထသွားပါ သည်။

"ကိုစံညွှန်းညီ ကောင်မလေးတဲ့ ရောက်နေပြန်ပြီ အထဲ ခေါ်လိုက်ပါလား"

ထမင်းစုပြီး စားကြဖို့ သူ့စတီးချိုင့်မှ အဆင့်တွေ ဖြုတ်ပြီး တစ်ချိုင့်ချင်းချနေသော စံညွှန်းညီမှာ ရုတ်တရက် တုန် ခနဲပင် ဖြစ်သွားတော့သည်။

"ပင်ပျို အစ်မကြီးမညိုညိုကို အကြောင်းပြန်လိုက်မယ်နော်၊ အထဲခေါ်လိုက်ဖို့"

"ဟာ ... မပင်ပျို နေပါ ... နေပါစေ၊ ကျွန်တော် ထွက် တွေ့လိုက်ပါမယ်"

"ဩော် ... ဘယ်ဟုတ်မလဲ၊ ကိုယ့်အချင်းချင်းတွေပဲ။ တစ်ခါတလေကျ အန်တီဒေါ်စိုးမိုးယောက်ျား ထမင်းစား ချိန်လောက် ရောက်လာရင်တောင် ဒီအုပ်စုထဲ ဖိတ်ခေါ် ပြီး အတူဝင်စားခိုင်းသေးတာပဲ၊ နော့ ... အန်တီ၊ ကိုစံ ညွှန်းညီ ကောင်မလေးကိုလည်း ဘာကြောင့် မခေါ်စရာ ရှိလဲလေ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ချက်ချင်းရိပ်မိလိုက်သည်မှာ ပင်ပို့ တမင်အရွဲ့တိုက်ပြီဟူ၍ဖြစ်သည်။ ဒါကြောင့် ပင်ပို့ဘက်ကပါဖို့ အသင့်ဖြစ်နေသော ထိုအုပ်စုကလည်း ချက်ချင်းသံပြိုင်နိုးပါးပင် ...

"အေးလေဟယ် ... ခေါ်လိုက်ပါ စံညွှန်းညီရယ်၊ ဘာတွေအစိုးရိမ်ကြီးနေတာလဲ။ ဒီမှာ ဘာမှ လျှို့ဝှက်စရာမှ မရှိတာ ခေါ်လိုက်ပါ"

"ပြောလိုက် ... ပြောလိုက် ပင်ပို့။ မညီညီကို ပင်ပို့ပဲ စံညွှန်းညီအစား ပြောပေးလိုက်"

စသဖြင့်သော လေသံတူ စာကြောင်းကွဲ အသံတွေကြားမှာ စံညွှန်းညီရဲ့ အင်း ... အဲ ... အသံက ပျောက်နေတော့လေသည်။

သံလွင်သည် ရုံးခန်းထဲကို အလုဆုံးပြေးပြီး ဝင်လာခဲ့ပါသည်။ ပန်းရောင်လေးဝတ်ရင် သံလွင် သိပ်လှတာပဲဟု လူတိုင်းပြောကြသဖြင့် ဒီနေ့ တမင်ပဲ ပန်းရောင်လေးကို ဝတ်ပြလာသည်။ သံလွင် ဒီတိုင်း လက်ချည်းမလာပါ။ တရုတ်ဆိုင်တစ်ဆိုင်က ခေါက်ဆွဲကြော်နှင့် ထမင်းကြော်တစ်ပွဲစီ ဝယ်လာသလို Muffin (မက်ဖင်း)ဟုခေါ်သော ကရင်(မ)ပေါ်သည့် ကိတ်မုန့်လုံးလေးတွေပါသည့် ကိတ်မုန့်တစ်ဘူးကိုလည်း ဝယ်လာခဲ့ပါသည်။





"ဟော့ ... လာ ... လာ ... ဝင်ထိုင်ပါ။ ဒီမှာ ထမင်းစပြီးစားကြတော့မလို့ မြင်ဆင်နေတုန်းမို့ အထဲခေါ်ခိုင်းလိုက်တာ"

ဒေါ်စိုးမိုးက လူကြီးပီပီ အရင်ဆုံး စတင်ဖိတ်ခေါ်လိုက်ပါသည်။ ဘယ်သူမှ မဖိတ်ခေါ်လည်း သံလွင့်ပုံစံကတော့ ရှိုးတိုးရှန့်တန့်မဖြစ်။ သူမဟာ ရောက်တဲ့နေရာမှာ အားလုံးနဲ့ သင့်တင့်မျှတ လိုက်လျောညီထွေစွာ နေတတ်သည့်ပုံ ဖြစ်သည်ဟု ပင်ပို့ လေ့လာမိပါသည်။

"သံလွင် ဒီနားတစ်ဝိုက်က ကုမ္ပဏီတွေမှာ အလုပ်လျှောက်လွှာလာတင်ရင်း ထမင်းစားချိန်လည်း ဖြစ်တာမို့ သူ့ဆီ သတိရပြီး ဝင်လာတာလေ။ ဒီမှာ သံလွင်လည်း ထမင်းကြော်နဲ့ ခေါက်ဆွဲကြော် ဝယ်လာပါတယ်၊ စားကြပါဦး"

"ဟဲ့ ... စံညွှန်းညီ၊ ဟိုဘက်တိုးပေးလိုက်လေဟယ်၊ နင်ကလည်း နေရာကပ်စေးနှဲနေပြန်ပြီ"

မကျော်ကျော်မေက တမင်ရွဲ့ပြီး စံညွှန်းညီတို့ကို အားချင်းယှဉ် ပူးကပ်ပြီး တိုးထိုင်လိုက်စေရာ စံညွှန်းညီ တစ်ယောက် မျက်နှာတွေ အကြီးအကျယ် ပျက်နေတော့လေသည်။

"ကိတ်မုန့်လေးတွေလည်း ဝယ်လာသေးတယ်၊ ထမင်းစားပြီး အချိုတည်းကြပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ ဒါက အကြိုကျွေးတာလား"

"ရှင် ... ဘာကိုမေးတာလဲ အန်တီ"

"မင်္ဂလာပွဲ အကြိုလားလို့ပါ"

သံလွင်က လှလှပပလေး ပြုံးပြီး ...

"အဲဒါ သူ့ပဲမေး။ သူက မိဘစကား သိပ်နားထောင်တဲ့သားလေ။ အမေက ငယ်ပါသေးတယ် ပြောထားလို့တဲ့"

ဟု သူမဘာသာ စိစဥ်ပြောရင်း စံညွှန်းညီကိုပါ ပခုံးကို အသာလေးတိုက်လိုက်သေးသည်။

"ကိုစံညွှန်းညီကလည်း သံလွင် အလုပ်ရှာနေတာ ပြောတာမဟုတ်ဘူး။ ပင်ပို့ဆီမှာ လျှောက်လွှာ လာတင်ခိုင်းလိုက်ပါလား။ ပင်ပို့ ဖေဖေ့ကို ပြောပေးမယ်လေ"

ပင်ပို့သည် ပြုံးစစ,ကလေးဖြင့်ကြည့်လျက် ပြောလိုက်လျှင် စံညွှန်းညီ တစ်ယောက် ခွေးအ,ကြီး လှည်းနင်းသလိုဖြစ်နေတော့ပြန်သည်။

"အလုပ်နေရာ မရှိဘဲနဲ့ ကျွန်တော့်မျက်နှာကြောင့် ခန့်နေမှာစိုးလို့ပါ။ ပြီးတော့ သံလွင်ကလည်း မြို့မှာ ဆိုင်ရှိသေးတော့ အမြဲလုပ်ဖြစ်မှာ မဟုတ်ဘူး ထင်လို့ပါ"

ဟူသော စကားတွေဟာ တောက်လျှောက်ပြောထွက်လာတာတော့ မဟုတ်။ ထစ်အ ထစ်အ ဖြစ်လိုက်၊ အင်း ... အဲ ဖြစ်လိုက်နဲ့ ပြောလိုက်ရသော စကားတွေပဲ ဖြစ်ပါသည်။





သံလွင်သည် ပင်ပို့ဟု အမည်တွင်သော ချောမောပြီး ချစ်စရာကောင်းလှသည့် မိန်းကလေးကို အသေအချာတော့ အကဲခတ်ရပါသည်။ ကောင်မလေး မျက်နှာမှာ ပြုံးနေပေမဲ့ မျက်လုံးတွေမှာ မပြုံးပါ။ ထိုမျက်ဝန်းတွေမှာ မခံချင်ခြင်း၊ နာကျင်ခြင်း၊ အရွဲ့တိုက်လိုခြင်းတွေ ပြည့်နေသည်ဟု ထင်ပါသည်။ ငါ ပေါ်မလာခင်တုန်းက သူတို့ကြားမှာ ဘာတွေများ ပတ်သက်မှုတွေ ရှိခဲ့သလဲ။ ရည်းစားဖြစ်ကြတဲ့အဆင့်တော့ မရောက်သေးဘူးဆိုတာ သေချာတယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောကျနေကြတဲ့ အခြေအနေလောက်မို့ ငါရောက်လာတော့ အဟန့်အတားဖြစ်သွားပုံရတယ်။ တစ်ယောက်နဲ့ တစ်ယောက် သဘောကျကြတယ်ဆိုတဲ့ အခြေအနေမှာ ဘယ်လောက်ထိအောင် သဘောကျထားတာမျိုးလဲ။ ရင်ထဲကပါသလား။ စံညွှန်းညီကရော တကယ်ချစ်လို့ ရသွားသလား။ အဲဒီကောင်မလေးကရော ဘယ်လိုလဲ။ ကုမ္ပဏီပိုင်ရှင်သမီး၊ ရုပ်ကလေးလည်းချော၊ ပိုက်ဆံလည်းရှိပုံရတဲ့ မိန်းကလေးဟာ စံညွှန်းညီလို ပုံတုံးတုံး ခပ်ရိုးရိုး အူကြောင်ကြောင်ကောင်ကို ဘာကြောင့် ချစ်သွားစရာရှိလဲဟုလည်း သံလွင့် စိတ်ထဲမှာ စံညွှန်းညီအား ခပ်နိမ့်နိမ့် တွေးလိုက်ပါသေးသည်။

သံလွင် လျှော့တွက်ထားခဲ့မိပြီလား။ စံညွှန်းညီဆိုတဲ့ ငတုံးကောင်ဟာ ဒီတစ်သက်မှာ ငါ့လောက်လှတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘယ်လိုမှ ချစ်သူထပ်ဖြစ်နိုင်စရာ အရည်အချင်း မရှိဘူးလို့ လျှော့တွက်ခဲ့မိတာ မှားပြီလား။ ငါ့လို မိန်းကလေးဟာ သူ့ကို ထားရစ်ခဲ့လည်း ခံရမယ်။ ငါ့အလိုရှိတဲ့အခါ ပြန်ကပ်ရင်လည်း သူ လိုလိုလားလား လက်ခံရမယ်လို့ မျှော်လင့်ပြီး သူ့ဆီလိုက်လာတာပေမဲ့ ဒီရောက်တော့ အထင်နဲ့အမြင် လွဲနေခြင်းဟာ ပင်ပျို ဆိုတဲ့ မိန်းကလေး သူ့မှာရှိနေလို့ပဲ။ ကြည့်စမ်း ...။ စံညွန့်ညီတို့များ လူကသာ ပုံတုံးတယ်။ ရွေးလိုက်ရင် ရလိုက်ရင် အမှန်အကန်ချည်းပဲ။ တကယ့်ကို ချောမောချစ်စရာကောင်းတာလေးတွေပဲ ရှာတတ်ပါပေ့၊ ရတတ်ပါပေ့ကွယ်။

သံလွင်သည် စကားတွေ ရွှန်းရွှန်းဝေအောင်သာ ပြောနေရပေမဲ့ ပင်ပျို့ အမူအရာကို အကဲခတ်လျက် စောင့်ကြည့်နေခဲ့သူ ဖြစ်လေသည်။

ဒါကို မြွေမြွေချင်း ခြေမြင်တယ် ပြောရမလားတော့ မသိ။ ပင်ပျိုကလည်း ရိပ်မိတာမို့ ကမင်ပဲ ရယ်မောပြီး စကားတွေ လျှောက်ပြောကာ ဟန်ဆောင်ကောင်းပြနေပါသည်။ တကယ်တော့ ပင်ပျို့ရင်ထဲမှာ ငိုနေခဲ့တာ။

"သံလွင်ကရော ပြင်ဦးလွင် ဇာတိပဲလား"

"မဟုတ်ဘူး အန်တီ။ သံလွင်က မန္တလေးမှာ မွေးတာပါ။ သံလွင် ရှစ်နှစ်သမီးမှာ အဖေအမေ နှစ်ယောက်စလုံး





ကားမှောက်ပြီး ဆုံးသွားပါတယ်၊ ဒါကြောင့် ပြင်ဦးလွင်မှာနေတဲ့ အမေ့မောင် ဦးလေးမိသားစုက သံလွင့်ကို ခေါ်မွေးစားလိုက်ရတယ်လေ"

ဒီတော့ အကြောင်းမသိသေးသူ အားလုံး "သြော် ဖြစ်ရလေ၊ စိတ်မကောင်းပါဘူး"ဆိုသော နှစ်သိမ့်စကားပြောသံတွေ ပြိုင်တူနီးပါး ပြောထွက်လိုက်မိကြပါသည်။

"စံညွန့်ညီနဲ့က ငယ်သူငယ်ချင်းတွေလား"

မကျော်ကျော်မေက ထပ်မေးပါသည်။

"ငယ်သူငယ်ချင်းလို့တော့ ပြောလို့မရဘူးထင်တယ်။ ဘာလို့လဲဆိုတော့ သူနဲ့စပြီး သူငယ်ချင်းဖြစ်တော့ ဆယ်တန်းရောက်နေကြပြီ၊ အဟင်း ... သူက အကြံနဲ့ လာမိတ်ဖွဲ့တာလေ၊ သူငယ်ချင်းဖြစ်ချင်တာ နည်းနည်းပါ၊ ဟုတ်တယ်မဟုတ်လား မောင်"

စံညွန့်ညီသည် မျက်နှာကြီး နီနေကာ ဒီထမင်းဝိုင်းမှ ချက်ချင်းထွက်ပြေးချင်ပုံ ပေါက်နေသည်။ သူ့ကို လူရှေ့သူရှေ့ "တနှမောင် ... မောင်"ခေါ်ပြနေသဖြင့် မျက်နှာဘယ်လိုထားရမှန်း မသိ။

စံညွန့်ညီမှာ ရှက်လည်းရှက်တတ်သဖြင့် ဟိုးဆရင် ရည်းစားဖြစ်နေတုန်းကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"သံလွင်ရာ သူငယ်ချင်းတွေရှေ့မှာ စကားပြောရင် မောင်၊ မောင်နဲ့ မခေါ်ပါနဲ့ကွာ၊ ရှက်စရာကြီး"

ဟု သူ ခဏ ခဏ တားမိပါသေးသည်။

"ဟင် ... ဘာရှက်စရာရှိလဲ၊ ကိုယ့်ရည်းစားကိုယ် ခေါ်တာ ဘာဖြစ်လဲ"

"မဟုတ်ဘူးလေ၊ နှစ်ယောက်တည်းရှိတုန်း ခေါ်တာ အကြောင်းမဟုတ်ဘူး။ လူရှေ့မှာ တမောင် ... မောင် လုပ်နေတော့ ကိုယ် ဘယ်လိုမျက်နှာထားရမှန်း မသိဘူး။ ကိုယ်က သိပ်ရှက်တတ်တာကွ"

"ချစ်ကြောင်းပြတာပဲ"

"ပါးစပ်ကနေ ကိုကိုတွေ မောင်မောင်တွေ အချစ်တွေ အသည်းတွေ ခေါ်နေမှ ချစ်မှန်းသိတာ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုပဲ ခေါ်ခေါ်ပါကွာ။ ရင်ထဲမှာ တကယ်ချစ်ရင် ပြီးတာပဲ"

ထိုသို့ လူရှေ့သူရှေ့မှာ "မောင်"ခေါ်သော ကိစ္စနဲ့ အချေအတင် ပြောဖူးပေမဲ့ သံလွင်က စံညွှန်းညီ ပြောလျှင် ဘယ်တော့မှ ဂရုမစိုက်သူဖြစ်ရာ နားမထောင်ခဲ့ပါ။ စိတ်ထဲကပါသလား မပါသလားတော့ မသိ။ လူရှေ့ သူရှေ့တွေမှာဆို စံညွှန်းညီကို





ပြီးဂရုစိုက်ပြ၊ ချစ်ပြ၊ အဖြစ်သည်းပြ လုပ်တတ်သော သံလွင့် အခုအရာတွေကို အဲဒီတုန်းကတော့ သာယာခဲ့ဖူးဘာ ဝန်ခံရပါ သည်။ အခုတော့ သူ ဘယ်လိုမှ မသာယာနိုင်တော့။ တကယ် ချစ်တဲ့သူဆိုလျှင် သူ့ကို ပေါ်တင်ကြီး ထားပစ်ခဲ့ပြီး နောက်တစ် ယောက်ကို တွဲပြစရာ ဘာမှမရှိဘူး။

ဦးလေးကြောင့် ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် အကြောင်းပြပြီး စံညွှန်းညီထက် အစစအရာရာသာတဲ့ လူတစ် ယောက်ကို လက်ခံလိုက်စရာ မရှိဘူးဟု စိတ်ထဲမှာ နာကြည်းစွာ တွေးမိနေသည်။

"သံလွင်တို့က မန္တလေးတက္ကသိုလ်မှာ အတူတူ တက်ခဲ့ ကြတာလေ၊ မောင်ကတော့ စာတော်တော့ ကွန်ပျူတာ လိုင်း ရတာပေါ့။ သံလွင်ကတော့ အောင်၊အောင်တောင် မနည်းဖြေခဲ့ရတာဆိုတော့ ရိုးရိုးမေဂျာပဲ ရတယ်"

"ဟယ် ... ဒါဆို ကိုစံညွှန်းညီရဲ့ တက္ကသိုလ်ကျောင်းသား ဘဝက ပျော်စရာကြီးပေါ့နော်၊ သိပ်လှတဲ့ ချစ်သူကလည်း အဲဆင်သင့် ရှိပြီးသားဆိုတော့ ရုပ်ရှင်တွေထဲကလိုပဲ ချစ်သူ နဲ့အတူ တက္ကသိုလ်နယ်မြေမှာ အမှတ်တရတွေများခဲ့မှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပင်ပျို ဝင်ပြောလိုက်လျှင် ကိုလှိုင်ဦးက တဟားဟား ရယ်ရင်း ...

"ပင်ပျိုရာ ညည်းက ဝတ္ထုစာသားတွေထဲကလိုမျိုး ထည့်ပြောနေပါလား။ ညက ဘာဝတ္ထုများဖတ်ပြီး အိပ်လဲ၊ ခိုင်ယာလော့(ခ)တွေ လှနေတယ်၊ ဟား ဟား"

တကယ်တော့ ကိုလှိုင်ဦးတို့ ကိုမျိုးထွေးတို့လည်း သံလွင့်ကို သဘောမကျလှပေမဲ့ သူတို့က ယောကျ်ားတွေလည်း ဖြစ်တာမို့ ဟိုမေး ဒီမေး၊ ဟိုစပ်စု ဒီစပ်စု ဝင်မလုပ်ဘဲ ငြိမ်နေထောင်နေရတာဖြစ်သည်။ သူတို့လည်း ပင်ပျို့ဘက်သားတွေမို့ ပင်ပျို ဒီလို ဟန်ဆောင်ကောင်းကောင်းနဲ့ နေပြ၊ စကားပြောပြ ရယ်မောပြတာကို မကျေမနပ်တော့ ဖြစ်ကြရသည်။ ဒါကြောင့် စံညွန့်းညီတို့ရဲ့ တက္ကသိုလ်က အချစ်ဇာတ်လမ်းကိုပဲ လှောင်ချင်သလိုလို သဘောနဲ့ ရယ်စရာမပါပါဘဲ ကိုလှိုင်ဦး စပြီးရယ်တော့ ကိုမျိုးထွေးကပါ တဟီးဟီး တဟားဟား အော်ရယ်ပြသည်။ ကိုမျိုးထွေးမှာ ထမင်းပင်သီးအောင် ရယ်ပြပြီး ...

"သံလွင် ရောက်လာပြီဆိုတော့ စံညွန့်းညီ ထမင်းချိုင့်မမှာတော့ရင် ရသွားပြီပေါ့၊ ချက်ပေးမဲ့သူ ရှိပြီပဲ"

ဟု၍ပင် ထပ်ကွန့်လိုက်သေးလေသည်။





သံလွင်ကား လှုကဲခတ်မည့်၊ အင်မတန်မှ ပါးလည်းပါးနပ်လှတာမို့ ဒီအုပ်စုဟာ သဘောကောင်းချင်ဟန်ဆောင်၊ သံလွင့်ကို လိုလားချင်ဟန်ဆောင်ပြီးတော့သာ ရယ်မောနောက်ပြောင်စကားတွေ ပြောပြနေတာပေမဲ့ သူတို့စိတ်ထဲမှာ မကျေနပ်လှ၊ သဘောမကျလှကြောင်းကို အလိုလို ခံစားရိပ်မိနေလေသည်။

သံလွင်ဟာ ဘယ်တော့မှ သူများ ကိုယ့်ကိုနိုင်အောင်ပြောသွားတာလည်း မခံချင်၍ ရအောင်တော့ ပြန်ပြောလိုက်သေးသည်။

"ချက်ပေးရမှာပေါ့၊ သံလွင် ရှိနေပြီပဲ၊ ဘာမှ ပူစရာမလိုတော့ဘူး၊ ချိုင့်ဆွဲစားဖို့လည်း မလိုဘူး"

စံညွန့်းညီကတော့ အမှန်အတိုင်း ဝင်ပြောပါသည်။

"သံလွင်က အခု အဆောင်မှာနေရတာ၊ ပြီးတော့ ကျွန်တော်တို့နဲ့လည်း သိပ်အနီးကြီး မဟုတ်ဘူး။ တကူးတကကြီး ချက်ပေးဖို့ မဖြစ်နိုင်ပါဘူး။ နေပါစေတော့ ချိုင့်ဆွဲစားလက်စနဲ့ပဲ စားတော့မယ်၊ အလုပ်ရှုပ်ပါတယ်၊ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် ဖြစ်နေလိမ့်မယ်၊ မချက်ပေးပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



စံညွန့်းညီ ထံမှ ပထမဦးဆုံး ကြားရသည့် နည်းနည်းပိုသူစိမ်းဆန်သော စကားတို့ကြောင့် အားလုံးအတွေးကိုယ်စီဖြင့် အကဲခတ်ကုန်ကြတော့လေသည်။ ထိုသို့ အကဲခတ်ခံရမှုတွေကြားမှာ သံလွင်သည် အပြုံးမပျက်ရအောင် တော်တော်ကြီး ကြိုးစားနေလိုက်ရပါသည်။

❣ ➻ ❣





## ၁၁

သံလွင်ဟာ ဘယ်လိုများ အလုပ်ကိုရအောင်ရှာလိုက်နိုင်သည် မသိပါ။ တစ်ပတ်အကြာမှာ နာမည်ကြီး စူပါမားကပ်ကြီး တစ်ခုတွင် ငွေရှင်းကောင်တာ Cashier မှာ အလုပ်ရကြောင်း သိရသည်။ စံညွန့်းညီက မဆက်သွယ်ပေမဲ့ သံလွင်ကတော့ စံညွန့်းညီ ရုံးဆင်းမည့် အချိန်တိုင်း ရုံးကိုရောက်ရောက်လာပြီး တစ်ရက်မှ အဆက်အသွယ် မပြတ်အောင် လုပ်ယူခဲ့သည်မို့ စံညွန့်းညီ အကြောင်းတွေလည်း သံလွင် အကုန်သိရသလို သံလွင့် အကြောင်းလည်း စံညွန့်းညီ မမေးပါဘဲ သိနေရတာမျိုး ဖြစ်လေသည်။

သံလွင် ရုံးကိုရောက်ရောက်လာပြီး ရုံးဆင်းလျှင် စံညွန့်းညီ ကားနဲ့သာ အတူပြန်လေရာ ညနေစာတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သံလွင်နှင့်အတူ စားဖြစ်နေသည်။ အတူသွား၊ အတူစား ပုံစံဖြစ်နေပေမဲ့ စံညွှန်းညီကတော့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်လိုသာ ဆက်ဆံပါသည်။ သံလွင်ကတော့ နှုတ်ဖျားမှ "မောင်"ဆိုသော စကားလုံးကို တစ်စက်မှ မချစတမ်းပြောလျက် အရင်ကအခြေအနေမျိုးဖြစ်အောင် ဖန်တီးယူနေဆဲပင်။

ဟန်စောကတော့ မအူမလည်ရုပ်နဲ့ ပြတ်ပြတ်သားသား မပြောသော စံညွှန်းညီကို ...

"မင်း အ,ရင် မင်းပဲခံရမှာ ဟောကောင်။ ဘာကြောင့် သူ့ကို အရှင်းလင်းဆုံး လုပ်မပြရရမှာလဲ၊ မင်း ပင်ပျို့ကို သွားဖွင့်ပြောလိုက်။ ပင်ပျို အဲဒီအခါကျ မင်းနဲ့သံလွင့်ကိစ္စမေးကို မေးလာတော့မှာပဲ။ အဲဒီကျမှ အားလုံး ရှင်းပြလိုက်။ ဒီလိုကြီး လက်ခံနေလို့ကတော့ မြင်ယောင်သေးတယ်။ တစ်နေ့ကျ သံလွင့်ကို ယူလိုက်ရလေသတည်းဆိုတဲ့ ခေါင်းစဉ်ကြီး ပေါ်လာမှာကို"

ဟူ၍ နေ့တိုင်းနီးပါး ဝေဖန်အပြစ်တင်လိုက်၊ တိုက်တွန်းစရာရှိ တိုက်တွန်းလိုက် လုပ်ပါသည်။

အခုနောက်ပိုင်းမှာတော့ စံညွှန်းညီနဲ့ ပင်ပျို့ရဲ့ဆက်ဆံရေးဟာ ပုံမှန်လို ဖြစ်သွားပြီး အရင်ကလောက် မနွေးထွေးတော့။ တစ်ယောက်နဲ့ တစ်ယောက် ဂရုတစိုက်လေးတွေပင် မရှိ





ဖြစ်ကြတော့သလို ဖြစ်နေသည်။ စံညွှန်းညီကတော့ သတိရလျှင် ပင်ပျို ကြိုက်တတ်သော သရက်ပြားတွေ၊ ဆီးထုပ်တွေ တစ်ခါ ဝယ်လာပေးမိခဲ့ဖူးပေမဲ့ ထိုသို့ဝယ်လာပေးမိစဉ်က ...

"ပင်ပျို မနေ့ကပဲ ဝယ်ထားတာ အများကြီးပဲ၊ တစ်လလောက်တောင် စားမကုန်ပါဘူး။ ကိုစံညွှန်းညီပဲ ပြန်ယူသွားလိုက်ပါ။ သံလွင့်ကို ပေးလိုက်ပါ၊ သူလည်း မိန်းကလေးပဲ ကြိုက်မှာပေါ့"

ဟု သံလွင့်အကြောင်း စကားထဲထည့်ပြောကာ သူမနဲ့ စံညွှန်းညီ ကြားမှာ သံလွင်ရှိနေကြောင်း သတိပေးသလိုလို ပြောတတ်သည်။ သရက်ပြားတွေ၊ ဆီးထုပ်တွေ၊ နေကြာစေ့၊ ကွာစေ့တွေကို လက်မခံဘဲ အတင်းပြန်ပေး။ စံညွှန်းညီကလည်း ပြန်မယူ။ အဲဒီလို ပဋိပက္ခဖြစ်နေတာ မြင်တော့ ကြားထဲက ဒေါ်စိုးမိုးတို့၊ မကျော်ကျော်မေတို့ မနေသာတော့ဘဲ ...

"ကဲပါဟယ် ... စံညွှန်းညီကလည်း ပြန်မလိုချင်။ ပင်ပျိုကလည်း မယူချင် ဖြစ်နေရင် ငါတို့ပဲ ပေးလိုက်ပါတော့။ ငါတို့လည်း စားပါတယ်။ ပိုက်ဆံအပိုကုန်မှာစိုးလို့သာ ချွေတာပြီး မစားကြတာပါဟယ်၊ ငါတို့ စားပေးပါ့မယ်"

ဟူ၍ ဝင်ယူပေးလိုက်ကြရတော့မှ ပြဿနာက ပြီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက် ပင်ပို့အတွက် ဝယ်ဝယ်မလာပါနဲ့၊ ကိုစံညွှန်းညီ မှာ ဝယ်ပေးရမဲ့သူ ရှိသားပဲ၊ သူ့ကိုပဲ သတိတရ ဝယ်ပေးပါ"

ပင်ပို့အသံက စိတ်နာသလို အသံလေးဖြင့် တား မြစ်လိုက်သဖြင့် စံညွှန်းညီမှာ ရှင်းပြရလည်း အခက်။ ဘယ်က ဘယ်လိုစပြီး 'ကျွန်တော်နဲ့သူ ဘာမှမဆိုင်တော့ပါဘူး' ဆိုပြီး ရှင်း ပြရရင် ကောင်းမလားလို့ စဉ်းစားမရဖြစ်ကာ နောက်ပိုင်း ဝယ် လာပေးရဲတော့ပါ။

တစ်ရက်ကလည်း ပင်ပို့ဆံပင်ကို ငယ်ထိပ်တစ် လျှာလေးပဲ အနီရောင်လေး ဟိုက်လိုက်ထ်လုပ်ထားတာကို သတိ ထားမိပြီး ...

"မပင်ပို့ ဆံပင်လေးက အရင်ပုံလေးပဲ၊ ဒါပေမဲ့ အရောင် လေး တစ်လျှာလောက် ဟိုက်လိုက်ထ် လုပ်ထားတော့ တစ်မျိုးလေး လှသွားတယ်"

ဟု အမှတ်မထင် ချီးကျူးမိပါသည်။ အရင်ကလည်း ဒီလိုပဲ ဆံပင်တိုသွားရင် တိုသွားပြီ ဆိုတာမျိုး။ နဂိုအနက်ရောင် ကိုပဲ ပိုပြီးအရောင်တောက်အောင် လုပ်ထားတာတွေ့ရင် ဆံပင် အရောင်လေး တောက်နေတယ်နော် ဆိုတာမျိုး စသဖြင့် ပင်ပို့ ကို သူ သတိထားမိကြောင်း ပြောနေကျဖြစ်သဖြင့် လွတ်ခနဲ ပြောလိုက်မိတာမျိုးဖြစ်သည်။ အဲဒီအချိန်တွေတုန်းက ပင်ပို့သည် စံညွှန်းညီ ဝေဖန်ချီးကျူးလိုက်လျှင် ...





"အင်း ... ဟုတ်တယ်၊ ပင်ပို့ တစ်လခွဲ တစ်ခါ တစ်လ တစ်ခါပေါ့ ဆံပင်သွားသွားလုပ်တယ်၊ ညှပ်ရင်လည်းညှပ်၊ မညှပ်တဲ့အခါလည်း ဒီလိုပဲ လုပ်စရာမရှိ ရှာကြံလုပ်လာ တာလေ။ ပိုက်ဆံလျှော့ကျဖြုန်းတာပေါ့၊ ဟင်း ဟင်း ... ဆိုးတယ်နော်။ မိန်းမတွေက ဆံပင်ကို အထူးတလည် အချိန်ပေးပြီး၊ ပိုက်ဆံအကုန်ခံပြီး ပြင်ကြတဲ့ သူတွေလို့ ဝေဖန်တာ မှန်နေပြီ၊ ပင်ပို့လည်း အဲဒီထဲမှာပါတယ်"

ဟု ပြုံးပြုံးလေး စကားတွေအများကြီး ပြန်ပြောလျက် ဆံပင်ပုံတွေအကြောင်း၊ ဆံပင်ညှပ်ဆိုင်တွေအကြောင်း၊ ဘယ်မင်း သမီးက ဆံပင်ကို ဘယ်လိုပြင်လိုက်တာ ဘယ်နှသိန်းကုန်သွား တယ်ဆိုတဲ့ အကြောင်းတွေ ပြောပြတတ်သေးသည်။

အခုတစ်ခါမှာကျတော့ ပင်ပို့ဟာ စံညွှန်းညီ ထိုသို့ ပြောသံကြားလိုက်တာနဲ့ပဲ မနှစ်မြို့သလိုလို ချက်ချင်းမျက်နှာကို တည်ပစ်ပြီး ....

"သံလွင့် ဆံပင်အရောင်ကတော့ အညိုရောင်သမ်းနေတယ် နော်၊ သူ့နဂိုအရောင်လား၊ တမင်အရောင်ပြောင်းထားတာ လား"

ဟု စံညွှန်းညီကို သက်ဆိုင်သူရှိပါကြောင်း သ... ပေးချင်ဟန်ဖြင့် မဆီမဆိုင် ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို နှစ်ခါလောက် ပင်ပျိုက သံလွင့်နာမည်ကို ထည့်ပြောသောအခါ စံညွှန်းညီ သဘောပေါက်လာပါသည်။ ပင်ပျို ဟာ သူ့ကိုစိတ်နာနေပြီ။ သူ့မှာ ချစ်သူရှိရက်နဲ့ ဖောက်ပြန်ပြီး ပင်ပျို့ကို သံယောဇဉ်ရှိဟန် အစပျိုးခဲ့တာကြောင့် စိတ်နာသွားခဲ့ပြီ။ ပင်ပျို့ရင်ထဲမှာ ဘာတွေနာကြည်းနေမလဲ သိလည်းသိချင်သည်။ ရင်ထဲမှာ သူနဲ့ပတ်သက်ရင် ပင်ပျို တစ်စုံတစ်ခု ထည့်ထားခဲ့တာမို့ အခုလို သံလွင် ရုတ်တရက် ပေါ်လာတဲ့အခါ နာကြည်းသွားသည်ဟုလည်း ထင်ပါသည်။

ပင်ပျို့ ရင်ထဲမှာ အစတည်းက စံညွှန်းညီနဲ့ ပတ်သက်လို့ ဘာမှရှိမထားခဲ့ဘူး၊ ရိုးရိုးသားသား ခင်မင်ခဲ့တယ်ဆိုရင် သံလွင် ရောက်လာခဲ့သည့်အတွက် ပင်ပျို ဘာမှ နာကြည်းနေစရာ မရှိဘူး။

ပင်ပျို စံညွှန်းညီကို သံယောဇဉ် ရှိနေခဲ့လို့ နာကြည်းကြေကွဲနေတာလို့လည်း ယူဆချင်ပါသည်။

သံလွင် ရူပါမားကပ်တွင် အလုပ်ရသွားသဖြင့် စံညွှန်းညီ အလုပ်ပြီးသည့်အချိန် ရုံးဆင်းချိန် ညနေငါးနာရီလောက်မှာ ရောက်မလာနိုင်ခြင်းကို စံညွှန်းညီ တော်တော်ဝမ်းသာမိသည်။ နောက်မို့ လာလာစောင့်ပြီး အတူပြန်ရသဖြင့် သူတို့နှစ်ယောက် တတွဲတွဲလိုလို ဖြစ်နေမှန်း သိလည်းသိသည်။ ဒါပေမဲ့





သူ ပြတ်ပြတ်သားသား ပြောပြီး နှင်မထုတ်တတ်ပြန်။ ကိုယ်က ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို နှင်ထုတ်ပစ်ရမှာ အလိုလိုရှက်မိတာမျိုး ဖြစ်ပါသည်။

ရုံးကို ရောက်မလာနိုင်သောအခါ သံလွင်က တစ်ဆင့်တက်လာပြီး ...

"မောင် ရုံးကိုသွားရတဲ့လမ်းနဲ့ နီးနီးလေးမှာရှိတဲ့ ရူပါမားကပ်မှာ သံလွင် အလုပ်လုပ်ရတာဆိုတော့ မနက်တော့ သံလွင့်ကို လာခေါ်ပေးပါ မောင်ရယ်၊ မောင်တို့ရုံးက ကိုးနာရီစတာ။ သံလွင်တို့ ရူပါမားကပ်ကလည်း ကိုးနာရီဆိုစဖွင့်တာ အချိန်အတူတူပဲ။ အသွားတော့ ဝင်ပို့ပေးပါနော်၊ အပြန်ကျမှ သံလွင့်ဘာသာ ပြန်ရမှာ။ သံလွင်တော့ ညကိုးနာရီမှ ပြီးတာကို ဘယ်လိုဖြေရှင်းရမှန်း မသိသေးဘူး။ အဲဒီဘက် ပြန်တဲ့သူတွေနဲ့ အဖော်ညှိရမှာပဲ။ မောင်ကလည်း ပြန်လာကြိုပေးမှာ မဟုတ်ဘူးလေ"

ဟု တောင်းဆိုလာပါသည်။

"တကယ်တော့ မင်းမှာ ကိုယ်ပိုင်ဆိုင်နဲ့ စိတ်ချမ်းချမ်းသာသာ ပြန်နေနိုင်သားနဲ့ တမင် ဒီမှာလာဒုက္ခခံနေတာပါ။ မင်း လုပ်တာတွေ သိပ်တော့ အဓိပ္ပာယ်မရှိဘူး သံလွင်။ ပြင်ဦးလွင်ကို ပြန်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မှ မပြန်ဘဲ၊ မောင့်ကို စိတ်မချလို့ လိုက်လာတာလေ။ မောင် ပြန်ရင် သံလွင်လည်း ပြန်မယ်"

"မင်းမှ ငါ့ကို မပိုင်တာ"

"သံလွင် မောင့်ကို ချစ်လို့လိုက်လာတာပါ။ မောင်က လက်မှမခံဘဲ၊ ဘာလဲ ... အသစ်တွေ့နေပြီလား"

ထိုသို့ ရုတ်တရက် မေးလာသောအခါ စံညွှန်းညီလည်း စိတ်ပေါက်ပေါက်ဖြင့် ရွဲ့ပြီး ...

"အေး ... ဟုတ်တယ်၊ အသစ်တွေ့နေပြီ၊ မင်းကို ငါချစ်လို့ မရတော့ဘူး သံလွင်"

သံလွင်သည် သူမ မျှော်လင့်ထားသလို အဖြေမျိုးမို့ မထူးဆန်းဟန်ဖြင့် နားထောင်နေသည်။

"ပင်ပျို မဟုတ်လား"

စံညွှန်းညီ မဖြေပါ။ ပင်ပျို့ကို အတိအလင်း ဖွင့်မပြောရသေးဘဲနဲ့ အလွဲသုံးစား လုပ်သလိုဖြစ်မှာ စိုးရိမ်နေမိသည်။

"ထင်သားပဲ၊ စတွေ့ကတည်းက သိကိုသိတယ်၊ တစ်ယောက်နဲ့တစ်ယောက် အကြည့်တွေက သိပ်ကိုအဓိပ္ပာယ်ပါနေတယ်လို့ ထင်ကိုထင်တာ"





သံလွင်သည် ခပ်သဲ့သဲ့လည်း ရယ်လေသည်။ ဒဏ်ရာအနာတရ, ရထားသော တိရစ္ဆာန်တစ်ကောင်ကောင်၏ မာန်ဖီသံလိုမျိုး ဖြစ်နေသည့် ရယ်သံနောက်မှာ လှို့ဝှက်ချက်တွေ ရှိနေကြောင်း စံညွှန်းညီ တစ်ယောက် နောက်မှပဲ သိခွင့်ရတော့သည်။

"ဒါပေမဲ့ မောင် သူ့ကိုဖွင့်မပြောရသေးပါဘူး၊ ဒီတော့ မောင်နဲ့သူ ဘာမှလဲ မဆိုင်ဘူး။ သူလည်း မောင့်ကို ဘာမှဆိုင်လို့ မရဘူး။ သံလွင်ကသာ တရားဝင်တာ၊ သံလွင့်ကိုပဲ မောင်က ချစ်တယ်လို့ ပြောထားတာလေ"

"အဲဒါ ကြာခဲ့ပြီပဲ။ ချစ်တယ်လို့ ပြောခဲ့ပြီးပေမဲ့ မင်းက ငါ့ထက်ချစ်ရမဲ့သူတွေ့လို့ ငါ့ကို ထားရစ်ခဲ့တယ်လေ။ ဒီတော့ မင်းနဲ့ ငါ့ကြားက ချစ်တယ်ဆိုတဲ့ စကားဟာ ပျောက်ဆုံးသွားပြီးပါပြီ"

"မပျောက်ဆုံးပါဘူး၊ ရင်ထဲမှာ အမြဲရှိနေတယ် မောင်။ သံလွင် ပြောပြပြီးသားပဲ။ ဦးလေးကြောင့် သံလွင် အဲဒီလူကို လက်ခံလိုက်ရပါတယ်လို့ ရှင်းပြပြီးသားပဲ"

"ဒါဖြင့် ငါ မင်းကို တွေ့ပြီးမေးတုန်းက ဘာကြောင့် အပြတ်ပြောခဲ့သလဲ။ သံလွင် ဒီလူ့ကိုပဲ လက်ခံနိုင်တယ်၊ ဒီလူ့ကိုပဲ လက်တွဲတော့မယ်လို့ ဘာကြောင့် ပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက သံလွင် အဲဒီလူကို မကြာခင်လက်ထပ်ရတော့မယ်လို့ ထင်ခဲ့တော့ မောင့်ကို မျှော်လင့်ချက်ကြီးနဲ့ စောင့်မနေစေချင်လို့ ပြောခဲ့တာပါ။ မောင် တမြည့်မြည့် ခံစားပြီး ကြေကွဲနေရမှာစိုးလို့ မောင့်ကို စိမ်းစိမ်းကားကား ပြောခဲ့တာပါ။ သံလွင့်ကို မောင် စိတ်နာသွားခဲ့ရင် ခံစားရတာ သက်သာမယ်ထင်လို့ ပြောခဲ့တာပါ မောင်ရယ်။ သံလွင် တောင်းပန်ပါတယ်၊ သံလွင် မှားခဲ့တာတွေ ရှိရင်လည်း ခွင့်လွှတ်ပါ၊ သံလွင် မောင်အနားမှာပဲ နေပါရစေ"

"ငါမှ မင်းကို မချစ်နိုင်တော့တာပဲ သံလွင်ရယ်၊ ငါ့ဘဝနဲ့ငါ ငါချစ်နိုင်တဲ့သူကို ရှာပါရစေ"

"မိန်းကလေးဘက်က ဒီလောက် ခခယယ တောင်းပန်နေတာတောင် မောင်က တော်တော်၊ အငြိုးအတေးကြီးနိုင်တာပဲနော်"

"ငါ အငြိုးအတေးကြီးနေတာ မဟုတ်ဘူး သံလွင်။ ကျွတ်__ စိတ်ညစ်လိုက်တာကွာ၊ မင်း တော်တော် အပြောရခက်တာပါပဲလား"

"မောင် သံလွင့်ကို ကားနဲ့မခေါ်ချင်လည်း ရပါတယ်၊ သံလွင် ထပ်ပြီးမတောင်းဆိုတော့ပါဘူး။ ဒါပေမဲ့ သံလွင်





ပြောထားပြီးသားနော်၊ မောင့်ကို သံလွင် ချစ်တယ်၊ သံလွင်ဟာ မောင့်ရဲ့ချစ်သူပဲ။ အဲဒီနေရာက လုံးဝဖယ်မပေးနိုင်ဘူး"

သံလွင်ကလည်း စံညွှန်းညီ ဘက်မှာ မသေချာသေးသော အခြေအနေကို သိထားသည်ဖြစ်ရာ လုံးဝအလျှော့မပေးတော့ပါ။

ပင်ပို့နဲ့ အတိအလင်း ချစ်သူဖြစ်ကြဖို့ ဆိုသည်မှာ အခုလိုအချိန်မှာ ဘယ်လိုမှ မသေချာ မရေရာတော့သော အခြေအနေမျိုး ဖြစ်နေ၍ ... စံညွှန်းညီဘက်ကလည်း ...

"ငါ့မှာ ချစ်သူရှိတယ်"

ဆိုသော ဖြေရှင်းချက်မျိုးနဲ့ ဘယ်လိုမှ ခွာထုတ်ပစ်လို့ မရသည့်သဘောမှာ ရှိနေတော့သည်။

အိမ်ရောက်သောအခါ ဟန်စောသာ ပြောပြရမည့်သူရှိနေ၍ အစအဆုံး ပြောပြပြီးနောက် ...

"ငါ့ကို ပျော့တယ်၊ အားနာတတ်တယ်လို့ မဝေဖန်နဲ့ ဟန်စော။ ငါ ဒီနေ့ ရှင်းလို့ရသလောက် ရှင်းခဲ့ပြီးပြီ။ သူ့ဘက်က ခေါင်းမာမာနဲ့ ဘယ်လိုမှ နောက်ဆုတ်မပေးတာကျတော့ ဘယ်လိုမှ ခွာထုတ်ပစ်လို့ မရဘူး ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု၍ ဟန်စော သူ့ကို မဝေဖန်ခင် ကြိုပြီးပြောလိုက်သည်။

"သံလွင်ဟာ တော်တော်အဆိပ်ပြင်းတဲ့ မိန်းမပဲကွာ၊ မင်းအစား ငါတောင်လန့်လာပြီ"

"ငါလည်း လန့်တာပေါ့ကွ။ ခုချိန်မှာ သူ့ကိုသာ မတော်တဆ လက်ထပ်ယူရမဲ့ အဖြစ်မျိုး ကြုံလာရင်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ သူ့ကို ငါ့ကားနဲ့တောင် တင်မခေါ်ချင်တော့ဘူး"

"အေး ... ဟုတ်တယ်ကွ။ တစ်ခါတလေကျ မလွဲမရှောင်သာလို့ နာမည်ပျက် မခံနိုင်လို့ ယူလိုက်ရတဲ့အဖြစ်တွေ ရှိတယ်ကွ"

"မပြောကောင်း မဆိုကောင်းကွာ၊ အဲဒီလိုသာ ဖြစ်ခဲ့ရင် ငါတော့ ကိုယ့်ကိုယ်ကိုယ် အသေခံလိုက်တာကမှ ပိုကောင်းမယ်ထင်တယ်"

"ဟား ... မင်းကလည်းကွာ၊ အဓိပ္ပာယ်မရှိတာ၊ မင်းမှာ ဘာအမှားမှ မရှိဘဲနဲ့ မိန်းမဆိုးတစ်ယောက်ကြောင့် အသေခံပေးစရာလား၊ ငါ အကြံပေးမယ်၊ အကောင်းဆုံးကတော့ ပင်ပျို့ကို အစအဆုံး ပြောပြလိုက်၊ အသိပေးလိုက်၊ မင်းသူ့ကိုသာချစ်ကြောင်း ဖွင့်ပြောလိုက်တော့"





"မလွယ်ဘူး ထင်တယ်ကွ၊ ပင်ပျို့က ခုတလော ငါ့အပေါ် တော်တော်စိမ်းကားနေပြီ၊ သူနဲ့နှစ်ယောက်တည်း စကားအကြာကြီးပြောခွင့်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ အခုဆို မေးထူးခေါ်ပြော အဆင့်လောက်ကို ပြန်ရောက်သွားပြီကွ"

"ဒီမှာ ဟော့ကောင်။ မင်း ဒီအတိုင်းကြီးပဲ ဇာတ်မျောကြီးလုပ်ပြီး သံလွင် အနိုင်ကျင့် ခြယ်လှယ်သမျှ ငြိမ်ခံမလား။ ပင်ပျို့ကို အရဲစွန့်ပြီး စကားပြောခွင့်တောင်းပြီး မင်းတို့အကြောင်းကို အသိပေးမလား၊ ဒီနှစ်လမ်းပဲ ရွေးဖို့ရှိတယ်၊ ဒါ ငါ အကောင်းဆုံး အကြံပေးတာပဲ"

စဲညွန်းညိုသည် ဟန်စော တိုက်တိုက်တွန်းတွန်းနှင့် အကြံပေးလျှင် ထိုအကြံကို လက်ခံလိုက်ချင်သလိုတော့ ဖြစ်သွားသည်။

ဘာကြောင့်လဲဆိုတော့ ပင်ပျို့နဲ့သူ တဖြည်းဖြည်း စိမ်းလာလေလေ၊ ပင်ပျို့နဲ့ ဝေးရမှာကြောက်လေလေ ဖြစ်၍ပင်။ ပင်ပျို့ကို ချစ်တာရော၊ မြတ်နိုးတာရော၊ သံယောဇဉ်တာရော၊ အချိန်ကာလကိုတွက်လျှင် သံလွင်နဲ့တုန်းက မကြာမြင့်မဲ့ ကာလအတိုလေးအတွင်းမှာ ပင်ပျို့အပေါ် နက်နက်ရှိုင်းတွယ်တာမိကြောင်း သူ့နှလုံးသားသူ သိလာပါသည်။



www.burmeseclassic.com


www.burmeseclassic.com



"အေးကွာ၊ ပင်ပျို့ကို ငါ ရှင်းပြခွင့်ရအောင် ကြိုးစားဘော
မယ်"








www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"မပင်ပို့ ...

ကျွန်တော် ပြောပြစရာတွေရှိလို့

အချိန်နည်းနည်းပေးပြီး နားထောင်ပေးနိုင်မလား။

ခင်မင်လျက် ...

စံညွန့်းညီ"

ဆိုသော e-mail တစ်ခု ပင်ပို့ဆီ ဝင်လာလျှင် ပင်ပို့သည် မျက်နှာချင်းဆိုင်မှာထိုင်၍ အလုပ်လုပ်နေသော စံညွန့်းညီထံ ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။

သူမထံ မရဲတရဲ မျက်လုံးလှန်ကြည့်ခိုက်နဲ့ ဆုံသဖြင့် ပင်ပို့ကို အသာပြုံးပြသည်။ ဘာအရှုးထတာလဲ၊ ဘာထွင်တာလဲ၊ နှစ်ယောက်အတူ အလုပ်တွဲလုပ်နေတာပဲ၊ စကားနဲ့ လှမ်းပြောလိုက်ရသားနဲ့။ အခုတလော ပင်ပို့ သူ့ကို တရင်းတနှီး သိပ်စကားပြန်မပြောတာကြောင့် သူနဲ့ပြန်ပြီး အနေစိမ်းသလိုတော့ ဖြစ်သွားပါသည်။ သို့သော် ဒီလိုစာတစ်တန် ပေတစ်တန်ကြီးရေးပြီး ပြောဆိုလောက်စရာ အကြောင်းမရှိဘူးဟု ထင်ပါသည်။

ဒါဆို ပင်ပို့ကလည်း သူ့ကို e-mail ပြန်ပို့ရမလိုပင် ဖြစ်နေသည်။

"ကိုစံညွန့်းညီ ...

ဘာပြောစရာရှိလို့လဲ၊ ရှိရင် အခုပြောပါ၊ ရတယ်"

ပင်ပို့ စာတစ်ကြောင်း ကောက်ရိုက်လိုက်ပြီး send ခလုတ်ကို နှိပ်လိုက်ပါသည်။

ငါးမိနစ်ပင် မကြာလိုက်။ ပင်ပို့ထံ e-mail ပြန်ဝင်လာသည်။

"မပင်ပို့ ...

အေးအေးဆေးဆေး တွေ့ပြီး စကားပြောချင်တာပါ၊ ဒါကြောင့် အခု ပြောလို့မဖြစ်ဘူး"

ပင်ပို့ ထို e-mail ကိုဖတ်ပြီးနောက် ဘာမှ ပြန်ရေးမပို့တော့ဘဲ ဆက်အလုပ်လုပ်နေလျှင် စံညွန့်းညီဆီမှ ငါးမိနစ်တစ်ခါလောက် e-mail တွေ ဝင်ဝင်လာတော့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



"မပင်ပျို ...

တနင်္ဂနွေနေ့ကျ ရေကူးပင်းသွားမှာလား၊ အဲဒီကို ကျွန်တော်လာတွေ့ပါရစေ"

ဆိုသော စာကြောင်းတွေပဲ ဆက်တိုက်ပို့နေလျှင် အခါနှစ်ဆယ်လောက် လက်ခံရပြီးသောအခါ ပင်ပျိုလည်း စိတ်ပေါက်ပေါက်ဖြင့် ...

"ပို့ပြီးသား e-mail ပဲ ထပ်ထပ်ပို့နေတာ အခါနှစ်ဆယ်လောက်ရှိနေပြီ၊ ရှင် OCD များဖြစ်နေသလား။ မပို့ရသေးဘူးထင်ပြီး ထပ်ထပ်ပို့နေသလား"

ဟူ၍ ပြန်ရေးပို့လိုက်မိတော့သည်။

ထိုအခါ စံညွန့်ညို ထံမှလည်း ...

"OCD မဟုတ်ပါဘူး၊ မပင်ပျိုဆီမှ ဘာမှအကြောင်းမပြန်လို့ စိတ်ပူပြီး ထပ်ထပ်ပို့နေတာပါ၊ ကျွန်တော် ဒီတစ်ခါပဲ တွေ့ခွင့်တောင်းတာပါ။ ဒီတစ်ခါပြီးရင် နောက်တစ်ခါတွေမှာ မပင်ပျိုကို တဂျီဂျီမပူဆာတော့ပါဘူး၊ မပင်ပျိုကို စိတ်အနှောင့်အယှက် ထပ်မပေးတော့ပါဘူး။ အခုလို e-mail တွေ ခဏခဏပို့ပြီး စိတ်ရှုပ်အောင် မလုပ်တော့ပါဘူး"

ထိုစာကိုဖတ်ပြီး ပင်ပျိုလည်း ထပ်ရေးပို့လိုက်ပြန်သည်။





"ဩော် ... အခုတော့ ပင်ပျို လက်မခံမချင်း နှောင့်ယှက်မဲ့သဘောပေါ့ ဟုတ်လား"

ပင်ပျို e-mail ကိုဖတ်ပြီး စံညွန့်ညို တစ်ယောက် ...ည်းနည်းတော့ တွေတွေဝေဝေ ဖြစ်သွားကာ ပင်ပျို့ကို အကဲခတ် ...သလို ကြည့်နေလေသည်။ နောက်တော့ သူ ဘာ e-mail မှ ထပ် ...ပို့တော့ဘဲ ငြိမ်သွားသဖြင့် ပင်ပျိုလည်း သူ့ကို ခဏခဏအကဲ ...တ်နေမိသည်။ သူ့ဘက်က နောက်ဆုတ်သွားပြန်တော့လည်း ...င်ပျို မနေနိုင်။ သို့သော် ကိုယ်က မိန်းကလေးတန်မဲ့ ပြန်အစပျိုး ...ီး e-mail ထပ်ပို့မှာကိုလည်း မလိုလားပြန်ပါ။

ပင်ပျို ဒီလောက်လေးတော့ မာန်တင်းရဦးမှာပေါ့ ...ကိုစံညွန့်ညိုရယ်။ ရှင်က ရိုးသလိုလိုပုံနဲ့ ဘာတွေရှုပ်ထားမှန်း ...သိတော့ ပင်ပျို ရှင့်ကို အလွယ်တကူ လိုက်လျှောဖို့ သတ္တိမရှိ ...သောဘူး။

ပင်ပျို ငြိမ်ပြီးတွေးနေတုန်း တစ်နာရီလောက်ကြာ ...သော့ စံညွန့်ညို ထံမှ ...

"မပင်ပျို"

ဟူသော ခေါ်သံသဲ့သဲ့ကို ကြားရပါသည်။

သူ့ဘက်က စိတ်လျှော့သွားပြီထင်ပြီး ကျိတ်ဝမ်း ...သည်းနေသော ပင်ပျို့စိတ်တွေ ရှန်းကြွနိုးထလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် တမင်အနှောင့်အယှက် ပေးချင်လို့ မဟုတ်ပါဘူး။ ပြောပြချင်တာလေးတွေ တကယ်ရှိနေလို့ပါ။ မပင်ပို့နဲ့ မဆိုင်ပေမဲ့ မပင်ပို့ကို သိစေချင်လို့ ပြောပြမဲ့ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းအရာတွေပါ၊ မပင်ပို့ အချိန်နည်းနည်း ပေးနိုင်မလားလို့ပါ”

ပင်ပို့ကလည်း မိန်းကလေးပီပီ နည်းနည်းတော့ ဟန်ဆောင်ရသေးလေသည်။

“ပင်ပို့က သူများကိုယ်ရေးကိုယ်တာကို သိပ်မှစိတ်မဝင်စားတာ”

“………”

“ပင်ပို့ အခု တနင်္ဂနွေမှာ ဗိုလ်ချုပ်ဈေးတော့ သွားဖို့ရှိတယ်”

ပင်ပို့က နည်းနည်းလောက် ဟန်ဆောင်ပြီး ငြင်းလျှင်ပင် ဓာတ်လိုက်က အသံတိတ်သွားသည်မို့ နောက်ဆုံးတော့ ပင်ပို့ပဲ ရေလာမြောင်းပေးစကားကို ပြောရပါသည်။

“ကျွန်တော် လာရမလား”

“ပင်ပို့ ဆယ့်နှစ်နာရီခွဲတော့ ရောက်မယ်”

“ဘယ်နားက စောင့်ရမလဲ”

“ကားဝင်လို့ရတဲ့ဘက်အခြမ်း သိလား”





“ဗိုလ်ချုပ်ဈေး ရှေ့ဘက်ကို ပြောတာလား”

“ဟုတ်တယ်”

“အဲဒီနားမှာ စောင့်ရမှာလား”

“ကိုစံညွှန့်ညီရယ်၊ ရှင့်ကို မစောင့်စေချင်ရင် လာမတွေ့စေချင်ရင် ပင်ပို့ ပြောပြနေပါတော့မလား”

“ဆောရီး မပင်ပို့၊ ကျွန်တော်က တစ်ခါတလေကျ လည်မလိုလို့နဲ့ အ,နေတတ်လို့ပါ”

ရှင် လည်သာမလည်တယ်၊ ချောမောလှပတဲ့ ရည်းစားတစ်ယောက်ရှိရက်နဲ့ နောက်ထပ်မိန်းကလေးတစ်ယောက်ကို စိတ်ဝင်တစား ချဉ်းကပ်ဖို့ အကြံတော့ ရသေးတာပဲနော်။

စနေနေ့လယ်မှာ ချိန်းဆိုလိုက်ပြီးသောအခါ စံညွှန့်ညီ တစ်ယောက် သံလွင် ရောက်လာပြီး အနှောင့်အယှက်ပေးမှာကို စိတ်တော့တထင့်ထင့် ဖြစ်နေမိသည်။ အရင်တစ်ခါကလည်း ပင်ပို့ကို ဖွင့်ပြောမယ်ဆိုပြီး ဈေးအတူဝယ်ကြမည်ဆိုကာ ချိန်းပြီးမှ သံလွင့်ကြောင့် တစ်ခါပျက်ဖူးပြီးပြီဖြစ်ရာ အခုတစ်ခါမှာပါ ထပ်မပျက်ချင်တော့ပါ။

စနေနေ့ညနေ ရုံးကနေ အိမ်ကို တန်းတန်းမတ်မတ် ပြန်ရောက်တော့မှပဲ စိတ်အေးရတော့သည်။ ဟန်စောကို ပြောပြတော့ …



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ၊ ငါ မင်းကို ဖွက်ထားပေးပါ့မယ်၊ မနက်ဖြန် မနက် ဆယ့်တစ်နာရီခွဲ မင်း ဒီအိမ်ကနေ ဗိုလ်ချုပ်ဈေးကို ထွက်မသွားခင်ထိ ငါ့တာဝန်ထား၊ ငါ ဘေးမသီ ရန်မခ အောင် စောင့်ရှောက်ထားပေးမယ် ... ဟား ဟား"

ဟု ပြောနေသေးသည်။

စံညွှန်းညီ တစ်ယောက် ထိုနေ့ညတစ်ညလုံး ပင်ပျို့ကို အိပ်မက်,မက်လိုက်။ သံလွင့်ကို အိပ်မက်,မက်လိုက်ဖြင့် ဖြတ်သန်းရသည်။ ပင်ပျို့ကို သွားစောင့်နေတုန်းမှာ သံလွင်ရောက်လာသည်ဟု မက်သဖြင့် ကြောက်လန့်ပြီး နိုးသွားလေရာ ပြန်၍ အိပ်ပြန်လျှင် ထပ်ပြီးအိပ်မက်,မက်သည်မှာ ပင်ပျို့ စောင့်နေမည့် နေရာကို ရောက်တော့ ကြည့်ရင်း ကြည့်ရင်းနဲ့ ပင်ပျို့က သံလွင် ဖြစ်သွားသည်ဆိုသော အိပ်မက်မျိုး ထပ်မက်ပြန်သည်။ ဒီလိုနဲ့ပဲ တစ်ညလုံး အိပ်မက်ဆိုးတွေနဲ့ နိုးလိုက် အိပ်လိုက်၊ ကောင်းကောင်း အိပ်ပျော်သည် မရှိဘဲ မနက်လေးနာရီလောက်မှ သေသေချာချာ အိပ်ပျော်သွားလေသည်။ မနက်ရှစ်နာရီထိုးခါနီး နိုးနေကျအချိန် ရောက်မှ ပြန်နိုးလာသောအခါ မကြာခင် နာရီပိုင်းအတွင်း တွေ့ ခွင့်ရတော့မည့် အဖြစ်အပျက်ကို အရင်ဆုံး သတိရပြီး ရင်ခုန် သွားတော့သည်။





မနက်စာအတွက် လက်ဖက်ရည်သောက်ဖို့ ဟန်စော နဲ့ အပြင်တစ်ခေါက်ထွက်သွား၊ ပြန်လာ၊ နာရီကြည့်တော့ ကိုး နာရီခွဲ။ စိတ်ကစောနေသဖြင့် စောစောပဲ အပြင်ထွက်သွားနှင့်တော့ ည်ဟု စဉ်းစားကာ ရေဝင်ချိုးပါသည်။ တစ်ခါမှ ပင်ပျို့နဲ့အပြင် ာချိန်းပြီး မတွေ့ဘူးသည်ဖြစ်ရာ အဝတ်ဗီရိုဖွင့်ပြီး ဘာဝတ်ရမလဲ လို့ အကြာကြီး စဉ်းစားနေမိပါသည်။

"ဗီရိုကိုရပ်ကြည့်ပြီး ဘာလုပ်နေတာလဲကွ"

"ဘာငတ်ရမလဲလို့ စဉ်းစားနေတာ"

"ဟား ဟား ... အင်္ကျီနဲ့ ပုဆိုးပဲ ဝတ်ပေါ့ကွာ"

"ဒါတော့ မင်းပြောမှလား"

"ထူးထူးခြားခြား ဝတ်သွားလည်း မင်းကို နေ့တိုင်းတွေ့ နေကျ ရုပ်အတိုင်းပဲ၊ သူ့မျက်စိထဲမှာ မြင်မှာပဲ မဟုတ်လား"

"ဟော့ကောင် ... ကပ်ပြီးရစ်မနေနဲ့ကွာ၊ အကြံပေးပါဦး၊ ဘယ်အင်္ကျီဝတ်ရမလဲ"

"ဝတ်သာဝတ်သွားပါကွာ၊ အကုန်လုံး အဆင်ပြေပါတယ်၊ မကြားဖူးဘူးလား၊ စကားတစ်ခုရှိတယ်၊ ယောကျ်ားဆိုတာ လှပြီးသားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မေးလိုက်ရင် ဘာအကြံမှ မပေးနိုင်ဘူး"

"အလုအပအတွက်တော့ အကြံမပေးနိုင်ဘူးကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါက အလုအပမှ စိတ်မဝင်စားတာ။ အစားအသောက်တော့ ဘာမေးမလဲ ပြေဖို့အသင့်ပဲ"

"ဒါကြောင့် ကြီးကြီးပြောလည်း ပြောစရာ၊ မင်းက ဗုဏ် ဝင်နေသလား မသိဘူး။ ဒီလောက်စားပြီး ဝလည်းမဝဘူး လေ"

စံညွှန်းညီသည် မျက်စိထဲ အဆင်ပြေမည်ထင်သည့် နက်ပြာရင့်ရောင် တီရှပ်တစ်ထည်ကို ဝတ်လိုက်ကာ ဂျင်းန်ပင်န် အနက်ရောင်ကို ရွေးလိုက်ပါသည်။ အလုပ်သွားရင်တော့ ပုဆိုး သာအဝတ်များပေမဲ့ အပြင်ထွက်ရင်တော့ ဂျင်းန်ကိုသာ အဝတ် များသဖြင့် အခုလည်း သူ့စိတ်က ပုဆိုးမဝတ်ချင်သဖြင့် ဂျင်းန် ကိုသာ ရွေးချယ်မိသည်။ အိမ်ကထွက်လာတော့ မနက်ဆယ်နာရီခွဲ ရုံသာ ရှိသေးသည်။ ဒါပေမဲ့ စိတ်က စောနေသဖြင့် ဆယ့်နှစ် နာရီခွဲမှ ရောက်လာမည့် ပင်ပျို့ကို စောစောပဲ သွားစောင့်ချင်နေ မိသည်။

ဈေးရောက်၊ ကားပါကင် တစ်နေရာဝင်ရပ်ပြီး ကား ထဲမှာ သီချင်းနားထောင်ရင်း စောင့်နေမိသည်။ ပင်ပျို့နဲ့တွေ့ရင်





ပြောပြရမည့် စကားတွေကို ခုကတည်းက စီစဉ်ထားပြီးပေမဲ့ ဆပ်ခါတလဲလဲ ပြန်စဉ်းစား စီစဉ်နေမိပြန်သည်။ ဘာနဲ့တူသလဲ ဆိုတော့ စာမေးပွဲခန်းဝင်ခါနီး ကျောင်းသားတစ်ယောက် ကျက် ပြီးသားတွေကို အပြန်ပြန် အလှန်လှန် နွေးနေတာနဲ့ပင် တူတော့ သည်။

ဆယ့်နှစ်နာရီလောက်ကတည်းက ကားအပြင်ထွက် ရပ်ပြီး ဟိုလျှောက်၊ ဒီလျှောက်လုပ်ကာ ပင်ပျို့ကို စောင့်နေမိ သည်။ ဆယ့်နှစ်နာရီခွဲကျော်ကျော် ငါးမိနစ်အစွန်းလောက်ပဲ ရှိ သေးချိန်မှာ ပင်ပျို့ ရှုပါဆလွန်းကားလေး ဈေးထဲဝင်လာတာ လှမ်းတွေ့ရသည်။

ပါကင်ရပ်ဖို့ နေရာရှာနေသော ပင်ပျို့ကားနောက် လမ်းလျှောက်လိုက်လာသည့် စံညွှန်းညီကို ပင်ပျို့ မြင်ပါသည်။ ပင်ပျို့ ကားနေရာရပြီးသောအခါ စံညွှန်းညီက ချက်ချင်းပင်၊ ပင်ပျို့ကားနား လာရပ်သည်။

"မပင်ပျို့ ဘာစားခဲ့ပြီးပြီလဲ"

ပင်ပျို့ အပြင်ရောက်ရောက်ချင်း မေးလိုက်သဖြင့် ပင်ပျို့က သူ့ကို စိတ်နာနေသော အခံကြောင့် ခပ်ရွဲ့ရွဲ့ ပြန်ပြော လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဈေးဝယ်ဖို့လာတာ ဈေးအရင်ဝယ်မှာပေါ့၊ မုန့်ကဘာလို့ သွားစားရမှာလဲ၊ မစားသေးပါဘူး၊ ခုလေးတင် ထမင်းစားလာတာ"

"ဪ ... ဒါဆိုလည်း ရပါတယ်၊ ကျွန်တော် လိုက်ခဲ့မယ်နော်"

လိုက်ခဲ့စေချင်လို့ သူ ချိန်းတာကို လက်ခံတာပဲ။ တစ်ခါတလေကျ အ,ပြန်ရင်လည်း ဖွတ်ပြီးအ,နေပြန်ရော။ ပင်ပို့သည် ဘာမှမပြောဘဲ မျက်စောင်းကြီးသာ မဆီမဆိုင် ထိုးမိသည်။ ဒီနေ့မှ ရှိုးထုတ်လာသလား မသိဘူး။ တွေ့နေကျ မဟုတ်တဲ့ ဂျင်းနံပင်နံနဲ့ တီရှပ်နဲ့ပါလား။ ရုံးမှာတော့ တစ်ခါမှ ဝတ်လာတာ မတွေ့ဖူးဘူး။ ရှပ်ဖြောင်တွေဝတ်လိုက်၊ အစင်းကြားလေးတွေဝတ်လိုက်နဲ့။ ပြီးတော့ ပုဆိုးနဲ့ပဲ အမြဲတွေ့ရလို့ ဘောင်းဘီတောင် ဝတ်လေ့မရှိဘူး ထင်ထားတာ။

"ရှင့်ကို တစ်ခါမှ ဒီလိုပုံနဲ့ မတွေ့ဖူးဘူး"

ပင်ပို့ တမင်ပဲ မေးချင်သလိုလိုဖြင့် ပြောလိုက်လျှင် စံညွှန်းညီ ဆိုတဲ့ အူကြောင်ကြောင်လူမှာ ဘာကိုပြောမှန်းရုတ်တရက် စဉ်းစားမရ ဖြစ်နေသည်။

"ဘာပုံကို ပြောတာလဲ"

"အခုပုံကို ပြောတာ"





"အခုပုံ ဘာဖြစ်နေလို့လဲ"

"ကျွတ် ... ရှင်ဟာလေ၊ ဒုံးဝေးပြန်ပြီ၊ အခုလို တီရှပ်တွေ ဂျင်းနံတွေနဲ့ မတွေ့ဘူးလို့ပြောတာ၊ ရုံးလာရင် ရှပ်နဲ့ပုဆိုးနဲ့ပဲ တွေ့တာလေ၊ အဲဒီတော့ အရင်ပုံနဲ့ အခုပုံ မတူဘူးလို့ ပြောတာပေါ့"

"ဪ ... ဒါလား"

စံညွှန်းညီ ခုမှ သဘောပေါက်သလို ရေရွတ်ရင်းရယ်ပါသည်။

"ရုံးလာရလို့ ဒါမျိုးဝတ်မလာသင့်ဘူး ထင်ပြီး မဝတ်တာပါ။ အဖေက ပြောဖူးတယ်လေ။ တီရှပ်တို့ ဂျင်းနံတို့ဆိုတာ အခမ်းအနားတို့၊ ရုံးတို့သွားရင် ဝတ်ဖို့မသင့်တော်တဲ့ အဝတ်အစားတဲ့။ ဒါကြောင့် ကျွန်တော်က ရုံးလာရင် မဝတ်လာတာပါ"

"ရှင်က မိဘစကားတော့ နားထောင်သားပဲနော်"

"မထင်ပါနဲ့ဗျာ၊ ထင်သလောက်တော့ မလိမ္မာပါဘူး၊ အဖေနဲ့အမေကို အတိုက်အခံ လုပ်ဖူးတာတွေရှိတယ်၊ အဲဒီထဲမှာ အခုလို ရန်ကုန်မှာလာနေပြီး ရုံးအလုပ် ဝင်လုပ်တာလည်းပါတယ်။ မိဘလက်ငုတ်လက်ရင်းကို မလုပ်ဘဲ လခစားအလုပ်ကို ဝင်လုပ်ဖို့ အဖေနဲ့အမေက သိပ်လက်



www.burmeseclassic.com

www.burmeseclassic.com



မခံကြဘူးလေ၊ ကျွန်တော်ကတော့ ခြံလုပ်ငန်းကို လုံးဝ ဝါသနာမပါဘူးလေ”

“ဒါနဲ့ ရှင့်ရဲ့သံလွင်ကရောဂျ ရုံးအလုပ်ကိုလုပ်ဖို့ အားပေးရဲ့လား”

ပင်ပို့ မေးချလိုက်တော့ စံညွှန်းညီ မျက်နှာမပျက်သွားပေမဲ့ ရင်ထဲမှာတော့ ရုတ်တရက် လန့်သွားသည်။ ပင်ပို့ စိတ်ထဲမှာ ဒီကိစ္စကို ခိုးလိုးခုလု ဖြစ်နေတယ်၊ ရှင်းကိုရှင်းပြရမှ ဖြစ်မယ်။ မရှင်းရင် ပင်ပို့ ငါ့ကိုပိုပြီး အထင်လွဲ၊ ပိုပြီးမုန်း၊ ပိုပြီး နာကြည်းနေလိမ့်မယ်။

“ကျွန်တော် အဲဒီအကြောင်းတွေ သေသေချာချာ ပြောပြချင်လို့ မပင်ပို့ကို တမင်လာစောင့်နေတာပါဗျာ”

“ပင်ပို့ ထိုင်ပြီးနားမထောင်နိုင်သေးဘူး၊ ဖိနပ်ဝယ်မယ်။ ပိတ်စဝယ်မယ်။ ပဝါဝယ်မယ်၊ ဝယ်စရာတွေရှိတယ်”

“ဝယ်ပါ ... ဝယ်ပါ၊ မပင်ပို့ ပြီးမှ ကျွန်တော်တို့ ဆိုင်ထိုင်ပြီး စကားပြောကြတာပေါ့”

ပင်ပို့သည် သိပ်ဝယ်စရာ မရှိပါဘဲ၊ ဝယ်လည်း မဝယ်ချင်ပါဘဲ ဖိနပ်ဆိုင်တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်ကြည့်ပါသည်။ တစ်ဆိုင်မှာ အနည်းဆုံး ဆယ့်ငါးမိနစ်လောက်တော့ လျှောက်ရွေး လျှောက်ဝတ်ကြည့်။ သိပ်မကြိုက်ပါဘူး ဆို





တာတစ်မျိုး။ ဈေးက သိပ်ကြီးနေတယ် ဆိုတာတစ်မျိုး။ ပုံကို ကြိုက်ပြီး အရောင်မကြိုက်ဘူး ဆိုတာတစ်မျိုး။ ရောင်းတဲ့ကောင်မလေးက စကားပြော မယဉ်ကျေးဘူး ဆိုတာတစ်မျိုး။ အမျိုးစုံ ကြံဖန်ကြေးများကာ ဖိနပ်ဆိုင်ကုန်သလောက်နီးပါး လျှောက်ကြည့်ပါသည်။

နောက်ဆုံးတော့ ကတ္တီပါဖိနပ်အပါးတစ်ရန်နှင့် တစ်လက်မလောက် အထူလေးတစ်ရန်သာ ဝယ်ဖြစ်ပါသည်။ တကယ်တော့ ပင်ပို့မှာ ဟိုအပတ်ကတင် Heat Wave ဖိနပ်ဆိုင်က ဖိနပ်အလှလေးတစ်ရန် ဝယ်ထားပြီး၍ ဖိနပ်အသစ် ထပ်ဝယ်ချင်စိတ် မရှိပါ။

ဒါပေမဲ့ စံညွှန်းညီကို ဒုက္ခပေးချင်တာနဲ့ ဆိုင်ပေါက်စေ့ လျှောက်ကြည့်၊ လျှောက်ရွေးပြီးမှ ရိုးရိုးကတ္တီပါဖိနပ်တွေသာ ဝယ်ပြလိုက်ပါသည်။

ခေတ်ပေါ်ဖိနပ်တွေ လျှောက်ကြည့်ပြီး ကတ္တီပါဖိနပ်သာဝယ်သော ပင်ပို့ကို စံညွှန်းညီ ဘာတစ်ခွန်းမှ မဝေဖန်ပါ။ အေးအေးဆေးဆေး ဟန်မပျက် လိုက်လာပါသည်။

“ပိတ်စတွေ ရွေးဦးမှာနော်”

“ရွေးလေ၊ ရတယ်”

“ဖိနပ်ဆိုင်တွေမှာ လျှောက်ကြည့်သလိုပဲ ကြာမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ကြာပါ ရပါတယ်၊ ကျွန်တော် သိပါတယ်၊ မိန်းကလေးတွေက ဈေးဝယ်ရင် ကြာတတ်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်"

"ရှင့်ရဲ့သံလွင်ကိုရော လိုက်ပေးနေကျလား"

စံညွန့်းညိုသည် ပင်ပို့ရင်ထဲက မကျေမနပ်စိတ်ဟာ ဘာကြောင့်လဲလို့၊ အဖြေထုတ်မိသဖြင့် အသာပြုံးမိပါသည်။ ဒါကို မြင်လိုက်သော ပင်ပို့မှာ သူမမှားသွားကြောင်း ချက်ချင်းသိလိုက်ပြီး ဖျတ်ခနဲ မျက်နှာလွှဲသွားကာ ...

"ဒီပိတ်စဆိုင်ထဲ ဝင်လိုက်ဦးမယ်"

ဟု စကားလမ်းကြောင်း ပြောင်းပစ်လိုက်လေသည်။

ပိတ်စတွေ လျှောက်သာကိုင်ကြည့်နေရတယ်။ ပင်ပို့စိတ်တွေဟာ ပိတ်စတွေဆီမှာ အာရုံဝင်စားလို့ မရဘဲ ဖြစ်နေသည်။ ဘုရားရေ ငါ ဘာဖြစ်နေတာလဲ။ ငါကိုယ်ငါ စိတ်ပြတ်လှပြီ။ သူ့ကို သိပ်နာကြည်းလှပြီ။ မုန်းလှပြီ ထင်ထားတာ ဘာကြောင့် အဲဒီလို မဖြစ်တာလဲ။ သူ့ကို သံလွင်နဲ့ ပတ်သက်ပြီး မကြာခဏ စကားနာထိုးချင်နေတာ။ သံလွင်နဲ့ယှဉ်ပြီး ပြောပြောနေမိတာတွေကြောင့် သူတောင် ရိပ်မိသွားပြီ၊ သေတော့မှာပဲ။ ငါ ဘာကြောင့် သူ့ကို ခုထိ တွယ်တာမိနေရသလဲ။





"နင်က သိပ်ချောပြီး ချစ်စရာကောင်းတဲ့ ကောင်မလေး ပင်ပို့ရဲ့။ တကယ်ဆို စံညွန့်းညိုလို မျက်မှန်ပုံတုံးတုံးနဲ့ မှန့်ကြောင်နဲ့ဆို လိုက်ကိုမလိုက်ပါဘူး။ ငါတို့က စံညွန့်းညိုကို ဝိုင်းခင်နေကြလို့သာ နင်နဲ့ တွဲစ,နေတာ သိလား"

ဟူ၍ သံလွင် ဆိုတဲ့ မိန်းကလေး ဘွားခနဲ ပေါ်မ ...ခင်တုန်းက စံညွန့်းညိုနဲ့ ပင်ပို့ကို တွဲပြီးစလို့ကောင်းနေတုန်း ... မကျော်ကျော်မေ ပြောဖူးတာကို သွားသတိရမိသည်။

တကယ်ပါ ပင်ပို့ အရင်ကစိတ်ကူးယဉ်ပြီး ချစ်သူ ...းချယ်မိစဉ်ကလည်း စိတ်ကူးထဲမှာဆို ချစ်သူဖြစ်မဲ့ ယောကျ်ား ...စ်ယောက်ဟာ ရုပ်ရည်အသင့်အတင့် ချောမော၊ အရပ်မြင့်မြင့်၊ ...ိုင်လ်ကျကျ စသဖြင့် မိန်းကလေးပီပီ ကိုယ်ဖြစ်ချင်တာရွေးပြီး ...ဒီလိုလူမျိုးမှ ချစ်သူတော်မယ်လို့ စိတ်ကူးယဉ်ခဲ့ဖူးပါသည်။

သို့သော် တကယ့်တကယ်မှာတော့ ပင်ပို့ ချစ်မိသူ ... ရုပ်ရည်အသင့်အတင့် ချောမောဖို့ နေနေသာသာ ရုပ်မဆိုး ...သာ သာမန်ရုပ်ရည်နဲ့ ယောကျ်ားတစ်ယောက်သာ။ ဒီလိုရုပ်ရည် ...ဘာ တစ်ခါတွေ့ပြီး နောက်တစ်ခါ ပြန်တွေ့ရင် ဘယ်လိုမှ ...မိနိုင်စရာ လမ်းမရှိသော ရုပ်ရည်မျိုးသာဖြစ်သည်။ ပြီးတော့ ...ပ်မြင့်သလား ဆိုတော့လည်း မမြင့်လှ။ သာမန်အရပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



သာ မြင့်သဖြင့် ပင်ပိျုကတော့ မိန်းကလေးထဲမှာ အရပ်ငါးပေ ခြောက်လက်မရှိအောင် မြင့်သူဖြစ်ပြီး ဒေါက်မြင့်ဖိနပ်တွေလည်း ကြိုက်သေးရာ သူနဲ့ပင်ပိျုဟာ အမြဲအရပ်အတူတူလို ဖြစ်နေပြန် သည်။

စတိုင်လ်ကျဖို့နေနေသောသာ မျက်မှန်တောင်မှ ကိုင်း ထူထူမည်းမည်း လေးထောင့်ကြီး တပ်သေးရာ ရှိရင်းစွဲအသက် ထက်ပင် ငါးနှစ်လောက် ပိုကြီးနေသလို ထင်ရစေသောသူ ဖြစ် နေပြန်သည်။

သူဟာ ပင်ပိျု့ရဲ့ စိတ်ကူးထဲက ချစ်သူနှင့် တကယ် ကို တခြားစီကြီး ဖြစ်နေပေမဲ့ သူ့ကို ဘာကြောင့်များ ပင်ပိျု ချစ် မိသွားပါသနည်း ... ? ။

"အဲဒီ အဖြူလေး လုတယ် မပင်ပိျု။ အဖြူပေမဲ့ နို့နှစ်လိုလို အရောင်လေးနော်၊ အပေါ်မှာ အရောင်လက်လက်လေးတွေ လှုပ်လိုက်တိုင်း အရောင်ပြေးနေတယ်၊ တစ်မျိုးလေးပဲ"

ပင်ပိျု အတွေးလွန်ပြီး ပိတ်စအဖြူလေးတစ်ခုကို အကြာကြီး ကိုင်ထားမိလေရာ စံညွန့်ညီက ပင်ပိျု သဘောကျ နေသည်ထင်ပြီး ဝင်အကြံပေးလိုက်တော့မှ ပင်ပိျု့စိတ်တွေ ကိုယ် နဲ့ပြန်ကပ်တော့သည်။





"မဝယ်တော့ပါဘူး၊ ပင်ပိျု သိပ်မကြိုက်သေးဘူး"

တကယ်တော့ စံညွန့်ညီ ပြောမှ ဒီအဖြူလေးလှမှန်း သတိထားမိတာပါ။ ဒါပေမဲ့ သူ အကြံပေးတဲ့အတိုင်း လိုက်ဝယ် တယ် ဖြစ်မှာစိုး၍ တမင်ရွဲ့ပြီး မဝယ်တော့တာဖြစ်သည်။

ဒီလိုနဲ့ ဈေးထဲ သုံးနာရီနီးပါးကြာအောင် မမောနိုင် မပန်းနိုင် လျှောက်ပြီးမှပဲ ပင်ပိျုက စိတ်ကျေနပ်သွားပြီး ဈေးပတ် တာရပ်ဖို့ စဉ်းစားပါတော့သည်။

ဘာကြောင့် စိတ်ကျေနပ်သွားရသလဲဆိုတော့ မျက် နှာကြီး မအီမလည်ဖြစ်ကာ အတော်ကြီး ပင်ပန်းနွမ်းချည့်သွားပုံရသော စံညွန့်ညီကို အကဲခတ်မိလိုက်ရ၍ ဖြစ်ပါသည်။ ဟင်း ... ပင်ပိျု့ ကို မိန်းကလေးတောင် အကြာကြီး လျှောက်နိုင်တယ်။ သူက တော့ ဒီလောက်လေး လျှောက်ရတာနဲ့ အခုပဲ လဲသေတော့မလို ဖြစ်နဲ့ ခံနိုင်ရည်လည်း မရှိဘူး၊ ယောက်ျားဖြစ်ပြီး ပျော့လိုက်တာ။

ဈေးထဲမှာ တမင် သုံးနာရီလောက်သာ ပတ်လိုက် ရာပါ။ တကယ်ကျတော့ ပင်ပိျု့လက်ထဲမှာ ဝယ်ထားတာ ဘာမှ များများစားစား မပါပါ။ ဖိနပ်နှစ်ရန်ရယ်။ ပိတ်စတစ်စရယ်။ ဝယ်မယ်ဆိုပြီး လျှောက်ရှာပြီးမှ စိတ်ကြိုက်မဖြစ်ဘူးဆိုကာ မဝယ်တော့သဖြင့် ပဝါတော့ မဝယ်ဖြစ်လိုက်ပါ။ ဒါပေမဲ့ ပင်ပိျု ကြည့်နေကျ သရက်ပြား၊ ဆီးပြား၊ ဆီးထုပ်၊ နေကြာစေ့၊ ဖရဲစေ့



www.burmeseclassic.com

www.burmeseclassic.com



ထည့်သော ကြွပ်ကြွပ်အိတ်ကြီးကတော့ ဖောင်းကားပြည့်မော
နေသည်။

အဲဒီဆိုင်မှာတော့ ပင်ပျို ပိုက်ဆံရှင်းမလို့ကို စံညွှန်း
ညီက အတင်းဝင်ရှင်းပေးလိုက်ပြီး ...

"အရင်ကလည်း မပင်ပျို အတွက် ကျွန်တော် ဝယ်ပေး
ကျပဲ။ အခု ဝယ်မပေးရတာ ကြာပြီ။ ဒီတစ်ခါတော့ ဝယ်
ပေးလိုက်မယ်နော်"

ဟု ခွင့်တောင်းသဖြင့် ပင်ပျိုလည်း လူတွေအများ
ကြီးရှေ့မှာ အငြင်းမပွားချင်၍ လက်ခံလိုက်ရပါသည်။

အခုတော့ အထုပ်လိုက်ဆွဲပေးပြီး ရှုံ့မဲ့ချင်ချင် မျက်
နှာကြီးနဲ့ စံညွှန်းညီကို ကျေကျေနပ်နပ် အရသာခံ နိုပ်စက်
ရလိုက်၍ ပင်ပျို့ စိတ်ထဲမှာ အတော်ဘဝင်ကျသွားပါသည်။

"ကဲ ... ပင်ပျို ဈေးဝယ်တာပြီးပြီ ကိုစံညွှန်းညီ"

"ဩော် ... ဒါဆို ကျွန်တော်နဲ့အတူ မုန့်သွားစားလို့ ရ
ပေါ့"

"ဘယ်မှာသွားစားမလို့လဲ"

"စကားလည်း အေးအေးဆေးဆေး ပြောမှာဆိုတော့ ယူ
ဂါးဒင်းဆိုင် သွားမလားလို့"

"သွားလေ"





"ဒါဆို မပင်ပျို အရင် ရှေ့ကမောင်းသွားပါ၊ ကျွန်တော်
နောက်က လိုက်မောင်းလာခဲ့မယ်"

"ကိုစံညွှန်းညီ ... ရှင် နေကောင်းရဲ့လား"

"ခင်ဗျာ"

"မျက်နှာကြီး ရှုံ့မဲ့ပြီး ဖျော့တော့နေတယ်၊ ဘာဖြစ်လို့လဲ"

"ခင်ဗျာ ကျွန်တော့်မျက်နှာ အဲဒီလောက်တောင် သိသာနေ
လား"

"ဟုတ်တယ်"

"အဟဲ"

စံညွှန်းညီ ရှက်သလိုလို ရယ်ပါသည်။ သို့သော်
ရယ်သံမှာ အားမပါ။ အားပျော့ပြီး ညောင်နာနာသံဖြစ်နေသည်
ဟု ပင်ပျို ထင်မိသည်။ လူကလည်း ကတုန်ကယင်လိုလို ဖြစ်
ပြီး လက်တွေ တုန်နေတာကိုလည်း သတိထားမိပြန်သည်။ ဒီလူ
ဘာရောဂါများ ရှိသလဲ၊ ဘာများဖြစ်နေတာလဲ။

"ကိုစံညွှန်းညီ ... ရှင့်မှာ OCD အပြင် ဘယ်လိုရောဂါမျိုး
ရှိသေးလဲ"

"ဘာဖြစ်လို့ မေးတာလဲ မပင်ပျို"

"ရှင့်ကြည့်ရတာ ရောဂါဝေဒနာတစ်မျိုးကို ခံစားနေရတဲ့ပုံ
ပေါက်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာရောဂါမှ မရှိပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဖြူဖျော့ပြီး တုန်တုန်ယင်ယင် ဖြစ်နေတာလဲ"

ဒီတော့မှ စံညွန့်ညီ ပြန်ဖြေလိုက်သောစကားမှာ ပင်ပို့ကို Heart ထိသွားသလို ခံစားလိုက်ရစေလေတော့သည်။

"ကျွန်တော် ခုထိ နေ့လယ်စာ ထမင်းမစားရသေးလို့ပါ"

"ဟင် ... ဟုတ်လား"

နာရီကြည့်လိုက်တော့ ညနေလေးနာရီ။ အို ... ဖြစ်ရလေ။ မစားရသေးရင်လည်း ပြောတာ မဟုတ်ဘူး၊ နေ့ခင်းဆယ့်နှစ်နာရီခွဲမှ တွေ့တာမို့ နေ့လယ်စာတော့ စားခဲ့ပြီးပြီထင်လို့ ပင်ပို့ နှိပ်စက်ပြမိတာပါ ကိုစံညွန့်ညီရယ်။

"ဆယ့်နှစ်နာရီခွဲမှ ဆုံမှာဆိုတော့ ရှင် စားခဲ့ပြီးပြီ ထင်တာပေါ့"

"ဟို ... ကျွန်တော် စိတ်စောပြီး ဆယ့်တစ်နာရီ မထိုးခင်ကတည်းက ဒီရောက်နေတာ"

"ရောက်နေလည်း ဒီမှာ ဈေးဆိုင်တွေ ပေါသားပဲ တစ်ခုခု သွားစားထားလိုက်ပါလား"

"မပင်ပို့ ရောက်လာရင် မဆုံလိုက်မှာစိုးတော့ ကားနားက ဘယ်မှမသွားဖြစ်ဘူး"





"အဲဒီလောက် စောင့်ဖို့မလိုပါဘူး၊ ပင်ပို့ ပြောထားတဲ့ အချိန်ပဲ ရောက်လာမှာပေါ့၊ ဘာဖြစ်လို့ အစောကြီးလာမှာလဲ၊ ကဲ ... အခု ဘာဖြစ်နေလဲ"

"အစာမစားရတော့ လူက တုန်တုန်ယင်ယင်ဖြစ်ပြီး မောနေတာပါ။ ဟို ... မပင်ပို့က ဈေးထဲအကြာကြီးလည်းလျှောက်တော့ ပိုဆိုးတာပေါ့၊ ဗိုက်ထဲမှာအောင့်ပြီး နားထဲကလေတွေ ထွက်သလိုပဲ ခံစားရတယ်"

"ကားရော မောင်းလို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ ယောကျ်ားလေးပဲ ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်၊ စိတ်မပူပါနဲ့၊ မပင်ပို့ အရင်မောင်းသွားနှင့်ပါ"

"ဆိုင်ရောက်ရင် မြန်မြန်ရမဲ့ အစာမျိုး အရင်မှာစားလိုက်နော်၊ အစာမြန်မြန်စားလိုက်မှ သက်သာမဲ့ပုံပဲ"

ပင်ပို့သည် သူ့ကို နှိပ်စက်လိုက်ရလို့ ကျေနပ်ပျော်ရွှင်နေခဲ့ရတာတွေပင် ချက်ချင်းပျောက်ကွယ်သွားကာ သူ့အပေါ် သနားကြင်နာမှုတွေသာ အဆမျှားစွာ တိုးသွားခဲ့ပါသည်။

❦ ➵ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဘာဖြစ်လို့ အဲဒီလောက် ဒုက္ခခံပြီး ပင်ပို့ကို စကားပြော ဖို့ ကြိုးစားရတာလဲ"

"မပင်ပို့ ကျွန်တော့်ကို အထင်မှားနေမှာ စိုးလို့ပါ"

"ဘာကိုအထင်မှားရမှာလဲ"

"ကျွန်တော့်မှာ ချစ်သူရှိတယ်ဆိုတာ အသိမပေးဘဲ လျှို့ဝှက် ထားသလို ဖြစ်နေခဲ့တော့ ရုတ်တရက် သိလိုက်ရတဲ့အခါ အထင်မှားစရာတွေ ရှိလာနိုင်တယ်လေ"

"တကယ်ရော လျှို့ဝှက်ထားခဲ့တာပဲ မဟုတ်လား"

"မလျှို့ဝှက်ပါဘူး၊ လျှို့ဝှက်ထားစရာလည်း မရှိတော့ဘူး ထင်လို့ပါ၊ ဘာကြောင့်လဲဆိုတော့ သူနဲ့ကျွန်တော်က ဘာမှမပတ်သက်တော့ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ သတ် မှတ်ထားခဲ့လို့ပါ"





စံညွန့်ညီသည် ပြောသာပြောပြရသည်။ ပင်ပို့ ယုံမှယုံပါ့မလားလို့ စိုးရိမ်စွာ အကဲခတ်ရသေးလေသည်။ မှာထားတာတွေလည်း သိပ်မစားနိုင်။ အဆာလွန်ပြီး ရင်ခံသလို ဖြစ်သွားရာ အနည်းငယ်လောက် စားလိုက်ရင်ပဲ ဗိုက်ထဲမှာ လေတွေက ပွလာပြီး အနေရခက်လာစေသည်။ ဒါကြောင့် မစားနိုင်ဘဲ အသာ ပြန်ချထားလိုက်ရပါသည်။ ဒါကို ဂရုတစိုက် စောင့်ကြည့်နေပုံရသော ပင်ပို့ကတော့ ချက်ချင်းမေးသည်။

"တစ်နေကုန် ဘာမှမစားထားတာ အခု စားပါလား၊ ဘာဖြစ်လို့လဲ"

"မစားနိုင်တော့ဘူး၊ လေခံပြီး ဗိုက်ထဲမှာ အောင့်တက်လာလို့ ဆက်မစားနိုင်တော့ဘူး"

"ဒါဆို အိမ်ပြန်ကြမလား"

"မပြန်သေးပါဘူး၊ ကျွန်တော် ပြောပြချင်တာတွေတော့ ပြောဦးမယ်"

ဟု ဆိုသဖြင့် ပင်ပို့က ဘာကြောင့် ဒုက္ခခံပြီးစကား ပြောခွင့်ရဖို့ ကြိုးစားသလဲဟူ၍ ပြန်မေးမိတာ ဖြစ်ပါသည်။

"သံလွင့်ကို ကျွန်တော် ချစ်ခဲ့ဖူးပါတယ်။ တက္ကသိုလ်တက် နေတဲ့ တစ်လျှောက်လုံး ကျွန်တော်တို့ကို ချစ်သူတွေအဖြစ် အားလုံးသိခဲ့ကြပါတယ်၊ ဒါပေမဲ့ ကျွန်တော် နောက်ဆုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



မှာ သံလွင်ဘက်ကစပြီး အချိုးပြောင်းသွားတာပဲ။ သူက ရိုးရိုးမေရှာဆိုတော့ ကျောင်းအရင်ပြီးတယ်။ ကျွန်တော်က မပြီးသေးဘဲ ကျောင်းဆက်တက်ရချိန်မှာ သံလွင်မြို့ပြန်ပြီး သိုးမွေးထည်ဆိုင်ဖွင့်ပြီး စီးပွားရေးလုပ်တယ်လေ”

ပင်ပျိုက ဘာမှဝင်မမေးဘဲ အနှောင့်အယှက်မပေးဘဲ လိမ္မော်ရည်ကို ပိုက်တံမှတစ်ဆင့် ဖြည်းဖြည်းချင်း သောက်နေလေသည်။

“ကျွန်တော်နဲ့ သူ သိပ်မတွေ့ဖြစ်ကြတဲ့ အချိန်မှာ သူ နောက်ထပ်တစ်ယောက်နဲ့ တွဲနေတယ်ဆိုတဲ့ သတင်းကို ကြားရတယ်”

စံညွှန်းညီသည် ထိုကာလတစ်ခုဆီကို ပြန်မြင်ယောင်ပြီး တစ်ကွက်ချင်း ပုံဖော်မိလေသည်။ ထိုသို့ ပြန်၍ပုံဖော်ကြည့်မိသောအခါ သံလွင် သူ့အပေါ် ဆက်ဆံခဲ့တာတွေကို ပြန်သတိရသွားလျက် ရင်ထဲမှာ အသစ်တစ်ဖန် ပြန်နာကြည်းလာခဲ့ပါသည်။

သံလွင် နောက်တစ်ယောက် ထပ်တွဲနေတယ်ဆိုသော သတင်းကို သယ်လာသူမှာ မြို့က သူငယ်ချင်းတစ်ယောက်ပဲဖြစ်ပါသည်။ ထိုသူငယ်ချင်းက စံညွှန်းညီတို့နဲ့ ဆယ်တန်းအတူတူ အောင်ပေမဲ့ မန္တလေးထိ ဆင်းလာပြီး တက္ကသိုလ်တက်မနေတော့ဘဲ အဝေးသင်သာတက်ကာ စီးပွားရေးလုပ်နေသူဖြစ်သည်။





ပြင်ဦးလွင်–မန္တလေး ကူးချည်သန်းချည်လုပ်လိုက်။ တစ်ခါတလေ ရှမ်းပြည်နယ်ဘက် တက်သွားပြီး မန္တလေးပြန်ဆင်းလာကာ မန္တလေးမှာ အရောင်းအဝယ်လုပ်လိုက်နှင့်မို့ စံညွှန်းညီတို့လို သူငယ်ချင်းတွေရှိရာ တက္ကသိုလ်ဘက်တော့ မကြာခဏ ခြေဦးလှည့်ဖြစ်နေသူ ဖြစ်သည်။ အခုတစ်ခေါက်လည်း မန္တလေးကို အလုပ်ကိစ္စဖြင့် လာရင်း သူဝင်လည်နေကျအတိုင်း စံညွှန်းညီတို့လို သူငယ်ချင်းတွေရှိရာ တက္ကသိုလ်ဘက်တော့ မကြာခဏ ခြေဦးလှည့်ဖြစ်နေသူဖြစ်သည်။ အခုတစ်ခေါက်လည်း မန္တလေးကို အလုပ်ကိစ္စဖြင့်လာရင်း သူဝင်လည်နေကျအတိုင်း စံညွှန်းညီတို့ဆီဝင်လည်လေရာ သူ့ထံက အမှတ်မထင် မေးခွန်းတစ်ခုကို ကြားရတာဖြစ်ပါသည်။

“စံညွှန်းရ ... မင်းကို ငါ မေးရမှာ အားတော့နာတယ်၊ မင်းနဲ့ သံလွင်နဲ့ ပြတ်သွားကြပြီလား”

ကင်န်တင်းမှာ ထိုင်နေကြရင်း မေးလိုက်လျှင် ဟန်စောရော၊ စံညွှန်းညီပါ အံ့သြသွားကြသည်။ ဘာကြောင့်မေးသလဲဆိုတာ စဉ်းစားမရ။

“ဘာဖြစ်လို့ မေးတာလဲကွ”

“မင်းတို့ ပြတ်သွားလို့ သံလွင်က အခု လူတစ်ယောက်နဲ့ ယူတော့မလိုလိုတောင် သတင်းထွက်လာတယ်ကွ၊ သူတို့ တော်တော်တွဲနေကြတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာပြီလဲ"

စံညွန့်ညီကတော့ ရုတ်တရက်မို့ ရှက်လည်းရှက်၊ အံ့လည်းအံ့ဩကာ မမေးဖြစ်ပါ။ ဟန်စောကပဲ ထပ်မေးလိုက်လေသည်။

"သိပ်မကြာသေးဘူးကွ သုံးလေးလပဲ ရှိဦးမယ်၊ ဒါပေမဲ့ လက်ထပ်ကြတော့မလိုလိုတောင် သတင်းထွက်နေတယ်။ အဲဒီလူနဲ့အတူ ခရီးထွက်ရတာနဲ့ ဘာနဲ့ကွာ။ စဉ်းစားသာကြည့်ပေါ့။ လူကြီးမပါဘဲ ခရီးအတူတူ ထွက်ကြတာဆိုတော့"

"သူတို့နှစ်ယောက်တည်းလား"

"သူ့ညီမဝမ်းကွဲလေးတော့ ပါတယ်၊ ဒါပေမဲ့ ဟိုက အငယ်ပဲ သူ့ကို လိုက်ထိန်းတာမှ မဟုတ်တာ။ လူမြင်မတင့်တယ်မှာစိုးလို့ ထည့်ပေးလိုက်တဲ့သဘောပါ၊ သံလွင့်ကို သူ့ဦးလေးတွေ အဒေါ်တွေကလည်း သိပ်မှမဆုံးမတာ။ ဟာ ... ငါပြောသာပြောရတယ်ကွာ၊ စံညွန့် ကြိုက်ပါ့မလား မသိဘူး၊ မင်းတို့ ပြတ်ရော ပြတ်သွားရဲ့လား"

ထိုသူငယ်ချင်းက စွတ်ပြောနေပြီးမှ စံညွန့်ညီ မျက်နှာအပျက်ကြီး ပျက်နေတာကို သတိထားမိသွားလျှင် အတော်ကြီး အားနာသွားပြီး သူ့ဘာသာ ခေါင်းတွေကုတ်ဖွပြီး မနေတတ်မထိုင်တတ် ဖြစ်နေသည်။





"သူ ကျောင်းအရင်ပြီးသွားတယ်လေ၊ ငါက မပြီးသေးဘူး။ ဒီမှာ ကျန်ခဲ့တယ်ဆိုတော့ စာအဆက်အသွယ်၊ ဖုန်းအဆက်အသွယ်လောက်ကလွဲရင် လူချင်းမတွေ့တာလည်း သုံး၊လေးလ ရှိသွားပြီ။ သူလည်း မန္တလေး ဆင်းမလာဘူး။ ငါလည်း အကြောင်းထူး မရှိဘဲနဲ့ ပြင်ဦးလွင်ကို ပြန်မနေတော့ဘူးလေ။ ကျောင်းပြီးရင် ပြန်နေရမှာပဲဆိုပြီး မပြန်ဖြစ်တာ။ မင်းကို အမှန်အတိုင်း ပြောရရင် ရည်းစားအဖြစ် ပြတ်စဲတာတော့ မရှိသေးဘူးပေါ့။ လူချင်းမတွေ့ဖြစ်ကြတာပဲရှိတယ်"

"စာအဆက်အသွယ်လည်း ရှိသေးတယ်၊ ဖုန်းလည်းအဆက်အသွယ် ရှိသေးတယ်။ ဒါတောင် သူ့ဆီက အရိပ်အမြွက်ဘာမှပြောသံ မကြားဘူးလား စံညွန့်ရာ"

ဟန်စောက မနေနိုင်ဘဲ မေးတော့သည်။

"စာအဆက်အသွယ် ဆိုတာကလည်း ငါကသာ ရေးနေတာကွ၊ သူ့ဆီက တစ်လခွဲလောက်နေမှ ပြန်စာလာတာလေ။ ဟိုအကြောင်း ဒီအကြောင်း ပြန်ရေးတာပဲ ရှိတယ်၊ ရည်းစားအသစ်အကြောင်း ဘာမှတောင် မပါဘူး"

စံညွန့်ညီ ရင်ထဲမှာ ဝမ်းနည်းကြေကွဲတာရော၊ ခံချင်တာရော၊ တခြားသူငယ်ချင်းပြောမှ သိရသဖြင့် ရှက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရောပေါင်းပြီး နှလုံးသားမှာ စူးစိုက် နာကျင်နေတော့သည်။ သံလွင် အခုနောက်ပိုင်း ဖုန်းပြောရင် သိပ်ပြီးကြာကြာလည်း မပြော။ ဟက်ဟက်ပက်ပက်လည်း မရှိတော့တာ သတိတော့ ထားမိနေပါသည်။

စာကတော့ ပြန်စာရေးစဉ်မှာ ...

"မောင်ရယ် သံလွင်က စာရေးသိပ်ပျင်းတာ။ စာဖတ်လည်း ပျင်းလို့ မဂ္ဂဇင်းလောက်ပဲဖတ်ပြီး ဝတ္ထုတောင်မှ မဖတ်တဲ့ သူလေ၊ ဒီတော့ စာရေးဖို့ဆို ပိုဆိုးရောပေါ့။ မောင့်ဆီ စာ ပြန်ရေးရင် ဘာရေးရမှန်းကို မသိဘူး။ ဒါကြောင့် တစ်နေ့ နည်းနည်းစီ ရေးသွားတာ ခုမှ တစ်မျက်နှာလောက်ရလို့ စာပြန်လိုက်တယ်"

ဟူသော စာကြောင်းတချို့ ထည့်ရေးဖူးသဖြင့် သံလွင် စာရေးပျင်း၊ မပျင်းတော့ သေသေချာချာ မသိပေမဲ့ တို့ အပြောတို့ကြောင့် စာလည်း သိပ်မပြန်ဖြစ်ကြောင်း သိထားပါ သည်။ မတွေ့ကြရတဲ့ အချိန်လေးအတွင်းမှာ ဘာကြောင့်ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားရသလဲ။ ဘာကြောင့် နောက် လူတစ်ယောက်ကို ပြောင်းချစ်နိုင်ရသလဲ။ ရှင်းရှင်းပြောရရင် သူ နဲ့ သံလွင်ဟာ လေးနှစ်တောင် ချစ်သူဖြစ်ခဲ့ကြတာပါ။ ဒီကာလ အတွင်းမှာ ချစ်တာရော သံယောဇဉ်ဖြစ်ရတာပါ ပေါင်းလာခဲ့တာ





သံလွင် ဒီလိုလုပ်လိုက်ကြောင်း ရုတ်တရက်သိရလျှင် စံညွှန်းညီ ၏နှလုံးသားမှာ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲရတော့သည်။

"အေးကွာ ... ဆောရီးကွာ စံညွှန်းရာ၊ ငါက မင်းတို့ပြတ် သွားကြပြီထင်လို့ ပြောမိတာပါ"

"ဟာ ... ဘယ်ဟုတ်မလဲ၊ ငါကတောင် မင်းကို ကျေးဇူး တင်ရဦးမှာပါ။ နောက်မို့ ငါက ဘာမှမသိဘဲ အလှည့်စား ခံပြီး ဖုန်းတွေဆက်လိုက်၊ စာတွေရေးလိုက် လုပ်နေတာ သူကတော့ ကွယ်ရာမှာ ကျိတ်ရယ်နေမှာပေါ့။ အခုတော့ မင်း ပြောလို့ သိရတော့ မင်းကိုတောင် ကျေးဇူးတင် တယ်"

"အဲဒီလူက ဘယ်ကလဲကွ"

ဟန်စော မေးတော့မှ ထိုသူငယ်ချင်းကလည်း ဆက်ပြောရဲတော့သည်။

"စီးပွားရေးသမားပဲကွ။ သူတို့အိမ်ကို ဝင်ထွက်နေတာပဲ။ အခုနောက်ပိုင်းမှ အသိမိတ်ဆွေဖြစ်ပြီး ဝင်ထွက်တာ မကြာ သေးဘူး။ သံလွင်နဲ့ လက်ချင်းတချိတ်ချိတ် ဖြစ်လာတော့မှ သံလွင်နဲ့ ငြိနေပြီဆိုတာသိကြတာ။ အစကတော့ ဦးလေး မိတ်ဆွေလိုလို ဘာလိုလို ထင်တာပေါ့"

"ဦးလေးမိတ်ဆွေ ထင်ရအောင် ဘယ်အရွယ်မို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"လေးဆယ်ဝန်းကျင်ပဲကွ၊ လေးဆယ်ကျော်ပြီလား မကျော်သေးဘူးလား မသိဘူး"

"ဟာ … ဒီလောက် အသက်ကြီးတဲ့သူက လူပျိုလူလွတ်ရော ဟုတ်ပါ့မလားကွာ"

"အဲ့ဒါတော့ မသိဘူးကွာ။ သတင်းကြားတာတော့ လူမိုကြီးပေါ့။ ရန်ကုန်မှာ၊ မန္တလေးမှာ၊ မော်လမြိုင်မှာ၊ ကော့သောင်းမှာ မိုတယ်လ်တွေ ဖွင့်ထားတာမှ အများကြီးတဲ့၊ မိုတယ်လ်လုပ်ငန်းအပြင် အခု ပြင်ဦးလွင်မှာလည်း မြေဝယ်ပြီး ခြံလုပ်ငန်းပါ လုပ်တော့မလို့တဲ့။ အဲဒီတော့ စဉ်းစားကြည့်ပေါ့ကွာ"

"ဩော် … ဩော် … သူဌေးကြီးပေါ့လေ"

ဟန်စောက ရွဲ့သလိုလို ပြောပါသည်။ ဟန်စောပြောလိုက်တော့မှ စံညွှန်းညီလည်း သံလွင့် စကားတချို့ကို အမှတ်မထင် ကြားယောင်သတိရသွားပါသည်။

"တကယ်တော့ စဉ်းစားကြည့်ရင် မောင်က ချမ်းသာတာမှ မဟုတ်တာနော်။ မောင့်မိဘက ချမ်းသာတာပဲ၊ သူတို့အမွေပေးမှ မောင်ကရမှာဆိုတော့ ချမ်းသာဖို့ကို မျှော်တလင့်လင့်ကြီး စောင့်နေသလိုပဲ။ ကိုယ်ကိုယ်တိုင် ချမ်းသာပြီးသားလူဆို ဘာမှမျှော်လင့်နေစရာ မလိုဘူး"





စံညွှန်းညီဟာ မိဘချမ်းသာပေမဲ့ ငွေကိုဟော့ဟော့ရမ်းရမ်း မသုံးတတ်။ ချွေတာကပ်စေးနဲ့လှတာမျိုးတော့ မဟုတ်ဆမဲ့ အလကားနေရင်း ပြိုင်ဆိုင်ပြီး လျှောက်ဝယ်ပစ်တာမျိုး လုပ်တတ်ပေ။ စက်ကောင်းပြီး သွားလို့လာလို့ရသည့် ဆိုင်ကယ်လေးတစ်စီးသာ ဝယ်စီးပြီး ကျောင်းက တခြားသူဌေးသားတွေလို 4WD တွေ၊ နောက်ဆုံးပေါ် ဆလွန်းတွေလည်း ဝယ်မစီး။ ခပ်အေးအေးသာ နေတတ်ပြီး တကယ်လိုအပ်လျှင်တော့ ထုတ်သုံးဖို့ ဝန်မလေးသော လူစားမျိုးသာဖြစ်သည်။

သံလွင်ကတော့ ထိုသို့မဟုတ်။ သူနဲ့ပြောင်းပြန်။ အင်မတန်မှ ပြိုင်ဆိုင်ချင်စိတ်များလျက် သူတို့မိန်းကလေးချင်းချင်းလည်း အဝတ်အစားပြိုင်၊ အလှပြိုင်၊ သုံးနိုင်ဖြုန်းနိုင်တာ ပြိုင်ရုံမက ရည်းစားပါပြိုင်ကြသော အုပ်စုထဲ ဝင်သူဖြစ်သည်။ ဒီတော့ စံညွှန်းညီက ရိုးရိုးအေးအေးနေပြီး ပုံမလာသောအခါ …

"မောင်ကလည်း ပိုက်ဆံတတ်နိုင်ရက်သားနဲ့ မျက်မှန်လှလှလေး ဝယ်တပ်ပါလား။ ဘာလို့ ပုံတုံးကြီး တပ်ရလဲ။ ပြီးတော့ တီရှပ်ဆိုလည်း သုံးလေးသောင်းတန်ဆို ဝယ်ကို မဝတ်ဘူး။ တစ်သောင်း တစ်သောင်းခွဲတန်လောက်ပဲ ဝတ်တယ်၊ ဂျင်းနိုက်တော့ Levi's 501 ဝတ်လို့ တော်သေးတယ်။ ဂျင်းနိုက်ပါ ဈေးပေါတာ ဝယ်ဝတ်လို့ကတော့


www.burmeseclassic.com

www.burmeseclassic.com

လူက စုတ်ပြတ်နေမှာပဲ။ ပြီးတော့ ဟန်းချိန်းတွေ၊ လက်စွပ်ဆိုလည်း ယောက်ျားဝတ် စိန်လက်စွပ်မျိုးပေါ့၊ အဲဒါတွေ ရယ် ဆွဲကြိုးလေးတစ်ကုံးလောက်ရယ်တော့ ဝတ်သင့်ပါတယ်။ အခုတော့ ဘာမှကို မဝတ်ဘူး။ လက်ပတ်နာရီ တစ်လုံးကလွဲရင် ကိုယ်ပေါ်မှာ ဘာမှတန်ဖိုးရှိတာ မဆင်ထားဘူး။ ဘာဖြစ်လို့ မဝတ်တာလဲ"

သံလွင် တစ်ယောက် အားမလို အားမရဖြစ်ကာ မေးလာတော့သည်။ ဈေးသွားရင် ဟိုဟာဝယ်ဝတ်ပါလား၊ ဒီဟာ ဝယ်ဝတ်ပါလားနှင့် အတင်းဝယ်ခိုင်းတတ်သည်။ စံညွှန်းညီက သံလွင် မြှောက်ပေးရင် ဘယ်တော့မှ မလုပ်ဘဲ ခေါင်းတခါခါနှင့် ငြင်းစမြဲ။

"ဘာလုပ်မှာလဲ သုံးလေးသောင်းတန် နှမြောစရာကြီး ပြီးတော့ တီရှပ်ဆိုတာ ဂျင်းန်လို မဟုတ်ဘူး၊ ဟောင်းသွားရင် ဆက်ဝတ်ချင်ရင်တောင် အိမ်နေရင်းပဲ ကောင်းတယ်။ ဂျင်းန်ကတော့ တန်ဖိုးကြီးလေလေ ကြာကြာ အဝတ်ခံလေမို့ အကောင်းစားပဲဝယ်တာ တန်တယ်"

ဆိုကာ ဘယ်တော့မှ ဈေးကြီးတဲ့ တီရှပ်ဆိုမဝယ်ပါ။ သံလွင်ကတော့ အကောင်းဆုံး ဆိုတာမှကြိုက်ပြီး ဈေးလိုက်ပို့ရလျှင် စံညွှန်းညီ အိတ်ထဲ တစ်သိန်းပါလည်းမလောက်။ နှစ်





သိန်းပါလည်း မလောက်အောင် ဝယ်ပေးရတတ်သည်။ ကြာတော့ စံညွှန်းညီလည်း ကိုယ်က မိဘဆီက လက်ဖြန့်တောင်းသုံးရသည် ဖြစ်ရာ သံလွင် ဈေးလိုက်ပို့ခိုင်းလျှင် ပိုက်ဆံကို များများထည့် လာတော့။ တစ်သိန်းထက်ပိုပြီး ဘယ်တော့မှ မပါလာပေါင်း များသောအခါ သံလွင်လည်း စံညွှန်းညီ တမင်ယူမလာမှန်း ရိပ်မိလာပုံရသည်။

"ဒါကြောင့် ပြောတာပေါ့၊ မိဘပိုက်ဆံ လက်ဖြန့်တောင်း သုံးရတဲ့သူဆိုတော့ ပိုက်ဆံကို အများကြီး မဖြုန်းရဲဘူးပေါ့"

ဟူ၍ မကျေနပ်သလိုလို ဝေဖန်တတ်လာသည်။ အမှန်တော့ စံညွှန်းညီ မိဘတွေက သူ ဘယ်လောက်သုံးသုံး အစစ်ဆေး အမေးမြန်းမရှိ ပေးမှာပါပင်။ သို့သော် သံလွင်က သိပ်သုံးလွန်းသောအခါ စံညွှန်းညီမှာ ပိုက်ဆံမလောက်တိုင်း ဘာထဲမှ တောင်းနေရတာကို စိတ်မလုံဘဲ အားနာလာသည်။ ကိုယ်သုံးဖို့ မဟုတ်ဘဲ ကိုယ့်ချစ်သူ ဝယ်ဖို့ ဝတ်ဖို့ သုံးဖို့တောင်း သလို ဖြစ်နေသည်မို့ စိတ်မလုံ။

"ဟုတ်တယ် သံလွင်။ ကိုယ်ကိုယ်တိုင် ပိုက်ဆံသေသေ ချာချာ ရှာနိုင်တဲ့အခါကျ သံလွင် ဘယ်လောက်သုံးသုံး ကိုယ် မငြိုငြင်ပါဘူး။ ဒါပေမဲ့ ခုတော့ မိဘဆီက တောင်း သုံးရတာဆိုတော့ ကိုယ် အားနာလာလို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



သံလွင် အဲဒီထဲက တော်တော်လေးတော့ စိ
ကောက်သွားပါသေးသည်။

"ဆွဲကြိုး လက်ကောက် လက်စွပ် ဆိုတာ မိန်းမတွေ
ဝတ်တာပါကွာ။ ယောကျ်ားဖြစ်ပြီး ဝတ်ရမှာ ရှက်စရာကြီး
ယောကျ်ားဆိုတာ လက်ပတ်နာရီကောင်းကောင်းတစ်လုံး
ရှိရင် ပြီးတာပဲ"

တစ်ခါက ရတနာဆိုင်ရှေ့ရောက်တော့ စံညွန့်ညီ
ဝတ်ဖို့ဆိုပြီး ဟန်းချိန်း အတင်းဝယ်ဝတ်ခိုင်းလေရာ စံညွန့်ညီ
ထိုသို့ပြောပြီးငြင်းလျှင် ...

"အရင်ခေတ်က ဘုရင်တို့ မင်းညီမင်းသားတို့ သူဌေးတို့
ဆို ယောကျ်ားဖြစ်ပြီး လက်ဝတ်ရတနာဝတ်တာပဲ၊ အဲ
ကျ ဘယ်လိုပြောမလဲ"

သံလွင် ပြန်ပြီး စကား နိုင်လုပေမဲ့ စံညွန့်ညီက
သံလွင် ဝယ်ဝတ်ခိုင်းတဲ့အတိုင်း မဝတ်ခဲ့ပါ။ သံလွင့်သဘော
သူမလည်း သုံးမည်။ စံညွန့်ညီလည်း သုံးရမည်။ နှစ်ယောက်
သား တန်ဖိုးကြီးတာတွေပဲ ဝယ်ကြ၊ သုံးကြမည် ဆိုသော သဘော
မှာရှိကြောင်း အဲဒီထဲက သူ ရိပ်မိပါသည်။

အခုတော့ သံလွင် ပြောပြောနေသော ကိုယ့်ပိုက်ဆံ
ကိုယ်ကိုင်သုံးနိုင်သည့် သူဌေးကြီးတစ်ယောက်ကို တကယ်ပဲရှာ





တွေ့သွားသောအခါ စံညွန့်ညီလို မိဘပိုက်ဆံတောင်းသုံးနေရ
သောသူ့ကို ထားရစ်ခဲ့ချင်ပြီ ထင်ပါရဲ့။

ထိုသူငယ်ချင်း ပြန်သွားသောအခါ စံညွန့်ညီသည်
ချက်ချင်းပဲ ဆုံးဖြတ်ပြီး ...

"ငါ ခုပဲ ပြင်ဦးလွင် ပြန်မယ်"

ဟု ဟန်စောကို ပြောလိုက်သည်။

"ဘာလဲ ... မင်းက သွားဒူးထောက် အသည်းခဲဦးမလို့လား"

"မဟုတ်ဘူး၊ သူ့ကို ငါ သွားတွေ့ပြီးမေးမှာ"

"မေးတော့ သူက ဝန်ခံမှာပဲ ငါသိတယ်။ မြို့မှာ သူတို့
အကြောင်းက တော်တော်လူသိနေပြီပဲ။ ပေါ်တင်ကြီးငြင်း
မှာတော့ မဟုတ်ဘူး"

"ဒါဆိုလည်း ပြီးတာပဲပေါ့၊ ဇာတ်လမ်းက ရှင်းသွားတာ
ပေါ့"

"သေချာရဲ့လားကွာ၊ မင်းက သိပ်ချစ်ထားတဲ့ကောင်။ သူ
က အပြတ်ပြောရင် မင်း ဒီတိုင်းလက်ခံလိုက်မှာ သေချာ
ရဲ့လား"

"ငါ ယောကျ်ားတစ်ယောက်ပါကွ၊ ငါ့မှာ ယောကျ်ားမာန
ရှိပါတယ်။ ဘာကြောင့် ဒူးထောက် တောင်းပန်နေရမှာ
လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



စံညွန့်ညီ တစ်ယောက် ကျောင်းပိတ်ရက် မဟုတ်ပေမဲ့ ကျောင်းဖျက်ကာ ချက်ချင်းပဲ ပြင်ဦးလွင်ကို ထွက်သွားခဲ့ပါသည်။

အဖေတို့ အမေတို့က သတင်းမကြား ဘာမကြား အိမ်ပြန်လာသော စံညွန့်ညီကို တအံ့တဩ ဆီးကြိုကြသည်။

"ဘာဖြစ်လို့ အရေးတကြီး ပြန်လာတာလဲ သား"

စံညွန့်ညီ မဖြေရသေးခင် ညီလေးက ...

"မသံလွင် အကြောင်း သတင်းကြားလို့ ဖြစ်မှာပေါ့ အမေရယ်။ အဲဒီအကြောင်းကလွဲရင် ဘာအကြောင်းများ ရှိမလဲ။ သတင်းတွေက ဟိုးဟိုးကျော်နေတာ ကိုကိုကြီး အခုမှသိတာတောင် အံ့သြရမှာဗျ"

ဟု စံညွန့်ညီ ဘာမှမဖြေဘဲ အိမ်ထဲက ပြန်ထွက်သွားတာကို ကြည့်ပြီး ပြောကျန်ခဲ့လေသည်။ သံလွင် ရှိနေနိုင်မည့် ဈေးထဲမှာ ဖွင့်ထားသောဆိုင်ကိုသာ တန်းသွားလိုက်သည်။ သံလွင်ကား မမျှော်လင့်ဘဲ စံညွန့်ညီကို တွေ့လိုက်ရ၍ ရုတ်တရက် ငေးကြောင်ပြီး အသံတိတ် ကြည့်နေခဲ့လေသည်။ အတန်ကြာမှ ဝမ်းသာသွားသလို ဟန်ပန်ဖြင့် ချက်ချင်းပြုံးသွားပါသည်။

"ဟယ် ... မောင်၊ ဘာကိစ္စရှိလို့ ကျောင်းဖွင့်ရက်ကြီး ဒီကိုပြန်လာတာလဲ။ အကြောင်းမကြားထားတော့ သံလွင်





တောင် အံ့သြပြီး မောင်မှဟုတ်ရဲ့လားလို့ ငေးနေမိတာ၊ လာလေ ... ဆိုင်ထဲဝင်ထိုင်။ အပြင်မှာ ဘာလို့ရပ်နေတာလဲ"

သံလွင် ထိုသို့ပြောနေပေမဲ့ ဆိုင်အနီးအနား ဝန်းကျင်တွေကတော့ အကဲခတ် ကြည့်ရှုကြတာကို စံညွန့်ညီ သတိထားမိသည်။

ဟဲ့ ... ဟိုမှာ သံလွင့် အရင်ရည်းစားကောင်လေး မဟုတ်လား။ သူတို့ပြတ်သွားကြပြီဆို။ ဟယ် ... အခုတော့ ဆိုင်ကိုရောက်နေပါလား။ ဘာတွေမှန်း မသိဘူး။ ရှုပ်နေတာပဲ။ ထိုအသံသဲ့သဲ့တွေပါ ကြားရလျှင် စံညွန့်ညီသည် အထဲဝင်မထိုင်ချင်တော့သလို ဖြစ်သွားပါသည်။ သံလွင်ကတော့ ဘယ်လိုနေသည် မသိ။ စံညွန့်ညီကတော့ မျက်နှာပူသလိုလို၊ ရှက်သလိုလို၊ ရင်မဆိုင်ရဲသလိုလိုဖြစ်ပြီး ခေါင်းကြီးငုံ့ထားမိသည်။

"ဝင်မဲထိုင်တော့ဘူး သံလွင်။ ကိုယ် စကားပြောချင်လို့ ခဏအချိန်ပေးနိုင်မလား"

"ဟယ် ... စကားပြောမှာပဲ၊ အခု ဒီမှာပြောလေ"

"ဒီမှာ ထိုင်မပြောချင်ဘူး"

"ဩော် ... ဘာဖြစ်ရပြန်တာလဲ"

"တခြားဆိုင်ကလူတွေ ကြည့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကြည့်ပါစေ ပုံပါသွားတာမှတ်လို့၊ လူတွေက အဲဒီလိုပဲ သံလွင့်ဆိုင်က ရောင်းကောင်းပြီး နာမည်ရတော့ ဆိုင်ကို ဘယ်သူဝင်ထွက်သလဲ ဆိုတာပဲ အမြဲစောင့်ကြည့် ဝေဖန်ချင်နေကြတာလေ”

“သံလွင် ကိုယ်နဲ့ လိုက်ခဲ့ပြီး တစ်နေရာရာမှာ စကားပြောနိုင်မလား”

သံလွင်လည်း စံညွန်းညီ မျက်နှာတည်လှတာကို ဒီလောက်တော့ သဘောပေါက် ရိပ်မိသွားတာမို့ သူမပါ မျက်နှာပြန်တည်သွားပါသည်။

“အခု ဆိုင်ကိုစောင့်ပေးမဲ့ ညီမ,မရှိဘူး မောင်၊ ဒီလိုလုပ် ညနေ ဈေးပိတ်မှ မောင် လာခဲ့ပါလား၊ အဲဒီကျမှ စကားပြောကြရအောင်”

ညနေငါးနာရီမှာ ဈေးပိတ်ပါသည်။ သံလွင့်ကို သွားစောင့်ခေါ်။ အတူတွဲထွက်လာသောအခါ မျက်လုံးအစုံပေါင်းများစွာတို့ကို ရင်ဆိုင်ရပြန်သည်။ အရင်က မန္တလေးသွား ကျောင်းအတူတက်ကြ၊ ကျောင်းပိတ်လျှင် အတူမြို့ပြန်လာ။ ညနေဘက်တွေမှာ အတူတွဲထွက်ကြပြီး လျှောက်လည်နေကျ နေရာတွေထဲက တစ်ခုကို ရွေးချယ်ပြီး အဲဒီနေရာမှာပင် စကားထိုင်ပြောကြသည်။

“ကိုယ် သံလွင့်သတင်းကြားလို့ ချက်ချင်း ပြန်လာတာ”





“ဘာသတင်းလဲ၊ ဘယ်သူ့ဆီကလဲ”

“ကျော်ဇေယျဆီကလေ”

“ဪ … ကျော်ဇေယျလား၊ သူက မောင်နဲ့အဆက်အသွယ်ရှိလား”

“အရင်တည်းက မန္တလေးဘက်ရောက်ရင် ဒီကောင် ကျောင်းထဲ လာလည်နေကျလေ သံလွင့်ရဲ့ မေ့သွားပြီလား”

“ဪ … ဟုတ်သားပဲ”

“သံလွင် လူတစ်ယောက်နဲ့ တွဲနေတယ်၊ လက်ထပ်ကြတော့မယ်တဲ့။ အဲဒါ ဟုတ်လား”

သံလွင်သည် ထိုသို့ တိုက်ရိုက်အမေးခံလိုက်ရပေမဲ့ စံညွန်းညီကို ရှိန်မသွား။ လန့်မသွား။ ခိုးလုပ်နေတာ မဟုတ်ဘူး။ သိစေချင်လို့ လုပ်ပြနေတာ ဆိုသော မျက်နှာပေးဖြင့် ပြုံးပြုံးလေး နားထောင်နေပါသည်။

“ပြီးခဲ့တဲ့ လ,ကအထိ ကိုယ် သံလွင့်ကို ဖုန်းဆက်နေသေးတာပဲ။ အဲဒီလူနဲ့ တွဲနေတာ တော်တော်ကြာပြီ၊ လက်ထပ်ဖို့လည်း ဆုံးဖြတ်လိုက်ပြီဆိုရင် ဘာကြောင့် ကိုယ့်ကိုအသိမပေးတာလဲ။ အခုတော့ ကိုယ်က မြို့မှာ နားလျှံလောက်အောင် သိရ ကြားရပြီးမှ သူများပြောမှ သိရသလို ဖြစ်သွားတယ်။ ဘာသဘောလဲ သံလွင်၊ ရှင်းပြစမ်းပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"သံလွင် မောင့်ကို ပြောပြမလို့ပါပဲ၊ ဒါပေမဲ့ ပြောမထွက်ခဲ့ဘူး။ မောင့်အသံကို ကြားလိုက်တိုင်း သနားပြီး မပြောမိတာပါ"

"ဘာမှ သနားစရာ မလိုဘူး။ ကိုယ် ယောကျ်ားတစ်ယောက်ပါ၊ မင်း,မချစ်နိုင်တော့လို့ ထားခဲ့ခံရတာကို ဘဝပျက်ခံပြီး ငိုနေမဲ့ကောင် မဟုတ်ဘူး"

"အံမယ်လေး ... အံမယ်လေး ... အဲဒီလောက် မကြေးကြော်ပါနဲ့၊ သိပြီးသားပါ။ သိထားပြီးသားပါ၊ အစတည်းက သံလွင့်အပေါ် သိပ်သံယောဇဉ် မရှိခဲ့ဘူး၊ မချစ်ခဲ့ဘူးဆိုတာ သိပြီးသားပါ"

တကယ်တော့ စံညွန်းညီကသာ ချစ်ခဲ့ရသူ ဖြစ်ပြီး သံလွင်ကတော့ စံညွန်းညီဟာ မိန်းကလေးတစ်ယောက် ဘဝအတွက် လုံခြုံစိတ်ချရတဲ့ အရည်အချင်းတွေ၊ Background (ဘက်(ဂ)ဂရောင်း)တွေရှိလို့ ရွေးချယ်ခဲ့တာပေမဲ့ သံလွင်သည် လူကြားကောင်းအောင် ပြန်ဟစ်နေခဲ့ပါသည်။

"ကိုယ် သံလွင့်ကို တကယ်ချစ်ခဲ့ပါတယ်၊ အခုချိန်ကျမှ ကိုယ် ဘယ်လောက်ချစ်ကြောင်း ပြောမနေချင်တော့ဘူး သံလွင်။ အဲဒီလိုပြောလည်း အပိုပဲ ဖြစ်မယ်ဆိုတာ ကိုယ်သိတယ်"





"သံလွင်လည်း မောင့်ကို ချစ်ပါတယ်၊ ဒါပေမဲ့ သံလွင့်မှာ အဲဒီလူ အဲ ... ဟိုလေ သူ့နာမည်က ကိုသန်းဇော်ပါ။ ကိုသန်းဇော်ကို မဖြစ်မနေ လက်ထပ်ရမဲ့ အခြေအနေမို့ပါ။ ဦးလေး သူ့ဆီက သိန်း(...)ချေးပြီး စီးပွားရေးတစ်ခုလုပ်လိုက်တယ် မောင်။ ထင်သလို ဖြစ်မလာဘဲ အရှုံးပေါ်နေတော့ သူ့ကို အရင်းရော အတိုးပါ ဆပ်နိုင်ဖို့ တော်တော်ကို အခက်အခဲတွေ့နေတယ်။ သူက အကြွေးကို တဂျီဂျီတော့ မတောင်း၊ပေမဲ့ ဦးလေးက ရှက်ပြီးပြန်ဆပ်ချင်နေတာပါ။ ဒါပေမဲ့ ဆပ်လည်း မဆပ်နိုင်ဘူးပေါ့။ အဲဒီမှာ သူက သံလွင့်ကို သူတွေ့ပြီး သဘောကျနေမှန်း သိတာနဲ့ ဦးလေးက ကိုသန်းဇော်ကို လက်ခံလိုက်ပါလို့ သံလွင့်ကို နားချလာတယ်၊ ဘာပဲဖြစ်ဖြစ် သူ့စိမ်းဆီက အကြွေးကို မဆပ်နိုင်တုန်း မျက်နှာပူရ သက်သာအောင် တူမကို ထိုးဆပ်ထားချင်တဲ့ သဘောလည်းပါမှန်း သံလွင် သိပါတယ်။ သံလွင် ဘယ်လိုငြင်းနိုင်မှာလဲ မောင်ရယ်၊ ဦးလေးတို့ ကျေးဇူးက သံလွင့် အပေါ်မှာ နှစ်နေပြီ။ ဒါကြောင့် သူတို့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ သံလွင် လက်ခံလိုက်ရတာပါ"

သံလွင်ဟာ သရုပ်ဆောင်ကောင်းလှစွာ၊ မျက်ရည်တွေပင် ကျပြပြီ စံညွန်းညီကို ပြောပြခဲ့တာ ဖြစ်ပါသည်။ သံလွင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းခဲ့ပါစေ။ အဲဒီအချိန်တည်းက စံညွှန်းညီ အကဲခတ်လို့ ရခဲ့ပါသည်။ သံလွင်ဟာ သူမ စိတ်မပါရင် ဘယ်တော့မှမလုပ်။ ဘယ်သူမှလဲ အတင်းအကျပ် အမိန့်ပေးစေခိုင်းလို့မရ။ တောင်းပန်ပြီး နားချလို့လည်း မရသော မိန်းကလေးမျိုးဖြစ်သည်။

အတ္တအတော်ကိုကြီးလျက်-ကိုယ့်အတွက်ပဲ ရှေ့တန်းတင်ပြီး ကြည့်တတ်သူ ဖြစ်လေရာ ဒီကိစ္စမှာ သူမဆန္ဒမပါဘဲ ဘယ်လိုမှ ဖြစ်လာစရာ မရှိကြောင်း စံညွှန်းညီ သိနေပါသည်။ စံညွှန်းညီနဲ့ဆို လေးနှစ်ကျော်လောက် ချစ်သူဖြစ်ခဲ့ကြလေရာ သံလွင့် စိတ်သဘောထားကိုသိ၍ နေခဲ့ပြီ။ သံလွင် စိတ်ပါလို့ကို ဒီလူ့ကို လက်ခံတာဖြစ်ကြောင်း အလိုလို စိတ်ထဲမှာ သိနေသည်။

သံလွင့် ဦးလေးနဲ့ အဒေါ်ဆိုတာတွေက သံလွင့်ကို သိပ်လည်းမချုပ်ချယ်သလို သူတို့ ပြောဆိုဆုံးမရင်လည်း သိပ်နားမထောင်သော သံလွင့်ကို လွှတ်ထားကြသူများဖြစ်ကြောင်း စံညွှန်းညီ သိထားပါသည်။

တကယ်ဆို စံညွှန်းညီဘက်က အမှန်မို့ အပေါ်စီးက ဖိပြောရင် ရပေမဲ့ စံညွှန်းညီ မပြောခဲ့ပါ။ ရင်ထဲမှာသာ ကျိတ်ခံစားကာ အပြုံးမပျက်နေပြရင်း ...





"ဒါဆို မင်းနဲ့ ငါ ဒီနေ့ကစပြီး ပြတ်ပြီပေါ့။ ဟုတ်ပြီလား။ မင်းလည်း ဘာအကြောင်းကြောင့်နဲ့မှ ငါ့ကို လာမတွေ့ပါနဲ့။ ငါလည်း မင်းကို လုံးဝပြန်မတွေ့ရအောင်နေမယ်၊ အနှောင့်အယှက်လည်း လုံးဝမပေးပါဘူး။ စိတ်ချပါ။ မင်းရွေးချယ်တဲ့လူနဲ့ ပျော်ပျော်လက်တွဲပါ"

ဟူ၍သာ နောက်ဆုံး ထပ်ပြောဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

စံညွှန်းညီသည် အဖြစ်အပျက် အကုန်ကို ပြီးအောင် ပြောပြလိုက်ပြီးမှပဲ စိတ်ထဲမှာ အခုမှ သက်သာသွားသလို ခံစားလိုက်ရသည်။ မသောက်ဖြစ်ဘဲ ဒီတိုင်းချထားသော မေ့ခ်ရှိတ်ကို အခုမှပဲ ကောက်သောက်လိုက်နိုင်တော့သည်။ အခုမှပဲ ခုနက လေခံပြီး ဗိုက်ထဲမှာ အောင့်နေတာတွေလည်း ပျောက်သွားသလို ခံစားရသည်။

ပင်ပို့ကတော့ မျက်နှာအမူအရာ ပြောင်းလဲမှုကင်းစွာပင် နားထောင်နေခဲ့ပါသည်။ စံညွှန်းညီ စကားဆုံးသွားပေမဲ့ ပင်ပို့ထံမှ ဘာတုံ့ပြန်သံမှ မကြားရသောအခါ စံညွှန်းညီ မနေနိုင်တော့ဘဲ ...

“မပင်ပို့ ဘာမေးချင်သေးလဲဟင်”





ဟု စ၍ စကားစ,ရပါသည်။

“အခု သံလွင် ပြန်ရောက်လာတော့လည်း ကိုစံညွှန်းညီ လက်ခံနိုင်တာပဲလေ။ ပင်ပို့ ဘာမှထပ်မေးစရာ မလိုတော့ဘူး ထင်တယ်”

ထိုသို့ ကြားလိုက်ရတော့ စံညွှန်းညီ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ ပင်ပို့ သူ့ကို အထင်လွဲနေပြီ။

“မဟုတ်ဘူး မပင်ပို့။ မဟုတ်ပါဘူး ကျွန်တော် လက်မခံပါဘူး။ မပင်ပို့ အထင်မှားနေပြီ”

ပင်ပို့က နှုတ်ခမ်းလေး မဲ့လိုက်ပြီး ပခုံးတွန့်ပြမိသည်။ ဘာကြောင့် ပြောင်ငြင်းနေရသလဲ ဆိုသော သဘောပင် ဖြစ်လေသည်။

“ခက်တာပဲ၊ အဲဒီကိစ္စက နားလည်အောင် ရှင်းပြရခက်နေတယ်။ ကျွန်တော့်ဆီ သူ စုံစမ်းရှာဖွေပြီး ရောက်ချလာတယ်။ လူမြင်ကွင်းမှာ အထင်လွဲရလောက်အောင် ငိုယိုတောင်းပန်တယ်၊ ကျွန်တော့်ကို မေ့မရတဲ့အကြောင်းတွေ တတွတ်တွတ်ပြောပြီး နှင်ထုတ်လို့မရအောင် တွယ်ကပ်ထားတယ်လို့ ကျွန်တော် ပြောပြရင် ကျွန်တော်ဟာ မိန်းလေးတစ်ယောက်အပေါ် သိပ်ပြီး နှင့်နှင့်သီးသီး ပြောမိသလို ဖြစ်မှာပဲ ထင်တယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး ခုချိန်

www.burmeseclassic.com

www.burmeseclassic.com

မှာ စိတ်ဓာတ်မြင့်မြတ်တဲ့ ယောကျ်ားလို့ အထင်မခံရရင် လည်း နေပါစေတော့။ မပင်ပို့ကိုတော့ ဒီအတိုင်းပဲ အမှန်အတိုင်း ပြောချင်ပါတယ်"

ပင်ပို့က ဘာမှမပြောဘဲ အသာငေးကြည့်နေခဲ့သည်။

"ကျွန်တော် သူ့ကို သူငယ်ချင်းတစ်ယောက်လိုပဲ သဘော ထားပါတော့တယ်။ သူ ရန်ကုန် ရောက်လာပြီး နေစရာ အဆောင်မရှာတတ်တော့ ကူညီပေးသင့်တယ်ထင်ပြီး ကူညီ ပေးလိုက်ပါတယ်။ အဲဒီလိုကလွဲရင် ကျွန်တော် သူ့အပေါ် ခပ်မှန်မှန်ပဲ ဆက်ဆံပါတယ် မပင်ပို့။ သူကသာ ရုံးကို တမင် ရောက်ရောက်လာပြီး လူစုံရင် ကျွန်တော့်ကို သူ ခုထိ ပိုင်သေးသလိုလို အပြောမျိုးနဲ့ အထင်မှားအောင် လုပ်ပြတာပါ။ ကျွန်တော် သူ့သိက္ခာကိုငဲ့ပြီး ရုံးကလူတွေ အားလုံးရှေ့မှာ ရုပ်ပျက်ဆင်းပျက်ကြီး မငြင်းပြမိတာပါ။ အဲဒါ ကျွန်တော့်အမှားပါလို့ ဝန်ခံပါတယ်။ အခုနောက် ပိုင်း မတွေ့ဖြစ်အောင် ကျွန်တော် ရှောင်နေခဲ့ပါတယ်။ မပင်ပို့ ယုံရဲ့လား"

ပင်ပို့သည် စံညွှန်းညီ ထံမှ ယုံရဲ့လားလို့ ထပ်မေး လိုက်လျှင် ဘာမှတော့ မဖြေပေမဲ့ စိတ်ထဲမှာတော့ ပြန်ပြောနေမိ သည်။ ယုံလည်း ယုံချင်တယ်။ ယုံလည်း မယုံရဲဘူး ကိုစံညွှန်းညီ





ယ်။ ပင်ပို့ အသည်းကွဲရမှာ ကြောက်တယ်။ အသည်းတော့ ကွဲဘူးပေမဲ့ နာမည်ကိုက အသည်းကွဲတယ်လို့တောင် နာမည် တပ်ခံထားရမှာတော့ တော်တော့်ကို အခံရခက်မှာပဲလို့ ကြိုတွေး တောမို့ အသည်းတော့ မကွဲပါရစေနဲ့။

"ကျွန်တော် ပထမဦးဆုံး ချစ်မိတဲ့ အချစ်မှာ ကံမကောင်း ခဲ့လို့ အချစ်ကို ကြောက်သွားခဲ့ဖူးတယ်။ ဒါပေမဲ့ အခုတော့ အမှတ်မရှိပြန်ဘူး။ ကျွန်တော် နောက်ထပ် အချစ်တစ်ခုကို ထပ်တွေ့ပြန်ပြီလေ။ ကျွန်တော် မပင်ပို့ကို ချစ်မိနေပါ တယ်"

ပင်ပို့သည် ရုတ်တရက် မထင်မှတ်ထားပါဘဲ ကြား လိုက်ရလျှင် ဆတ်ခနဲ တုန်လှုပ်သွားပါသည်။ ရင်ထဲမှာ နွေးသလိုလို အေးခဲနေသလိုလို အမျိုးစုံ ပြောင်းလဲခံစားရသည်မှာ စက္ကန့်နဲ့အမျှ။ ဒါအပြင် ထိုသို့ကြားလိုက်ရသောအခါ သူ့ကို ရိုက်ပဲရိုက်ပစ်ချင် သလား။ ဒါမှမဟုတ် ပင်ပို့ဘာသာပဲ ဒေါသတွေနဲ့ ငိုကြွေးလိုက် မလား ဆိုသော ဇဝေဇဝါ ခံစားချက်တွေကိုပါ ရောပြွမ်းခံစား လိုက်ရတော့လေသည်။

"ပင်ပို့ ပြန်တော့မယ်"

ပင်ပို့ ချက်ချင်းပင် ထရပ်လိုက်ပြီးပြောလျှင် စံညွှန်း ညီမှာ ထိတ်ထိတ်ပျာပျာဖြင့် စိုးရိမ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပျို ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"ဟုတ်တယ်"

"ခင်ဗျာ"

"ရှင့်ဓာတ်လမ်း ရှုပ်ရှုပ်ယှက်ယှက်တွေကို သိချင်လို့ တခင် လာနားထောင်းတာပါ။ ရှင့်ဆီက မယုံရတဲ့ အချစ်ဆိုတာ နားထောင်ဖို့လာတာ မဟုတ်ဘူး"

"ကျွန်တော့်ကို မယုံတာလား"

"ပင်ပျို သွားပြီ ကိုစံညွှန်းညီ"

"နေ ... နေပါဦး ပင်ပျို။ ကျွန်တော့်ကို စောင့်ပါဦး"

စံညွှန်းညီမှာ ဘီလ်ကိုတောင်းနေသေးသဖြင့် ပင်ပျို နောက် ချက်ချင်းလိုက်မသွားနိုင်ပါ။ waiter က အလိုက်တသိ ဘီလ်မြန်မြန်ယူလာပေးသဖြင့် ပိုက်ဆံမြန်မြန်ပေးပြီး ...

"ပိုတာ ပြန်မပေးနေနဲ့တော့"

ဟု ခပ်မြန်မြန်ပြောကာ ကားပါကင်ရှိရာကို အပြေး လိုက်သွားမိသည်။ ပင်ပျိုက ကားစက်နှိုးပြီး မောင်းထွက်တော့ မလို့ ပြင်နေပြီ။ စံညွှန်းညီ တစ်ယောက် မကြောက်မရွံ့ သူ့ ကားရှေ့ အပြေးလာရပ်လိုက်သဖြင့် ဘရိတ်မြန်မြန်နင်းလိုက်ရ သည်။ ဒီလူ သေတော့မှာပဲ။ လန့်တောင်လန့်တယ်။ သူ့ခြေထောက် ကို ဘီးနဲ့ကြိတ်မိပြီတောင် ထင်သွားတာ။





"မပင်ပျို ... မပင်ပျို ဒီလိုမြန်မြန်ကြီး မပြန်သွားပါနဲ့ဗျာ။ ကျွန်တော် မပင်ပျိုကို တကယ်ချစ်လို့ ဖွင့်ပြောတာပါ။ ကျွန်တော်နဲ့ သဲလွင် ဓာတ်လမ်းက ပြီးခဲ့ပါပြီ။ ကျွန်တော့် ဘက်ကစ,ပြီး ဘယ်တော့မှ သစ္စာဖောက်တဲ့ လူစားမျိုးလဲ မဟုတ်ပါဘူး။ ကျွန်တော် ဒီတစ်ယောက်ကို ချစ်တယ်ဆိုရင် သေသေချာချာ အလေးအနက် စဉ်းစားပြီးမှ ချစ်တာပါ။ တကယ် မချစ်ဘဲနဲ့ ချစ်တယ်လို့ မိန်းကလေးတိုင်းကို အလကားနေရင်း လိုက်ပြောတတ်တဲ့ ယောကျ်ားမျိုးလည်း မဟုတ်ပါဘူး။ မပင်ပျို ယုံပါ"

"ပင်ပျို သွားတော့မယ်၊ ကားရှေ့ကဖယ်၊ မဖယ်ရင် security (ဆက်ကျူရတီ)ကို လှမ်းခေါ်ပြီး တိုင်လိုက်မယ်နော်"

"မပင်ပျိုရယ် ကျွန်တော် ဘာမှားလို့လဲ"

စံညွှန်းညီမှာ မချိတင်ကဲ ရေရွတ်ရင်း ပင်ပျို့ကို မ်းဖယ်ပေးလိုက်လေသည်။ တကယ်တော့ ပင်ပျို လှမ်းခေါ်ပြီး ကူအညီတောင်းမဲ့ လုံခြုံရေးဝန်ထမ်းတွေကို ကြောက်လို့ ပင်ပျို့ ကို လမ်းဖယ်ပေးလိုက်တာတော့ မဟုတ်ပါ။ မျက်ရည်တဝဲဝဲ၊ သံတုန်လျက် ဒေါသဖြစ်လည်း ဖြစ်သလို၊ ဖြစ်သင့်တာထက် ပြီး ပေါက်ကွဲပြနေသော ပင်ပျို့ကို အကဲခတ်မိ၍ အလျှော့ပေး က်ရတာ ဖြစ်ပါသည်။ ပင်ပျို ကားကို တစ်ရှိန်ထိုးမောင်းထွက် သွားလျှင် စံညွှန်းညီမှာ တော်တော်စိုးရိမ်သွားမိပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပျို ကားဂရုစိုက်ပြီး မောင်းနော်"

ဟူ၍ပင် အပြေးနောက်ကလိုက်ကာ လှမ်းအော်ပြော မိသေးသည်။

စိတ်ထဲမှာ တထင့်ထင့်နှင့် စိတ်မချစွာပင် အိမ်သို့ ကားမောင်းပြန်လာရပါသည်။ အိမ်ရောက်တော့ သူတို့နေသော အလွှာမှာရှိသည့် ဝရန်တာတွင် ဟန်စော တစ်ယောက် တကြည့်ကြည့်ဖြင့် မျှော်နေတာ တွေ့ရသည်။ ဘာကြောင့် ထွက်မျှော်နေသလဲ ?။ ထိုမေးခွန်းကိုတွေးရင်း အခန်းရှေ့ရောက်သောအခါ အပြင် သံပန်းတံခါးသာ ပိတ်ထားပြီး အတွင်းရှိ သစ်သားတံခါးကြီးကတော့ ဖွင့်ထားကြောင်း အရင်တွေ့ရသလို သံပန်းတံခါး အပြင်ဘက်မှာလည်း မိန်းမစီးဒေါက်ဖိနပ်အလှလေးတစ်ရန် ချွတ်ထားတာမြင်လျှင် စံညွှန်းညို အနည်းငယ် ရင်ပူသွားသည်။

ဟန်စောသည် ဝရန်တာ ထွက်ရပ်နေတယ်။ တံခါးတစ်ချပ်လည်း ဖွင့်ထားတယ်။ မိန်းမစီးဒေါက်ဖိနပ်လည်း တွေ့တယ်။ သံလွင် ဒေါက်ဖိနပ်စီးတတ်ကြောင်း သတိပါရသွားသဖြင့် အတော်စိတ်ညစ်သွားသည်။ သံလွင်များ အိမ်ရောက်နေပြီလား။

"ဟော ... ပြန်လာပါပြီ"

ထင်တဲ့အတိုင်းပင် တံခါးဝမှာ ခြေသံကြားတာနဲ့ ပြေးလာကြည့်သည် သံလွင့်ကို ဆုံလိုက်ရတော့သည်။ စံညွှန်းညို





အိမ်ထဲဝင်လာတော့မှပဲ ဝရန်တာမှာ ရပ်နေသော ဟန်စောလည်း အနုမှ သက်ပြင်းချနိုင်သလိုရပ်နှင့် အထဲဝင်လာသည်။

စံညွှန်းညိုက ဟန်စောကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

ကဲ ... တွေ့ပြီမဟုတ်လား။ ငါ့ကိုကျ ဟိုလိုရှောင်လိုက်ပါလား၊ ဒီလိုရှောင်လိုက်ပါလားနဲ့ အပြစ်ပြောလိုပြော။ မင်းက ပျော့တာကိုးလို့ ဝေဖန်လိုဝေဖန်နဲ့။ အခု မင်းအလှည့်ကြုံရမှ မှတ်ပြီမဟုတ်လား။ အိမ်ရှေ့တံခါးလာခေါက်တော့ တံခါးမဖွင့်ပေးရင် မရတော့ဘူး မဟုတ်လား။ အိမ်ထဲဝင်ခိုင်းပြီးမှ ပြန်မောင်းထုတ်လို့ မရတော့ဘူး မဟုတ်လား။

"တစ်နေကုန်ပဲ ဘယ်သွားနေတာလဲ မောင်"

"သံလွင် ဘာလာလုပ်တာလဲ"

"ဩော် ... သူ့ကိုမေးတာတော့ မဖြေဘူး"

"သံလွင် ဘာလာလုပ်တာလဲပဲ ဖြေလေ"

"သံလွင် သိပ်နေမကောင်းလို့ အလုပ်ကို နှစ်ရက်လောက်ပျက်လိုက်တာနဲ့ မန်နေဂျာက မကြိုက်တော့ဘူးဆိုပြီး အနေ့ပဲ အလုပ်ဖြုတ်လိုက်တယ်၊ ဒါကြောင့် စိတ်ညစ်ပြီး မောင့်ဆီခဏလာ စကားပြောချင်တာနဲ့ လာခဲ့တာပါ။ ဒီရောက်တော့ မောင်က မရှိဘူး။ ကိုဟန်စောက ပြောပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြာရင် ကြာလိမ့်မယ် ဆိုပေမဲ့ သံလွင် အဆောင်ကိုလည်း မပြန်ချင်သေးတာနဲ့ ထိုင်စောင့်တာပါ။ အဆောင်မှာက လည်း နေရတာ လုံးဝအဆင်မပြေဘူး၊ သံလွင်နဲ့အတူနေ ရတဲ့ အခန်းဖော်မိန်းကလေးက သံလွင့်ကို သိပ်စပ်စုတာ ပဲ။ ရုပါမားကပ်မှာ အလုပ်လုပ်ပေမဲ့ ပိုက်ဆံသိပ်သုံးနိုင် ပြီး ပစ္စည်းအကောင်းတွေပဲ ကိုင်တော့ သူက သံလွင့်ကို ကွယ်ရာကျ ဟိုလိုဒီလိုတွေ လျှောက်အတင်းပြောသေးတယ် လေ။ တကယ်တော့ သံလွင့်ဘာသာ ကိုယ့်မိဘ ချန်ထား ခဲ့တဲ့ အမွေလေးရှိလို့ သုံးနိုင်နေတာလို့ မသိမသာ ပြောပြ လည်း မယုံဘူး၊ ဒီတော့ စိတ်ညစ်တယ်"

သံလွင်ဟာ သူမရဲ့ ထုံးစံအတိုင်း အတ္တကြီးစွာပင် သူမရဲ့အဆင်မပြေမှုတွေကိုသာ တောက်လျှောက်ပြောလျက် စံညွှန်း ညီ အိမ်ထဲ ဝင်တော့လည်း နောက်က လိုက်လာလေရာ ...

"သံလွင် လိုက်မလာနဲ့လေ။ ကျွန်တော် အဝတ်အစား လဲ မလို့"

ဟု လှည့်ပြီးတားလိုက်ရသည်။

"မောင်ကလေ ရှက်နေပြန်ပြီ"

"ရှက်တာ မဟုတ်ဘူး သံလွင်။ မသင့်တော်လို့ပါ၊ ဒီအိမ် မှာ ယောက်ျားလေး နှစ်ယောက်တည်း နေတာကွ"





"ကိုဟန်စောက သူ့စိမ်းမှ မဟုတ်တာ။ သံလွင့်အစ်ကိုလို ပါပဲ။ ပြီးတော့ မောင်ကလည်း သူစိမ်းမှ မဟုတ်တာ"

စံညွှန်းညီ စိတ်ပေါက်ပေါက်ဖြင့် အခန်းတံခါးကို ဆောင့်ပိတ်ပစ်လိုက်မိသည်။ ဒီအိမ်ခန်းက သိပ်တော့ အကျယ် ကြီး မဟုတ်ပေမဲ့ ဝယ်တုန်းကတည်းက အရင်နေခဲ့သူဟာ အိပ် ခန်းကျဉ်းလေး နှစ်ခန်းရအောင် သီးသန့်ဖွဲ့ထားခဲ့ပြီး တံခါးနဲ့ အသေအချာ လုပ်ထားပါသည်။ ဒါကြောင့် အခန်းတံခါး ပိတ် လိုက်နိုင်တာ ဖြစ်သည်။ နောက်မို့ အခန်းတံခါးသာ မရှိလျှင် သံလွင်ဟာ လိုက်ဝင်လာမလား မသိ။

တွေးရင်း စံညွှန်းညီ လန့်လာသည်။ အရင်က သံလွင် ဒီလိုမဟုတ်ဘူး။ ဒီလောက်ကြီးလည်း မရဲတင်းပါဘူး။ ာနလည်း ရှိပါတယ်။ အခုကျမှ ဘယ်လိုဖြစ်သွားလဲ မသိဘူး။ ာနလည်း မရှိတော့ဘူး။ အရမ်းလည်း ရဲတင်းလာတယ်။ ဘယ် ိနည်းနဲ့ပဲဖြစ်ဖြစ် ငါ့ကို အပိုင်ဖမ်းမယ်ဆိုတဲ့ သဘောမျိုးတွေ ရတယ်။ ဘယ်လိုများ ဖြစ်သွားတာလဲ။ ဘာကြောင့် အရေး ကြီး ငါ့နားတကပ်ကပ်၊ ငါ့နောက် တလိုက်လိုက် ဖြစ်နေရတာ ဲ။

"မောင် ဒီနေ့ ဘယ်သွားတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီ အဝတ်အစား မြန်မြန်လဲပြီး ပြန်ထွက်လာလာချင်း သံလွင်က မမေ့မလျော့ ထပ်၍မေးပြန်ပါသည်။ ဟန်စော တစ်ယောက်တော့ တီဗီရှေ့ထိုင်ပြီး ဗုန်းဒိုင်းနှင့် ပစ်ခတ်တိုက်ခိုက်နေသော စစ်ကားတစ်ကား ထိုင်ကြည့်ကာ တမင်ပဲ အနှောင့်အယှက် ပေးသလိုလိုဖြင့် အသံကိုလည်း ကျယ်ထားသေးသည်။

သံလွင်က ဟန်စောကို မကျေမနပ် လှည့်ကြည့်သေမဲ့ မပြောရဲပေ။ ဟန်စောက သံလွင့်ကိုဆို ခပ်တည်တည်ဆက်ဆံတတ်ပြီး အရင်တည်းက ပြောစရာရှိလျှင် ပီသာလေးနဲ့ပစ်သလို ပြောတတ်သဖြင့် လန့်ပုံရသည်။

"သံလွင့်ကို အလုပ်ရှာပေးပါဦး မောင်။ အရင်တစ်ခါ မောင်တို့အလုပ်ကို လာလည်တုန်းက ပင်ဖျို ပြောသားပဲ။ အလုပ်တစ်နေရာ ရှာပေးနိုင်တယ်တဲ့။ သံလွင် form လာတင်မယ်နော်"

"လာမလျှောက်ပါနဲ့ သံလွင်။ အလုပ်ဘာကြောင့် ရှာနေတော့မလဲ။ မြို့ပြန်ပြီး ဆိုင်ကိုပြန်ဦးစီးလုပ်လို့ ရတာပဲ။ ဘာကြောင့် ဒီမှာလာ ဒုက္ခခံနေတော့မလဲ"

"သံလွင် ဆိုင်ကို အပြီးရောင်းခဲ့ပြီးပြီ"

"ဟုတ်လား ... ဘာလို့အစက မပြောလဲ"





"ဆိုင်ရောင်းခဲ့တဲ့ ပိုက်ဆံနဲ့ ထိုင်စားနေရင် ကုန်သွားမှာစိုးလို့ အလုပ်လေးတစ်ခုလောက်တော့ ဝင်လုပ်ချင်တယ်။ မောင့်ကို အားကိုးပြီး အကူအညီ တောင်းတော့လည်း ပေးမှမပေးနိုင်တာ၊ သံလွင့် ဘာသာ ရှာတော့လည်း တစ်ပတ်တောင်ပြည့်အောင် မလုပ်ရသေးဘူး။ နေမကောင်းလို့ ခွင့်ယူတာနဲ့ပဲ အလုပ်ဖြုတ်ခံရတယ်"

"ရန်ကုန်မြို့ပေါ်မှာတော့ အလုပ်တစ်ခုခုရဖို့ ဆိုတာ ခဲယဉ်းပြီး လူတိုင်း အလုပ်လိုချင်နေကြတာဆိုတော့ ကိုယ့်ဘက်က တစ်ချက်မှားတာနဲ့ ဖြုတ်ခံရမှာပဲလေ။ ကဲ ... ကျွန်တော်လည်း အပြင်က အခုမှ ပြန်လာတာ ပင်ပန်းနေပြီ။ ရေချိုးပြီး နားချင်နေပြီ။ သံလွင်လည်း ပြန်တော့လေ"

"လိုက်တောင် မပို့ဘူး"

"ဒီအချိန် စောပါသေးတယ်၊ တက္ကစီငှားပြီးပြန်ပေါ့"

"ကဲပါ ... ကဲပါ ... နှင်နေတော့လည်း ပြန်ရတာပေါ့။ ဒါပေမဲ့ သံလွင့်ကို တစ်ခုတော့ ပြောပါမောင်၊ ခုန ဘယ်သွားနေတာလဲလို့ မေးထားတယ်လေ။ အဲဒါဖြေရင် သံလွင့်ဘာသာပြန်မယ် မဖြေရင် သံလွင့်ကို မောင် လိုက်ပို့ရမယ်"

"ဟန်စော မပြောထားဘူးလား"

"မောင် ပြောတာ ကြားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



စံညွန့်းညီ သံလွင့်ကို ခပ်တည်တည် စိုက်ကြည့်လိုက်ပြီး ...

"ကျွန်တော် ပင်ပျို့နဲ့ အတူသွားတာ"

ဟု ဖြေလိုက်လျှင် သံလွင်က ခပ်မဲ့မဲ့ပြုံးလျက် နားထောင်ပါသည်။

"ပြီးတော့ မှာရဦးမယ်၊ ကျွန်တော့်ကို 'မောင်ဇီ'လို့ ခေါ်မနေပါနဲ့တော့၊ ကျွန်တော်နဲ့ သံလွင်ဟာ ခုချိန်မှာ သူငယ်ချင်းဟောင်းတွေပါ။ အဲဒီအခေါ်အဝေါ် မရှိသင့်တော့ဘူး"

"သံလွင်က မောင့်ကို ချစ်နေသေးတဲ့သူမို့ ခေါ်ခွင့်ရှိပါတယ်၊ ဟင်း ဟင်း ... ကဲ ... ကတိတည်ပါတယ်နော်၊ သံလွင် သွားပြီ တာ့တာ"

သံလွင် ထွက်သွားမှပဲ စံညွန့်းညီလည်း သက်ပြင်းချနိုင်၊ ဟန်စောလည်း သက်ပြင်းချနိုင်ဖြစ်ကာ ပြိုင်တူနီးပါးလိုမို့ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်မိကြသည်။

"ကဲ ... ဟန်စော၊ တွေ့ပြီမဟုတ်လား၊ မိန်းကလေးတစ်ယောက် အိမ်တံခါးလာခေါက်တဲ့အခါ ဖွင့်မပေးပြန်ရင်လည်း မကောင်းဘူး၊ နှင်ထုတ်ရပြန်ရင်လည်း မကောင်းဘူးဆိုတာ တွေ့ပြီမဟုတ်လား"





"အေးကွာ ... ငါလည်း သူ့ကို တော်တော်လန့်သွားတယ်၊ သူ့ကြည့်ရတာ တစ်မျိုးပဲ၊ စိတ်မှန်သေးရဲ့လား မသိဘူး။ လုံးဝအရှက်အကြောက်လည်း မရှိတော့ဘူး။ မာန်မာနလည်း မရှိတော့ဘူးနော်၊ ဘာဖြစ်သွားတာလဲ မသိဘူး"

"မင်း ပြောတာ ဟုတ်တယ်၊ ငါတောင်အံ့သြနေတာကွ အရင်က ဒီလိုမဟုတ်ပါဘူး။ သူ ဟိုလူနဲ့ ဘာတွေများ အဆင်မပြေဖြစ်ပြီး ကွဲလာလဲ မသိဘူး"

"မင်းက အိမ်လိပ်စာ ပေးလိုက်တာကိုး။ ဒီတော့ သူက မင်း,သူ့ကို လာမတွေ့ရင် ဒီကိုလာလာတွေ့နေတော့မှာပေါ့"

"အိမ်လိပ်စာကို သူက မေးတာကွ။ ငါ ညာလည်းမပြောချင်ဘူး၊ မပြောဘဲလည်း မနေချင်ဘူးလေ၊ မိန်းမတစ်ယောက်ကို ဒီလောက် ကြောက်နေစရာ မလိုဘူးလို့ ထင်တာမို့ပါ"

"ဘယ်လိုလဲ၊ မင်းနဲ့ ပင်ပျို့နဲ့ရော အဆင်ပြေခဲ့ရဲ့လား"

ဒီတော့မှ စံညွန့်းညီလည်း နေ့လယ်က အဆင်မပြေဖြစ်ခဲ့တာကို ပြန်သတိရသွားပြီး ဟန်စောကို ပြောပြလိုက်ပါသည်။

"သူ တကယ်စိတ်ဆိုးသွားတာလား မသိဘူး"

"မိန်းကလေးပဲကွာ၊ ဒီလောက်တော့ ဟန်ဆောင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟန်ဆောင်တာ မဟုတ်ဘူးဆိုရင် ဒုက္ခပဲ"

"တကယ်တော့ ပင်ပျိုက မင်းကို လက်ခံတော့မလို့ ဆုံးဖြတ်ပြီးတဲ့အချိန်မှာ၊ မင်းကလည်း သူ့ကို ဖွင့်ပြောတော့မလို့ အဆင်သင့် ပြင်ပြီးတဲ့အချိန်မှာမှ ချိန်ကိုက်ဗုံးလိုပဲ သံလွင်က ဘွားခနဲ ပေါ်လာတော့ ပင်ပျို့ အနေနဲ့ရှက်ပြီး စိတ်ထိခိုက်သွားမှာပဲလေ။ ဒီတော့ မင်း ခုလိုသွားဖွင့်ပြောလည်း လွယ်လွယ်နဲ့တော့ ဘယ်လက်ခံမလဲ"

"ငါ ပင်ပျို့ကို တကယ်ချစ်တယ်ဆိုတာ သူ ယုံအောင် ဘယ်လိုလုပ်ပြရမလဲကွာ"

"လက်ထပ်ပါရစေလို့ တစ်ခါတည်းပြောရင် ဘယ်လိုတုံ့ပြန်မလဲ မသိဘူး"

"သူမှ ပြန်မချစ်တာ။ ပြန်မချစ်သေးတဲ့သူကို လက်ထပ်ပါရစေ တောင်းဆိုတာဟာ သိပ်ပြီး ခြေလှမ်းတွေ ရှေ့ကိုတိုးလွန်းရာ ရောက်မှာစိုးလို့"

"ဘာမှ ထပ်မကြိုးစားတာထက်စာရင် တစ်ခုခုကို ရှေ့ဆက်တိုးတာဟာ ပိုပြီးမကောင်းဘူးလား စံညွန့်"

စံညွန့်းညီသည် ဟန်စောပေးသော အကြံကို လက်ခံလိုက်ချင်သလိုလိုတော့ ဖြစ်သွားပါသည်။

❦ ➳ ❦





## ၁၅

တနင်္လာနေ့ ရုံးရောက်သောအခါ စံညွန့်းညီ အရင်ရောက်နေသဖြင့် ကွန်ပျူတာဖွင့်ပြီး ပင်ပျို့ထံ e-mail တစ်စောင်ကြိုပြီးပို့ထားခဲ့လေသည်။ ရုံးရောက်ပြီး ကွန်ပျူတာ ဖွင့်လိုက်သောပင်ပျိုက သူမထံ ဝင်လာသော e-mail တွေစစ်လျှင် in box (အင်ဘောက်(စ))ထဲမှာပြသော စာရင်းဇယား၌ စံညွန့်းညီဆီမှပို့ထားသော e-mail ကိုပါ တွေ့သဖြင့် မှင်သေသေဖြင့် ထိုင်နေသော စံညွန့်းညီကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"မပင်ပျို ...

တကယ်ချစ်တာကို သက်သေပြတဲ့အနေနဲ့ လက်ထပ်ပါရစေလို့ ထပ်ပြီး ခွင့်တောင်းချင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



e-mail ကိုဖတ်ပြီး ပင်ပို့ မျက်ခုံးတွေ အသာမြင့်တက်သွားပါသည်။ ပင်ပို့ စိတ်ပေါက်ပေါက်ဖြင့် ...

"ကဲ ... ဒါဖြင့် အခုပဲ မေမေ့ကို ရှင်ကိုယ်တိုင် ဝင်ပြောရဲလား"

ဟူသော စာကြောင်းတစ်ကြောင်း အမြန်ရိုက်လိုက်ကာ စံညွှန်းညီထံ ပြန်ပို့လိုက်သည်။

ထိုအခါ မိနစ်ပိုင်းအတွင်း စံညွှန်းညီ တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ပင်ပို့ကို တကြည့်ကြည့် လုပ်နေတော့သည်။ ပင်ပို့က ရယ်လည်းမရယ်။ ပြုံးလည်းမပြုံး။ ခပ်တည်တည်လေးလုပ်ပြီး အလုပ်တွေ ဆက်လုပ်ပြနေလျှင် စံညွှန်းညီ တစ်ယောက် OCD ရောဂါဝင်လာသလိုလို အမူအရာဖြင့် ထိုင်လိုက် ထလိုက်၊ ဟိုဘက်ခဏလျှောက်သွားလိုက်၊ ဒီဘက်ခဏလျှောက်သွားလိုက်၊ ရေပိုက်ခေါင်း တပ်ထားသော ရေသန့်ဘူးအကြီးကြီးထဲမှ ရေကိုသွားဖွင့်သောက်လိုက်၊ ပြန်ထိုင်လိုက် အကြိမ်ကြိမ် မျက်စိနောက်လောက်အောင် လုပ်နေသောအခါ ကိုလှိုင်ဦးတို့ ကိုမျိုးထွေးတို့ ရိပ်မိလာတော့သည်။

"စံညွှန်းညီ ဘာဖြစ်နေတာလဲ၊ ရင်ပူနေတယ်၊ ရေခဏခဏသွားသောက်လိုက် ပြန်ထိုင်လိုက် ထလိုက်၊ ခဏရပ်လိုက် လမ်းလျှောက်လိုက်နဲ့"

စံညွှန်းညီ ရယ်ကျဲကျဲ ခေါင်းကုတ်ရင်း ...





"အင်း ... ဟုတ်တယ်၊ ရင်ပူနေသလိုလိုပဲဗျ"

ဟု ဖြေလေသည်။

"ဘာစားလာလို့လဲ"

"ဘာမှ စားမလာပါဘူး၊ ရင်ထဲမှာ အလိုလို ပူနေတာ"

"ကျောပူ ခေါင်းပူ ထ,တာထင်တယ်"

"ဟာ ... မျိုးထွေးရာ အဲဒါ ကလေးသေးသေးလေးတွေမှ ဖြစ်တာပါကွာ၊ ငါတို့ကောင်က ဖြစ်ပါ့မလား။ ကြည့်လည်း ပြောဦး"

မကျော်ကျော်မေက ငြိမ်နားထောင်နေရာမှ ...

"ရင်ပူတယ်ဆိုတာ အမှန်တော့ အထဲမှာ အပူဓာတ်ရှိနေလို့ပဲ။ အပူမစင်ဘူးထင်တယ်၊ ဝမ်းနုတ်ဆေး စားလိုက်ပါလား"

ဟူ၍ ဝင်အကြံပေးနေသေးသည်။

ဒီနေ့ ဒေါ်စိုးမိုး မလာပါ။ မလာနိုင်ကြောင်း မနက်က ဖုန်းဖြင့်ခွင့်တိုင်ထားပါသည်။ ဒါကြောင့် စံညွှန်းညီကို ဝိုင်းအကြံပေးတဲ့ အုပ်စုထဲမှာ မပါနိုင်ပေ။ ပင်ပို့ကလည်း ခပ်တန်းတန်းပုံစံ နေနေသဖြင့် စံညွှန်းညီကို စကားဝိုင်းပြောသူဆိုလို့ ထိုသုံးယောက်ပဲ ရှိပါသည်။

"ကျွန်တော် အန်ကယ်လ်ဦးရဲ့ဇင်ကို ဝင်တွေ့လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီ ရုတ်တရက် ပြောချလိုက်ပြီး ချက်ချင်းပဲ ဦးရဲဖင် အခန်းဘက် လျှောက်သွားလျှင် အားလုံး ငေးကြောင်ကြည့်ပြီး ကျန်ခဲ့ကြသည်။ ပင်ပိုျကတော့ စံညွှန်းညီ ထိုသို့အသိပေးသွားတာကို မသိလိုက်။ သူမ စားပွဲမှာ ဖုန်းဝင်လာ၍ ဖုန်းကိုကောက်ကိုင်ပြီး နားထောင်စဉ် တစ်ဖက်မှ ...

"ပင်ပိုျလား ... တို့ပါ သံလွင်ပါ"

ဟူသော ပြောလိုက်သံကြောင့် တအံ့တသြ နားထောင်နေမိ၍ စံညွှန်းညီ ဘာတွေပြောပြီး၊ ထွက်သွားသည်ကိုလုံးဝ မသိလိုက်။

ဒီရုံးမှာက ဖုန်းကို အပြင်ကနေ ရုံးထဲခေါ်လျှင် အရင်ဆုံး ရီဆက်ရှင်းမှ ကိုင်ပါသည်။ ထိုခေါ်သူက ဘယ်သူဘယ်ဝါကို ပြောလိုပါသည်ဟု အသိပေးမှ လိုင်းခွဲခလုတ်ကို နှိပ်ပေးပြီး လွှဲပေးသဖြင့် သံလွင်ဟာ ဒီရုံးကို ဖုန်းခေါ်ပြီး ပင်ပိုျနဲ့စကားပြောလိုပါသည်ဟု အသိပေးတာကြောင့် ဖုန်းက ပင်ပိုျထံတိုက်ရိုက်လွှဲပေးလိုက်တာ ဖြစ်ပါသည်။

"ပြောပါ မသံလွင်၊ ဘာကိစ္စရှိလို့လဲ"

"သံလွင် စကားပြောချင်လို့ပါ"

"အလုပ်ချိန်ကြီးမှာ အချိန်ပေးပြီး စကားမပြောနိုင်ဘူး"

"ဒီကုမ္ပဏီက ပင်ပိုျအဖေပိုင်တဲ့ ကုမ္ပဏီပဲ"





"ဖေဖေ ပိုင်တာပေမဲ့ ပင်ပိုျကလည်း လခစားသဘောနဲ့ ဖေဖေ့ဆီမှာ ဝင်လုပ်နေတဲ့ ဝန်ထမ်းပါ။ ဒါကြောင့် တခြားဝန်ထမ်းတွေလိုပဲ စည်းကမ်းနဲ့ နေရပါတယ်"

"ကောင်းပါပြီရှင်၊ ဒါဆိုလည်း ပင်ပိုျ ရုံးဆင်းမဲ့အချိန်ကျသံလွင် ခဏစကားပြောချင်တယ် ရမလား"

"ဘာကိစ္စလဲ"

"အရေးကြီးတဲ့ကိစ္စပါ၊ ပင်ပိုျ သိထားစေချင်တယ် ထင်လို့ပါ"

"ပင်ပိုျ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နိုင်တယ် ထင်လို့ပါ။ သံလွင် စကားပြောချင်တာကို လက်ခံမယ်ဆိုရင် ညနေငါးနာရီလောက် Cafe West (ကဖေးဝက်(စ်))ဆိုတဲ့ဆိုင်ကို လာခဲ့ပါနော်၊ သံလွင် ညနေ ခြောက်နာရီခွဲတဲ့အထိ စောင့်နေပါ့မယ်"

သံလွင် ထိုသို့ပြောပြီး ဖုန်းချသွားလျှင် ပင်ပိုျသည် ရှုပ်နေတာပဲလို့ စိတ်ထဲမှာတွေးရင်း စံညွှန်းညီ စားပွဲကို လှမ်းကြည့်လိုက်မိသည်။ အဲဒီကျမှ စံညွှန်းညီ ရှိမနေတာကို သတိထားမိသွားပါသည်။ ခုနကတောင် ရှိသေးတယ်။ အခု ဘယ်ရောက်သွားပြီလဲ။ OCD များ ဖြစ်နေသလား ထင်ရအောင် ခုနက ရှေ့သောက်လိုက်၊ ပြန်ထိုင်လိုက်နဲ့ အကြိမ်တစ်ရာလောက် လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ။ အမြင်ကတ်ကတ်နဲ့မို့ သတိမပေးဘဲနေတော့ သူများတွေတောင် သတိထားမိပြီး ဝိုင်းပြောတာ ခံလိုက်ရသေးတယ်လေ။ အခုတော့ ဘယ်ရောက်သွားပြီလဲ။

"စံညွှန်းညီကို ရှာတာလား ပင်ပို့"

ပင်ပို့ ခေါင်းတွေလည်ပြီး ရှာနေတာ တွေ့သဖြင့် မကျော့ကျော့မေက မေးလိုက်ပါသည်။

"ဩော် ... ဟုတ်တယ်၊ သူ လုပ်ပေးရမဲ့ အလုပ်တစ်ခု ရှိနေလို့ လုပ်ခိုင်းမလို့ပါ"

ပင်ပို့သည် သင့်တော်သလို လိမ်ညာပြောလိုက်ပြီး သူမ ရှာဖွေမိတာကို ဖုံးကွယ်လိုက်ပါသည်။

"အန်ကယ်လ်ဦးရဲဇင် အခန်းထဲ ဝင်သွားတာပဲ၊ ဘာကိစ္စ ရှိလို့လဲ မသိပါဘူး။ တစ်ချိန်လုံး ဂနာမငြိမ် ဖြစ်နေပြီး ချက်ချင်း ကောက်ခါငင်ခါ ထထွက်သွားတာလေ"

ထိုသို့ ကြားလိုက်ရတော့ ပင်ပို့သည် အတုန်လှုပ်ကြီး တုန်လှုပ်သွားကာ ဝုန်းခနဲ ထရပ်လိုက်မိတော့သည်။

"ဟင် ... ဟုတ်လား၊ တကယ်လား"

မကျော့ကျော့မေရော၊ ကိုလှိုင်ဦးရော၊ ကိုမျိုးထွေးရော အလန့်တကြား ကြည့်ကြပြီး ...

"ဘာဖြစ်လို့လဲ ပင်ပို့"





ဟု သံပြိုင်နီးပါး မေးလိုက်မိကြသည်။

"သူ ... သူ ဘာဖြစ်လို့ ဖေဖေ့ကို ဝင်တွေ့တယ်လို့ ပြောသွားသေးလဲ"

"မပြောသွားဘူး၊ ဘာမှပြောမသွားပါဘူး"

"ချက်ချင်းကြီး ရုတ်ခနဲ ထပြီးထွက်သွားတာဟာ ထူးတော့ ထူးဆန်းတယ်"

"တစ်ချိန်လုံး ဂနာမငြိမ်ဖြစ်နေပြီး အဲဒီလို ပြောသွားတော့ ဘာမှန်းတောင် စဉ်းစားမရဘူး"

ထိုသုံးယောက် ပြန်ဖြေသံတွေအဆုံးမှာ ပင်ပို့သည် ဘယ်သူ့ကိုမှ ဂရုမစိုက်နေတော့ဘဲ ဖေဖေ့အခန်းဆီ ပြေးသွားမိတော့သည်။ ကျန်ရစ်ခဲ့သော သုံးယောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြပြီး အသီးသီး ပခုံးတွန့်ပြမိကြကာ ...

"ဘာပြဿနာတက်ထားလဲ မသိဘူးနော်"

လို့ ပြောလိုက်မိကြသည်မှာ ရှေ့ဆင့် နောက်ဆင့်။

ဦးရဲဇင် ရုံးခန်းအဝမှာ စားပွဲချပြီး အလုပ်လုပ်ရသော အတွင်းရေးမှူး အမျိုးသမီးကတော့ ပင်ပို့ အခန်းဝရပ်လိုက်တာ မြင်လို ...

ညီမလေး ပင်ပို့ အထဲမှာ မောင်စံညွှန်းညီ ရှိနေတယ်။ ဝင်သွားလို့ ဖြစ်ပါ့မလား။ ညီမလေး အဖေက ကြိုက်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့အခန်းထဲမှာ ဧည့်သည်တစ်ယောက် ယောက်ရှိနေလျှင် ဘယ်သူမှ ပေးမဝင်ရဟု အမိန့်ထုတ်ထား၍ ထိုအမျိုးသမီးက သတိပေးလိုက်တာဖြစ်သည်။ ပင်ပိုသည် အရင်က တော့ စည်းကမ်းလိုက်နာပေမဲ့ ဒီနေ့တော့ ဘာကိုမှ စည်းကမ်းထား မနေချင်တော့။ စံညွန်းညီ အထဲဝင်သွားပြီး ဘာတွေပြောနေသလဲဆို တာ သိချင်လှပြီ။ အမြန်တားချင်လှပြီ။

"အစ်မကို မလေးစားလို့တော့ မဟုတ်ပါဘူး၊ ပင်ပို အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ပါ။ ဒါကြောင့် ဝင်သွား ပါရစေနော်။ ဖေဖေလည်း ခွင့်ပြုမှာပါ၊ ပင်ပို ပြောခဲ့ အရေးကြီးတဲ့ကိစ္စက ကိုစံညွန်းညီနဲ့လည်း ဆိုင်နေမှာမို့ ပါ"

"အိုခေလေ ... ဒါဆို အန်ကယ်လ် ဦးရဲဇင်ကို ညီမပဲ ရှင်း ပြပေးလိုက်နော်။ အစ်မ ဝတ္တရားပျက်ပြီး ဧည့်သည်ရှိနေ တုန်း နောက်တစ်ယောက် ပေးဝင်တာ မဟုတ်ဘူးနော် သေသေချာချာ ရှင်းပြပေးလိုက်ပါ"

"စိတ်ချပါ အစ်မရယ်"

ပင်ပိုသည် ဖေဖေ့ အခန်းတံခါးဘုကို လှည့်ရင်း လက်ကလည်း တံခါးပါ အသာခေါက်ထားပြီး ဖြစ်နေပါသည်။

"ဖေဖေ ... သမီးပါ၊ ပင်ပိုပါ၊ ဝင်လာခဲ့မယ်နော်"





ဦးရဲဇင်သည် စံညွန်းညီ ပြောသမျှ မျက်မှောင်ကြုတ်၍ နားထောင်နေရာမှ ပင်ပို့အသံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"မင်းတို့ ဒီလို ရှေ့ဆင့်နောက်ဆင့် ဝင်လာကြမယ်လို့ရော အချိန်းအချက် လုပ်ထားခဲ့ကြလား"

ဟု စံညွန်းညီကို မေးလိုက်ချိန်တွင် ပင်ပိုလည်း ဝင်လာပြီးနေပြီ။

"ကဲ ... လာပါ၊ ထိုင်ပါ သမီးရဲ့။ အတော်ပါပဲ၊ သမီး ဝင်လိုက်လာတော့ ဖေဖေ သေသေချာချာ မေးလို့ရသွား ပြီပေါ့"

"ဖေဖေ ... ဖေဖေ ... ဘာလဲဟင် ... ဘာလဲ၊ သူ ဘာ လာပြောတာလဲ"

"ကိုယ် ဘာပြောခဲ့သလဲ သိထားရင် မောင်စံညွန်းညီ ဘာ ကြောင့် ဖေဖေ့ဆီ ဝင်လာပြီး စကားလာပြောသလဲဆိုတာ သမီး သိရမှာပေါ့"

"ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး ... အဲဒါ ပင်ပို တကယ်ပြောလိုက်တာ မဟုတ်ဘူး"

စံညွန်းညီသည် ပင်ပို့ကို ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပျိုက အဖေ့ဆီမှာ ကိုယ်တိုင်ခွင့်တောင်းရဲမှ ယုံမယ်ဆိုလို့ ကျွန်တော် အန်ကယ့်လ်ဆီမှာ အရဲစွန့်ပြီး လာခွင့်တောင်းရတာပါ၊ အမှန်တော့ ဒီလိုမဖြစ်သင့်ဘူးလေ။ မိဘတွေပါ သက်သေထားပြီး ခွင့်တောင်းရမှာမျိုးပါ၊ အခုတော့ မရှိမသေလုပ်ရာ ကျနေပြီ"

ဟုလည်း ဦးရဲဇင်ကို လန့်ပြီး တောင်းပန်သလိုလို အသိပေးသလိုလို ထပ်ပြောနေပါသည်။

"ဟုတ်လား ... သမီး။ ဖေဖေ သဘောတူရင် သမီး သူ့ကို တကယ်လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးပြီလား"

"မဟုတ်ဘူး ... မဟုတ်ဘူး ဖေဖေ။ အဲဒါ လုံးဝမဟုတ်ပါဘူး။ ပင်ပျိုနဲ့ သူ ဘာမှလဲ မဆိုင်ဘူး၊ သူ့ကိုလည်း မစဉ်းစားပါဘူး။ သူ့ကို မယုံလို့ တမင်ရွဲ့ပြီး e-mail ပြန်ရေးပို့တာပါ ဖေဖေရယ်။ ဒီလို ချက်ချင်းကြီး လာပြောမယ်လို့လည်း မထင်တာ။ ပင်ပျို့ကိုယုံပါ။ ပင်ပျို မညာပါဘူး"

"ကိုယ့်ပြဿနာ ကိုယ်ရှင်းမှပေါ့။ ဘာကြောင့် အဖေနဲ့ လှည့်တိုက်ပေးရလဲ ပင်ပျို"

ဦးရဲဇင်က ပင်ပျို့ကို ပိုပြီးဒေါသထွက်ဟန်ဖြင့် ဆူပူပါသည်။ စံညွန့်ညီမှာ မျက်နှာအပျက်ကြီးပျက်ပြီး ခုချက်ချင်း ထ,သွားရတော့မလိုလို ကုန်းကုန်းကွကွ ဖြစ်နေပြန်သည်။





"ထိုင် ... ထိုင်ပါဦး၊ မောင်စံညွန့်ညီ ထိုင်ပါ။ အန်ကယ်လ်မင်းကို နားလည်ပါတယ်၊ စိတ်မဆိုးပါဘူး။ သမီးကိုပဲ စိတ်ဆိုးတာပါ၊ ကိုယ် တကယ်လက်မခံနိုင်ရင်လည်း ဒီလို အထင်လွဲစရာ သဘောမျိုးပါတဲ့ စာကို ရေးမပို့သင့်ဘူးပေါ့။ အခုတော့ အချင်းချင်းတွေ ဘယ်လောက် မျက်နှာပူစရာဖြစ်လဲ"

စံညွန့်ညီသည် ပင်ပျို သူ့ကို ခါးခါးသီးသီးဖြစ်ပြီး ငြင်းပြနေသဖြင့် ရင်ထဲမှာ တော်တော်ကို ထိခိုက်လျက် ...

"ကျွန်တော် သူ့ကို စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် ခွင့်တောင်းတာလည်း မဟုတ်ပါဘူး။ သူ မယုံခဲ့တဲ့ အကြောင်းအရာတွေကိုလည်း သေသေချာချာ အမှန်အတိုင်း ပြောပြပြီးပါပြီ။ အဲဒါတောင် သူက မယုံသေးပါဘူးဆိုလို့ ယုံပါဆိုတဲ့အကြောင်း စာရေးပြောရင်း လက်ထပ်ပါရစေလို့ ထည့်ရေးမိတာပါ။ မပင်ပျိုက ချက်ချင်းပဲ ဖေဖေ့ကို သွားပြောလို့ စာပြန်တော့ အဟုတ်ထင်ပြီး ကျွန်တော် အန်ကယ်လ့်ကို လာတွေ့မိတာပါ"

"အို ... ရှင်က မယုံလည်း မယုံစရာပဲလေ။ တစ်ဖက်မှာ ဘာမှပြတ်ပြတ်သားသား မရှိသေးဘဲနဲ့၊ ပင်ပျို့ကို ခွင့်တောင်းတာဟာ ဘယ်လိုလုပ် ယုံစရာရှိမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲဇင်က သူ့ကို ရှေ့ထားပြီး အပြန်အလှန် ငြင်းခုံနေကြသော ကလေးနှစ်ယောက်ကို အေးဆေးစွာ အကဲခတ်နေခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရရင် စည့္သန်းညီလို ရိုးသားအေးဆေးတဲ့ လူငယ်တစ်ယောက်နဲ့ဆိုရင် သမီးဖြစ်သူကို ဘာမှသဘောမတူစရာ မရှိပါ။ ဒီကောင် ဝင်လာတွေ့ပြီး လာခွင့်တောင်းတုန်းက အဖေပီပီ နည်းနည်းတော့ စိတ်တိုသွားပေမဲ့ ချက်ချင်းပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းနိုင်ခဲ့ပါသည်။ လူငယ်ချင်း ချစ်ကြိုက်လို့ မိကောင်းဖခင်သားသမီးပီပီ လူကြီးတစ်ယောက်ဆီမှာ တရိုတသေ လာခွင့်တောင်းတာဟာ ဘာမှစိတ်ဆိုးစရာ မရှိပါ။ ဒီလိုခွင့်မတောင်းဘဲ ကွယ်ရာမှာ ခိုးတွေ့နေကြတာကမှ ပိုပြီးဒေါသဖြစ်စရာ ကောင်းတာဖြစ်သည်။

"ကျွန်တော် တကယ်ပြတ်သားပါတယ် မပင်ပျိုရယ်။ မပင်ပျို ယုံအောင် ဘယ်လိုကျိန်ပြရမလဲ"

"ကျိန်ပြစရာလည်း မလိုဘူး။ ရှင့်ဘက်က မပြတ်သားထားလို့ သံလွင်က ပင်ပျို့ဆီတောင် ဖုန်းဆက်ပြီး ပြောပြစရာတွေရှိလို့ တွေ့ချင်တယ် စကားပြောချင်တယ်လို့ ဒီနေ့ပဲ ချိန်းထားတယ်လေ၊ ကဲ … ရှင် ဘာကြိုငြင်းဦးမလဲ"

"ဘယ်လို … သံလွင်က မပင်ပျိုကို ဖုန်းဆက်ထားတယ်။ ချိန်းထားတယ် ဟုတ်လား"





"ဟုတ်တယ်၊ ဒီနေ့ ညနေ Cafe West မှာ သွားတွေ့ဖို့ ချိန်းထားတယ်"

"ကျွတ် … အဲဒါ ခက်တာပဲလေ။ သူ လျှောက်လုပ်ချင်တိုင်း လျှောက်လုပ်တာကို ကျွန်တော်က အလကားနေရင်း အထင်လွဲခံပြီး ငြိမ်ခံနေရတယ်။ မပင်ပျို ဘာကြောင့် တစ်ဖက်သတ်ကြီး ဟိုဘက်ကပြောတာ အမှန်ဖြစ်မယ်လို့ ထင်နေရတာလဲ"

ဦးရဲဇင်မှာ သူတို့ ဘာတွေအငြင်းပွားနေမှန်း မသိပေမဲ့ စည့္သန်းညီ ပြောတာလည်း ဟုတ်နေသဖြင့် သမီးဖြစ်သူကို …

"သမီးတို့ ဘာတွေပြောနေမှန်းတော့ ဖေဖေ မသိဘူး။ ဒါပေမဲ့ မောင်စည့္သန်းညီ ပြောတာလည်း နည်းလမ်းကျတာမို့ သူ ပြောတဲ့ဘက်ကိုလည်း သမီး ထည့်စဉ်းစားကြည့်သင့်တယ် ထင်တယ်"

"အို … မစဉ်းစားနိုင်ပါဘူး၊ လူကို လိမ်ညာထားတာကို မုန်းလွန်းလို့"

"ကျွန်တော် မလိမ်ညာထားပါဘူး မပင်ပျိုရယ်"

ပင်ပျိုဟာ စည့္သန်းညီ အပေါ် သံသယခဥ်တွယ်နေလို့ ဒီလောက် မုန်းပြနေ၊ နာကြည်းပြနေတာဖြစ်ကြောင်း ဦးရဲဇင် ရိပ်မိသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အန်ကယ်လ်၊ ကျွန်တော့်မှာ အရင်က ရည်းစားတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ သူနဲ့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကမှ ကွဲသွားပါတယ်။ ဘယ်သူ ဘယ်ဝါကြောင့်၊ ဘယ်သူ့အပြစ်ကြောင့်လို့တော့ ကျွန်တော် မပြောပြတော့ပါဘူး။ သူနဲ့ လမ်းခွဲပြီးခဲ့ပါပြီ။ ဇာတ်လမ်းက ပြီးနေခဲ့ပါပြီ။ အခု ကျွန်တော် ရန်ကုန်မှာ အလုပ်ဝင်လုပ်တဲ့အခါမှာ ကျွန်တော် မပင်ပို့ကို စိတ်ဝင်စားမိပါတယ်၊ သဘောကျမိပါတယ်။ အဲဒီလို ဖြစ်နေချိန်မှာ ကျွန်တော့်ရဲ့ ပြတ်ခဲ့ပြီးတဲ့ ရည်းစားဟောင်းက သူ့သဘောနဲ့သူ ပြန်လာဆက်သွယ်ပြီး အားလုံးရှေ့မှာ အထင်မှားအောင် စကားပြောဆိုပြတဲ့အခါ မပင်ပို့က အထင်လွဲသွားပါတယ်။ ကျွန်တော်လည်း မပင်ပို့ကို ဇာတ်လမ်းအစအဆုံး ပြောပြပြီး ရှင်းပြပြီးပါပြီ၊ မပင်ပို့က မယုံဘူးဘဲ ငြင်းနေတာပါ"

စံညွှန်းညီသည် မထူးတော့တဲ့ အဆုံးမှာ ဦးရဲဇင်ကို အားလုံး ရှင်းပြလိုက်ပါသည်။ ပင်ပို့ကတော့ စံညွှန်းညီ ဘယ်က ဘယ်လို သတ္တိတွေရှိပြီး ဖေဖေ့ကို ပြောရဲနေသလဲလို့ တအံ့တဩ ငေးကြည့်ရင်း စိတ်ထဲမှာ တိတ်တခိုး ပီတိလည်း ဖြစ်ရလေသည်။ သူ ငါ့အပေါ် ဒီလောက် အလေးအနက် ထားပါလားလို့ တွေးမိလာသောအခါ သူ့အပေါ် တစ်ဖက်သတ်ကြီး အထင်လွဲချင်စိတ်လည်း မရှိတော့ပါ။





"ဒါဖြင့် ဒီလိုလုပ်၊ ဒီနေ့ အဲဒီမိန်းကလေးက သမီးကိုတွေ့ပြီး စကားပြောချင်တယ်လို့ ချိန်းထားတဲ့ နေရာကိုသွားလိုက်။ ဒါပေမဲ့ မောင်စံညွှန်းညီပါ လိုက်သွားပါ။ သုံးယောက်တွေ့တွေ့ဆိုင်ဆိုင်တွေ့ပြီး ရှင်းလင်းလိုက်ကြပါ။ ဒါမှ ဘယ်သူမှားတယ် မှန်တယ် ဆိုတာ အဖြေထုတ်ဖို့ လွယ်သွားမယ်"

ဦးရဲဇင်ဆီက မထင်မှတ်သော အကြံဉာဏ်ကို လက်ခံလိုက်ကြဖို့ စံညွှန်းညီရော ပင်ပို့ပါ တစ်ပြိုင်တည်း ဆုံးဖြတ်နိုင်ခဲ့ကြပါသည်။

❦ ➻ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ကော်ဖီဆိုင်ထဲကို ဝင်လာသောအခါ သံလွင်နဲ့တူတာဆိုလို့ အရိပ်အယောင်ပင် မတွေ့ရ။ စံညွန့်ညီက စိတ်ဓော ပြီး ရုံးဆင်းဆင်းချင်း ပင်ပျိုကို ...

"မပင်ပျို ... ဘယ်လိုလဲ သွားကြတော့မလား"

ဆိုပြီး ခေါ်သဖြင့် ပင်ပျိုလည်း မငြင်းတော့ဘဲ စံညွန့်ညီက ကားတစ်စီး၊ သူမ,က ကားတစ်စီးဖြင့် ဒီဆိုင်ကိုထွက်လာခဲ့ကြသော အချိန်မှာ ငါးနာရီဆယ့်ငါးလောက်တော့ရှိနေပြီ။

"ညနေ ငါးနာရီမှာစပြီး စောင့်နေပါမယ်၊ ခြောက်နာရီခွဲအထိ စောင့်နေမယ်"

ဆိုသော သံလွင့်စကားကို ပြန်အမှတ်ရပြီး တကယ်ရှိမနေသောအခါ ပင်ပျို နည်းနည်းတော့ စိတ်တိုသွားပါသည်။





"ငါးနာရီထဲက ရောက်နေမယ်ပြောပြီး ရှိလည်းမရှိဘူး"

"ဘယ်လိုလဲ မပင်ပျို ထိုင်စောင့်မလား"

"ခဏတော့ ထိုင်ရမှာပေါ့၊ ဆိုင်ထဲဝင်ပြီးမှ ပြန်ထွက်ရင် ဘယ်ကောင်းမလဲ"

"ကျွန်တော် ပါလာတာ ကြိုမြင်သွားလို့ ရှောင်သွားသလား မသိဘူး"

စံညွန့်ညီ ထိုသို့တွေးသလို ပင်ပျိုလည်း တွေးမိသွားပြီး ...

"ဟုတ်မယ်ထင်တယ်"

ဟု ထောက်ခံမိလျှင် စံညွန့်ညီက ပြုံးလိုက်ပြီး ...

"အပြစ်ရှိတဲ့ သူတစ်ယောက်ဟာ အမှန်လုပ်ထားတဲ့ လူတစ်ယောက်ကို ရင်မဆိုင်ရဲဘူးဆိုတာ မပင်ပျို ယုံလား"

ဟူ၍ မေးလိုက်မိသည်။

ပင်ပျိုက မျက်စောင်း အသာထိုးလိုက်မိသည်။

"ရှင်ကလည်း အရေးထဲမှာ အမှတ်ဝင်ယူနေပြန်ပြီ"

"တကယ်လို့ မပင်ပျို စိတ်ထဲမှာ သံသယတွေ ရှင်းသွားတဲ့အခါ ကျွန်တော့်ကို လက်ခံစဉ်းစားမှာလားဟင်"

"သံလွင့်ကို လာတွေ့တာနော်၊ ရှင့်စကားတွေ နားထောင်ဖို့ လိုက်လာပေးတာ မဟုတ်ဘူး။ အခွင့်အရေး မယူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပို့ ကျွန်တော့်ကို အရင်က ဒီလောက်ကြီး မစိမ်းပါဘူး။ မှုန်းလည်း မမုန်းပါဘူး။ ခါးခါးသီးသီးလည်း မဖြစ်ပါဘူး၊ အခုကျမှ ဘာကြောင့် ဒီလောက် စိမ်းနေရတာလဲ၊ မုန်းနေရတာလဲ။ ကျွန်တော်က 'ချစ်တယ်' ပြောတဲ့ စကားကို ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်ရတာလဲ"

ပင်ပို့ ရင်ထဲမှာတော့ အဖြေက ရှိနေသည်။ အဲဒါ ရှင့်ကို ချစ်လို့ပဲပေါ့ ကိုစံညွှန်းညီရယ်။ အဲဒီအဖြေကို ဘယ်ဖြေရပါ့မလဲ။ ရှင့်ဘက်က ဘာတွေ မပြတ်မသား ဖြစ်နေမှန်းမှမသိတာ။ ဘယ်သူမဆို ကိုယ်ဟာ အရင်ဦးဆုံး ချစ်သူဖြစ်ချင်ကြတဲ့သူချည်းပဲ။ ပင်ပို့လည်း အဲဒီလို ဖြစ်ချင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီဆန္ဒဟာ မပြည့်ဝတော့ဘူး။ ပင်ပို့ ဘယ်တော့မှ ရှင့်ရဲ့ပထမဦးဆုံးချစ်သူ ဖြစ်ခွင့်မရတော့ဘူး။ အဲဒီလို တွေးမိတိုင်း ဝမ်းနည်းပြီး ငိုချင်နေခဲ့တာ။ ရှင့်ရဲ့ရင်ဘတ်ကြီးကို ထုပစ်ပြီး ဒေါသဖြစ်ချင်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

ပင်ပို့ ပါးစပ်က မဖြေခဲ့သောအခါ စံညွှန်းညီလည်း အတင်းအကျပ် မမေးတော့ပါ။

စိတ်ရှည်လက်ရှည်ဖြင့် ကော်ဖီတစ်ခွက်စီ မှာသောက်ပြီး သံလွင့်ကို စောင့်ကြပါသည်။ ခြောက်နာရီထိုးခါးနီးထိ သံလွင် ရောက်မလာခဲ့ပါ။ အဲဒီအချိန်အတောအတွင်းမှာ အတူရှိနေပါရက်





စံညွှန်းညီနဲ့ ပင်ပို့လည်း စကားလုံးဝမပြောဖြစ်သလောက်နီးပါး ဖြစ်နေသောအခါ သူတို့ကြားမှာ အရာအားလုံးက တိတ်ဆိတ်နေခဲ့သည်။ နှစ်ယောက်သား ကော်ဖီတစ်ခွက်စီ ရှေ့ချပြီး အပြင်ကို ငေးနေကြပေမဲ့ ရင်ထဲမှာတော့ အချင်းချင်း စကားတွေပြောနေမိသကဲ့သို့ ဖြစ်နေသည်။

ပင်ပို့ကလည်း သံလွင် ပေါ်မလာသောအခါ သံလွင့်ကို သိပ်မယုံတော့သလို ဖြစ်လာသည်။ စံညွှန်းညီကလည်း ပင်ပို့နဲ့သူ အတူတူရှိနေသောအခါ ပင်ပို့ ဘာစကားမှ မပြောတော့ပေမဲ့ ပင်ပို့ရင်ထဲက အချစ်ကို ခံစားလို့ရလာပြီး ပင်ပို့ကို အမြန်ဆုံး ပိုင်ဆိုင်ခွင့် ရချင်လာခဲ့သည်။ ပင်ပို့သာ သူ့အနားမှာရှိမယ်ဆိုရင် သူ့ဘဝမှာ တော်တော့်ကို ပြည့်စုံသွားမလား မသိဟု စိတ်ကူးယဉ်မှန်းဆနေမိသည်။

"ခြောက်နာရီတောင် ထိုးတော့မယ်၊ သူ မလာတော့ပါဘူး၊ ပင်ပို့တို့ ပြန်ကြရအောင်"

ပင်ပို့ နာရီတစ်ချက်ကြည့်လိုက်ပြီး ပြောတော့မှ စံညွှန်းညီလည်း ပင်ပို့ အလိုကျ အတူပြန်ဖို့ ထရပ်လိုက်သည်။

"သံလွင့်ကိုတွေ့ရင် ပြောလိုက်ပါ"

ကားပါကင် ရှိရာဆီ အတူလမ်းလျှောက်လာစဉ် ပင်ပို့ထံမှ ထိုစကားကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ပင်ပို့ကို စိတ်အနှောင့်အယှက် ပေးရရင် ပြီးရောဆိုပြီး ဒီလိုချိန်းပြီး မလာတာမျိုး မလုပ်ပါနဲ့တော့လို့။ ပင်ပို့ သူ့ကို ဘယ်တော့မှ လက်ခံပြီးတွေ့မှာ မဟုတ်ဘူးလို့ ပြောလိုက်ပါ"

"သူ ဘာသဘောနဲ့ ဒီလိုချိန်းပြီး ရှောင်သွားတာလဲ မသိဘူး။ ကျွန်တော်နဲ့ ဆုံဖို့ တွေ့ဖို့ အကြောင်းတော့ မရှိပေမဲ့ အကယ်၍ သူ လာတွေ့ရင်တော့ ကျွန်တော် မပင်ပို့ပြောတာ ပြောပေးပါ့မယ်၊ ဒါပေမဲ့ သူက ဆုံအောင်ဖန်တီးပြီး လာတွေ့မှ သူနဲ့ ကျွန်တော် ဆုံတာပါ၊ ကျွန်တော့်ဘက်ကတော့ ဘယ်တော့မှ သူနဲ့ဆုံအောင် မလုပ်တော့ပါဘူး"

ပင်ပို့ ကားထဲဝင်ထိုင် စက်နှိုးလိုက်သည်။ အဲ့အချိန်မှာ ကားစီဒီထဲမှာ ထည့်ထားသော သီချင်းကလည်း အထိအလျောက် ထွက်လာသည်။ Avril Lavigne (အဗရေးလဗင်း)၏ ခပ်မြူးမြူး သီချင်းလေးက ...

"I don't like your girlfriend ...

I can be your girlfriend ..."

ဟု သီဆိုသံ ကြားရတော့ ပင်ပို့ အလိုလိုနေရင်း ပြုံးမိသွားသည်။





ကားဆောင်းမှာ ရပ်လျက်ရှိနေသေးသော စံညွန့်ညီကို မထင်မှတ်ဘဲ ပြောမိသွားသည်မှာ ...

"အဲဒီသီချင်းလေးကို အသေအချာ နားထောင်ကြည့်နော်။ တစ်နေ့ကျရင် ကိုစံညွန့်ညီကို ပင်ပို့ ပေးချင်တဲ့အပြောက အဲဒီသီချင်းစာသားလေးလိုပဲ"

"ဟင် ... ဟင် ... ဘာလဲ ... အဲဒါ ဘယ်သူလဲ၊ ဘယ်သူ့သီချင်းလဲ။ ဟာ ... ဒုက္ခပါပဲ ကျွန်တော် အင်္ဂလိပ်သီချင်းတွေ နားမထောင်ဘူး။ အဆိုတော်လည်း သိပ်မသိဘူး"

"သွားပြီ ... တာ့တာ၊ ကိုယ့်ဘာသာပဲ ရအောင်ရှာကြည့်တော့။ မပြောတော့ဘူး"

ပင်ပို့ ခပ်နောက်နောက်လေး ပြောခဲ့လျက် လက်ပြပြီး ထွက်သွားပါသည်။ စံညွန့်ညီ တစ်ယောက် ကြံရာမရ၊ ဟိုပြေးဒီပြေးဖြစ်ပြီး စဉ်းစားရခက်စွာ ကျန်ခဲ့သည်။

သူ ကြားလိုက်တာက အဲဒီသီချင်းရဲ့အစ "ဟေး ... ဟေး ဟေး ဟေး ..."နဲ့ အော်တာကိုပဲ အသေအချာ ကြားလိုက်တာဖြစ်ပြီး နောက်ပိုင်းစာသားကို ဘယ်လိုမှ သတိမထားမိလိုက်။ ခိန်းကလေးတစ်ယောက် ဆိုထားတာမှန်းသိပြီး သူကိုယ်တိုင်ကလည်း အင်္ဂလိပ်သီချင်းနဲ့ သိပ်အကျွမ်းတဝင်ဖြစ်သူ မဟုတ်လေရာ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



သိချင်းမှန်းလဲ မသိ။ ဘယ်သိချင်းမှန်းလဲ မသိ။ ပင်ပျို ဘာကြောင့် ပဟေဠိ လုပ်သွားတာလဲ။

စံညွှန်းညီ အိမ်ပြန်ရောက်သောအခါ ဟန်စော ဝရန်တာထွက်ရပ်ပြီး မျှော်နေတာ တွေ့ပြန်သည်။ ဟာ ... သံလွင် အိမ်များရောက်နေပြန်ပြီလားလို့ ခေါင်းထဲ ရှုပ်ထွေးစွာတွေးရင်း အပေါ်တက်လာ၊ အခန်းတံခါးဖွင့်မလို့ပြင်တော့ သတိထားမိတာက အပြင်သံပန်းတံခါးရော အတွင်းသစ်သားတံခါးပါ ပိတ်ထားတာပင်။ ဒါဆို သံလွင်ရောက်နေတာမဟုတ်ဘူး။ ဟန်စောဘာသာထွက်ရပ်နေတာလို့ တွေးနေတုန်း ဟန်စော ကိုယ်တိုင် တံခါးလာဖွင့်လိုက်ပါသည်။

"မင်း ဘယ်သွားနေတာလဲ"

"ဩော် ... မပင်ပျိုနဲ့ ကော်ဖီဆိုင် သွားထိုင်နေတာပါ"

စံညွှန်းညီက အဆင်ပြေသလို ပြောပြလိုက်ပါသည်။

"အေးကွာ ... မင်း,ပြန်ရောက်ရောက်လာချင်း ပြောတော့ မပြောချင်ပါဘူး။ ဒါပေမဲ့ မပြောပြရင်လည်း မဖြစ်ဘူးထင်လို့ ပြောပြရမှာပေါ့"

"ဘာများလဲကွာ"

"ခုနလေးတင် အောက်ထပ်ဆိုင်ဖုန်းကတစ်ဆင့် ခေါ်လို့ ငါ သွားစကားပြောလိုက်ရတယ်"





"ဘယ်သူ ခေါ်တာလဲ"

"ကောင်မလေးတစ်ယောက်ပဲ၊ သံလွင်တို့ အဆောင်ကလို့ ပြောတယ်၊ သံလွင် နေ့လယ်က ရေချိုးရင်း ချော်လဲရာက ခေါင်းထိသွားတယ်၊ အဲဒီမှာ ခဏ သတိမေ့သွားပြီး ပြန်သတိရလာတော့ ခေါင်းမူးတယ်၊ ခေါင်းတအားကိုက်တယ် ပြောတာနဲ့ ဆေးရုံပို့လိုက်ရတယ်တဲ့။ ဆေးရုံမှာ ခေါင်းကို ဓာတ်မှန်ရိုက် စစ်ဆေးထားတုန်း၊ သူနဲ့ နီးစပ်ရာဆွေမျိုးကို အကြောင်းကြားပေးဖို့ မေးတော့ သူက ကိုဟန်စောနဲ့ ကိုစံညွှန်းညီကို ခေါ်ပေးပါဆိုပြီး ဒီဖုန်းနံပါတ်ပေးပြီး ခေါ်ခိုင်းလို့ ခေါ်တာတဲ့"

စံညွှန်းညီမှာ ရုတ်တရက် ကြားလိုက်ရတော့ အံ့ဩပြီး ငေးကြောင်တိတ်ဆိတ်သွားပါသည်။

"ငါ အဲဒီတစ်ဆင့်ခေါ် ဖုန်းနံပါတ်ကို မပေးထားမိပါဘူး။ သူ ဘယ်လိုလုပ် သိသွားလဲ"

ဟန်စောက ချက်ချင်း သတိရသွားသလိုဖြင့် ...

"ငါ သိပြီ၊ ငါ သိပြီ။ သံလွင် ဟိုတစ်နေ့က ဒီမှာလာစောင့်တော့ သူ, ငါ့ကို မေးတာရှိတယ်၊ ဆက်သွယ်ဖို့ ဖုန်းမရှိဘူးလား ဘာလားပေါ့"

"အဲဒီတော့ မင်း ပေးလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ အဲဒီလောက် အ,ပါ့မလားကွ၊ မပေးပါဘူး"

"ဒါဖြင့် ဘယ်လိုသိလဲ"

"ပြောတော့ ပြောပြမိတယ်ကွ။ ဖုန်းတော့ မတပ်ရသေးဘူး။ မိတ်ဆွေတွေ ဆက်သွယ်ချင်ရင်တော့ အောက်ထပ် စတိုးဆိုင်မှာ ဖုန်းရှိတယ်၊ အဲဒီမှာ ပြောထားရင် တစ်ဆင့် ခေါ်ပေးတယ်ပေါ့၊ အဲဒီလိုတော့ ပြောပြမိတယ်"

"သူ ဖုန်းနံပါတ်တောင်းလား"

"မတောင်းပါဘူး"

"ဒါပေမဲ့ အဲဒီဆိုင်ဖုန်းက ခေါ်ပေးလို့ရတယ်ဆိုတာ သိတော့ သံလွင် ဒီလာတုန်း အပြန်မှာ ဝင်စုံစမ်းသွားတာရော မဖြစ်နိုင်ဘူးလား"

"အေး ... ဖြစ်နိုင်တယ်ကွ၊ ငါတို့ မပေးချင်မှန်းသိတော့ မတောင်းဘဲ ဒီကအပြန်မှာ ဆိုင်ထဲဝင်ပြီး တစ်ခုခုဝယ် သလိုလို၊ ဖုန်းဆက်သလိုလိုလုပ်ပြီး ဖုန်းနံပါတ်သိအောင် သူ စုံစမ်းချင် စုံစမ်းသွားမှာပဲလေ။ ဆိုင်ကလည်း ငါတို့ မိတ်ဆွေပါလို့ နာမည်တပ်ပြောရင် ယုံမှာပဲ၊ ဒါတော့ ထားပါ။ သူ အခု ဆေးရုံမှာ ရောက်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ စံညွန့်"





စံညွန့်ညီမှာ ခုနက ပင်ပျို ပဟေဠိလုပ်လွှတ်လိုက်တာကို အဖြေထုတ်မလို့ လုပ်တုန်း သံလွင့်ကိစ္စ ပေါ်လာသဖြင့် ဆုံးဖြတ်ရခက်နေသည်။

"မင်း သွားကြည့်ချင်လား"

"ဟာ ... နေတော့ကွာ၊ သူနဲ့ငါ ဘာမှမဆိုင်တဲ့သဘောနဲ့ နေလိုက်မယ်။ ခေါင်းမူး ခေါင်းကိုက်လို့ ဆေးရုံရောက်တာလေးနဲ့ ငါ့ကိုခေါ်တယ်။ ငါကလည်း အစိုးရိမ်ကြီးပြီး သွားတယ်ဆိုရင် သူ့အပေါ် သံယောဇဉ် မပြတ်ဘူးထင်ဦးမယ်"

"အေး ... မင်းသဘောပါပဲ၊ မင်း သွားရင်တော့ ငါအဖော် လိုက်ခဲ့ပေးနိုင်တယ်လို့ ပြောမလို့"

"ရတယ် ... မသွားတော့ဘူး။ မပင်ပျိုကကွာ ငါ့ကို ပဟေဠိ လုပ်လွှတ်လိုက်လို့၊ အဲဒါ ခေါင်းစားလာတယ်၊ မင်းကို ပြောရဦးမယ်၊ ရေချိုးလိုက်ဦးမယ်။ ပြီးမှ အေးအေး ဆေးဆေး စကားပြောကြတာပေါ့"

စံညွန့်ညီ ရေဝင်ချိုးရင်း ပင်ပျို ဖွင့်လိုက်တဲ့သီချင်းကို ဘယ်လိုစုံစမ်းရင် ရမလဲလို့ တွေးနေမိသည်။ စံညွန့်ညီ ရေချိုးနေတုန်း ဟန်စောမှာ အောက်ထပ်ဖုန်းဆိုင်မှ ဖုန်းတစ်ခေါက် ထပ်ခေါ်သဖြင့် ဆင်းပြီးပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီ ရေချိုးပြီး ပြန်ထွက်လာတော့ ဟန်စောအောက်ထပ်ကနေ ပြန်တက်လာပြီး အိမ်တံခါးဖွင့် ဝင်လာတာတွေ့ရသဖြင့် ...

"ဘာလဲ ဟန်စော၊ ရေးကြီးသုတ်ပျာနဲ့ပါလား"

ဟု မေးမိသည်။

"ခုလေးတင် ဖုန်းထပ်ခေါ်လို့ ဆင်းပြောတာကွာ ခုနကတဲ့ ကောင်မလေးပဲ၊ သူ့နာမည် ဘာတဲ့၊ မော်မော် ဆိုလား ဘာလား၊ အေး ... အဲဒါကွာ သူကပြောတယ်။ သံလွင့် ခေါင်းထဲမှာ သွေးယိုပြီး သွေးခဲနေတယ်ဆိုလား၊ အဲဒါ ဓာတ်မှန်ရိုက်ကြည့်တော့ အဖြေထွက်လာတယ်တဲ့။ ဆရာဝန်တွေကပြောတော့ ခွဲစိတ်ပြီး အဲဒီ သွေးခဲပိတ်နေတာကို ထုတ်ပစ်ရမှာတဲ့။ အခြေအနေလည်း သိပ်မကောင်းဘူးတဲ့။ သံလွင်က တစ်ချိန်လုံး အန်နေတယ်၊ သတိလစ်သွားလိုက်၊ ပြန်ခဏသတိရလိုက် ဖြစ်နေလို့ပါတဲ့၊ လာကြည့်နိုင်ရင် ကြည့်ပေးပါတဲ့ကွာ"

ဟန်စောမှာ ဆက်တိုက်ပြောချလိုက်ရ၍ အမောဆို့သလို ဖြစ်သွားပြီး ပါးစပ်ဖွင့်ပြီး အသက်ရှူလိုက်ပါသည်။ စံညွှန်းညီသည် စဉ်းစားရခက်စွာ ခေါင်းခါရင်း ...





"ရေချိုးခန်းထဲမှာ ချော်လဲတာလေးနဲ့ အဲဒီလောက်ဖြစ်ရသလား။ တော်တော်အံ့သြစရာကောင်းတာပဲ"

"ဘာပဲဖြစ်ဖြစ် သွားကြည့်လိုက်ရင် ကောင်းမယ်၊ သူ့မှာ ဘယ်အသိမိတ်ဆွေမှလဲ မရှိဘူးဆိုတော့ ခဏတော့ သွားကြည့်ရင် ကောင်းမယ် ထင်တယ်"

"အေးလေ ... မင်းလည်း ပါတာပဲ။ မင်းတောင်မှ ဒီလို အကြံပေးနေသေးရင် ငါကဘာလို့ မဆုံးဖြတ်နိုင်ရမှာလဲ"

နှစ်ယောက်သား တိုင်ပင်ပြီး အဝတ်အစားလဲကာ ကားတစ်စီးဖြင့် သံလွင် ရှိနေသည်ဟု သိထားသော ဆေးရုံသို့ ထွက်လာခဲ့ကြသည်။

ဆေးရုံရောက်သောအခါ မေးမြန်းစုံစမ်းပြီး သံလွင့်ကိုထားရာ အဆောင်ကို ရှာပါသည်။ ထိုအဆောင်သို့ ရောက်သောအခါ ခုတင်တစ်လုံးတွင် လဲလျောင်းနေသော သံလွင့်ကို တွေ့ရသည်။ ဘေးမှာ ကောင်မလေးတစ်ယောက်သာ ရှိနေပြီး ထိုကောင်မလေးကလည်း ဟိုကြည့်၊ ဒီကြည့်၊ ဟိုလှူ့မျှော်၊ ဒီလှူ့မျှော်နှင့် ထ,သွားချင်နေပုံရသည်။ သူတို့နှစ်ယောက် လာရပ်လိုက်သောအမြင်တော့ ကောင်မလေး ဝမ်းသာအားရ ဖြစ်သွားပြီး ...

"အစ်ကိုတို့က ကိုဟန်စောတို့ ကိုစံညွှန်းညီတို့လားဟင်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... တော်ပါသေးရဲ့။ ကျွန်မ တစ်ယောက်တည်း ထိုင်စောင့်ရတော့မယ် ထင်နေတာ တော်ပါသေးရဲ့"

"သူ အခု ဘာဖြစ်နေတာလဲ"

"မသံလွင်ကို ဆရာဝန်တွေက ဆေးတစ်လုံး လာထိုးပေးလိုက်တယ်။ အဲဒီမှာ ခေါင်းကိုက်တာ၊ အန်တာသက်သာသွားပြီး ခဏ အိပ်ပျော်သွားတယ် ထင်တယ်"

ကောင်မလေးက လက်ဟန်ခြေဟန်ပြပြီး ခပ်လှမ်းလှမ်း တစ်နေရာမှာ စကားပြောချင်သည့်အကြောင်း အမူအရာပြသဖြင့် ဟန်စောနဲ့ စံညွှန်းညီလည်း အသာလိုက်ပါသွားလိုက်ပါသည်။ သံလွင်ကတော့ ဆားမှာ ဘယ်သူရောက်မှန်းပင် မသိဘဲ အိပ်ပျော်နေသယောင်ယောင်၊ မိန်းမှူးနေသယောင်ယောင် တွေ့ရသလို ပါးစပ်မှလည်း ကယောင်ကတမ်းတွေ ဗလုံးဗထွေးဖြောနေသံလည်း ကြားရသည်။ ဒီလို မြင်လိုက်ရပြန်တော့ စံညွှန်းညီ စိတ်မကောင်းတော့ ဖြစ်မိသွားပါသည်။ ဒါကလည်း မိတ်ဆွေသူငယ်ချင်းတစ်ယောက် ရောဂါဝေဒနာ ခံစားနေရ၍ ကိုယ်ချင်းစာပြီး သနားကရုဏာဖြစ်မိတဲ့ ခံစားချက်မျိုးသာ ဖြစ်ပါသည်။

သံလွင် သူ့အပေါ် ဘယ်လောက်ပဲ မကောင်းခဲ့ပါစေ။ ဘယ်လောက်ပဲ ဒုက္ခလာပေးခဲ့ပါစေ။ လူလူချင်း စာနာထောက်ထားမိသည်မို့ သနားမိပါသည်။ အကယ်၍ သံလွင် အခြေအနေ





ပြန်ကောင်းလာခဲ့ရင် သံလွင့်ကို မြို့ပြန်သွားပြီး ကိုယ့်ဦးလေးမိသားစုနဲ့ ပြန်နေရန် ရအောင်တိုက်တွန်းမည်ဟု တွေးမိသည်။

"ဘာပြောချင်လို့လဲ ညီမ"

"မသံလွင်ကို ခွဲစိတ်ဖို့က သိပ်မဖြစ်နိုင်ဘူး ပြောတယ်။ လူနာအခြေအနေက steady (စတယ်ဒီ) မဖြစ်ဘူးတဲ့။ ဒါကြောင့် ခွဲစိတ်ဖို့ကို စောင့်ကြည့်ရဦးမယ်တဲ့။ ပြီးတော့ ဒီလိုခွဲမယ်စိတ်မယ်ဆိုရင် လူနာရှင်တစ်ယောက်ယောက်ကတော့ သဘောတူကြောင်း လက်မှတ်ထိုးရတယ်လို့ပြောတယ်။ ကျွန်မလည်း လူနာရှင်မဟုတ်တော့ တာဝန်မယူရဲဘူး။ ဒါကြောင့် အစ်ကိုတို့ လာကြည့်ပါ့မလားလို့ စိတ်ပူနေတာ"

"ဟာ ... ငါတို့လည်း မိတ်ဆွေအဆင့်ပဲ ရှိတာ။ ဘယ်လိုလုပ်လက်မှတ်ထိုးရဲပါ့မလဲ။ သူ့ဦးလေးသိအောင် အကြောင်းကြားမှ ဖြစ်မှာပေါ့။ ဒါပေမဲ့ ပြင်ဦးလွင်ကနေ ရန်ကုန်ချက်ချင်းဆင်းလာမယ် ဆိုရင်တောင် နာရီပိုင်းအတွင်းတော့ ဘယ်လိုလုပ် ရန်ကုန်ရောက်လာပါ့မလဲလေ"

ဟန်စောက ဖြစ်နိုင်တာကို ရှင်းပြလိုက်ပါသည်။

"သူ ဘာဖြစ်တာတဲ့လဲ"

စံညွှန်းညီက မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးခန်းထဲမှာ ချော်လဲတာပါ။ သူ ငါးနာရီအရောက် သွားစရာရှိတယ်ပြောပြီး ရေချိုးပြင်ဆင်ပြီး ထွက်မယ်တဲ့။ အဲဒီလိုပြောပြီး ရေချိုးခန်းထဲ ဝင်သွားတော့ ဝုန်းဒိုင်းနဲ့ ကြားတော့ ကျွန်မတို့အားလုံး လန့်ပြီး ဘာဖြစ်လဲ မေးကြတာပေါ့။ ဖြစ်ဖြစ်ချင်း သူ သတိလစ်နေတာ၊ အပြင်က မေးတာ မေးမရဘူး။ အဲဒါနဲ့ အဆောင်မှူးပြေးခေါ်ရတယ်။ အတွင်းက ချက်ချပြီး ရေချိုးတာဆိုတော့ အထဲက ဖွင့်မပေးရင် ဘယ်လိုမှ ဝင်လို့မရဘူး။ အဆောင်မှူးလည်း တံခါးကို ရိုက်ချိုးဖျက်လိုက်ရတယ်။ ဖျက်တာနဲ့ ဖျက်ဖို့ လူပြေးခေါ်ရတာနဲ့ဆိုတော့ အချိန်က အထဲမှာ မိနစ်နှစ်ဆယ်လား နာရီဝက်လောက်လား မသိဘူး ကြာသွားတယ် ထင်တယ်။ တံခါးဖျက်ဝင်တော့ မသံလွင်ကို သတိလစ်နေတာ တွေ့ကြတယ်။ ခေါင်းမှာ သွေးတွေ ဘာတွေလဲ မထွက်ဘူးဆိုတော့ သိပ်မပြင်းဘူး ထင်နေတာ။ သူ့ဘာသာ လန့်ပြီး သတိလစ်တယ်ပဲ ထင်တာ။ အဲဒါနဲ့ အဆောင်မှာ ဆက်ထားပြီး သတိရလာအောင် လုပ်ကြတော့ သူ သတိရလာတယ်။ သတိရလာကတည်းက ခေါင်းကိုက်တယ်၊ ခေါင်းကိုက်တယ် ပြောပြီး တအားကို အန်တော့တာပဲ။ ဒါနဲ့ အားလုံး တိုင်ပင်ပြီး ဆေးရုံကို ပို့လိုက်ကြတာပါ၊





ဆရာဝန်တွေက ပြောတော့ အပြင်မှာ သွေးမထွက်ပေမဲ့ အတွင်းမှာ Intracranial Haemorrhage (အင်ထရာကရေနီယာပ် ဟဲမရေ့ချ်)ဆိုတာမျိုး ဖြစ်တာတဲ့"

ကောင်မလေးက အသေအချာပဲ စုံလင်အောင်ရှင်းပြလိုက်ပါသည်။

စံညွှန်းညီလည်း ဒီတော့မှ သံလွင်ဟာ ပင်ပျို့ကို ချိန်းထားပြီး ရောက်မလာနိုင်ကြောင်း သိရတော့လေသည်။

"ကျွန်မ ပြန်ချင်နေပြီ၊ ပြန်လို့ရပြီလားဟင်၊ အစ်ကိုတို့ မသံလွင်ကို စောင့်ပေးနိုင်မလား"

"သြော် ... အေး ... အေး ... ပြန်ပါ၊ ရပါတယ်၊ ကူညီတာကို သူ့အစား ငါတို့ကပဲ ကျေးဇူးတင်ပါတယ်"

"ကျွန်မလည်း မနက်ဖြန် အလုပ်သွားရမှာလေ၊ မနက်အစောကြီး ထသွားရမှာဆိုတော့ ညတည်းက ထမင်းဘူး ထည့်ဖို့ ပြင်ဆင်ထားရမှာလေးတွေရှိလို့ မစောင့်ပေးနိုင်တာပါ။ မသံလွင် အခုလို တစ်ယောက်တည်း ဒုက္ခရောက်နေတာ၊ မြင်တော့လည်း ကိုယ်ချင်းစာပါတယ်၊ ကူလည်း ကူညီချင်ပါတယ်၊ ဒါပေမဲ့ အလုပ်က ပျက်လို့မဖြစ်လို့ပါ"

"ရပါတယ်၊ ငါတို့ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ပြန်သွားပြီး ဆယ်မိနစ်ကျော်လောက်ကြာတော့ သံလွင် ပြန်နိုးလာပါသည်။ စံညွန်းညီတို့ကို တွေ့တော့ ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုပါသည်။

မတတ်သာတဲ့အဆုံး စံညွန်းညီလည်း မွေ့ဖက်နှစ်သိမ့်လိုက်ရပါသည်။

"သံလွင် ဘာဖြစ်တာလဲ မသိဘူး။ ဒုက္ခပါပဲ မောင်ရယ်၊ ခေါင်းထဲမှာ ဘယ်လိုကြီးမှန်းလဲ မသိဘူး။ နေရသိပ်ခက်တာပဲ၊ ဆေးလာထိုးပေးလည်း ခဏပဲ သက်သာတယ်။ အခု ပြန်ကိုက်လာပြန်ပြီ"

ငိုရင်း ပြောရင်း အန်တော့မလိုပုံစံ ဖြစ်လာလျှင် စောင့်ကြည့်နေသော နာ့(စ)က အတွေ့အကြုံရှိစွာပင် ချက်ချင်း အန်ဖတ်ထည့်ဖို့ပုံးကို ထိုးခံပေးပါသည်။

"သံလွင့် ဦးလေးတို့ကို ကျွန်တော်တို့ အကြောင်းကြားပေးမယ်"

ဟန်စောက သံလွင် တစ်ခါအန်ပြီး မောကာ မှိန်းနေစဉ် အသိပေးလိုက်လျှင် သံလွင် ချက်ချင်း ခေါင်းထောင်လာပြီး ငြင်းတော့သည်။

"မဖြစ်ဘူး ... မဖြစ်ဘူး ထင်တယ်၊ သံလွင့်ကို ဦးလေးတို့ လာကြည့်မှာ မဟုတ်ပါဘူး။ အကြောင်းမကြားပါနဲ့၊ နေပါစေ၊ သံလွင် ကိုယ့်ထိုက်နဲ့ ကိုယ့်ကံလို့ပဲ မှတ်ပါမယ်"





"ဟာ ... ဒီလိုလည်း ဘယ်ဟုတ်မလဲ။ သံလွင့်မှာ အရင်းနီးဆုံး ဆွေမျိုးအရင်းဆိုလို့ သူတို့ပဲရှိတာ။ ဘာကြောင့် အကြောင်းမကြားရမှာလဲ။ ပြီးတော့ လိုအပ်ရင် ခွဲစိတ်ရမဲ့အခါ တကယ့်ဆွေမျိုးရင်းက လက်မှတ်ထိုးရမှာတဲ့"

"ဦးလေး သံလွင့်ကို မုန်းနေပါပြီ။ လာတွေ့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့ မုန်းရမှာလဲ"

သံလွင်သည် အခုမှပဲ ဓာတ်လမ်းစုံ ရှင်းပြတော့မည်ဟူသော ဟန်ဖြင့် ကြိုးစားအားယူရင်း ...

"ကိုသန်းဇော်နဲ့ သံလွင့်ကိစ္စမှာ ဦးလေးတို့ တိုက်တွန်းတာ တစ်ခုမှ မပါပါဘူး။ သံလွင့် သဘောနဲ့ သံလွင် သူ့ကို လက်ခံမိတာပါ။ သူက ပိုက်ဆံသိပ်ချမ်းသာတယ်ဆိုတဲ့ အချက်တစ်ချက်ကိုပဲ မက်မောပြီး သူ့နောက်ကြောင်း ရာဇဝင်ကို မစုံစမ်းဘဲ သံလွင် မိုက်မဲမိတာပါ။ ဦးလေးတို့က အဲဒီထဲက တားတော့တားပါတယ်။ သူနဲ့ အလုပ်သဘောအရသာ ဆက်ဆံနေတာ၊ သူလည်း အဲဒီလူ့အကြောင်း သိပ်မသိဘူး။ သူ့ရဲ့ပုံစံကိုလည်း သိပ်မကြိုက်ဘူးဆိုပြီး သံလွင့်ကို ခဏခဏ သတိပေးပြီး တားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင် နားမထောင်ခဲ့ဘူး၊ သူတို့ဘယ်လိုပဲ ဆုံးမ ဆုံးမ သံလွင် ဂရုမစိုက်ခဲ့မိဘူး။ သူက သံလွင့်ကို တကယ်ပဲ လက်ထပ်ယူမယ် ထင်ခဲ့တာပေါ့”

သံလွင် ထိုသို့ စကားရှည်ကြီး ပြောလိုက်ပြီးလျှင် တစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်သွားကာ တက်,ပါသည်။ စံညွန့်ညီတို့လည်း အစက ဘာဖြစ်မှန်း မသိဘဲ ကြောင်ကြည့်မိလျှင် နာ့(စ)က သူတို့ကို အောဖယ်ခိုင်းလိုက်ပြီး ...

“Fits (ဖစ်(စ))ရနေပြီ၊ ဖယ် ... ဖယ် ... အဲဒါ စိုးရိမ်ရတယ်”

သံလွင် အကြာကြီးတက်သွားသဖြင့် ဆရာဝန်တွေ ရောက်လာကြပြီး ဆေးတွေထိုး၊ စမ်းသပ်စရာရှိတာ စမ်းသပ်နှင့် အလုပ်ရှုပ်သွားကြချိန်တွင် ဟန်ဆောနဲ့ စံညွန့်ညီလည်း တစ်နေရာမှာ သွားရပ်ကြည့်ရင်း ဆွေးနွေး တိုင်ပင်မိကြသည်။

“ဘာပဲဖြစ်ဖြစ် သံလွင့် ဦးလေးကိုတော့ အကြောင်းကြားလိုက်ပါမယ်ကွာ၊ လာတာ မလာတာ သူတို့တာဝန်ပဲ”

ဟန်ဆောက ဖုန်းဆက်ဖို့ဆိုပြီး ဆေးရုံအောက် ပြန်ဆင်းသွားပါသည်။ ဆရာဝန်တစ်ယောက်က စံညွန့်ညီကို ခေါ်တွေ့ပြီး ...





“သူ့ကို ကျွန်တော်တို့ အကောင်းဆုံးတော့ ကုသပေးထားပါတယ်၊ အခြေအနေက သိပ်မကောင်းတော့ သူ့ဆွေမျိုးမိသားစုကို အကြောင်းကြားရင် ကြားလိုက်ဝါတော့။ သူ့ရဲ့ဦးခေါင်းခွံထဲ သွေးယိုစီးမှု ဖြစ်နေတာက ဆော်ဆော်များတော့ ခေါင်းခွံကိုဖွင့်ပြီး operation (အော်ပရေးရှင်း) လုပ်ဖို့ မလွယ်ဘူး။ ဖွင့်ပြီး operation လုပ်လည်း ကောင်းမယ်၊ မကောင်းဘူး ဆိုတာ အတိအကျ ဘယ်လိုမှ အာမခံချက် မပေးနိုင်ဘူး ဖြစ်နေတယ်”

ဟု အသေအချာ ရှင်းပြပါသည်။

“ဒီအတိုင်း မခွဲဘဲ နေရင်ရော”

“မခွဲဘဲနေရင်တော့ သူ အသက်ဆုံးရှုံးရဖို့ပဲ ရှိတော့တယ်”

“ခွဲရင်လည်း ကောင်းမယ်၊ မကောင်းမယ် ဆိုတာ အတိအကျ မပြောနိုင်ဘူးဆိုတော့ ကျွန်တော်လည်း ဘယ်လိုဆုံးဖြတ်ပေးရမှန်း မသိပါဘူး ဒေါက်တာ။ သူက ကျွန်တော်တို့နဲ့ တစ်မြို့တည်းနေတဲ့ ငယ်သူငယ်ချင်းပါ။ သူ့မှာမိဘအရင်းလည်း မရှိတော့ပါဘူး။ သူ့ဦးလေးမိသားစုနဲ့ နေတာပါ။ အခုမှ အဲဒီဦးလေးကို သွားအကြောင်းကြားတာမို့ ရန်ကုန်ကို ဘယ်အချိန် ရောက်လာမယ်ဆိုတာ မပြောနိုင်ဘူး ဖြစ်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီကလည်း သူလည်းပဲ ဘယ်လိုမှ အဆုံးအဖြတ် မပေးနိုင်ကြောင်း ဆရာဝန်ကို ပြန်ရှင်းပြမိသည်။

သံလွင့် အခြေအနေ ပြန်တည်ငြိမ်သွားသောအခါ အစောင့်ထားခဲ့သော နာ့(စ)ကလွဲရင် အနားမှာ ဘယ်သူမှမရှိသောအခါ စံညွှန်းညီ တစ်ယောက်တည်း ခုတင်ဘေးခုံမှာ ထိုင်စောင့်ရင်း အတွေးများစွာဖြင့် အချိန်တို့ကို ဖြတ်သန်းရလေသည်။

ဘယ်လောက် အံ့သြစရာကောင်းလဲ ... ကြည့်စမ်း။ သံလွင် ဒီလိုဖြစ်သွားလိမ့်မယ်လို့တောင် ကြိုတွေးမထားခဲ့မိဘူး။ နေ့ခင်းကအထိ လူကောင်းအတိုင်း ဖြစ်နေခဲ့တဲ့ ငယ်ရွယ်နုပျိုတက်ကြွနေတဲ့ မိန်းကလေး တစ်ယောက်ဟာ အခု ညနေပိုင်းမှာတော့ ဆေးရုံခုတင်ပေါ်မှာ ဆေးပိုက်တွေတန်းလန်းနဲ့ လူ့လောကထဲမှာ ဘယ်လောက်ကြာကြာ နေရဦးမယ် မသေချာတဲ့ အခြေအနေနဲ့တဲ့။

ဟန်စော ပြန်ရောက်လာပြီးသောအခါ မျက်နှာသိပ်မကောင်းလှစွာနဲ့ စံညွှန်းညီကို အနားကပ်ပြောပြသည်။

"သံလွင့် ဦးလေးက လာတော့လာကြည့်မယ် ပြောတယ်။ ဒါပေမဲ့ ခုချက်ချင်းတော့ မလာနိုင်ဘူးတဲ့။ ပြီးတော့ ပြောလိုက်သေးတယ်၊ ကိုသန်းဇော် ဆိုတဲ့လူရဲ့ အငယ်အနှောင်းဖြစ်မှာစိုးလို့ ဦးလေးက တားတာကို နားမထောင်ဘဲ အဲဒီလူနောက်ကို လိုက်သွားခဲ့တာတဲ့ကွ။ တစ်လလောက် ပါသွားပြီးမှ ဘာတွေ ပြဿနာဖြစ်လာမှန်းမသိ ဖြစ်ပြီးပြန်လာတယ်။ ဦးလေးအိမ် ပြန်တက်လာနေမယ် ပြောတော့ ဦးလေးက ရှက်ပြီး လက်မခံခဲ့ဘူးတဲ့။ မြို့မှာ လူတိုင်းသိနေတဲ့ အဖြစ်ကြီးတဲ့ကွ၊ ကိုသန်းဇော်နဲ့ လိုက်သွားတယ်လို့ လူတိုင်းသိထားတာကြီးကို သူက ဒီတိုင်းပြန်လက်ခံရင် သူတို့မိသားစုအတွက် လူပုံအလယ်မှာ သိက္ခာကျဖို့ပဲရှိတယ်တဲ့၊ ဦးလေးတစ်ယောက် အနေနဲ့ ရှက်လည်းရှက်မိတယ်တဲ့။ အိမ်မှာ လက်မခံတော့လို့ သံလွင့် ဘာသာ စံညွှန်းညီတို့အကြောင်း ရအောင်စုံစမ်းပြီး လိုက်လာတာဖြစ်မယ်လို့လည်း ပြောပါတယ်။ ငါတို့ ကူညီထားတာကိုတောင် သူ့ဦးလေးက အပြစ်ပြောချင်ပုံပဲ။ ဘာလို့ကူညီနေလဲ၊ ပစ်ထားလိုက်တဲ့"

စံညွှန်းညီလည်း အခက်ကြုံသလိုဖြင့် ခေါင်းကို ကုတ်ဖွလိုက်ပြီး ...

"ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ဟု ဟန်စောကို မေးမိသည်။







www.burmeseclassic.com

www.burmeseclassic.com

"ဆရာဝန်က ဘာပြောလဲ"

စံညွှန်းညီလည်း ကြားသိထားသမျှတို့ကို အစအဆုံး ပြောပြလိုက်ပါသည်။ ထိုအချိန်မှာ နာ့(စ)က လာပြောသည်။

"ညှိချိန်ကုန်ပြီဆိုတော့ ရှင်တို့ အိမ်ပြန်ရင် ပြန်ကြပါ။ အမျိုးသမီးလူနာကို ယောကျ်ားစောင့်ခွင့် မရှိလို့ပါ။ တစ်ခုခု အခြေအနေထူးရင် ဆေးရုံကနေ ဖုန်းဆက်မယ်။ ဆက်သွယ်ဖို့ ဖုန်းနံပါတ်ပဲ ပေးခဲ့ပါ"

ဖုန်းနံပါတ်ပေးပြီး ဟန်စောနဲ့ စံညွှန်းညီတို့ အိမ်ပြန်လာခဲ့ကြရသည်။ အပြန်လမ်းမှာ ဟန်စောက ထူးထူးဆန်းဆန်း သံလွင့်ကို သနားကြောင်း ပြောလာသည်။

"အခုလို မြင်လိုက်ရတော့လည်း သူ့ကို သနားမိတယ်ကွာ။ သူ မင်းအပေါ် စိတ်သဘောမကောင်းခဲ့ပေမဲ့ အခုချိန်မှာတော့ အာဃာတ မထားချင်တော့ဘူး။ လူဆိုတာ မသေခင်ကသာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ရှင်သန်နေရတာ။ သေခါနီးဆဲဆဲကျတော့လည်း သူ ဘာမှကို မသိတော့ဘူး။ ဘာမှလဲ မခံစားနိုင်တော့ဘူးဆိုတာ မြင်ပြီး တရားရလာတယ်ကွာ"

"သူ့ကိစ္စရှိနေတော့ မနက်ဖြန် ရုံးတောင်သွားလို့ ရပါမလား မသိဘူး"





"မသွားဘဲ နေလိုက်ပါကွာ၊ ငါလည်းမသွားပါဘူး"

ပင်ပို့ကိုတော့ ရုံး ဘာကြောင့်မတက်ဖြစ်သည့် အကြောင်း ဖုန်းဆက်ပြောရမည်။ သံလွင့်ကို သူ ဒီတစ်ခါလောက် ကူညီပေးတာကို ပင်ပို့ နားလည်ပေးနိုင်လိမ့်မည်ဟု ထင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၇

မနက်ကျ စံညွန့်းညီနဲ့ ဟန်စောတို့ သွားတွေ့သောအခါ သံလွင်ကား လုံးဝသတိလစ်နေလေပြီ။ ဘယ်လိုမှ သတိပြန်မရတော့။ သူမ အသက်ရှုနေကြောင်း၊ နှလုံးခုန်သေးကြောင်းကိုပြသော စက်တွေ၏အသံကြောင့်သာ သံလွင် အသက်ရှိနေကြောင်း သိရသော အနေအထားမှာ ရှိနေပါသည်။

"မနက်စောစောပိုင်းလေးတုန်းက မသံလွင် နည်းနည်းလေးသက်သာလာသလိုရှိတော့ ကျွန်မကို စာရွက်နဲ့ ဘောလ်ပင်န်တောင်းပြီး သူ ကိုယ်တိုင် စာထ,ရေးပါတယ်။ စာရေးပြီးစာရွက်ခေါက်လေးတွေ သူ့ခေါင်းအုံးအောက်မှာ ထားထားတာတွေ့တယ်။ ပြီးတော့ ကျွန်မကိုယ်လည်း မှာပါတယ်။ ကိုစံညွန့်းညီ လာတဲ့အချိန်မှာ သူ့အခြေအနေက ကောင်းလား မကောင်းလား မမှန်းနိုင်တာမို့ မှာခဲ့ပါရစေတဲ့။





အကယ်၍ သူ သတိမရနေဘူးဆိုရင် အဲဒီစာခေါက်လေးတွေကို ကိုစံညွန့်းညီကို ယူပေးပေးပါတဲ့။ ဒီမှာပါရှင်"

နာ့(စ)လာပေးသော စာရွက်ခေါက်လေး နှစ်ခေါက်ကို စံညွန့်းညီ လက်ခံလိုက်သည်။ တစ်စောင်မှာ ...

"သို့ ... ကိုစံညွန့်းညီ"ဟု ရေးထားပြီး၊ နောက်တစ်စောင်မှာ "သို့ ... မပင်ပို့"ဟု ရေးထားတာ တွေ့ရပါသည်။

စံညွန့်းညီ ယူမဖတ်သေးဘဲ စာခေါက်လေး နှစ်ခေါက်ကို ရှပ်အင်္ကျီအိတ်ထဲ ထိုးထည့်ထားလိုက်ချိန်မှာ သံလွင်အသက်ရှုနေခြင်းကို ညွှန်နေသောစက်နှင့် နှလုံးခုန်နှုန်းကိုပြသောစက်တွေမှာ အသံတွေ တတိတိမြည်ပြီး ဆူညံလာခဲ့ပါသည်။

ဆရာဝန်တွေ၊ နာ့(စ)တွေ ရှပ်ယှက်ခတ်အောင်ရောက်လာကြပြီး အသက်ပြန်ရှုနိုင်ဖို့၊ နှလုံးပြန်ခုန်ဖို့ အပြင်းအထန် ကြိုးစားပေးကြပါသည်။ လှိုင်းတွန့်လေးများ မျဉ်းကြောင်းတတန်းတည်း ပြနေသဖြင့် ရင်ဘတ်ပေါ်သို့ နှလုံးနှိုးစက်ဖြင့်တင်ပြီး နှလုံးပြန်ခုန်အောင် လုပ်လေသည်။ တစ်ချက် ဒုန်းခနဲမြည်အောင် စက်ဖြင့်နှိုးလိုက်တိုင်း သံလွင့် တစ်ကိုယ်လုံး ကြွတက်လာတဲ့အထိ ဗို့အားပြင်းလှပေမဲ့ နှလုံးကတော့ ပြန်၍ခုန်မလာခဲ့ပါ။ မျဉ်းတန်းလေး တတန်းတည်း ပြနေကာ နှလုံးခုန်ချက် zero (ဇီးရိုး)ပြနေတာကလွဲရင် ဘာမှပြန်နိုးထမလာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တီ ..." ဟူသော အသံရှည်တစ်ချက်သာ ဆက်တိုက်မြည်နေခဲ့သော အခြေအနေကိုသာ ရင်ဆိုင်ကြရပြီး သုံးခါမြောက် နှိုးပြီးသောအခါ ...

"ဝမ်းနည်းပါတယ်၊ လူနာ အသက်မရှိတော့ပါဘူး"

ဟူသော အဖြေကိုသာ လက်ခံရတော့လေသည်။

စံသွန်းညီသည် ဖြူဖျော့နေပြီဖြစ်သော သံလွင့်ကို စိတ်မကောင်းစွာ စိုက်ကြည့်ရင်း သံလွင့် လက်ဖဝါးနှစ်ဖက်ကို သူ့လက်ဝါးနှစ်ဖက်ဖြင့် အသာအုပ်ကိုင်မိပါသည်။ လက်ဖဝါးလေးတွေကတော့ နွေးနေဆဲ။


"နှုတ်ဆက်ပါတယ် သံလွင်ရယ်။ ကိုယ် မင်းကို အရာအားလုံးအတွက်လည်း ခွင့်လွှတ်ပါတယ်"

ရင်ထဲမှာ တကယ်ပဲ ခွင့်လွှတ်လို့ ရနိုင်ပြီဖြစ်သောကြောင့် ထိုသို့ ခပ်တိုးတိုး (သို့သော်) လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိပါသည်။ ထိုသို့ ပြောလိုက်ပြီးသောအခါ နှုတ်ခမ်းတင်းတင်းစေ့ပြီး မျက်လုံးစုံမှိတ်နေခဲ့သော သံလွင့် နှုတ်ခမ်းတစ်စုံမှာ ပြုံးယောင်သမ်းသွားသယောင်ယောင် ထင်လိုက်မိပါသည်။

❦ ✦ ❦








www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"မပင်ပျို ...

တကယ်တော့ ကိုစံညွန့်ညိုဟာ သနစ္စာရှိပြီး တည်ကြည်တဲ့ ယောက်ျားတစ်ယောက်ပါ။ သူ မပင်ပျိုကို တကယ်ချစ်နေခဲ့တာပါ။ မပင်ပျိုတို့ကြားမှာ အထင်လွဲမှုတွေဖြစ်အောင် လုပ်ခဲ့မိတာတွေအတွက် သံလွင် တောင်းပန်ချင်ပါတယ်။ သံလွင်ပဲ အမှားတွေ ဆက်တိုက်ကျူးလွန်ခဲ့တဲ့သူပါလို့လည်း ဝန်ခံချင်ပါတယ်။

နောက်ဆုံး ပြောချင်တာကတော့ ကိုစံညွန့်ညိုကို မပင်ပျို ယုံယုံကြည်ကြည်နဲ့ လက်ခံနိုင်ပါတယ် ဆိုတာပါ။

သံလွင်"





စာရွက်လေးကို သူ ခေါက်ရိုးအတိုင်း ပြန်ခေါက်ပြီးသောအခါ ပင်ပျိုသည် လက်ကိုင်အိတ်ထဲ အသာထည့်ထားလိုက်ပါသည်။

စံညွန့်ညိုကတော့ မီးခိုးငွေ့တွေ ဖြစ်သွားပြီဖြစ်သော သံလွင့်ကို ဒီစာအတွက် ကျေးဇူးတင်ကြောင်း မီးခိုးငွေ့တွေကို မော့ကြည့်ရင်း စိတ်ထဲမှာ ပြောနေမိသည်။

"ကျွန်တော့်ကိုလည်း စာရေးပေးခဲ့တယ်၊ မပင်ပျို ဖတ်ကြည့်မလား"

"မဖတ်ကြည့်တော့ပါဘူး၊ သေတဲ့သူလည်း သေသွားပြီးပြီလေ။ ရင်ထဲမှာ ဘာမှမထားတော့ပါဘူး"

"မပင်ပျို ရင်ထဲမှာ ဘာမှမထားပေမဲ့ ပိုပြီးရှင်းသွားအောင် ကျွန်တော် သက်သေပြချင်တာပါ"

သံလွင် ရေးပေးခဲ့သော စံညွန့်ညို အတွက် စာထဲမှာ ...

"ကိုစံညွန့်ညို ...

မောင်လို့ နောက်ဆုံးခေါ်ပါရစေ။

သံလွင့်ဘဝမှာ အမှားတွေ အများကြီး လုပ်ခဲ့မိပါတယ်။ အဲဒီအမှားထဲမှာ မောင့်ကို အပြစ်မရှိဘဲ ထားရစ်ခဲ့တဲ့အမှားကတော့ အကြီးမားဆုံးပါပဲ။ အမြဲလည်း နောင်တရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သံလွင့်ကို ခွင့်လွှတ်ပါလို့ မတောင်းပန်တော့ပါဘူး။ သံလွင် မှားခဲ့ပါတယ်လို့ပဲ ဝန်ခံချင်ပါတယ်။ မောင်နဲ့ မပင်ပို့ ဘဝ သာသာယာယာနဲ့ အဆင်ပြေပြေဖြစ်ဖို့ သံလွင် စာရေးထားခဲ့တာပါ။

P.S ဦးလေးနဲ့ ဒေါ်လေးကို ပြောပေးပါ။ သံလွင် ကန်တော့ခဲ့ပါတယ်လို့။

သံလွင်"

ဟူသော စာကြောင်းတွေသာပါကြောင်း ပင်ပို့လည်း သိစေချင်သဖြင့် စံညွန့်းညီ အသာကမ်းပေးနေမိသည်။

သို့သော် ပင်ပို့က ရုံးဝမယူပါ။ ခပ်ပြုံးပြုံးလေး ခေါင်းခါရင်း ...

"ကိုစံညွန့်းညီကို ပင်ပို့ ယုံပါတယ်။ ဒီစာဖတ်ရမှ ယုံတာ မဟုတ်ပါဘူး။ မေမေ့ကို ဝင်ပြောရဲကတည်းက ယုံသွားတာပါ။ ဒါကြောင့် ကိုစံညွန့်းညီရဲ့ နောက်ကြောင်းရာဇဝင်နဲ့ ပတ်သက်တာတွေ ပင်ပို့ ဘာမှမသိချင်တော့ပါဘူး။ ဒီလူတစ်ယောက်ကို ယုံပြီးနေပြီဆိုရင် သူ့ရဲ့အတိတ်က အဖြစ်အပျက်တွေကို ခေါင်းထဲမထည့်ချင်တော့ဘူး။ နောင် အနာဂတ်မှာ ကြုံရမဲ့ အဖြစ်အပျက်ကိုပဲ စိတ်ဝင်စားပါတယ်။ အဲဒါ ပင်ပို့ရဲ့ ခံယူချက်ပါပဲ"





ထိုသို့ ကြားလိုက်ရသောအခါ စံညွန့်းညီထံမှ ပြန်မေးသံ ကြားရသည်။

"ကျွန်တော့်ကို ယုံသွားပြီဆိုရင် ကော်ဖီဆိုင်ကနေ ပြန်ခဲ့တဲ့နေ့တုန်းက ဘာသီချင်းကို ဖွင့်တာလဲ၊ ဘယ်သူဆိုတာလဲလို့ ပြောပြနိုင်မလားဟင်"

ပင်ပို့ မျက်စောင်းအကြီးကြီးတစ်ခု ထိုးလိုက်မိသလား မသိပါ။

သူတို့သည် တစ်စုံတစ်ယောက်၏ မီးခိုးငွေ့တွေကို ကျော်ခိုင်းပြီး အတူယှဉ်ထွက်လာခဲ့ကြပါသည်။ မီးခိုးငွေ့တွေဖြစ်သွားသော ထိုတစ်စုံတစ်ယောက်ကတော့ မျက်ရည်တွေနဲ့ ငေးကြည့်ကျန်ရစ်နေမလားတော့ မသိ။

"I don't like your girlfriend ဆိုတဲ့ အဓိပ္ပာယ်ကို သိလား"

"သြော် ... အင်း ... မင်းရဲ့ချစ်သူ ကောင်မလေးကို ငါ သဘောမကျဘူးလို့ ပြောတာ မဟုတ်လား"

"သိရင် ပြီးရော၊ ဟုတ်လား မဟုတ်လား မမေးနဲ့လေ"

"ဒါဖြင့် နောက်ထပ်စာကြောင်းကရော ဘာလဲ"

ပင်ပို့ ရှက်ကိုးရှက်ကန်းဖြင့် ဖြေသည်။

"I can be your grilfriend"



www.burmeseclassic.com

www.burmeseclassic.com



စံညွှန်းညီ နှုတ်ခမ်းတွေ နားရွက်တက်ချိတ်တော့မလို ဖြစ်သွားပါသည်။

“ကျွန်တော့်ရဲ့ချစ်သူ ဖြစ်ပေးနိုင်မလား ပင်ပို့”

ပင်ပို့ မဖြေပါ။ ကားထဲဝင် စက်နှိုးပြီး မောင်းထွက်သွားတော့မလို ပြင်နေသည်။


“မနက်ဖြန် ရုံးမှာတွေ့မယ်နော်၊ အဲဒီကျ ပင်ပို့ကြောင့် ကျွန်တော့် ခေါင်းထဲမှာ တွေးစရာတွေများပြီး OCD ဖြစ်မှာ မြင်ယောင်သေးတယ်”

စံညွှန်းညီသည် သူ့ကိုယ်သူ ရေရွတ်ပြောဆိုရင်း ပင်ပို့ လက်ပြထွက်သွားသည်ကို ရပ်ကြည့်ကာ ကျန်ရစ်ခဲ့တော့သည်။



BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com





ရှင်မိုး
(ဆေးတက္ကသိုလ်)
18th September
Tuesday
2007.

www.burmeseclassic.com